www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

[illegible]

# အချစ်နှင့်တွေ့သောအခါ

စာမူခွင့်ပြုချက်အမှတ် - ၉၀၃/ ၂၀၀၀ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၈၇၁/ ၂၀၀၀ (၁၂)
၂၀၀၁ခုနှစ်၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃ဝိ/-

ပုံနှိပ်သူ ... **ဦးကျော်လှိုင်** (၅၅၇၃)စေတနာ **(OFFSET)**
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။
ထုတ်ဝေသူ ... ဦးမောင်ဟန် (၀၈၇၆)၊ ကမ္ဘာလုံးစာပေ
အမှတ် (၂၅၉)၊ နဝဒေးလမ်း၊ ဒေါပုံ၊ ရန်ကုန်မြို့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်




မောင်ကျော်လှိုင်
စေတနှာယာပေမှ
စီစဉ်သည်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

『 ကိုခင်မောင်ကြည် 』

ပြောရမယ့်အကြောင်းအရာက နှစ်ခုတောင် ဖြစ်နေတော့ ဘယ်ဟာကစပြီး ပြောရမယ်တောင် မသိဖြစ်နေပြီ။ တစ်ခုကတော့ ကိုယ့်အကြောင်းလေး နည်းနည်းပါးပါးပါ။ နောက်တစ်ခုကတော့ **"ဒိုးဒိုး"** လို့အမည်ရတဲ့ ကံကောင်းသလောက် ဝွတီးဝွကျ၊ အတီးအတနိုင်ပြီး သူများပြောသမျှ ယုံတတ်တဲ့ အကောင်လေးတစ်ကောင်ရဲ့ အကြောင်းပေါ့ . . . ။ အေးလေ . . . ကိုယ့်အကြောင်းကိုယ်စပြောပြီး ကိုယ့်ကိုယ်ကိုယ်ပဲ အရင်မိတ်ဆက်ပြတာပဲ ကောင်းပါလိမ့်မယ် . . . ။

လူတော်တော်များများက "ကိုကြည်"လို့ ခေါ်တတ်ကြတဲ့ ကိုယ်ဟာ အသက်လေးဆယ်နီးပါး၊ လူပျိုကြီး (အမှန်ကတော့ မဟုတ်ပါ . . . အများကတော့ အဲလိုပဲ သတ်မှတ်ထားကြတာ . . . ဟိုငအကောင်လည်း ကောင်းကောင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ယုံနေလေရဲ့။) ဆိုပါတော့။ ငယ်ကတည်းက ကိုယ့်ဒူးကိုယ်ချွန်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ကြီး B.Com (ဘီကွမ်း) ဘွဲ့တစ်ခုနဲ့ Accountant (စာရင်းကိုင်)ဆိုတဲ့ ဂုဏ်ဒြပ်တစ်ခု ကိုပါ ကိုယ့်အစီအစဉ်နဲ့ကိုယ် ပိုင်ဆိုင်အောင်မြင်ထားနိုင်ခဲ့တဲ့ အတွက် ကိုယ်ဟာ လေးဆယ်နီးပါးသော သက်တမ်းကာလ လောက်ကို အရောက်မှာ အများက ဝိုင်းသတ်မှတ်ထားကြ သလို "ဂျင်မောင်ကြည်" "ဖုံမောင်ကြည်" လောက် မဟုတ် ရင်တောင် . . . သူများ မျက်ခုံးမွေးပေါ်မှာ စကြိုးလျှောက်လိုက် ရမှ ကျေနပ်အိပ်ပျော်တတ်တဲ့ သူမျိုးတော့ ဖြစ်နေတာပေါ့။

ငယ်တည်းက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် ခဲ့ရတယ်ဆိုတာကလည်း မိဘတွေက အဆင်မပြေလို့ . . . မိဘနှစ်ပါးလုံး မရှိကြတော့လို့ ဘာဘာညာညာ လျှောက်တွေး ပြီး သနားချင်စရာမရှိပါဘူး . . .။ မိဘနှစ်ပါးလုံး ခုထိသူတို့ အိမ် သူတို့ယာမှာ သက်ရှိထင်ရှား ကျန်းကျန်းမာမာ ချမ်း ချမ်းသာသာနဲ့ ရှိကြပါသေးတယ် . . .။ အဲ့ဒီလောက်ပြောရင် သိကြရောပေါ့ . .။ ဟုတ်တယ်လေ . . . ငယ်ကတည်းက အိမ် ကထွက်ပြေးလိုက် . . . ပြန်ခိုဝင်လိုက်နဲ့ . . . ပျော်သလိုနေလာ ခဲ့တာပဲ . . .။ ဘွဲ့တစ်ခု ဒီပလိုမာတစ်ခု . . . ပေါင်းနှစ်ခု ရထား တာကလည်း သူများခေါင်းပေါ်က နေချင်တဲ့လူဟာ အဲ့ဒီ လောက်တော့ လိုအပ်တယ်ထင်ပြီး ကိုယ့်အသိဉာဏ်နဲ့ကိုယ် ရယူထားတာမျိုး။ မိဘစကားနားထောင်မှသာ ဘွဲ့ရရမယ်ဆို ရင်တော့ သုံးတန်းတောင် ကောင်းကောင်း အောင်မှာမဟုတ် ပါဘူး . . .။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လူပျိုကြီးကိစ္စကို ပြန်ရှင်းပြရဦးမယ် . . ။ အမေက ခြေငြိမ်အောင်ဆိုပြီး မိန်းမတစ်ယောက်နဲ့ ပေးစားဖို့ ဇွတ်စီစဉ်ကြချိန်ဟာ မိဘအိမ်က နောက်ဆုံးတစ်ခေါက် (အပြီး) ထွက်ခဲ့ချိန်ပဲ ဆိုပါတော့ . . ။ ခုထက်ထိဆို ကိုးနှစ် ဆယ်နှစ် နီးပါးရှိပြီ . . ။ ဒါပေမယ့် အိမ်ထောင်မပြုချင်တာကို အကြောင်းပြပြီး အမေ့အိမ်က ထွက်ခဲ့တဲ့ ကိုယ်ဟာ အိမ်ကထွက်ထွက်ချင်းပဲ အိမ်ထောင်ကျဖြစ်လိုက်ရော . . ။ အဲ . . . အိမ်ထောင်ကျတာတော့ မဟုတ်ဘူးပေါ့ . . ။ ခုထက်ထိ 'လူပျိုကြီး' အမည်ကို ခံယူထားနိုင်ဆဲဥစ္စာ . . ။ အိမ်ထောင်ကျတာမဟုတ်တော့ ဘယ်လိုခေါ်မလဲ . . မိန်းမရတာပေါ့ . . ။ ဒါလည်း မဟုတ်သေးဘူး . . ။ ကိုယ်နဲ့အဲဒီမိန်းကလေးနဲ့ ငြိသွားမိကြတယ်ပေါ့ . . ။ အင်း . . အဲဒါပဲ ကောင်းပါတယ်။

မကောင်းတာကတော့ အဲဒီမိန်းကလေးဟာ ကိုယ်ကြုံ့ကြုံခဲ့သမျှ ဣတ္ထိယအပေါင်းလို . . နဂိုတည်းက နာမည်ပျက်ရှိပြီး . . နောက်ကျိုပြီးသား ရေအိုင်တစ်ခုမဟုတ်ခဲ့တာပဲ. . ။ အဲဒီလိုမိန်းကလေးမျိုးဆိုတော့ကာ . . သူက တာဝန်ယူဖို့ပြောလာခဲ့ချိန်မှာ . . "ငါနဲ့ဘာဆိုင်လဲ"လို့ ခေါင်းရှောင်မျက်နှာလွှဲလို့ လုံးဝမရနိုင်လောက်ဘူးဆိုတာ ကိုယ်သိပါတယ်. . ။ ကိုယ်ကလူဆိုး၊ လူရှုပ်အမည်ခံပေမယ့် အဲ့ဒီလောက်ထိတော့လည်း၊ ပက်ပက်စက်စက်ကြီး မရက်စက်မယုတ်မာတတ်ပါဘူး . . ။

ဒါပေမယ့် ဘယ်လိုလုပ်မလဲ . . မိန်းမ,မယူချင်လို့ . . မိဘအိမ်ကတောင် စုံကန်ထွက်ခဲ့ပါပြီဆိုမှ . . ထွက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ထွက်ချင်း ခြေချုပ်တစ်ခု ထပ်မိရမယ့် အဖြစ်မျိုးကြီးတော့ ဘယ်သူက ကြုံချင်မှာလဲ . . ။ ရာဇဝင်ရိုင်းသွားမှာပေါ့ . . ။ ဒီလိုနဲ့ ယတိပြတ်ကလည်း မငြင်းချင် . . တာဝန်ကလည်းမယူနိုင်နဲ့ လူလည်လူရှုပ်တို့ရဲ့ထုံးစံ အီးလေးဆွဲ အချိန်ဖြုန်းနေဆဲ တစ်နေ့မှာ အဲဒီမိန်းကလေးရဲ့အိမ်ကို ကိုယ်လိုက်သွားမိခဲ့တယ်. . ။ အဲဒီမှာတင် **"အဖူး"** ကို ကိုယ်စတွေ့ခဲ့ပါတယ်။

'အပွင့်' . . အဲ . . ကိုယ့်မိန်းကလေးနာမည်က အပွင့်တဲ့ . . အပွင့်တို့က မိဘမရှိ . . ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းလည်း နည်းလှတဲ့ ညီအစ်မကလေးနှစ်ယောက်တည်းမို့ ကိုယ် နည်းနည်းသက်သာနေတယ် ဆိုရမှာပေါ့. . နို့မို့ဆို ဒီလိုဇာတ်လမ်းမျိုးဟာ အစ်ကိုမောင်ဘွား ဆွေမျိုးသားချင်းတွေ . . ဦးလေးတွေ အဖေတွေနဲ့ တုတ်တစ်ပြက်၊ ဓားတစ်ပြက် ဖြစ်လို့ကောင်းလိုက်မယ့် အမျိုးပေါ့ . . ။ အပွင့်တို့ကတော့ ရှင်းတယ် . . ညီအစ်မလေးနှစ်ယောက်တည်း . . သူ့ညီမလေးကို အပွင့်ကပဲ ရှာကျွေးကျောင်းထားနေပြီး ရပ်ကွက်ကလေးတစ်ခုထဲ အိမ်ကလေးတစ်ခြမ်းကို ငှားနေကြတာမျိုး။

တစ်နေ့,တစ်နေ့ ကျလိုက်ရတဲ့ အပွင့်ရဲ့မျက်ရည်တစ်ဂါလန် နှစ်ဂါလန်လောက်တွေကို ဘယ်လိုမှမတုန်လှုပ်ခဲ့တဲ့ကိုယ်ဟာ . . အိမ်ကလေးရဲ့ဧည့်ခန်းထောင့်ကလေး တစ်ခုမှာ သူ့အစ်မမျက်နှာပဲ အားကိုးတကြီး လှမ်းလှမ်းကြည့်ရင်း . . သူပါ မျက်ရည်ခိုးကျနေခဲ့တဲ့ 'အဖူး' လို့ ခေါ်တဲ့ အပွင့်ရဲ့ညီမကလေးကို အမြင်မှာတော့ . . ရင်ထဲ ဘယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လိုကြီးဖြစ်မှန်းမသိ ဖြစ်သွားတော့တာပဲ . .။ ပြောရရင်တော့ ဒီအသက်အရွယ် ယောကျ်ားရင့်မာကြီးတစ်ယောက် အနေနဲ့ ကဗျာဆန်ရာ နုလွန်းရာ ကျနေမလားတော့ မသိဘူးပေါ့ . .။ "သံယောဇဉ်"ဆိုတာ အဲဒါကိုခေါ်မှန်း အဲဒီတစ်ချက်နဲ့တင် ကိုယ်ပြောနိုင်တယ် . .။

အင်မတန်မှ ဆန်းကြယ်သလောက် အံ့သြစရာကောင်းတဲ့အရာနော် . .။ ကိုယ့်မိရင်းဘရင်း ညီအစ်ကိုမောင်နှမအရင်းတွေကိုတောင်မှ ဦးနှောက်ထဲ သိပ်မထားဘဲ . . ဘာသိဘာသာရှိလှတဲ့ ကိုယ်ဟာ . . အဖူးကိုတော့ မြင်မြင်ချင်းပဲ သံယောဇဉ်ဖြစ်ပြီး . . ချစ်သွားမိတယ် . .။ ဟုတ်တယ် ချစ်ကိုချစ်တာ . .။ အဲဒါဟာ **'အချစ်'** ပဲဆိုတာ ကိုယ်ကောင်းကောင်း သေချာတယ်။ ဟာ . .။ ပေါက်ကရတွေ တလွဲတွေတော့ လျှောက်မတွေးကြနဲ့နော် . .။ အဲဒီအချိန်တုန်းကဆို အဖူးဟာ ရှိလှမှ ကိုးနှစ်,ဆယ်နှစ် . .။ သို့သော် လူကောင်လေးက တအားညှက်တော့ ပီဘိလေးငါးခြောက်နှစ်သမီးကလေးအရွယ်ပဲ ရှိသေးတာ . .။ ကိုယ်ကတော့ အသက်သုံးဆယ်ပြည့်လုပြည့်ခင်ပေါ့ . .။ သူ့အစ်မနဲ့တောင် ဆယ်နှစ်ကျော်ကွာတဲ့ အဖူးဟာ ကိုယ်နဲ့ဆို အနှစ်,နှစ်ဆယ်နီးပါးကို ကွာပြီး သားအဖအရွယ်မကျတကျပေါ့ . .။ ကိုယ် အပွင့်ကို စောင့်ရှောက်ဖို့ ဆုံးဖြတ်လိုက်တယ် . .။

ဘယ် . . ကိုယ့်ရဲ့ 'လူပျိုဂုဏ်' ကိုတော့ ဘယ်အပျက်ခံပါ့မလဲ . .။ ကိုယ့်ရဲ့ စောင့်ရှောက်နည်းက သူတို့ညီအစ်မကို အဲဒီရပ်ကွက်ထဲက ခေါ်ထုတ်ပြီး ခပ်ဝေးဝေး . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြို့ရဲ့တောင်နဲ့မြောက်လောက်ရှိမယ့် နောက်ထပ်ရပ်ကွက်တစ်ခုမှာ အိမ်ငှားထားပေးလိုက်တယ် . . ။ မိန်းမကြီးတစ်ယောက်ပါ ရှာငှားပေးထားပြီး . . ကိုယ်နိုင်သလောက်လေးတော့ ထောက်တာပေါ့။ စိတ်ပျော့ပြီး ငိုဖို့လောက်ပဲသိတဲ့ . . ယုံလွယ်တဲ့ အပွင့်ကိုတော့ ဒီလိုပဲ လှည့်ပတ်နှစ်သိမ့်ရပြန်တာပေါ့ . . ။ "ကလေးကိုပဲ အောင်အောင်မြင်မြင် မွေးချေပါဦး . . မီးဖွားပြီးမှ ဘာညာသာရကာ" ပေါ့ . . ။

ဒါပေမယ့် ကိုယ့်ရဲ့ ဘာညာသာရကာကို ကိုယ်ပြန်မဖြေရှင်းလိုက်ရပါဘူး . . ။ အပွင့်က သားတစ်ယောက်မွေးပေးလိုက်ပြီး မီးတွင်းထဲမှာပဲ ဆုံးသွားတယ် . . ။ ကဲ . . ရက်သားတစ်ယောက် . . ဆယ်နှစ်သမီးကတစ်ယောက်။ ခြေချုပ်မမိ အပူမများချင်လို့ အိမ်ထောင်မပြုပါဘူးဆိုမှ . . အလုပ်က ကြံဖန်ရှုပ်ဖို့ ဖြစ်လာတာတော့ ကိုယ့်ကံပဲထင်ပါရဲ့ . . ။ သို့သော် ကိုယ့်ကံဆိုတာ ကိုယ်ကလုပ်တာပဲ . . ။ မကောင်းတဲ့ ကံဇာတာရှိလာရင် ကောင်းသွားအောင် ကိုယ်ကိုယ်တိုင်ပဲ ကြိုးစားပြင်ယူရမှာပေါ့ . . ။ ရက်သားမောင်ပိစိကို ရက်ပိုင်းပဲ ရှိသေးလို့ ကိုယ့်သွေး ကိုယ့်သားပေမယ့် သံယောဇဉ် မရှိလှသေးဘူးပဲထား . . အဖူးရဲ့ မျက်နှာကလေးက ရှိနေသေးတာလေ . . ။

ကိုယ်ဖြေရှင်းလိုက်ပုံလား . . လွယ်တယ်လေ . . ရက်သားရော . . ဆယ်နှစ်သမီးရော အမေ့အိမ်ပေါ် ပြန်တင်ပေးလိုက်တာပေါ့ . . ။ အမေဆိုတာ ရင်ဘတ်စည်တီးနဲ့ . . "ဘယ်လိုဖြစ်ရတာတုန်း" ပေါ့ . . ။ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မိန်းမမလိုချင်လို့ အိမ်ပေါ်က ဆင်းသွားတဲ့ သားမိုက်ကြီးဟာ ပြန်တက်လာတော့ ကလေးနဲ့ . . ။ ကလေးမှ တစ်ယောက်မဟုတ် . . နှစ်ယောက်တောင်ဆိုတော့ . . အမေ သူ့ရင်ဘတ်သူ တီးလည်းတီးချင်စရာ . . ။ ကိုယ်ကတော့ ရှည်ရှည်ဝေးဝေး ထွေထွေထူးထူး ဘာမှမပြောပါဘူး . . "ကလေးအမေတော့ဆုံးပြီ" ပေါ့ . . ဒါပဲပေါ့။

အဖူးအကြောင်းလည်း ဘာမှကို မရှင်းပြပါဘူး။ ဒါပေမယ့် အဖူးမှာ ပါလာမယ့် သူနဲ့သက်ဆိုင်တဲ့ စာရွက်စာတမ်း အထောက်အထားများအရ အမေက အဖြစ်မှန်ကို သိသွားနိုင်ပါတယ် . . ။ ဘယ်လိုပဲဖြစ်ဖြစ် . . ဘယ်သူတွေ ဘယ်လောက်ကြီးပဲ ဒုက္ခရောက် အခက်အခဲတွေ့နေကြပါစေ . . ။ သူများတကာအရေးကို ကိုယ်ရေးကိုယ်တာလောက် ဘယ်တော့မှ ဦးစားမပေးတတ်တဲ့ ခင်မောင်ကြည်လို လူစားက ဘာမဆိုင်ညာမဆိုင် ခေါ်တင်လာခဲ့တဲ့ အဖူးကိုလည်း သူ့တစ်သက် စောင့်ကိုစောင့်ရှောက်မွေးမြူရတော့မယ်ဆိုတာ အမေ နားလည်ပြီးသား ဖြစ်မှာပါပဲ။

အမေ့ကို ဒုက္ခတုံးနှစ်တုံးနဲ့ အလုပ်ပေးလို့လည်း ပြီးရော . . ကိုယ်လည်း ယခင့်ယခင်က ထုံးစံအတိုင်း ပြန်လွင့်တော့တာပါပဲ . . ။ အမေကတော့ မှာရှာတယ် . . "နင်နေချင်သလိုနေ . . ရှုပ်ချင်သလိုရှုပ် . . ဒါပေမယ့် နောက်ထပ်တော့ ဒါမျိုးတွေ ငါ့အိမ်ပေါ်ရောက်မလာစေနဲ့တော့" တဲ့။ အမေမမှာလည်း ကိုယ်က တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ပြီးသားပဲဟာ . . အမေက ခေါ်လာဦးဆိုရင်တောင်မှ တော်ပါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြီး . .။ ဒီတော့ . . အရင်ကလိုပဲ နေချင်သလိုနေ . . စားချင်သလိုစား၊ ရှုပ်ချင်သလိုရှုပ် . .။ ဒါပေမယ့် အရင်ကထက် နည်းနည်းကလေးသာလာတာကတော့ သုံးလေးလတစ်ခါဆိုသလို အမေ့အိမ်ပြန်ပြီး . . မျက်နှာလေးတစ်ချက်လောက်ပြ မုန့်ပဲသရေစာလေး . . ပိုက်ဆံကလေးမဖြစ်စလောက်ပေးတာမျိုးရှိလာတာပါပဲ . .။

အမေနဲ့အတူနေ ညီအစ်ကိုမောင်နှမတွေကတော့ ခင်မောင်ကြည်ဆိုရင် နဂိုကမှ အော့ကျော်လန်ပြီးသားရယ်ဆိုတော့ကာ . . ခင်မောင်ကြည့်သားနဲ့ အဖူးတို့အပေါ် လည်း ဘယ်ကြည်လင်ပါ့မလဲ . .။ ကလေးကတော့ ထားပါတော့။ အဖူးလေးခများတော့ သိတတ်စပြုပြီဆိုတော့ ဇောင်းပဲနရွဲတွေကြားမှာ နေ့စဉ်နေထိုင်စားသောက်နေရမှာ သနားစရာ . .။ အဲဒီအချက်လေးတစ်ချက်နဲ့ပဲ ခင်မောင်ကြည်ကိုယ်တိုင်ကိုယ်ကျကြီးက သုံးလေးလတစ်ခါဆိုသလို မျက်နှာလာ,လာပြနေရတော့တာပဲ . .။ ဒါပေမယ့် သူတို့ကလည်း သူတို့ကံလေးတွေနဲ့သူတို့ပါ . .။

တစ်အချက် . . အမေက အဲဒီအိမ်မှာ ရှာနိုင်ဖွေနိုင် . . အာဏာရ စကားတည်ဆဲ . .။ နှစ်အချက် . . "မောင်မြေးချစ်"လို့ ရှာရှာကြံကြံနာမည်ရထားတဲ့ ဟိုအကောင်ကလေးက ကိုယ်တို့ အပွင့်တို့နဲ့ ဘာမှမဆိုင်ဘဲ အမေမှအမေ၊ အမေ့မျက်ခွက်ကြီး ယူစွပ်ထားသလား ထင်ရလောက်အောင်ဖြစ်နေတယ် . .။ သုံးအချက် . . ဖင်ပေါ့အလိုက်သိပြီး အရိပ်သုံးပါး အမြဲနားလည်တဲ့ အဖူးက အချိန်သိပ်မကြာလိုက်ခင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာပဲ အမေ့လက်စွဲ . . လက်ကသုံးတောင်ဝှေး . . အချစ်တော်ကလေး ဖြစ်သွားတယ် . .။ ကဲ . . မကြည်လင်ကြသူတွေ လဲသေကြတာတောင်မှ အရာမရောက်နိုင်တော့ဖြစ်သွားတော့တာပေါ့။

ကိုယ်က ရှုပ်ထွေးပွေလီပြီး လွတ်လပ်မှုကိုသာကြိုက်တာ . . အလုပ်ကိုတော့ ခါးချိုးပြီး အလုပ်နဲ့တူအောင်လုပ်တတ်တဲ့နေရာမှာတော့ စည်းကမ်းရှိတယ်နော် . .။ ကိုယ်က အစုံလုပ်ဖူးတယ် . .။ လမ်းဘေးလည်း ဈေးရောင်းဖူးတယ်. .။ စတိုးဆိုင်အလုပ်သမားလည်း ဖြစ်ဖူးတယ် . .။ ပုံနှိပ်စက် တစ်ခုမှာလည်း ခဏဝင်ဖူးတယ် . . တက္ကစီမောင်းဖူးတယ် . . နိုင်ငံခြားသား အိမ်တစ်အိမ်မှာ ညစောင့် (Night Watch Man) လုပ်ဖူးတယ် . .။ ကိုယ်လုပ်ခဲ့တဲ့ အလုပ်နေရာပေါင်းစုံမှာ အလုပ်ရှင်မှန်သမျှ ကိုယ့်ကိုမကြိုက်ကြတာ မရှိဘူး . . ကိုယ်က မကြိုက်လို့ အဲဒီအလုပ်ကို ဆက်မလုပ်တော့ဘဲ စွန့်ပစ်ခဲ့တာသာလျှင်ရှိတယ် . .။ နောက်ဆုံးတစ်ခေါက်ကသာ Night Watch Man လုပ်နေဆဲ . . နိုင်ငံခြားသားကအလုပ်မှာ နှစ်စေ့လို့ သူ့နိုင်ငံသူ ပြန်ရမှာမို့ သူ့မိတ်ဆွေတစ်ယောက်အိမ်မှာ ကိုယ့်ကိုဆက်သွင်းပေးခဲ့တာပဲရှိတယ် . .။

ကိုယ်က အဲဒီမှာတော့ Night Watch Man မလုပ်တော့ဘူး . .။ လူဆိုတာ ကိုယ့်အခွင့်အရေးကို ကိုယ့်ဘာသာရဲရဲတောင်းတတ်ရမယ်လေ. .။ ကိုယ်က အဲဒီအိမ်မှာ ကားမောင်းဖို့ပဲ တောင်းဆိုလိုက်တယ် . .။ ဒါပေမယ့် ကြာကြာ မမောင်းလိုက်ရပါဘူး . .။ ကိုယ်က အဲဒီအချိန်လောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာပဲ 'စာရင်းကိုင်ပညာဒီပလိုမာ' တစ်ခုကို ထပ်ရလိုက်တာကိုး။ ကိုယ့်ဘော့စ်နိုင်ငံခြားသားကြီးက ကိုယ်ဟာ B.Com ဘွဲ့ရ. . စာရင်းကိုင်ပညာဒီပလိုမာ လက်မှတ်ရဆိုတာကို သိသွားတယ် . . (မသိသိအောင်လည်း ကိုယ်ကပဲ ပြတာပြောတာကိုး)။ ကိုယ့်ဘော့စ်က ကိုယ့်ကို နောက်ထပ်နိုင်ငံခြားသားတစ်ယောက်နဲ့ ထပ်ဆက်ပေးလိုက်တယ် . . ။

အဲဒီမှာတင် . . ထူးဆန်းပြီး အံ့ဩစရာကောင်းတဲ့ ဇာတ်လမ်းတစ်ခုနဲ့ မစ္စတာကာဆိဂိ အိုမိ (Kasigi Omi) ကို ကိုယ်တွေ့ခဲ့ရသလို ဘယ်သူနဲ့မှ မတူနိုင်အောင် သူမတူ၊ ကံကောင်းသလောက် တုံးအအနိုင်တဲ့ ကောင်ကလေး "ဒိုးဒိုး" ကိုလည်း ကိုယ်သိခဲ့ရတယ်။

❁ ❁ ❁

မစ္စတာကာဆိဂိ အိုမိ အကြောင်း နည်းနည်းဖြတ်ပြောရဦးမယ် . . ။ သူက အသက်လေးဆယ်ကျော်လောက်ပဲရှိသေးတဲ့ လူလတ်ပိုင်း ကိုယ်နဲ့ မတိမ်းမယိမ်းတစ်ယောက်ပေါ့ . . ။ လူပုံက တည်တည်ကြည်ကြည်နဲ့ ခပ်ပြတ်ပြတ်စကားနည်းနည်းဆိုတဲ့ အစားထဲက . . သိပ်ရောလို့ လုံးလို့မရဘူး . . ။ ခေတ်အဆက်ဆက် . . အလုပ်ရှင်မှန်သမျှကို ကျအောင်ပေါင်းလာနိုင်ခဲ့တဲ့ ခင်မောင်ကြည်တောင် သူနဲ့ကျမှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လက်မြှောက်ရမလို ဖြစ်နေတယ် . . ။ ဒါတောင် နောက်ပိုင်းမှာ သူနဲ့ကိုယ်ဟာ ခရီးတွေ အတူတူ ခဏခဏ ဂဒီးဂဒီးနဲ့ ထွက်နေရတာနော် . . ဒါတောင် လိုအပ်တာထက် ပိုရင်းနှီး မလာဘူး . . ။ လိုအပ်သလောက်ပဲ . . ။

သူ ဒီမှာလာဖွင့်ထားတဲ့ ကုမ္ပဏီက အထည်အလိပ်နဲ့ Cosmetic ကုမ္ပဏီတစ်ခုပါ . . ။ ဂျပန်ပြည်ဖြစ် ပိုးတို့ ကီမိုနိုတို့နဲ့ အလှအပ အသုံးအဆောင်ပစ္စည်းတွေကို မြန်မာပြည်ဈေးကွက်မှာလာပြီး ခြေကုပ်ယူတဲ့ သဘောပေါ့ . . ။ သူတို့ကုမ္ပဏီက ဒီမှာတော့ သိပ်မပေါက်ရောက်လှသေးပေမယ့် ဂျပန်မှာဆိုရင်တော့ 'Kasigi' ဆိုတာ အတော်လေး ကြီးကျယ်အောင်မြင်ပြီး နာမည်ကြီးတဲ့ မိသားစုကုမ္ပဏီတစ်ခုလို့ သိရတယ် . . ။ မစ္စတာ ကာဆိဂိ အိုမိကလည်း မြန်မာနိုင်ငံအတွက် အထွေထွေ မန်နေဂျာဆိုတဲ့ ရာထူးနဲ့လာပေမယ့် . . အဲဒီမိသားစုထဲက မိသားစုဝင်တစ်ယောက်ပါပဲ . . ။

သူ့ရဲ့ထူးဆန်းပုံကဘာလဲဆိုရင် သူ့ကုမ္ပဏီမှာ အလုပ်ခန့်သမျှလူတိုင်းဟာ . . မြန်မာနိုင်ငံရဲ့ အမြီးဖျားပိုင်း မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း . . တနင်္သာရီဘက်က လူတွေပဲ ဖြစ်ရမယ် . . ကိုယ်တိုင်မဟုတ်ရင်တောင်မှ မိဘဘိုးဘွား အမျိုးအဆွေကတော့ အဲဒီဘက်တွေမှာပဲ အတိအကျ နေထိုင်တဲ့သူတွေ ဖြစ်ရမယ်တဲ့ . . ။ အဲဒါနဲ့ပဲ ခင်မောင်ကြည်တို့လည်း တစ်ခါမှ မရောက်ဘူးဘဲနဲ့ မြိတ်သားစစ်စစ် ဖြစ်ရတော့တာပေါ့ . . ။ မြိတ်မှာ မွေးကတည်းကနေ ဆယ်တန်းအောင်တဲ့အထိ နေဖူးပါတယ် ဖြစ်ရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရော။ ဟုတ်ဟုတ် မဟုတ်မဟုတ် နောင်ကိစ္စကတော့ နောင်ခါလာ နောင်ခါစျေးပေါ့ . . ။

ကိုယ့်ကို ပထမစခန့်တုန်းကတော့ လက်ထောက် စာရင်းကိုင်နဲ့ပါ . . ။ ဒါပေမယ့် သိပ်မကြာခင်မှာပဲ 'ခင်မောင်ကြည်'ဟာ လူလည်တစ်ယောက်ဖြစ်မှန်း သူရိပ်မိသွားပုံရတယ် . . ။ ရောလို့လုံးလို့ မရပေမယ့် သူထွက်,ထွက်သမျှ ခရီးစဉ်တိုင်းမှာ လူရေလည်တဲ့တစ်ယောက် ပါနေစေချင်ပုံရတာမို့ ကိုယ်လည်း စာရင်းကိုင်ဘဝကနေ . . အပါးတော်မြဲလိုလို . . (အင်း . . မဟုတ်ပါဘူး . . သူ့ရဲ့ Secretary အပါးတော်မြဲ . . စကားပြန်မလေးက အမြဲရှိနေတဲ့ဟာပဲ။) ဘာလိုလိုနဲ့ . . ရာထူးရာခံ အတည်တကျ မပြောနိုင်တဲ့ "ခရီးထွကပ်" ဘဝကို ရောက်ရရောဆိုပါတော့။

အဲဒီအခါတွေတုန်းက ကိုယ့်စိတ်ထဲ အတော်ကြီး ထူးဆန်းနေတာက . . "အထည်အလိပ်၊ အလှအပ" ကုမ္ပဏီကိစ္စအတွက် ရောက်လာရတဲ့လူတစ်ယောက်ဟာ ကုမ္ပဏီကိစ္စနဲ့ခရီးတွေ ထွက်ဖြစ်ရတော့မယ်ဆိုရင် . . တိုင်းနဲ့ပြည်နယ်မြို့တော်ကြီးတွေကိုသာ ဦးစားပေးရမယ် မဟုတ်လား . . ။ အရင်ဦးဆုံးကတော့ ရန်ကုန်မှာ ကုမ္ပဏီရုံးခန်းဖွင့်ပြီးရင် ဒုတိယအနေနဲ့က 'မန္တလေး' လို နေရာမျိုးကို မသွားမဖြစ်သွားပြီး ကုမ္ပဏီခွဲအနေနဲ့ အထက်မြန်မာပြည်စျေးကွက်ကို ရယူနိုင်ဖို့ ကြိုးစားရမယ်။ ပြီးမှသာ ကျန်မြို့ကြီးများပေါ့။

ကိုယ်တိုင်မသွားနိုင်တောင် . . မြို့ကြီးတွေမှာ Sale Promotor တွေခန့်ပြီး ဆောင်ရွက်ရမယ်။ ဒါက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ်နားသလောက် ဘောင်အတွင်းက ပြောတာပါ။ ခုဟာကတော့ သူက မန္တလေးလို နေရာမျိုးတောင် ကိုယ်တိုင် မသွားနိုင်ဘဲ လူစားပဲလွှတ်လိုက်ကာ သူကကျတော့ . . စော စောက ပြောခဲ့တဲ့တိုင်း မြန်မာနိုင်ငံရဲ့ အမြီးဖျားပိုင်း မော်လမြိုင်၊ ရေး၊ မြိတ်၊ ထားဝယ်သို့ . . ။ အဲဒီနေရာတွေဟာ လည်း မြို့ကြီးတော့ မြို့ကြီးတွေပါပဲ . . သို့သော် ဘယ်လို ခေါ်မလဲ . . ။ သူ့လို ဂဒီးဂဒီးတော့ သွားနေစရာမလိုဘူး ထင်တာပါပဲ . . ။

သူကတော့ Yangon Airways တို့ မြန်မာ့လေ ကြောင်းတို့ကို လုပ်ကျွေးနေသလား ထင်ရလောက်အောင်ကို သွားတာနော် . . ။ ပြီးကျတော့ မြို့ကြီးတွေတင်မက . . မြို့ ငယ် . . ရွာငယ်တွေအထိပါ ခြေဆန့်လာသောအခါကျတော့မှ လူလည်ကြီး ခင်မောင်ကြည်တစ်ယောက် မစ္စတာ ကာဆိဂိ အိုမိရဲ့ ကိစ္စဝိစ္စများဟာ အထည်အလိပ်၊ အလှအပ အသုံး အဆောင် Promotion အတွက် မဟုတ်လေတော့မှန်း ရိပ်မိ ရတော့တာပါ . . ။

သူ့အပါးတော်မြဲ စကားပြန်မလေး **"ခင်နှင်းဆီ"** တို့ကလည်း ကိုယ့်သူဌေးရဲ့ အရေးကိစ္စအကြောင်းကို လုံလိုက် တာမှ . . ပါးစပ်ကို အပ်နဲ့များပိတ်ချုပ်ခံထားရသလား ထင် ရလောက်အောင်ကို လုံတော့သည်မှာ လူလည်လူနပ် ခင် မောင်ကြည်ပင်လျှင် . . ဘယ်လိုမှ အစ်လို့အောက်လို့ လှည့် ပတ်နှူးနှပ်ယူလို့ မရလောက်အောင်ပင် . . ။ ခါတိုင်း အသုံး ပြုနေကျ 'ခင်မောင်ကြည်ရဲ့ မိန်းကလေးများ ကျလောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သောနည်းနာနိဿယများ’ ကို အသုံးချကြည့်ဖို့ ပြင်တော့လည်း . . အမယ် . . သင်းက ခါးခါးသီးသီး . . ရှုံရှာပုံများတောင်ပြလိုက်သေး . .။ နေနှင့်ဦးပေါ့လေ . .။

အသက်သာလေးဆယ်နား ကပ်နေတယ် . . နုပျိုမြဲ၊ နုပျိုဆဲ ခင်မောင်ကြည်ဟာ . . ခင်နှင်းဆီလို မိန်းကလေးမျိုးတော့ . . အေးအေးဆေးဆေး အချိန်ပေးပြီး (သူတို့လိုမိန်းကလေးမျိုးကျတော့လည်း သူတို့နည်း သူတို့ဟန်နဲ့ သတ်သတ်ရှိတာပေါ့) စိတ်ရှည်လက်ရှည် လုံးပန်းယူရရင် အလွန်ဆုံးကြာမှ ခြောက်လ၊ ဒီ့ထက်ပိုလိုက်ဦး တစ်နှစ်ပေါ့။ “ပျင်းစရာကြီး”ဟု ဆိုနိုင်သော်လည်း တကယ်တမ်း ဆန္ဒရှိရင်တစ်နှစ်၊ နှစ်နှစ်သည်လည်း ပျင်းစရာမဟုတ်ပါ။ သို့သော် ခင်မောင်ကြည်က ဆန္ဒမှမရှိဘဲ ကိုယ်သိချင်ရာ တစ်ခုအတွက်သာ ချဉ်းကပ်လိုတာပဲ . .။

သူ့မကျေနပ်တာနဲ့ ပြောလက်စ အကြောင်းတွေကတောင် သွေဖီကုန်ပါပြီ . .။ ကဲ . . တိုတိုပဲဆိုကြပါစို့။ မစ္စတာ ကာဆိဂိ အိုမိ တစ်ယောက် မြန်မာနိုင်ငံသို့ (General Manager) အထွေထွေမန်နေဂျာရာထူးဖြင့် ရောက်ရှိလာခြင်းဟာ သူတို့ကုမ္ပဏီရဲ့ အထည်အလိပ်၊ အသုံးအဆောင်ကိစ္စတွေအပြင် . . နောက်ထပ် အဓိကကျသော၊ အရေးကြီးလှသော အကြောင်းအရာတစ်ခုကတော့ . . သူတို့ Kasigi မိသားစုဝင် ဘကြီးတစ်ယောက်ဖြစ်သည့် မစ္စတာ Kasigi Sudara (ကာဆိဂိ ဆူဒါယာ) ဟာ စစ်အတွင်း မြန်မာနိုင်ငံကို ရောက်လာခဲ့စဉ်က အခြေအနေ အရပ်ရပ်ကြောင့်သာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စစ်မှုထမ်းဖြစ်နေရပြီး စစ်ကိုရွံမုန်းစက်ဆုပ်လှတဲ့ "ဆူဒါယာ" ဟာ နှစ်လိုဖွယ်ကောင်းလှတဲ့ မြန်မာ့လူနေမှု အကျင့်စရိုက်တွေ၊ စိတ်ဓာတ်နဲ့ ယဉ်ကျေးမှုတွေကို ကြုံရတဲ့အခါမှာ မြန်မာလူမျိုးများကို အင်မတန်မှပင် ခင်မင်တွယ်တာ . . စာနာနားလည်တတ်သော ဂျပန်စစ်ဗိုလ်တစ်ဦး ဖြစ်ခဲ့သတဲ့။

ဂျပန်တွေ စစ်ပြေးဖို့ ကြုံတွေ့လာတဲ့အခါမှာတော့ ငှက်ဖျားမိကာ အတော်လေး နေထိုင်မကောင်းဖြစ်ပြီး သူ့စစ်တပ်နဲ့လည်း ကွဲကွာသွားတဲ့အခါ . . ဆူဒါယာဟာ ကယ်တင်ရှင် မြန်မာ(မွန်)မိသားစုတစ်စုနှင့် ကြုံဆုံခဲ့ရပါသတဲ့။ အဖျားအနာ ပျောက်ကင်းအောင်လည်းပြုစု၊ အင်္ဂလိပ်စစ်တပ်ရဲ့ ရန်ကလည်း ဖုံးကွယ်ဖွက်ပေးထားခဲ့ကြပြီး၊ ကိုယ့်ဆွေမျိုးသားချင်းတစ်ယောက်လိုကို ပြုစုစောင့်ရှောက်ထားခဲ့ကြသော၊ ထိုမိသားစုထဲမှ အိမ်ထောင်ဦးစီး ယောကျ်ားလုပ်သူခမျာ . . ဆူဒါယာရဲ့ ပယောဂကြောင့် အင်္ဂလိပ်စစ်တပ်ရဲ့ လက်ချက်နှင့်ပင် အသက်ပါပေးခဲ့ရသောအခါ . . ကျေးဇူးကြီးမားလှတဲ့ ထိုမိသားစုအပေါ် ဆူဒါယာရဲ့ ကျေးဇူးဆပ်လိုစိတ်ကလည်း အသည်းထဲထိ စွဲမြဲခိုင်မြဲခဲ့ရပြီ . . ။

ဆူဒါယာ တစ်ယောက် ကိုယ့်တပ်နဲ့ အဆက်အသွယ်ပြန်ရပြီး၊ ပြည်တော်ပြန်ဖို့ ဖြစ်လာချိန်မှာ လင်ယောကျ်ားဆုံးပါးပြီး အမေတစ်ခု သမီးတစ်ခု ဖြစ်ကျန်ရစ်သော မြန်မာအမျိုးသမီးကို ကျေးဇူးဆပ်ခွင့်ရအောင် အမေရောသမီးပါ ဂျပန်နိုင်ငံသို့ လိုက်ပါခဲ့ကြဖို့ . . ဒါမှမဟုတ်ရင်လည်း ကလေးကိုပဲ ထည့်ပေးလိုက်ဖို့ ဆူဒါယာက တောင်းပန်ခဲ့ဖူး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်တဲ့ . . ။ သို့သော် ထိုမြန်မာအမျိုးသမီးဟာ တစ်ပြည်တစ်ရွာကို မလိုက်သွားခဲ့တဲ့အပြင် ကလေးကိုလည်း လုံးဝထည့်မပေးလိုက်ပါတဲ့။ အဘိုးကြီးကလည်း ဟိုမှာလည်း မိသားဟုရှိနေလေတာမို့ . . စိတ်မကောင်းခြင်းကြီးစွာနဲ့ပဲ ပြန်သွားခဲ့ရပြီးတဲ့နောက်၊ ပထမပိုင်းတော့ စာအဆက်အသွယ်လေး သတင်း စကားလေး ကျဲကျဲတောက်တောက် ရနေရာက နောက်ပိုင်းကျတော့ လုံးဝအဆက်အသွယ် ပြတ်တောက်သွားခဲ့သတဲ့။

ခုကျတော့ အဲဒီအဘိုးကြီးက ဆုံးပါးခဲ့ပြီ . . ။ ဂျပန်ပြည်မှာလည်း သူ့ရဲ့အမွေအနှစ်ကို ဆက်ခံဖို့ရာ သားသမီး မထွန်းကားခဲ့သောအခါ သူ့ရဲ့သေတမ်းစာမှာ မြန်မာနိုင်ငံက ထိုမိန်းမနဲ့ကလေးကို ပြန်ရှာပြီး သူတို့ Kasigi မိသားစုပိုင် အမွေအနှစ်များထဲမှ သူ့ပိုင်ထိုက်ကို ထိုကလေးသို့ လွှဲပြောင်းပေးဖို့ ရှေ့နေရှေ့ရပ်များနဲ့ စီစဉ်ခဲ့သတဲ့။ မစ္စတာ ကာဆိဂိ အိုမိကတော့ သူ့ဘကြီးရဲ့ အမှာစကားအရ မြန်မာနိုင်ငံသို့ ကုမ္ပဏီတာဝန်နဲ့ရော . . လူမှုရေးတာဝန်ကြီးနဲ့ပါ ရောက်လာခဲ့ရခြင်း ဖြစ်ပါသတဲ့ . . ။

ဒီသတင်းတွေ ကြားလိုက်ရတော့ ခင်မောင်ကြည်တစ်ယောက် နေမထိ ထိုင်မသာ ဖြစ်လိုက်ရတာ။ Kasigi မိသားစုရဲ့ အမွေတစ်ပုံဆိုတာ နည်းတဲ့ကိစ္စလား . . မမျှော်မှန်းနိုင်လောက်အောင်ကို ဖြစ်နေမှာ . . ။ ကိုယ့်မှာ ကိုယ့်ကိုကိုယ်ပဲ မစ္စတာ ကာဆိဂိကြီး၏ ကျေးဇူးရှင် မိသားစုရဲ့ နောက်ဆုံးမျိုးဆက်ဟု ထင်ရတော့မလိုလို . . ။ ဂျပန်ရုပ်များတစ်စက်တလေလောက် ရှိလေသလားလို့ မှန်ပဲအခါခါကြည့်ရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော့မလိုလို . . ။ ကိုယ့်မွေးမိခင်ရင်းကိုပဲ ပြေးပြီး "ဂျပန်နဲ့ ပတ်သက်ဖူးသေးလား"လို့ မေးရတော့မလိုလို . . ။ ရူးမလို နှမ်းမလို ပေါ်တောတော ချာတာတာတွေ ဖြစ်လိုက်ပြီးသော အခါ . . နောက်ဆုံး ရရှိလိုက်သည့် သတင်းကား . .

"မြန်မာ(မွန်)အမျိုးသမီးကြီး ဒေါ်လှရီမှ မွေးဖွားခဲ့သော သမီးတစ်ယောက်နှင့် . . ထိုသမီးမှ ထပ်မံပြီး . . မွေးဖွားခဲ့သော တစ်ဦးတည်းသော သားကလေးတစ်ယောက်မှာ . . မစ္စတာ ကာဆိဂိ ဆူဒါယာကြီး၏ ကျေးဇူးရှင်မိသားစုရဲ့ နောက်ဆုံးမျိုးဆက်သွေး၊ သမီးနှင့်မြေးယောကျ်ားလေးတို့အဖြစ် သက်ရှိထင်ရှား ရှိနေကြပါသည်"တဲ့။ ပိုမိုအံ့သြစရာကောင်းသည့်အချက်ကား ခင်မောင်ကြည်တို့အားလုံးရော . . မစ္စတာ ကာဆိဂိ အိုမိ ကိုယ်တိုင်ပါ ဘယ်လိုမှမျှော်လင့်မထားမိကြဘဲ ထိုအမွေခံကလေးမှာ ခင်မောင်ကြည်တို့၏ရုံးမှဝန်ထမ်း . . ကိုယ့်မျက်စိရှေ့မှောက်မှာတင် ဘာမဟုတ်တဲ့ ကောင်ကလေး တစ်ယောက်ဟု သတ်မှတ်ထားခဲ့မိသည် "ဒိုးဒိုး" ဟူသော ကောင်လေးပဲ ဖြစ်နေခဲ့ခြင်းဖြစ်ပါသည် . . ။

တစ်နှစ်လောက် စုံစမ်းယူခဲ့ပြီး အဘက်ဘက်မှ အချက်အလက်ပေါင်းစုံနှင့် တိကျသေချာနေခဲ့သော ဖြစ်ရပ်မို့ "မဟုတ်နိုင်ပါဘူး" ဟုလည်း ဝင်ငြင်းချင်လို့မရပါ။ ကိုယ့်မှာလည်း အကျိုးရှိလာမှာ မဟုတ်ဘဲ သူတစ်ပါးကိစ္စကိုလည်း ဝင်မစွက်ချင်ပါ။ မစ္စတာ ကာဆိဂိ အိုမိ လိုလူကလည်း မသေချာဘဲနှင့်တော့ ကြေညာမှာမဟုတ်တာကို ခင်မောင်ကြည်က ယုံပြီးသား . . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လူလည်လူရှုပ်တစ်ယောက်အနေနှင့် "ကိုယ်သာ မစ္စတာ ကာဆိဂိ အိုမိ တို့ရှောမှာဆိုရင်တော့ လိုက်စုံစမ်း ပေးကမ်းမနေတော့ဘဲ ဒီအတိုင်းပဲ မြုံနေလိုက်တော့မည် . . ။ ကာကယံရှင်တွေလည်း သိနိုင်တာလိုက်လို့ . . "ဟု လောက် တွေးမိပေမယ့် . . ဒိုးဒိုးတစ်ယောက် အမွေတွေရတော့မှာကို တော့ ခင်မောင်ကြည်က ဘာမှမကျေနပ်နေစရာ အကြောင်း မရှိ . . ။ အဲ . . တစ်ခုတော့ရှိသည်။ ဒါကတော့ ခင်မောင် ကြည်တင်မက ဒီက ကုမ္ပဏီဝန်ထမ်းများအားလုံးရဲ့ အရေး နှင့်ဆိုင်လေသည်။

"ဂျပန်နိုင်ငံသို့တော့ မလိုက်နိုင်ပါ . . မြန်မာ နိုင်ငံတွင်သာ နေမည်" ဟူသော ဒိုးဒိုးရဲ့ဆုံးဖြတ်ချက်အရ ဟိုကအမွေအနှစ်တွေ . . ရှယ်ယာကိစ္စတွေကို ဟိုကရှေ့နေ ဒီကရှေ့နေတွေနှင့် ဆက်လက်စီမံကြရဦးမည်ဖြစ်ပြီး . . လောလောဆယ်မှာတော့ မစ္စတာ ကာဆိဂိ အိုမိ က သူတို့ မိသားစုရဲ့ ကျေးဇူးရှင်စာရင်း ဝင်သွားပြီဖြစ်သည့် ဒိုးဒိုးကို လေးငါးခြောက်လလောက် လက်တွဲခေါ်သင်ကြားကာ . . စိတ်ချရလောက်ပြီဆိုလျှင် သူက သူ့နိုင်ငံသူပြန်ကာ ဒိုးဒိုးကိုသာ မြန်မာနိုင်ငံအတွက် ကုမ္ပဏီ၏ အထွေထွေမန်နေဂျာအဖြစ် တရားဝင် ခန့်အပ်သတ်မှတ်ပေးထားခဲ့ပေလိမ့်မည်။ အဲဒီအခါ ကျရင်တော့ ခင်မောင်ကြည်တို့အားလုံးဟာ ဒိုးဒိုးရဲ့ လက် အောက်ခံဝန်ထမ်းများ ဖြစ်ကုန်ကြရပြီ . . ။ ဒိုးဒိုးလက် ဒိုးဒိုးခြေ . . သူ့မျက်နှာကြည့်ပြီး သူ့ဆန္ဒအရ . . လိုက်လှုပ် ရှားကြရပေတော့မည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဟိုးအရင်ကတော့ ဒိုးဒိုးဆိုတာ ခင်မောင်ကြည့်အတွက် ခေါင်းထဲထည့်ထားရလောက်အောင် အရေးပါတဲ့ကောင်ကလေးမဟုတ်ပါ . .။ သူကတော့ ရန်ကုန်မှ တခြားဂိုဒေါင်တို့ ဆိပ်ကမ်းတို့ အရောင်းဌာနခွဲတို့မှ လူများမပါ။ ရုံးဖွင့်ထားသည့် ရန်ကုန်ရုံးချုပ်ရုံးခန်းမှာတော့ . . . သူရယ် . . ကိုယ်ရယ် . . ဒရိုင်ဘာရယ် သုံးယောက်သာ ယောကျ်ားဝန်ထမ်းရှိသည့် ရုံးမို့လို့လားတော့မသိ . . ကိုယ့်ကိုမြင်ကတည်းက မသိမသာ ပေါင်းဖို့ရောဖို့ ကြိုးစားရှာသား . .။ အလကားနေ လက်ဖက်ရည်တိုက်ချင်ရတာနဲ့ . . ရုံးဖယ်ရီမှာ ခေါင်းခန်းက နေရာပေးချင်ရတာနဲ့ . .။

ဒါပေမယ့် ကိုယ်ကိုယ်၌က မစ္စတာ ကာဆိဂိအိုမိကို လုံးမရ ပြုမရ ဖြစ်နေချိန်မို့ ကောင်ကလေးကို အာရုံထဲကို ပြန်မထည့်ခဲ့ဘဲ လျစ်လျူရှုသလို ဖြစ်ခဲ့မိသည်။ ကိုယ်အနားကပ်လို့မရတဲ့ ခင်နှင်းဆီက ဒိုးဒိုးအပေါ်ကျတော့ မျက်နှာသာခပ်ပေးပေး ဖြစ်နေတာကို အမြင်ကတ်မိတာလည်း ပါချင်ပါမှာပေါ့ . .။ ဒီတော့ . . ခပ်တင်းတင်း ခပ်မာမာစတိုင်လည်း ချိုးချင်ချိုးခဲ့မိလိမ့်မည် . .။ အမှန်စင်စစ်ကတော့ သူ့ရုပ်ဘယ်လိုရှိသလဲဆိုတာမျိုးကိုတောင် ကိုယ်ကတစ်နှစ်တာပတ်လုံး သေချာမကြည့်မိတာမျိုး ဖြစ်သည်။ ခုတော့ သူက ကိုယ့်အလုပ်ရှင်ဖြစ်လာပြီ။ သူက ကိုယ့်ကိုလိုက်ပေါင်းဖို့ မလိုတော့တဲ့အပြင် . . ခင်မောင်ကြည်ရဲ့ မူအရကိုယ်ကပဲ သူ့ကို လိုက်ပေါင်းရတော့မည်။

သူက အရင်က သူ့ကို ကိုယ်က အရေးမစိုက်ခဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မိသည့်ကိစ္စကို အငြိုးထားကာ ခုနိုင်ကွက်ရမှ ထပြီးအလုပ်ဖြုတ်မည်ဆိုရင်လည်း ခင်မောင်ကြည်လို လူမျိုးမှာက အလုပ်မရှားလှပါ . . ။ သို့သော်ငြား . . ခုလို လခကောင်းပြီး နာမည်ကောင်းသော၊ တည်ငြိမ်သော အလုပ်မျိုးပြန်ရဖို့ကိုတော့ မနည်းရှာရဦးမှာပင် . . ။ ဒီတော့ မပြုတ်တာက အကောင်းဆုံးပေါ့။ ပြီးကျတော့ သူ့ဘာသာသူ ခြံထဲမှာပဲ နေရမည့် ဒရိုင်ဘာကောင်လေးကို ဖယ်လိုက်ရင် ဒီရန်ကုန်ရုံးချုပ်တစ်ခုလုံးမှာ ယောက်ျားဆိုလို့ သူနဲ့ကိုယ်ပဲရှိမည် ဖြစ်သောအခါ သူ့မှာ မပေါင်းမဖြစ် ကိုယ့်ကိုသာ ပေါင်းရတော့မည်။ အဲဒီအခါကျ . . ခပ်အေးအေး,အအပုံ ပေါက်နေသော ဒီကောင်လေးမျိုးကို . . ခင်မောင်ကြည်က အလွယ်တကူပင် ဆရာလုပ်. . အထက်စီးနေရာကနေ ပေါင်းနိုင်မည်ဟု ယုံကြည်ရသောအခါ . . ။

အင်း . . ကံကြမ္မာက မျက်နှာသာမပေးလို့ ကိုယ်ဟာ Kasigi မျိုးရိုးရဲ့ ကျေးဇူးရှင် မျိုးဆက်မဖြစ်ရလည်း နေပါစေတော့ . . ။ ဟန်ဟန်ပန်ပန် အောင်မြင်အခြေကျနေသော မြန်မာနိုင်ငံရုံးစိုက် နိုင်ငံခြားကုမ္ပဏီတစ်ခုကို ကိုယ့်လက်ကိုယ့်ခြေ ဦးစီးချုပ်ကိုင်ရမည်ဆိုလည်း ဒါ နည်းတဲ့အခွင့်အရေးလား . . ။ တစ်သက်လုံး ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဖူးသော အခွင့်ထူးတစ်ရပ်လည်း ဖြစ်ပေသည်။ ပြီးကျတော့ ကိုယ့်ကို ရွံသလိုလို ရှာသလိုလို . . . အဖက်မတန်သလိုလို ဆက်ဆံနေခဲ့သော အခြေကြီးကြီး သူဌေးသမီး အထက်တန်းစားမကြီး ဒေါ်ခင်နှင်းဆီ အပေါ်မှာလည်း ကိုယ်က ကျော

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နိုင်. . နိုင်နိုင် . . ပြန်အကြောင်းပြနိုင်လာပေမည်။

ခင်မောင်ကြည်က မစ္စတာ ကာဆိဂိ အိုမိ မပြန်သေးခင် . . ဒိုးဒိုးရဲ့ အာဏာတွေ ဒီလောက်ကြီး စတင် မကြီးမားသေးခင်မှာပင် အမြင်ကျယ်ကျယ်နှင့် စတင်ကာ ဒိုးဒိုးကို ရောနှောလုံးထွေးပြီး သူငယ်ချင်းကြီးတွေလို ပေါင်းဖို့ရာအတွက် ကမ်းလှမ်းကြိုးစားကြည့်လိုက်သည်။

အံ့သြစရာပင် (အင်းလေ အံ့သြစရာတော့ မဟုတ်ပါဘူး၊ ကောင်လေးပုံစံက နဂိုကတည်းက ဒီလိုပဲ ကြိုမှန်းနိုင်လောက်ဖွယ်ရာ . . သူများစကားအောင်မည့်ပုံပဲ ခပ်အေးအေးအအပုံထဲကပဲဟာ). . ။ ဒိုးဒိုးက ခင်မောင်ကြည်ရဲ့ ကမ်းလှမ်းချက်ကို ဝမ်းပန်းတသာပင် ကြိုဆိုလက်ခံခဲ့လေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

[ ဒိုးဒိုး ]

ကျွန်တော့်မှာ . . ဟိုး ငယ်ငယ်လေးတည်းက အသည်းထဲမှာ စွဲမြဲပြီး ခင်မင်ကျွမ်းဝင်ခဲ့ရတဲ့ သူငယ်ချင်းမလေးတစ်ယောက် ရှိခဲ့ဖူးတယ် . .။ သူငယ်ချင်းမလေးဆိုပေမယ့် သူနဲ့ကျွန်တော်ဟာ အတန်းချင်းလည်း မတူ . . နေတဲ့ရပ်ကွက်ချင်းလည်း ခြားပြီး အလှမ်းဝေးပါတယ် . .။ ကျွန်တော်တို့နှစ်ယောက် ဆုံဖြစ်ခဲ့ကြတာကတော့ သူရော ကျွန်တော်ပါ ကိုယ်စီကျောင်းတက်ရတဲ့ အ-လ-က(၃)ကျောင်းကလေးမှာပေါ့ . .။

သူ့ကို စတွေ့ဖူးခဲ့တဲ့ နေရာက ကျောင်းထိပ်က ခရေပင်ကြီးအောက်မှာ . .။ ခရေပန်းကောက်နေတဲ့ မျက်လုံးဝိုင်းဝိုင်းနဲ့ ကောင်မလေးတစ်ယောက်ဟာ သူ့ဘာသာ သူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



အလိုလိုနေရင်းထိုင်ရင်းကကို အားငယ်ကြောက်ရွံ့တတ်တဲ့ ပုံကလေး ပေါက်နေခဲ့တာဟာ . . ကျွန်တော့်အတွက် သူ့အပေါ် ပထမဦးဆုံး သံယောဇဉ် စဖြစ်သွားမိစေတဲ့ အချက်ပဲ. . ။ ကောင်မလေးရဲ့မျက်နှာဟာ . . ဘယ်လိုပြောရမလဲ ဆိုရင်. . ကျွန်တော်မှ မဟုတ်ဘူး ဘယ်သူ့အတွက်မဆို "မျက်နှာမြင်ရင် သနားကြင်နာ ချစ်ခင်ပါစေ" ဆိုတဲ့ ရုပ်မျိုးလေးနဲ့ပေါ့ . . ။

ခရေပန်းဝိုင်းကောက်ပေးရင်းနဲ့ စတင်ရင်းနှီးသွားခဲ့ပြီးတဲ့နောက် . . ကျွန်တော်ဟာ ကောင်မလေးအတွက် အစ်ကိုကြီးလိုတစ်မျိုး . . သူငယ်ချင်းလိုတစ်သွယ် အားကိုးအားထား ခင်မင်ရတဲ့ အရေးပါတဲ့ သူတစ်ယောက် ဖြစ်သွားခဲ့ရောဆိုပါစို့ . . ။ ချို့တဲ့ပြီး မပြည့်စုံတဲ့ ကောင်မလေးအတွက် ကျွန်တော့်ရဲ့ ဖတ်စာအုပ်အဟောင်းတွေကို လက်ဆင့်ကမ်းတာတို့ . . မုန့်ဝယ်ကျွေးရတာတို့အပြင် . . ကျောင်းနဲ့အလှမ်းခပ်ဝေးဝေးက သူကလေးတို့အိမ်အထိ လိုက်,လိုက်လည်ပြီး ကောင်မလေးလုပ်ရမယ့် အိမ်အလုပ်မျိုးတွေကို ဝိုင်းကူလုပ်ပေးတဲ့အထိ ကျွန်တော်က ကူညီကြည့်ရှုခဲ့ဖူးတယ်. . သူနဲ့ ကျွန်တော်တို့ရဲ့ ခင်မင်မှုကို သူ့အိမ်က ကန့်ကွက်ဖို့ မရှိသလို ကျွန်တော့်မေမေကလည်း မပိတ်ပင်ခဲ့ပါဘူး . . ။

ကျွန်တော်တို့က အမေတစ်ခု သားတစ်ခုပါ။ ကောင်မလေးကို ကူညီထောက်ပံ့နိုင်ဖို့ အမြဲစဉ်းစားကြိုးပမ်းနေပေမယ့် ကျွန်တော်တို့ကလည်း ပြည့်ပြည့်စုံစုံကြီးထဲက တော့ မဟုတ်ဘူးလေ . . ။ မုဆိုးမမေမေဟာ သားတစ်ဖက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုင်တစ်ဖက်နဲ့ အတော်ကြီး ရှုန်းကန်ကြိုးစားရရှာတာပါ။ ဖေဖေကတော့ ကျွန်တော်ငယ်ငယ်လေးတည်းက ၄က်ဖျားနဲ့ ကွယ်လွန်ခဲ့တယ်တဲ့ . . ။ ဖေဖေဆုံးပြီးတဲ့နောက်မှ တစ်ကောင်ကြွက်မေမေဟာ သားတစ်ယောက်နဲ့အတူ မော်လမြိုင်ကနေ ရန်ကုန်ကို စွန့်စွန့်စားစား ပြောင်းရွှေ့လာပြီး လာအခြေစိုက်ခဲ့တာ . . ။

မော်လမြိုင်က ပြောင်းလာပေမယ့် မေမေတို့ ဖေဖေတို့ရဲ့ ဇာတိကတော့ မွန်ပြည်နယ် အပေါင်မြို့ကပါ။ ဖေဖေက မွန်အမျိုးသားဖြစ်သလို မေမေ့အမေ ကျွန်တော့်အဘွားကလည်း အင်မတန် ကြည့်လို့ကောင်းခဲ့တဲ့ မွန်အမျိုးသမီးကြီးတစ်ယောက်ပဲတဲ့ . . ။ မေမေက ကျွန်တော့်ကို ငယ်ကတည်းက ချစ်စနိုးနဲ့ "ဂျပန်ကြီး . . ဂျပန်ကြီး"လို့ နာမည်ပြောင်အနေနဲ့ ခေါ်တတ်ရင် ဖေဖေက လုံးလုံးမကြိုက်ခဲ့ဘူးဆိုတာကို မေမေ ပြန်ပြောပြတတ်တဲ့ ဇာတ်လမ်းတွေအရ ကျွန်တော်သိနေခဲ့ရတယ် . . ။ ဖေဖေမရှိတော့တဲ့နောက် . . မေမေဟာ တခြားဖေဖေမကြိုက်နိုင်မယ့် အရာမှန်သမျှကို ဆင်ဆင်ခြင်ခြင်နေပေးခဲ့ပေမယ့် ဒီ "ဂျပန်ကြီး"ဆိုတဲ့ နာမည်ပြောင်ကိစ္စကိုတော့ ဆင်ခြင်နိုင်ပုံမရပါ။ နောက်များမှာတော့ အဲဒီ "ဂျပန်ကြီး" ဆိုတဲ့ နာမည်ပြောင်ဟာ ကျွန်တော့်ဘဝအတွက် အတော်အရေးပါ အရာရောက် . . ဘဝကို တစ်ဆစ်ချိုးကွေ့ကြီး ပြောင်းလဲစေခဲ့တဲ့ နာမည်ဖြစ်နေတော့တယ် . . ။

ကောင်မလေးအကြောင်း ပြန်ဆက်ရရင် . . ကျွန်တော်တို့ချင်း တကယ်တမ်း ခင်မင်ကျွမ်းဝင်လိုက်ကြရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တာက သုံးနှစ်ကျော်ကျော် . . လေးနှစ်နီးပါးလောက်ပဲရှိမှာပါ. . ။ ရှစ်တန်းရောက်တော့ ကျွန်တော်က အ-လ-က ကျောင်းကနေ အ-ထ-က ကျောင်းကြီးကို ပြောင်းခဲ့ရတယ်. . ။ နဂိုတည်းက အိမ်ချင်းက အလှမ်းခပ်ဝေးဝေးမှာ ကျောင်းချင်းပါ ကွဲသွားလေတော့ ကောင်မလေးနဲ့ ကျွန်တော်တို့ အမြဲတွေ့ခွင့်ရဖို့ အခွင့်အရေးဟာလည်း အတော်အလှမ်းဝေးသွားခဲ့တာပေါ့ . . ။

ကျောင်းပြန်ချိန်တွေကျတော့လည်း ကျွန်တော်က ကိုယ့်ကျောင်းစာကတစ်ဖက် . . အမေ့ဆိုင်ကို ဝိုင်းကူခဲ့ရတာကတစ်ဖက် ရှိသေးတယ်လေ . . ။ ကျောင်းပိတ်ရက်တချို့တလေလောက်ပဲ အလှမ်းဝေးတဲ့ ကောင်မလေးတို့အိမ်ကို ကျွန်တော်ရောက်နိုင်တော့တယ် . . ။ တစ်ရက်မှာတော့ . . (အဲဒီတစ်ရက်ကတော့ အတော့်ကိုဆိုးဆိုးဝါးဝါးနိုင်ပြီး အခံရခက်လှတဲ့ တစ်ရက်ပါပဲ . . ) ကောင်မလေးအိမ် ကျွန်တော်ရောက်အသွားမှာ အိမ်တံခါးဟာ သော့ခတ်ပြီး ပိတ်ထားလေရဲ့ . . ။ အပြင်သွားကြတယ်ထင်ပြီး ထိုင်စောင့်ဖို့ပြင်တဲ့ ကျွန်တော့်ကို ဘေးအခန်းက အဒေါ်ကြီးတစ်ယောက်က . . "ဟဲ့ . . သူတို့က အပြီးပြောင်းသွားကြတာ" ဆိုတဲ့ သတင်းဆိုးကြီးကို ဆောင့်ကြီးအောင့်ကြီးနဲ့ ပေးခဲ့တယ် . . ။ "ဘယ်ကိုလဲ" ဆိုတော့လည်း "သိနိုင်ဘူးတော်" တဲ့ . . ။ ပြီးရော . . ။ ပြတ်ရော . . ။

ငယ်သေးတဲ့ ကောင်မလေးဟာ သူ့အိမ်က အိမ်ပြောင်းမယ့် အစီအစဉ်ကို ကြိုသိချင်မှ သိခဲ့လိမ့်မယ် . . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သိခဲ့တယ်ဆိုရင်တောင် ကျွန်တော့်ကို ပြန်ပြောပြထားရကောင်းမှန်း သိချင်မှသိမယ်. . ။ ဒါမှမဟုတ် ပြောင်းမယ့်နေ့ကျမှ သိရရင်လည်း ကျွန်တော့်ဆီ အကြောင်းကြားဖို့တို့ . . ဆေးခန်းမှာ မှာခဲ့ဖို့တို့ . . စာတစ်စောင်လောက် ဖြစ်ဖြစ်ထားရစ်ခဲ့ဖို့တို့ . . ။ ရှစ်တန်းကျောင်းသား ကျွန်တော့်အနေနဲ့ မျိုးစုံ ရှောက်တွေးနိုင်ပေမယ့် ကလေးသာသာ ကောင်မလေးကတော့ ဒါတွေကို တွေးမိချင်မှ တွေးမိမှာပေါ့ . . ။ တွေးမိရက်နဲ့ အခွင့်အရေး မရခဲ့တာမျိုးလည်း ဖြစ်နိုင်တာပါပဲ . . ။ ဒီလိုနဲ့ ကျွန်တော်နဲ့ ကောင်မလေးတို့ ဝေးခဲ့ကြတယ် . . ။

ပုစိပွစိ ကလေးမလေးတစ်ယောက်အပေါ် သနားကြင်နာမိရာက စခဲ့တဲ့ ခင်မင်ကျွမ်းဝင်မှုဟာ ဒီလောက်ထိ ခိုင်မြဲလိမ့်မယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော်တောင် သိပ်မယုံဘူးဖြစ်နေတယ် . . ။ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့တဲ့အထိ ကလေးမပိစိလေးတစ်ယောက်အပေါ် အမှတ်တရနဲ့ အမြဲသတိရမိနေဆဲဆိုတာကို ကြားရတဲ့သူအပေါင်းဟာ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ အနည်းဆုံး လူတိုင်းက ရယ်တော့ရယ်ချင်နေကြမှာပဲ . . ။ ကျွန်တော် ဘယ်သူ့ကိုမှ ပြောမပြခဲ့ဘူး . . အရင်းနှီး အနီးကပ်ဆုံး မေမေ့ကိုတောင်မှ ဖွင့်မပြောပြခဲ့ဖူးဘူး . . ။

တက္ကသိုလ်သက်တမ်း တစ်လျှောက်မှာတော့ နောက်ထပ်ခင်မင်စရာကောင်းတဲ့ သူငယ်ချင်းမ,တစ်ယောက်ကို ထပ်ကြုံတွေ့ခဲ့ရတယ် . . "ခင်နှင်းဆီ" တဲ့ . . ။ ဆရာဝန်သမားတော်ကြီးတစ်ယောက်ရဲ့ သမီး . . အခြေကြီးကြီး . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထိပ်သီးထဲကဖြစ်တဲ့ ခင်နှင်းဆီဟာ . . ခြောက်တီးခြောက်ချက် ဆိုင်ကလေးတစ်ဆိုင်ပိုင်ရှင် . . မုဆိုးမတစ်ယောက်ရဲ့ သား ဒိုးဒိုးဆိုတဲ့ ကောင်ကလေးတစ်ယောက်ကိုမှ နှစ်နှစ်ကာကာ လာခင်နေပါသတဲ့။

သူငယ်ချင်းတွေကတော့ "မင်းလိုရုပ်ရည်မျိုးသာ ငါတို့မှာ တစ်ဝက်လောက်ဖြစ်ဖြစ် ရှိခဲ့ရင်တောင် ခင်နှင်းဆီလိုဟာမျိုး ခုနစ်ယောက်လောက်တော့ လက်ဖြောက်တီးပြီး ရနိုင်လောက်ပါတယ် . . "လို့ ဝိုင်းဝန်းထောပနာရင်းမြှောက်ပေးဘေးတီးရင်းပေါ့ . .။ ခက်တာက ကောင်မလေးနဲ့တုန်းက ကျွန်တော့်ဘက်ကပဲ အမြဲအနစ်နာခံ အားပေးဖေးကူခဲ့သလိုမျိုး . . ခု ခင်နှင်းဆီကလည်း အဲသလိုပဲ ကျွန်တော့်အပေါ်မှာ သနားသလိုလို . . ကိုယ်ချင်းစာသလိုလို အချိုးမျိုးနဲ့ တွေ့လိုက်တိုင်း အမြဲကူညီစောင်မ နေချင်တော့တာပဲ . .။ ကျွန်တော်ကလည်း အဲဒီအဖြစ်အပျက်မျိုးကို ဘယ်နည်းနဲ့မှ လက်သင့်မခံချင် . .။

လူလတ်တန်းစား မုဆိုးမတစ်ယောက်ရဲ့ တစ်ဦးတည်းသော သားတစ်ယောက်ပီပီ အမေ့အပေါ် သိတတ်စိတ်ကိုယ့်ဘဝကိုယ် သိတတ်တဲ့စိတ်မျိုးတွေနဲ့ ခပ်အေးအေးလိမ်လိမ်မာမာပဲ နေဖြစ်ခဲ့တယ် ဆိုပေမယ့် ကျွန်တော်လည်း ယောကျ်ားတစ်ယောက်ပဲလေ . .။ "အေးခြင်း" ဟာ "ပျော့ညံ့ခြင်း" မဟုတ်သလို . . "ရိုးသားခြင်း" နဲ့ "အတီးအတနိုင်ခြင်း"တို့ကလည်း တစ်ခြားစီပဲ မဟုတ်လား . .။ ခင်နှင်းဆီ အပေါ်မှာ "ယောကျ်ားမာန" ဆိုတာတွေပြပြီး စိတ်ဆိုးနေဖို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လည်း မလိုပါဘူး . . ။ ဒီလိုပဲ ခပ်အေးအေးနဲ့ ပုံမှန်ဆက်ဆံရေးလောက်နဲ့ပဲ နေကိုနေခဲ့တယ် . . ။

ခင်နှင်းဆီဘက်ကတော့ သူ့မိဘတွေနားအထိ ပေါက်အောင်ကို ခင်ပြခဲ့တာပဲ . . ။ အိမ်လည်တွေဘာတွေ ခေါ်ပေါ့ . . ။ သူ့မိဘတွေကတော့ တကယ့်ပညာတတ် ပညာရှိတွေပါ . . ။ ကိုယ့်သားသမီးရဲ့ အချိုးအချိတ်ကို အစဉ်း သိမြင်နိုင်နေကြတဲ့သူ . . ပညာရှိတွေပီပီ . . ကျွန်တော်နဲ့ ခင်နှင်းဆီတို့ရဲ့ ခင်မင်ခြင်းကို မပိတ်ပင်ကြတဲ့အပြင် . . တခြား ဂုဏ်သရေရှိ တန်းတူရည်တူ . . သမီးရှင်များ အကြိုက် သကောင့်သားလေးများနည်းတူပဲ ဝင်ထွက်စားသောက်ခွင့်ကို ပေးခဲ့ကြသေးတယ် . . ။ သို့သော် ပြောရခက်မယ့် သူတို့သမီးရဲ့ဦးနှောက်ထဲထိ ပေါက်သွားအောင်တော့ အလျဉ်းသင့်ရင် သင့်သလို ယှဉ်တွဲ နှိုင်းယှဉ်ပြတတ်တာမျိုး . . ။ 'တန်း' ခြင်း မတူတာကို အချိုသာ အသိမ်မွေ့ဆုံးသော စကားလုံးတွေနဲ့ မသိမသာ ထောက်ပြ တတ်တာမျိုးတွေတော့ ရှိနေတာပေါ့လေ . . ။

ကျွန်တော့်အနေနဲ့ကတော့ သိပ်အခံရခက်လှတယ်လည်းမရှိပါဘူး . . ဒါ သူတို့သမီးအတွက် သူတို့ပူပင်ကောင်းစားစေချင်ကြတာမျိုးပဲဟာ . . ကျွန်တော့်ကိုမှ ကွက်ပြီးမုန်းတီးလို့ . . မုဆိုးမသားမို့ တမင်သက်သက် နှိမ်ထားချင်လို့မှ မဟုတ်တဲ့ဟာ။ (အဲဒီလိုမှန်ကန်ဖြောင့်စင်းတဲ့ အတွေးမျိုးတွေ တွေးပေးတတ်လွန်းလို့လည်း ကျွန်တော့်ကို တစ်ချို့က ဂွတီးဂွကျ၊ အတီးအတကောင်တစ်ကောင်လို့ သတ်မှတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထင်မြင်နေကြတာဖြစ်လိမ့်မယ် . . ။) သူတို့ရဲ့ အပြုအမူ အပြောအဆိုတွေကို သိသိကြီးနဲ့ပဲ . . သည်းခံနေနိုင်သေးရင် ဆက်လက်ဝင်ထွက် ပတ်သက်ရုံ . . ။ အခံရခက်လာပြီဆိုရင်တော့လည်း အသွားအလာ အဝင်အထွက်ကို ဆင်ခြင်နေလိုက်ရုံပဲ ရှိတာပေါ့ . . ။

အဲဒီလို အနေမှန်ခဲ့လို့လည်း အခြေကြီးတဲ့ ခင်နှင်းဆီနဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးဟာ ရှေ့မတိုး နောက်မဆုတ်ပုံမှန်အသွင်နဲ့ပဲ ကျောင်းပြီးကြတဲ့အထိ ခိုင်မြဲခဲ့တာပေါ့ . . ။ ခင်နှင်းဆီရဲ့ ရင်ထဲဦးနှောက်ထဲ ဘာတွေရှိမယ်မှန်း ကျွန်တော်ကောင်းကောင်း မသိလှသလို သိချင်စရာအကြောင်းလည်း မရှိပါဘူး . . ။

ကျောင်းပြီးကြတဲ့အခါမှာ ကျွန်တော်က ရိုးရိုးဘွဲ့ရ ကျောင်းပြီးလူငယ်တစ်ယောက်အဖြစ် . . အမေ့ကိုပဲ ကူညီရနိုးနိုး . . ကိုယ့်ဘာသာပဲ သင့်တင့်ကောင်းမွန်တဲ့ အလုပ်အကိုင် တစ်ခုကို ရှာရကောင်းနိုးနိုး ဖြစ်နေချိန်မှာ . . အမြင်ကျယ်လှတဲ့ မိဘနှစ်ပါးရဲ့ သမီးရတနာ . . ကိုယ်တိုင်ကလည်း အမြင်ကျယ်ကျယ် ထက်ထက်မြက်မြက် ရှိခဲ့တဲ့ ခင်နှင်းဆီတို့ကတော့ . . ကျောင်းတစ်ဖက်နဲ့ လျှောက်တက်ထားခဲ့တဲ့ အင်္ဂလိပ်စကားပြော၊ ဂျပန်စကားပြောနဲ့ ကွန်ပျူတာကျွမ်းကျင် . . ပြီးကျတော့ Secretary Course ဆိုတာ တစ်ခုကိုပါ အောင်မြင်ပြီးသားတွေ ဖြစ်နေပြီး . . ပြောင်းလဲလာတဲ့ ခေတ်နဲ့အတူ နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်တစ်ခုကို အလွယ်တကူပဲ တန်းခနဲ ရသွားခဲ့ပါရော . . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်နေ့မှာတော့ ခင်နှင်းဆီက ကျွန်တော့်အိမ်ကို ရောက်ချလာခဲ့ပြီး . . "ဂျပန်လေး . . တို့ မင်းကို အလုပ်တစ်ခုမှာ သွင်းပေးနိုင်တယ် . . လုပ်မလား"တဲ့။ (ကျွန်တော့်ကို ကျွန်တော့်အမေက ချစ်စနိုးနဲ့ အိမ်နာမည်ကို 'ဂျပန်ကြီး' လို့ ပြောင်ခေါ်မှန်း သိသွားတဲ့နေ့ကတည်းက ခင်နှင်းဆီက လည်း ကျွန်တော့်ကို 'ဂျပန်လေး' လို့ပဲ တောက်လျှောက်ခေါ်ခဲ့တော့တာလေ . . ။)

ပထမတော့ သူ့အကူအညီကို မယူချင်တာနဲ့ပဲ ငြင်းပစ်မလို့ပါပဲ . . ဒါပေမယ့် မေမေ့ကြည့်ရတာလည်း လုပ်စေချင်ပုံရှိတာရယ် . . ကျွန်တော်ကိုယ်တိုင်ကိုက ခေတ်စားနေတဲ့ ကုမ္ပဏီဝန်ထမ်းဆိုတဲ့ အတွေ့အကြုံကို လိုချင်တာရယ်နဲ့ "ကောင်းသားပဲ"လို့ အဖြေပေးလိုက်တယ် . . ။ တကယ်တမ်းကျတော့ ခင်နှင်းဆီက "တို့မင်းကို အလုပ်သွင်းပေးနိုင်တယ်" လို့ ဆိုခဲ့ပေမယ့် . . နှုတ်၏စောင်မခြင်းနဲ့ တကယ် ကူညီပေးခဲ့တာက သူ့မိဘများပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ခင်နှင်းဆီရဲ့ မိဘများက ကျွန်တော့်ကို ဘာ့ကြောင့်များ သူတို့သမီးနဲ့ အမြဲတွေ့မြင်ပတ်သက်နေရမယ့် နေရာမျိုးမှာမှ ရအောင်သွင်းပေးလိုက်ကြသလဲလို့ မေးစရာဖြစ်လာမယ်ထင်တယ် . . ။ သူတို့က ပညာရှိတွေလေ . . ။ အဲဒီအချိန်မှာ ခင်နှင်းဆီဟာ သူ့ရဲ့အရည်အချင်း အရည်အသွေးများကို သူပြန်မြင်တတ်နေပြီး ဘယ်ယောကျ်ားကိုမှ လူမထင် စာရင်းမတင်ချင်တော့တဲ့ . . . Over

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



confidance နဲ့ မာနအိုး မာနအတုံးအခဲတစ်ယောက် ဖြစ်နေခဲ့ပြီ . . ။

ကုမ္ပဏီမှာ အလုပ်ရသွားပေမယ့် ဂျပန်စကားလည်း တစ်လုံးမှမတတ် . . အင်္ဂလိပ်စကားဆိုလည်း ကြိုးစားပြောတာတောင် ကျိုးပဲ့မှားယွင်းနေတဲ့ အဖြစ်သနစ်နဲ့ . . ကွန်ပျူတာဆိုလည်း အလုပ်ဝင်မှ စမြင်ဖူးတဲ့ ကျွန်တော့်လိုကောင်ကလေးမျိုးအတွက် . . အချိန်အခါ အခြေအနေကလည်း မပေးရင် သာမန်စာရေးကလေးဘဝလောက်နဲ့ပဲ အရိုးထုတ်သွားစရာရှိတာကိုလည်း ခင်နှင်းဆီရဲ့ မိဘများကအကဲမခတ်နိုင်ဘဲ ရှိပါ့မလား . . ။ တစ်ဆင့်ပြီးတစ်ဆင့် မြင့်ဖို့သာရှိတော့တဲ့ ခင်နှင်းဆီဟာ နေရာတင်ရပ်ကျန်ရစ်တော့မယ့် ကျွန်တော့်အခြေအနေကို မြင်ကိုမြင်နေရအောင်ပဲ သူ့မိဘများက ရည်ရွယ်ခဲ့ပုံပါ။ ကျွန်တော့်ဘာသာ အမေ့ဆိုင်ကလေးကိုပဲ ဆက်ဦးစီးဖြစ်တယ်ဆိုရင်တောင် အလုပ်ချင်းကလိုင်းချင်းမတူလေတော့ "ဘယ်လောက်ကွာခြားပါတယ်"ဆိုတာကို ယှဉ်ပြနိုင်ဖို့ရာ သိပ်မြင်သာထင်သာ ရှိမယ်မဟုတ်ဘူးလေ. . ။

> "ဂျပန်လေး . . ဂျပန်စကားပြောကို မတက်နိုင်သေးရင်တောင် အင်္ဂလိပ်စကားပြောသင်တန်း တစ်ခုခုတော့ ညပိုင်းကလပ်(စ်)အနေနဲ့ တစ်ဖြစ်အောင်တတ်ဟာ. . ကြားလား"

ခင်နှင်းဆီကတော့ ကျွန်တော့်ကို ဆွဲတင်ချင်ရှာပါတယ် . . ။ ကျွန်တော်ကလည်း သူ့မိဘတွေ မျှော်မှန်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သလို နေရာတင် ရပ်နေချင်တဲ့ အစားထဲကမဟုတ်ပါဘူး။ မျက်စိတွေ နားတွေ ပွင့်လာတာနဲ့အမျှ ကိုယ်ဘာလုပ်ရမလဲ ဆိုတာ ကိုယ်သိ,သိလာပြီး . . သိလာတဲ့အတိုင်း ဖြစ်အောင်လည်း ကြိုးစားနေတဲ့သူ တစ်ယောက်ပါပဲ . . ။

အဲဒီလို အခြေအနေမှာပဲ လောကကြီးက မထင်မှတ်စရာတွေ ဖြစ်ပျက်ပြောင်းလဲသွားပြီး . . "ဂျပန်ကြီး" အမည်ရတဲ့ ကျွန်တော်ဟာ တကယ့်ကိုပဲ ဂျပန်လူမျိုးတို့နှင့် ပတ်သက်သော အတိတ်ရှိဖူးသူတစ်ယောက် ဖြစ်နေခဲ့တော့တယ် . . ။ (မေမေက ကျွန်တော့်ကို ဘာမှပြောမပြထားခဲ့ဘူးလေ။) ကံကြမ္မာဇာတ်ဆရာက မျက်လှည့်ပြထည့်လိုက်တဲ့ နေရာမှာတော့ ကမ္ဘာကျော် "ဒေး ဗစ်ကော်ပါဖီး" ထက်တောင်မှ အကွက်မိမိနဲ့ တိကျသပ်ရပ်ပြီး လန့်ဖျား,ဖျားချင်စရာ ကောင်းလှပါတယ် . . ။ ကျွန်တော်ဟာ ကုမ္ပဏီက GM မစ္စတာကာဆိဂိအိုမိရဲ့ အလေးထားရမယ့် ကျေးဇူးရှင် မျိုးဆက်တစ်ယောက် ဖြစ်နေသတဲ့ . . ။

အရာရာအားလုံးဟာ မထင်မှတ်နိုင်လောက်အောင် ခပ်မြန်မြန်ပဲ ပြောင်းလဲသွားခဲ့တယ် . . ။ အထူးသဖြင့်ကတော့ "ကိုခင်မောင်ကြည်" တစ်ယောက် . . ပြောင်းပြန်လှစ်ပစ်လိုက်သလိုပဲ . . ရုတ်ချည်းကို ပြောင်းလဲသွားခဲ့တော့တယ် . . ။

❀ ❀ ❀

ပြောရဦးမယ် . . ။ ခင်နှင်းဆီရဲ့ အကြောင်းတွေကိုချည်း ဆက်တိုက်ပြောဖြစ်နေပြီး "ကောင်မလေး" ကို ခဏဘေးဖယ်ထုတ်ထားမိသလို ဖြစ်ခဲ့ရတာက အကြောင်းရှိပါတယ် . . ။ ကျွန်တော် နောက်ဆုံးနှစ်အောင်အပြီးမှာ ကောင်မလေးကို (ဘုရားပေးတဲ့ဆုအဖြစ်) ပြန်ဆုံတွေ့ခွင့်ရခဲ့ပါတယ်။ ဆယ်တန်းအောင်ပြီးထားပြီး အဝေးသင်တက္ကသိုလ်ဆက်တက်နေတယ်လို့သိရတဲ့ ကောင်မလေးဟာ ကျွန်တော့်မျက်စိထဲမှာတော့ သေးသေးကွေးကွေး ပုလုကလေးနဲ့ ကလေးလေးတစ်ယောက်လို ချစ်စရာကောင်းနေဆဲ။

ကျွန်တော် သိပါတယ် . . ခုနစ်နှစ် ရှစ်နှစ်သမီးကလေးရဲ့ ရုပ်ရည်ကို ဆယ့်ခုနစ် ဆယ့်ရှစ်မှာမှ ပြန်တွေ့ရတာတောင် ကျွန်တော့်ဘက်က မှတ်မိနေသေးတာ . . ကောင်မလေးလည်း ကျွန်တော့်ကို မှတ်မိဆဲပဲနေမှာပါ . . ။ ဒါပေမယ့် ကောင်မလေးက ကျွန်တော့်ကို နှုတ်ဆက်အသိအမှတ်ပြုခြင်းလုံးဝမရှိတော့ဘူး . . ။

သူ့အိမ်ကို သွားလည်မိလို့ သူတို့ရပ်ကွက်ထဲက ကောင်မလေးနဲ့ ပြန်ဆုံတွေ့ခွင့်ရခဲ့တာဖြစ်တဲ့ ကျေးဇူးရှင် သူငယ်ချင်း 'ထွန်းသန်း'ကတော့ သတင်းပေးသား . . ။

"သူ့အမျိုးတွေ တစ်အိမ်လုံးက မလွယ်ဘူးကွာ . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောင်မလေးက အဲဒီအိမ်မှာ အဘွားလုပ်သူရဲ့ တစ်မျက်နှာတည်းနဲ့ ဒီလိုပဲကြည့်ကျက်နေနေရတာ . . ။ မင်းကို တကယ်ပဲ မှတ်မိတယ်ဆိုရင်တောင် တုံ့ပြန်စရာအကြောင်းမရှိဘူး . . မလွယ်ဘူးကွ ဒိုးဒိုးရ . . ပိုဆိုးတာက . . တစ်ခါတလေမှ ပေါ်ပေါက်လာတတ်တဲ့ သူ့အဖေဆိုတဲ့လူကြီးပဲ . . ငါတို့ရပ်ကွက်ထဲက ကောင်တွေသဘောရိုးနဲ့ပဲ သူ့သမီးနဲ့ တစ်ခါလောက် မျက်လုံးချင်းဆုံရင်တောင် ရိုက်မတတ် သတ်မတတ် ဒေါသဖြစ်တတ်တာကွ . . သူများရပ်ကွက်ထဲ လာကျယ်ရဲစရာအကြောင်းလည်း ရှိတယ်လေ . . ဒီရပ်ကွက်ထဲက ကာလသားခေါင်း လူမိုက်နဲ့ အဲဒီလူကြီးနဲ့က ပုလင်းတူဘူးဆို့လည်ပင်းဖက် ပေါင်းထားကြတာကွ . . ဒီလူကြီးက ဟိုးအရင်ကတည်းက ဒီရပ်ကွက်ထဲမှာပဲ မွေးခဲ့ကြီးခဲ့တာဆိုတော့ ငယ်ပေါင်းချင်းကလည်း ဖြစ်နေတယ်တဲ့ . . ”

သူငယ်ချင်းကတော့ (သူတို့မျက်စိအမြင်နဲ့) မက်လောက်လွမ်းလောက်စရာ မရှိတဲ့ ကောင်မလေးကို ဖြစ်နိုင်ရင် ပြန်ကိုမဆက်စေချင်တော့တဲ့ပုံပါ . . ။ ဒီကောင့်စေတနာကို လေးစားပေမယ့် . . မမှတ်မိချင်ယောင် အတင်းဆောင်သွားတဲ့ကြားက မျက်လုံးလေးစွေကြည့် ခိုးဝှက်ချောင်းမြောင်းသွားတဲ့ သူ့အကြည့်လေးတစ်ချက်ကပဲ ကျွန်တော့်ကို “ဆက်လုပ် . . ဆက်လုပ်”လို့ တွန်းအားပေးနေသလိုမို့ ထွန်းသန်းတစ်ယောက် အဟုတ်ကို စိတ်ညစ်နေတာကိုသိတဲ့ ကြားထဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကပဲ သူ့အိမ် သူတို့ရပ်ကွက်ထဲ ကျွန်တော့်မှာ တချောင်းချောင်း ရောက်ရမြဲ. .။

ကျွန်တော့်ရဲ့ ကောင်မလေးဟာ သူငယ်ချင်းတွေရဲ့အမြင်မှာ ဘာမှစိတ်ဝင်စားလောက်စရာ မရှိပေမယ့် ကျွန်တော့်ရဲ့ ရင်ထဲမှာ နှစ်ရှည်လများ အမြစ်တွယ်ခိုင်မြဲခဲ့တဲ့ သံယောဇဉ်နဲ့ ခင်မင်ကျွမ်းဝင်မှုအရဆိုရင်တော့ . . ကျွန်တော့်အတွက် ဒီဘုရားပေးတဲ့ ဆုကလေးဟာ ခင်နှင်းဆီမပြောနဲ့ နတ်သမီးငါးရာနဲ့တောင် မလဲနိုင်အောင် တန်ဖိုးကြီးနေတော့မှန်း ကျွန်တော်ကိုယ်တိုင် အံ့သြတကြီး သိရှိသေချာလိုက်ပြီးပြီလေ . .။ ဂုဏ္ဍာန်တစ်ထောင်မကလို့ ယက္ခတစ်ရာပါ ထပ်ပေါင်းပစေဦး . .။ နောက်တွန့် လက်ရွံ့စရာအကြောင်း ဘယ်နည်းနဲ့မှ မရှိနိုင်တော့ဘူးပေါ့ . .။

ထွန်းသန်းပြောတာလည်း မှန်တာပဲ . .။ သူတို့ရပ်ကွက်ထဲ ကျွန်တော် အရောက်အပေါက် များလာရတဲ့အခါ. . တစ်နေ့မှာတော့ သူ့ကတိပေးစကားကို ကျွန်တော်ကိုယ်တိုင် လက်တွေ့ကြုံလိုက်ရတော့တာပါပဲ . .။ အဲဒီနေ့က ရပ်ကွက်လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်လျှောက်လာခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက်ကို “ဟေ့ကောင် . . ထွန်းသန်း” ဆိုတဲ့ခေါ်သံတစ်ခုက ဟန့်တားထားလိုက်ပြီး . .

“မင်းသူငယ်ချင်းက မင်းအိမ်ကို အလာစိပ်လှချေလား၊
မင်းမှာလည်း နှမ,မရှိ အစ်မ,မရှိနဲ့ . . ”
“ကျွန်တော်တို့ ကျောင်းစာကိစ္စအတွက်ပါ ကိုဖိုးနီ”
“နေပါဦး . . မင်းက ကျောင်းပြီးသွားပြီဆို . . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထွန်းသန်းမှာ ပြန်ဖြေစရာစကား မရှိပါ . .။ ကိုဖိုးနီဆိုတဲ့ ကာလသားခေါင်းကြီးကတော့ ထွန်းသန်းကိုရော ကျွန်တော့်ကိုပါ ခပ်အေးအေးနဲ့ ခြုံငုံကြည့်ရင်း . . "အေး . . အေး . . မင်း တာဝန်မင်းယူနိုင်လည်း ကောင်းသားပေါ့ ထွန်းသန်းရာ . . "တဲ့။ တစ်ချိန်လုံး ကိုဖိုးနီကသာ ဦးဆောင်မေးနေပြီး ကောင်မလေးရဲ့ အဖေဆိုသူကတော့ ကျွန်တော်တို့ကို ကျောပေးထားရက်သား အနေအထားနဲ့ပဲ သူ့ရှေ့က လက်ဖက်ရည်ခွက်ကိုသာ အာရုံထားနေခဲ့တာပါ။

ကျွန်တော်နဲ့ စ,သိစကတော့ ကောင်မလေးမှာ အဖေမရှိတော့ပါဘူး . .။ ဘယ်ကဘယ်လို ခုမှ အဖေတစ်ယောက် ပေါ်လာသလဲလဲ မသိပါ . .။ အဖေသာဆိုတယ် . . လေးဆယ်နီးပါးလောက်ပဲ ရှိဦးမယ့် အဲဒီလူကြီးက ကောင်မလေးလို ဆယ့်ရှစ် ဆယ့်ကိုးပေမယ့် ပိစိလေး ဖြစ်နေဆဲ သမီးမျိုးနဲ့မို့ သားအဖလို့ ခေါ်လို့ရရုံပါ . .။ နို့မို့ဆို . . လူရွယ် လူလတ်တစ်ယောက်လို့သာ ပြောလို့ရဆဲ ရုပ်ရည်မျိုးနှင့်ပါ . .။

ခပ်အေးအေး ကုပ်ကုပ်ပဲ နေတတ်ခဲ့ပေမယ့် တကယ့်တကယ်တမ်း ကောင်မလေးအတွက်သာ ရင်ဆိုင်ရတော့မယ်ဆိုရင်တော့ . . အဲဒီအဖေဆိုသူရော ကိုဖိုးနီဆိုတဲ့ လူမိုက်ဆိုသူကိုပါ ကျွန်တော့်အနေနဲ့ မှုမနေချင်တော့ပါဘူး။ ဒါပေမယ့် သူငယ်ချင်း ထွန်းသန်းရဲ့မျက်နှာ . . ကျွန်တော်သာတစ်ခုခုဆိုရင် ဗျာများပူပန်နေရဦးမယ့် မေမေ့မျက်နှာ . . ယောကျ်ားလေးတစ်ယောက်က "လျှောက်ပြန်သံပေး" လာလုပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခြင်းကို ခံရသည်ဆိုရုံနှင့် သူ့အဖေဖြစ်သူ၏ ရိုက်နှက်ဆူပူခြင်းကို မတရားသဖြင့် လိုမ့်ခံလိုက်ရရှာသည် . . ဆိုသော ကောင်မလေးရဲ့ မျက်နှာတို့ကိုထောက်ပြီး အဲဒီရပ်ကွက်ထဲကို သွားလာနေတဲ့ကိစ္စကို ကျွန်တော် ဆင်ခြင်လိုက်ပါတယ် . . ။ တစ်ခါတစ်ရံ ဈေးသွား . . အဝေးသင်ကိစ္စအတွက် ကျောင်းသွားတာမျိုးလောက်ကလွဲရင် . . အိမ်ထဲက အိမ်ပြင် သိပ်ထွက်လေ့မရှိတဲ့ ကောင်မလေးနဲ့ ကျွန်တော်တို့ ဒုတိယအကြိမ်မြောက် ဝေးဝေးကွာကွာ ဖြစ်သွားကြရပြန်တာပေါ့ . . ။

ဖူးစာပါခဲ့မယ်ဆိုရင်တော့ ကြံဖန်လွဲစရာ အကြောင်းမရှိပါ . . ။ ကြံဖန်နီးစပ်စရာသာ အကြောင်းရှိပါတယ် . . ။ ကျွန်တော့်ကို အဲဒီတုန်းကတည်းက ဦးနှောက်ထဲ သိပ်ထည့်ခဲ့ပုံ မရတဲ့ ကောင်မလေးရဲ့အဖေနဲ့ . . ကျွန်တော် ပြန်ဆုံတယ် . . ။ ထင်တဲ့အတိုင်း သူက မမှတ်မိပါ။ ဒါပေမယ့် ဒီတစ်ခါမှာလည်း ဦးနှောက်ထဲ သိပ်ထည့်တွက်ပုံမရပြန်ပါ . . ။ ကျွန်တော့်ရဲ့ ကံကြမ္မာက ဝါးလုံးနဲ့ ထိုးတင်လိုက်သလို ရုတ်တရက် မြင့်မားထိုးတက်သွားတဲ့အခါကျမှသာ သူ့ရဲ့အချိုးအချိတ်တို့ကလည်း ရုတ်ချည်းဆိုသလို ပြောင်းပြန်ကြီး ပြောင်းလဲသွားခဲ့တော့တာပါ . . ။

ဟုတ်တယ် . . ။ ကျွန်တော့်ကောင်မလေးနာမည်က "အဖူး"လို့ခေါ်ပြီး သူ့အဖေဆိုသူကတော့ လူပျိုကြီး အမည်ခံ . . "ကိုခင်မောင်ကြည်" ပဲ ဖြစ်ပါတယ် . . ။

❀ ❀ ❀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## အခန်း(၁)

"ဒိုးဒိုးရေ . . တို့တော့ ရှင့်ကိုတမင်သက်သက် တွေ့ချင်လို့ကို အလုပ်ပျက် အကိုင်ပျက် ကြိုးစားပြီး လာတွေ့တာနော် . . သိလား . ."

ဒိုးဒိုးက ကိုယ့်ရုံးခန်းထဲ ဝင်ရောက်လာသော ခင်နှင်းဆီကို ဆီးကြိုနေရာပေးလိုက်ကာ ခပ်ပြုံးပြုံးနှင့်ပင် . .

"ဘာကိစ္စရှိလို့လဲ ခင်နှင်းဆီ"

"အို . . ပြောစရာ . . သတိပေးစရာတွေရှိလို့ပေါ့ . ."

အကျင့်ပါနေဟန်တူသော ခင်နှင်းဆီမှာ ဒိုးဒိုးက သူရောက်မလာခင် စစ်ဆေးကြည့်ရှုနေခဲ့သော ဖိုင်လ်တစ်ထပ်ဆီမှ အကြည့်လွှဲကာ ရပ်နားလိုက်သည်ဆိုသည်နှင့် ထိုဖိုင်လ်များကို ဆွဲယူချည်နှောင်သိမ်းဆည်းပေးလိုက်သော သက်ဆိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရာဖိုင်လ်အံထဲသို့ပါ တစ်ခါတည်း ထည့်သိမ်းပေးလိုက်ပါသည်။

ခင်နှင်းဆီရဲ့ လုပ်ပုံကိုင်ပုံများကို စေ့စေ့လိုက်ကြည့်နေမိရင်းက ဒိုးဒိုးရဲ့ရင်ထဲမှာ Kasigi ကုမ္ပဏီအတွက် ထက်မြက်ထူးချွန်သော ဝန်ထမ်းကောင်း တစ်ယောက်ကို ဆုံးရှုံးလိုက်ရသည့်အဖြစ်ကိုပဲ နှမြောလို့မဆုံးနိုင် ဖြစ်နေရပါသည်။ သို့သော်လည်း ဒါဟာ ကိုယ်မပိုင်တဲ့ ကိစ္စလေ . . ။ လူတိုင်း လူတိုင်းလိုလိုမှာ ကိုယ့်ကိုယ်ပိုင်ဆုံးဖြတ်ချက်ကိုယ်စီနှင့်ဖြစ်နိုင်သလို . . ခင်နှင်းဆီလို မိန်းကလေးမျိုးမှာတော့ ပိုလို့တောင် ဆိုးနေဦးမည် မဟုတ်လား . . ။

မစ္စတာ ကာဆိဂိအိုမိ တစ်ယောက် ဒိုးဒိုးကို စိတ်ချလက်ချနှင့် ဂျပန်သို့ ပြန်ခါနီးမှာပင် ခင်နှင်းဆီက မစ္စတာ ကာဆိဂိအိုမိ့ထံ ခွင့်တောင်း၍ အလုပ်မှထွက်ခဲ့တော့သည်။ တကယ်တမ်း မစ္စတာ ကာဆိဂိအိုမိ ပြန်သွားပြီးရင် ခင်နှင်းဆီရဲ့ဘော့စ်ဟာ ဒိုးဒိုး ဖြစ်တော့မည်။ ခင်နှင်းဆီဟာ ဒိုးဒိုးရဲ့ ရုံးရေးရုံးတာကိစ္စများရော . . ကိုယ်ရေးကိုယ်တာကိစ္စအချို့မှာပါ အသုံးချရမည့် စက္ကတရီမလေး တစ်ယောက်ဖြစ်ရတော့မည်။ အဲဒီအဖြစ်မှာပဲ ခင်နှင်းဆီက လခကောင်းသော အခြေကျပြီးဖြစ်နေသော ဒီအလုပ်မှ ထွက်ပစ်လိုက်ခြင်းဖြစ်ပါတော့သည်။

မစ္စတာ ကာဆိဂိအိုမိ့ကတော့ ဒိုးဒိုးအတွက် ခင်နှင်းဆီကိုမှ ယုံကြည်စိတ်ချစွာ လိုလားနေသူမို့ . . အလုပ်မှထွက်လိုရသည့် အကြောင်းရင်းကို မသိ့သိအောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လုပ်ပြီး ညှိကြဖို့ အပြင်းအထန် ကြိုးစားခဲ့ပါရဲ့။ ဒါပေမယ့် ဘယ်လိုမှ ရမှာမဟုတ်တာကို အဲဒီကတည်းက ဒိုးဒိုးက ကြို သိနေခဲ့ပါသည်။ ခင်နှင်းဆီဟာ "ခင်နှင်းဆီ"ပဲ ဖြစ်သည် လေ. .။ သူတစ်သက်လုံး ဖေးကူလက်တွဲ အကြင်နာပြပေး ချင်ခဲ့သည့် ကောင်ကလေးတစ်ယောက်ကို သူ့ရဲ့ အထက်က သူ ရှိသေရမည့် ဘော့စ်နေရာမျိုးမှာ ဘယ်နည်းနဲ့မှ ထားမ ပေးလိုခြင်းဟာ . . ခင်နှင်းဆီကို ခင်နှင်းဆီအဖြစ် လူသိများ ကျော်ဇောစေခဲ့သော သူမရဲ့ "လှပတဲ့အတ္တများ" ကို အရေးကြုံ သောအခါမှာ ထုတ်ချပြသလိုက်ခြင်းတစ်မျိုးပင် ဖြစ်လေသည်။

ဒိုးဒိုးအပေါ်မှာ (ဒိုးဒိုးရဲ့သူငယ်ချင်းများ ထင် မြင်ယူဆကြသလိုမျိုး) ခင်နှင်းဆီဘက်က ကျိတ်ပြီး ချစ်မြတ် နိုးနေခဲ့ခြင်း ရှိမရှိကို ဒိုးဒိုး မသေချာ . .။ သို့သော် ခင်နှင်းဆီဆိုတာကတော့ တကယ်ပဲ ချစ်မြတ်နိုးနေခဲ့လို့ နောင်တစ်ချိန်မှာ အိမ်ထောင်ဘက် လက်တွဲဖော်ဘဝ ရောက် ကြရသည်အထိ တစ်ဖက်တစ်လမ်းက ကြိုးစားကောင်း ကြိုးစားမည် ဖြစ်သော်ငြား . . အချစ်ကအချစ် . . သူ့အတ္တ နဲ့မာနကတော့ သူ့ဟာနဲ့သူ သတ်သတ်စီပဲ ဖြစ်ပေလိမ့်မည်။

ဘာကြောင့်မှန်းမသိ . . (အဲဒါကိုတော့ တကယ်ပဲ တွေးလို့မရ) . . မေမေ့အတိုင်းလိုက်ကာ "ဂျပန်လေး" လို့ ချစ်စနိုး ပြောင်စခဲ့တဲ့ အခေါ်အဝေါ်ကိုတောင် "ဒိုးဒိုး" ရယ် ဟုသာ အတည်ပေါက် ပြန်ပြောင်းပစ်လိုက်တာ ကြည့်ပါလား။ ဒိုးဒိုးအဖို့ကတော့ မစ္စတာ ကာဆိဂိအိုမိ ပြန်သွားပြီးတဲ့ နောက်မှာ ခင်နှင်းဆီနဲ့ ကိုခင်မောင်ကြည်တို့ ရုတ်တရက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြောင်းလဲသွားကြတာကို အထာကျအောင်လုပ်ယူနိုင်ပြီးတဲ့ သကာလ. . ကျန်ဝန်ထမ်းများအားလုံးနှင့် စီးပွားရေး၊ လူမှုရေး၊ လုပ်ငန်းကိစ္စအဝဝဟာ ပြေပြေလည်လည် ချောချောမွေ့မွေ့ပဲ ဖြစ်ပါသည်။

"ဒီနေ့ ရုံးမတက်ရဘူးလား ခင်နှင်းဆီ . ."

"တို့ ဘော့စ်က ဗန်ကောက်ကို တစ်ပတ်သွားနေတယ်လေ . . တစ်ပတ်တော့ ခပ်အေးအေးပဲ . . အနားရတာပေါ့ . . ရုံးတော့သွားရတယ်. . ခါတိုင်းလောက်တော့ မကျပ်ဘူးပေါ့ . ."

ခင်နှင်းဆီလို မိန်းကလေးမျိုးအတွက် ဒီတစ်နေရာက ထွက်ရင် ဟိုတစ်နေရာမှာတန်းပြီး အလုပ်ရနိုင်တာလည်း အဆန်းတော့ မဟုတ်ပါပေ။

"ပြောစရာရှိလို့ဆို"

"ဟုတ်တယ် . . တို့ မင်းသတင်းတွေ ကြားနေရတာ သိပ်စိတ်ပူတာပဲ . . မင်းက ဟိုလူရှုပ်ကြီးကို ဆရာတင်ထားလို့ဆို . ."

ဒိုးဒိုးက ပြုံးရုံပြုံးနေသည်။ ဒါကိုပဲ ခင်နှင်းဆီက အားမလိုအားမရတွေဖြစ်ကာ . .

"ဒိုးဒိုး ရှင်က သိပ်သဘောကောင်း ရိုးအေးနေလို့ မရတော့ဘူးနော် . . ဘယ်သူဘာပြောပြော ပြုံးပြီး လက်သင့်ခံနေတတ်တဲ့ အကျင့်မျိုးတွေကိုလည်း ဖျောက်ကိုဖျောက်ပစ်ရတော့မယ် . . အထူးသဖြင့်တော့ အဲဒီ ဦးခင်မောင်ကြည်ဆိုတဲ့ လူမျိုးဟာ ရှင့်အတွက်ဆိုရင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အနားမှာထား,ထားဖို့ မကောင်းလောက်အောင်ကို လည်လွန်းနေတာ . . လူယုံအဖြစ် မွေးကြည့်ဖို့ဆိုတာ တော့ စဉ်းစားကြည့်စရာတောင် မလိုဘူး”

“ကိုကြည့်အကြောင်း ကျွန်တော်သိပါတယ် ခင်နှင်းဆီရဲ့”

“အို . . အားလုံးတော့ မသိနိုင်ပါဘူးနော် . . ကဲ . . ဒါဖြင့် ရုံးဝင်တဲ့ သူ့ကိုယ်ရေးရာဇဝင်စီဗီ (CV) မှာ သူ ဘယ်လိုဖော်ပြထားသလဲ . . ”

“အိမ်ထောင်မရှိလို့ ရေးထားမှာပေါ့ ခင်နှင်းဆီရဲ့ . . ဟုတ်လည်း ဟုတ်တာပဲဟာ အိမ်ထောင်ကရှိမှမရှိတာ. . ကလေးသာနှစ်ယောက်ရှိတာပဲ . . ဟင်း . . ဟင်း . . ဟင်း . . ”

“အင်းပါ . . ရယ်နေ . . ရယ်နေ . . သူသတင်းလွှင့်ထားတာက ‘အိမ်ထောင်မရှိ’ မဟုတ်ဘူးရှင့် . . လူပျိုကြီးလို့ကို သုံးစွဲထားတာပါ . . ကဲပါ . . အဲဒါက ထားဦး . . မြိတ်သားစစ်စစ် ရေမရောတဲ့လူ. . မွေးကတည်းကနေ ဆယ်တန်းအောင်တဲ့အထိ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်လုံးလုံး နေလာပါတယ်ဆိုတဲ့လူက မြိတ်လည်းရောက်ရော ဘာမှနကန်းတစ်လုံးမှ မသိတာရော . . ဒီမှာ အတူတူခရီးပေါင်းစုံထွက်လာတာ နော်. . ရှင့်ထက်တော့ တို့က သူ့အကြောင်းတွေကို ပိုသိလိမ့်မယ်ဆိုတာ ယုံစမ်းပါ”

“ဒါကတော့ မစ္စတာ ကာဆိဂိက အလုပ်စခေါ်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တည်းက ဆန်းဆန်းပြားပြားတွေ လုပ်ခဲ့တာကိုး ခင်နှင်းဆီရဲ့ . . အလုပ်ကောင်းကောင်းတစ်နေရာရဖို့ဆိုတာကလည်း ခဲယဉ်းသားဆိုတော့"

"ကြည့်စမ်း . . ရှင့်မှာ သူ့အပေါ် လျှော့တွက်အကောင်းမြင်ပေးတဲ့ အတွေးတွေရှိနေပြီ . . ရှင်တော့ခံရတော့မယ်နဲ့တူတယ် . . အဲဒီလို လိမ်ညာဖို့ကို ဝန်မလေးတဲ့အပြင် စာရိတ္တကျတော့လည်း ဇီးရိုးပဲနော် ဒိုးဒိုးရဲ့ . . တို့တောင် တင်းတင်းမာမာနဲ့ အဘက်မတန်သလို ဆက်ဆံပစ်လွန်းလို့ သူ့စက်ကွင်းက လွတ်ခဲ့တာ. . အို. . ပြောရတာတောင် ရွံလိုက်တာ"

ခင်နှင်းဆီက ဒီအကြောင်းအရာကိုတော့ဖြင့် ဒိုးဒိုးတစ်ယောက် အနည်းငယ်ကလေးဖြစ်ဖြစ်တော့ လှုပ်လှုပ်ရှားရှားဖြစ်သွားမှာပဲဟု ယုံကြည်မျှော်လင့်စွာ အကဲခတ်လိုက်ပြန်ရာ . . ဒိုးဒိုးကား အသည်းယား ခံရခက်စရာ ပြုံးရုံပြုံးနေပြန်လေသည်။

"ဘာပဲဖြစ်ဖြစ် သူ့ကို ခရီးထွက်လည်း အတူထည့်ခေါ်သွားပြီး လိုတာထက် နေရာပိုပေးထားတာတို့ . . ရုံးတစ်ရုံးလုံးအပ်ပြီး ရှင်က အပြင်ထွက်, ပျောက်နေတာမျိုးတို့ကတော့ သိပ်ကို မျက်စိမှိတ်အတင့်ရဲလွန်းရာကျနေပါတယ် ဒိုးဒိုးရယ် . . မစ္စတာ ကာဆိဂိတို့ကလည်း ရှင့်ကို ဒီလိုအဖြစ်မျိုးနဲ့ ရှိနေစေချင်မှာမဟုတ်ပါဘူး . . သူတို့ရဲ့ ကျေးဇူးရှင်မျိုးဆက်အမွေခံကရှင်ပဲ. . ဦးခင်မောင်ကြည် မဟုတ်ဘူး . . ဒီရုံးကိုဆုံးဖြတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ချက်ချပြီး အမိန့်ပေးအုပ်ချုပ်ရမှာကလည်း ရှင်နော် . . သူ မဟုတ်ဘူး . . ဘယ်နည်းနဲ့မှ သူဖြစ်လို့မရဘူး . . ကြာကြာနေရင် ရုံးပါပျက်သွားလိမ့်မယ် . . ”

“ကျွန်တော် အပြင်ထွက်ပြီး ပျောက်မနေပါဘူး ခင်နှင်းဆီ . . ဒီရုံးထဲမှာပဲ အမြဲရှိပါတယ် . . အချိန်ရရင်ရသလို . . အင်္ဂလိပ်စကားပြော, ဂျပန်စကားပြောနဲ့ ကွန်ပျူတာတို့ကို ရုံးကိုပဲ ဆရာတွေခေါ်ပြီး အပြင်းအထန်သင်နေရတယ်လေ . . ကိုခင်မောင်ကြည်ကို ရုံးကြီးတစ်ခုလုံး ထိုးအပ်ထားတယ်လည်း မဟုတ်ပါဘူး . . အရေးပါတဲ့ ဆုံးဖြတ်ချက်တွေ . . အမိန့်ချတာတွေကို သူမပြောနဲ့ ကျွန်တော်တောင် မလုပ်ရပါဘူး . . ဂျပန်ကရုံးချုပ်ကို ဖုန်းနဲ့ ဖက်(စ်)နဲ့ အကြောင်းလှမ်းကြားပြီး နာခံရတာပါ . . ဟိုက Vice president တစ်ယောက်က ဒီကို တိုက်ရိုက်လှမ်းအုပ်ချုပ်ပါတယ်၊ ကိုခင်မောင်ကြည်က သူ့ဘာသာသူ ဝါသနာပါလို့ လေလျှောက်ပေါနေရုံ သက်သက်ပါ . . ရုံးလည်း မပျက်နိုင်ပါဘူး . . ”

“အဲဒါဆို နည်းနည်းတော့ တော်သေးတာပေါ့ . . ဒါပေမယ့် သူအာဏာတွေပြပြီး လေပေါ်နေတယ်ဆိုရင်ကော ရှင်က လက်ခံစရာလား . . ကြာရင် ရှင့်ခေါင်းပေါ် သူတက်ထိုင်နေလိမ့်မယ်နော် . . သူက ရှင့်ဆရာဖြစ်ပြီး အကျင့်ဆိုးတွေ ရှင့်ဆီ ကူးကုန်မယ်ဆိုရင်တော့ ရုံးမပျက်တောင် ရှင်ကတော့ ပျက်ကိုပျက်စီးသွားတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာ သေချာပေါက်ပဲ . . သူ ဟီးဟီး . . ဟီးဟီးနဲ့ ဖား တိုင်း ရှင်ယုံမနေနဲ့ . . အရင်ကဆို သူက ရှင့်ကို လှည့် ကြည့်,အဖက်လုပ်တာမျိုးတောင် တစ်ခါလောက်ရှိခဲ့ လို့လား . . သေချာစဉ်းစားပါ ဒိုးဒိုးရယ် . . ဒီလောက် သိသိသာသာကြီး ပြောင်းပြန်ကြီး ပြောင်းလဲသွားခဲ့ တာကို . . လူလည်လူရှုပ်တစ်ယောက်မှာ သူ အခွင့် အရေး အပြည့်အဝရဖို့အတွက် အကြံကောင်းတွေ အပြည့်ရှိနေနိုင်တာ မမေ့ပါနဲ့ . . "

"ဒီလိုပါပဲ . . လူဆိုတာ အခြေအနေနဲ့ အချိန်အခါကို လိုက်ပြီး ပြောင်းလဲတတ်ကြတာပဲ . . မဟုတ်ဘူးလား ခင်နှင်းဆီ"

ဒိုးဒိုးက သဘောရိုးနှင့် ပြောလိုက်သော်ငြား ခင်နှင်းဆီက ဒိုးဒိုးကို သူ့မျက်လုံးရွဲကြီးများနှင့် အဖြေရှာ သလို လာစိုက်ကြည့်နေတော့ကာ . .

"ဘာလဲ . . ရှင်က တို့အလုပ်ထွက်သွားတာကို မကျေ နပ်ဘူးပေါ့လေ . . တကယ့်ကို ကိုယ့်အကျိုးအမြတ် ဘာမှမရှိဘဲ စေတနာကောင်းနဲ့ လာသတိပေးတာကို တောင် ပြန်ခနဲ့လွှတ်တယ်ဆိုတော့ ရှင့်အာဃာတက တို့အပေါ်မှာ အတော်ကြီး . . ကြီးမားနေပြီနဲ့တူတယ်"

"မဟုတ်တာပဲ ခင်နှင်းဆီရယ် . . ကျွန်တော်က ဒီသဘောမျိုးကို မရည်ရွယ်ပါဘူး . . အမှန်အတိုင်း ပြောရရင် ခင်နှင်းဆီ ထွက်သွားတာကို ကုမ္ပဏီဘက်က ကြည့်ရရင်တော့ မကျေနပ်နိုင်ဘူး . . ကုမ္ပဏီအနေနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ဝန်ထမ်းကောင်း တစ်ယောက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရတယ်လို့ မြင်တယ်”

“ကုမ္ပဏီဘက်ကကြည့်ရင်ဆိုတော့ . . အဲဒီဘက်က မကြည့်ဘဲ ရှင့်ဘက်ကနေ ကြည့်ရမယ်ဆိုရင်ရော”

ခင်နှင်းဆီကား မသိလိုက် မသိဘာသာလိုလို ဘာမှမရေးမကြီးလှသလိုလိုနှင့် လျှပ်တစ်ပြက်တိုက်ကွက် တစ်ခုကို ထုတ်သုံးလိုက်လေပြီ။

“ဘာဖြစ်လို့ . . ကျွန်တော်နဲ့ ကုမ္ပဏီဆိုပြီး သတ်သတ်စီနှစ်ပိုင်းခွဲပြီး ကြည့်မှာလဲ ခင်နှင်းဆီရဲ့ . . ကျွန်တော်ကလည်း ကုမ္ပဏီ . . ကုမ္ပဏီဆိုတာကလည်း ကျွန်တော်ပဲ ဖြစ်ရမယ်လေ”

“တော်စမ်းပါ . . အဲဒါ ရှင့်ကို မစ္စတာ ကာဆိဂ်ိ,က သင်ပေးခဲ့တဲ့ စကားလုံးတွေပဲ . . ဟင်း . . ရှင်လည်း စကားအပြောအဆိုမှာတော့ အတော်လေးလည်မွှတ်နေပြီနော် . . လူပါလိုက်ပြီး လည်မွှတ်မသွားပါစေနဲ့လို့ပဲ ဆုတောင်းပါတယ် . . ”

ခင်နှင်းဆီမှာ သူ လျှပ်တစ်ပြက် မေးခွန်းထုတ်ကြည့်လိုက်ပြီး အဖြေကောင်း ပြန်မရသည့်အတွက် . . ရှုံးတို့ရှန့်တန့်နှင့် ဒုက္ခရောက်သွားခြင်းမျိုး လုံးလုံးရှိသည့်ပုံ မရပါ။ ပြောမရ ဆိုမရ ရှိလှသည့် မောင်ငယ်လေးတစ်ယောက်ကို စိတ်ပျက်လက်လျှော့ရတော့မည့် အစ်မကြီးတစ်ယောက်၏ ပုံမျိုးကသာ သူ့မျက်နှာပေါ်မှာ အထင်းသား ပေါ်နေလေတော့ပြီး . . နှစ်ယောက်သား စကားကိုယ်စီ တိတ်သွားကြဆဲ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အခန်းထဲသို့ (တံခါးခေါက်သံ တစ်ချက် နှစ်ချက်နှင့်အတူ) ကိုခင်မောင်ကြည်တစ်ယောက် ဝင်ရောက်လာလေတော့သည်။

"ဟလို . . မခင်နှင်းဆီ . . ဘယ်တုန်းကရောက်နေတာလဲ . . ကျန်းမာရဲ့နော် . . ဘာလဲ . . ဒီကိုပြန်ပြောင်းလာတော့မလို့လား . . "

မရိုင်းလှသော ရွှတ်နောက်နောက် အပြောကလေးမျိုးနှင့် နှုတ်ဆက်ခံလိုက်ရတာကိုပင် ခင်နှင်းဆီမှာ တီကောင်ဆားပက်ခံရသလိုမျိုး အတော်ကြီးနာကျင်ခံခက်သွားရပုံနှင့် လူမှုရေးတွေ ဘာတွေ ဂရုစိုက်မနေနိုင်တော့ဘဲ ပြန်နှုတ်ဆက်ဖို့ ဝေးလို့ လှည့်လို့တောင်မှ မကြည့်ပါ။ ဒါမျိုးတော့ ခင်မောင်ကြည်တို့ကလည်း လေပြည်လေးတစ်ချက် အသွေးခံရသလောက်သာရှိလျက် . . ဘယ်လိုမှ မနေတဲ့အပြင် အပြုံးမပျက်နှင့်သာ ဒိုးဒိုးကိုကြည့်ပြီး . .

"ဒိုးဒိုးရေ . . ကိုယ်ပြောထားတဲ့ ကိစ္စလေး ဘယ်လိုနေလဲ . . "

"ကျွန်တော် မေမေနဲ့ ညှိနေတယ် ကိုခင်မောင်ကြည်၊ အိမ်မှာက မေမေနဲ့ ကျွန်တော် နှစ်ယောက်ပဲဆိုတော့ ကိုယ့်ဆန္ဒချည်းပဲ စွတ်တင်လိုက်လို့ မဖြစ်သေးဘူး . . မေမေ့ဆန္ဒလည်း လိုသေးတယ်လေ . . မေမေက အသက်လည်းကြီးပြီ . . တစ်သက်လုံး လှုပ်ရှားရုန်းကန်လာရတာ ခုမှ အနားရကာစဆိုတော့ သူစိတ်အနှောင့်အယှက်ဖြစ်မယ့် ကိစ္စမျိုးဆိုရင်တော့ . . "

"ဟာ . . ဟုတ်တာပေါ့ . . လူကြီးက အရေးကြီးတယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နော် . . လူငယ်ဆိုတာက ဘယ်လိုဖြစ်ဖြစ် နေလို့ဖြစ်သေးတယ် . . ပြီးတော့ 'အမေ'ဆိုတာကတော့ ဘာနဲ့မှယှဉ်စရာမလိုပါဘူး . . ကိုယ်တို့လည်း ဒီအတိုင်းပဲ အမေနဲ့ယှဉ်ရင်တော့ ဘာမဆို 'ဂျောင်း'ပဲ . . ဟုတ်တယ်. . အမေဆိုတာကတော့ ဘယ်လိုမဆို ကျေးဇူးကကြီးပြီးသားဖြစ်နေတာ . . ဒိုးဒိုးတို့လို အမေတစ်ခုသားတစ်ခုဘဝနဲ့ လှုပ်ရှားရုန်းကန်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့ရတယ် ဆိုရင်တော့ ပြောမနေနဲ့တော့ . . "

"ဟုတ်ကဲ့ . . "

ခင်နှင်းဆီတစ်ယောက် မသိမသာလေး မဲ့လိုက်တာကို ဒိုးဒိုးက လှမ်းမြင်လိုက်ရသည်။ ကိုခင်မောင်ကြည်ကတော့ သူ့ထုံးစံအတိုင်း ပိုင်နိုင်နေသော လေသံကျယ်ကြီးနှင့် အာဘောင်အာရင်းသန်ဆဲ . .

"လုပ် . . လုပ် . . ညှိပါ . . ညှိပါ . . အချိန်ဘယ်လောက်ယူယူ ရတယ်နော် . . ဒါအကြောင်းမဟုတ်ဘူး . . ကိုယ်ကလည်း ကြားဝင်ပြီး အကျိုးဆောင်ပေးရုံသက်သက်ရယ် . . အေးလေ . . အကျိုးဆောင်တော့လည်း ကုသိုလ်ရတာပေါ့ မဟုတ်ဘူးလား . . ဒိုးဒိုးတို့အမေကလည်း မွန်အမျိုးသမီးကြီးပဲဆိုတော့ အစဉ်အလာရှိပါတယ် . . သဒ္ဓါတရားနဲ့ ကုသိုလ်ရေးမှာ တွေဝေနေပေမယ့် သူထဲက ဟုတ်မယ်မထင်ပါဘူး . . ဒါပေမယ့် ညှိဦးလေ . . ဟုတ်လား . . ခု ဒိုးဒိုးတို့နေနေရတဲ့ အိမ်ကြီးကလည်း အကြီးကြီးပဲဟာ . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အနှောင့်အယှက်တော့ သိပ်ရှိမယ် မထင်ပါဘူး . . ”

သူ့စကားဆုံးသည်နှင့် ကိုခင်မောင်ကြည်က သူ့ကိုကျောပေးထားသည့် ခင်နှင်းဆီ၏ ရှေ့မြင်ကွင်းတည့်တည့်သို့ တမင်ပင် လျှောက်လှမ်းသွားလိုက်ကာ . . လူတစ်ကိုယ်လုံးကို ခါးနေရာမှ အပြားလိုက်ချိုးချကာ ကုန်းကိုင်းဦးညွှတ်လိုက်ပြီးလျှင် . .

“သွားလိုက်ပါဦးမယ်ခင်ဗျား . . ဆောင်ရွက်ပြီး . . ဆောင်ရွက်ဆဲ . . ဆောင်ရွက်လတ္တံ့ လုပ်ငန်းဆောင်တာ၊ အကြံအစည်ကိစ္စအဝဝအားလုံး တစ်လုံးတစ်ခဲ အပြည့်အဝနဲ့ အောင်မြင်နိုင်ပါစေ . . ကဲ . . ဒိုးဒိုး ကိုယ်သွားပြီ . . ဒီနေ့ အစ်မကြီး ဒေါ်အေးမြင့်နဲ့ ဆိပ်ကမ်းဂိုဒေါင်ကို လိုက်ပေးရမယ်”

ခင်နှင်းဆီကား ကိုခင်မောင်ကြည် ထွက်သွားလျှင် ဆွေ့ဆွေ့ခုန်ကာ ကျန်ခဲ့တော့၏။

“နောက်သွားတာပါ ခင်နှင်းဆီရယ် . . ဒီလူက ဒီလိုပဲဟာ. . ”

“အိုး . . သူ့အသက်အရွယ်ကြီးမှ မထောက် . . ဒီလို နောက်ပြောင်နေစရာလား . . ပြီးကျတော့ တို့ကိုလာပြီး နောက်ရစရအောင်လည်း သူနဲ့တို့နဲ့က ဘယ်တုန်းက များ အရောတဝင် ရင်းရင်းနှီးနှီးနဲ့ ဆက်ဆံဖူးလို့လဲ၊ ပြောသွားတဲ့စကားကိုကြည့်ဦး . . ဒါ သက်သက်မဲ့ ကလိပြီး ရိသွားတာ . . တောက် . . ”

လက်သီးတဆုပ်ဆုပ် . . အံတကြိတ်ကြိတ် . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တောက်တစ်ခေါက်ခေါက်နှင့် ဆွေ့ဆွေ့ခုန်ဒေါသထွက်နေဆဲ ကပင် တစ်စုံတစ်ခုကို သတိရသွားသော ခင်နှင်းဆီက သူ့ဒေါသတွေကို သူချက်ချင်း ဖြတ်ချ ရပ်တန့်ပစ်လိုက်လျက်. .

"နေပါဦး . . ခုနက သူတတိုက်တိုက် တတွန်းတွန်းနဲ့ အတင်းတွန်းထိုး ပြောနေတာ ဘာကိစ္စများလဲ . . တို့ သိခွင့်များ ရှိမလား . . "

"ရှိတာပေါ့ ခင်နှင်းဆီရဲ့ . . ဒါ လျှို့ဝှက်ထားစရာကိစ္စ မဟုတ်ပါဘူး . . ကျွန်တော် . . ကလေးတစ်ယောက်မွေးစားမလားလို့လေ . . အဲဒါလေးပါ"

"ဘာ . . ဘာရယ် . . ဘုရားရေ . . ဒိုးဒိုးက"

"ဟုတ်တယ် . . စိတ်ကူးတာပါ ခင်နှင်းဆီရဲ့ . . စိတ်ကူးရုံပဲရှိသေးတာပါ . . "

"ဘုရား . . ဘုရား . . ရှင် ဘာတွေလျှောက်လုပ်မလို့လဲ ဒိုးဒိုးရဲ့ . . ကလေးမွေးစားတယ်ဆိုတာမျိုးဟာ လွယ်တယ်မှတ်လို့လား . . အင်မတန် ဒုက္ခများသွားနိုင်တဲ့ကိစ္စနော် . . ပြီးကျတော့ ရှင့်အသက်လည်း ငယ်ငယ်ပဲ ရှိသေးတာ . . ကိုယ်တစ်နေ့ကျ အိမ်ထောင်ပြုဖြစ်ရင်လည်း ဒီကလေးက ရလာဦးမှာပဲဟာ အခုလောလောဆယ်ကြီးမှာ အဆောတလျင်ကြီး ထမွေးစားနေစရာ ဘာလိုလို့လဲ . . ရှင်နော် . . မစဉ်းမစားနဲ့ မလုပ်လိုက်နဲ့ . . "

ခင်နှင်းဆီက ဒိုးဒိုးကို ဖျတ်ခနဲကြည့်လိုက်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"တို့သိပြီ . . ဒါ ဟိုလူ့လက်ချက်ပဲဖြစ်မယ် . . သူ ဒီလောက် တိုက်တွန်းနေပုံထောက်ရင် ဒီကိစ္စဟာ သူက စတာပဲ ဖြစ်ရမယ်"

"မဟုတ်ပါဘူး . . ကျွန်တော် စတာပါ . . တကယ်ပါ ခင်နှင်းဆီရဲ့"

"အို . . ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး . . ရှင် ဒီလိုနေရင်းထိုင်ရင်း စိတ်ကူးပေါက် အရူးထလာဖို့ ဘာအကြောင်းမှမရှိဘူး . . "

"ကျွန်တော်က ကလေးချစ်တတ်တယ် ခင်နှင်းဆီရဲ့ . . ပြီးတော့ ချို့တဲ့ပြီး မိမစုံ ဘမစုံ ဖြစ်နေတဲ့ ကလေးမျိုးဆို အရမ်းသနားပြီး သူတို့အတွက် ကိုယ်ဘာလုပ်ပေးနိုင်မလဲပဲ အမြဲတွေးဖြစ်နေတတ်တာ . . အရင်တုန်းကတော့ ကိုယ်တိုင်ကိုက သိပ်မပြည့်စုံတော့ . . ထိုက်သင့်သလောက် လှူရတန်းရတာမျိုးပဲ ရှိခဲ့ရတာ . . "

"ခုလည်းပဲ မိဘမဲ့ဂေဟာတို့ . . လူငယ်ပြုပြင်ရေးကျောင်းတို့ . . လူမှုဝန်ထမ်းဌာနတို့ ရှင်ကြိုက်သလောက် လိုက်လှူပစ်လေ . . အဲဒီလိုလုပ်တာက ပိုအကျိုးမရှိဘူးလား . . လိုအပ်နေတဲ့ ကလေးတွေက အများကြီးပဲဟာ . . အားလုံးကို ဖြန့်လှူရင် အများကောင်းစားမှာ ရှင်တစ်ယောက်တည်း ကောက်မွေးစားလိုက်ရင် အဲဒီတစ်ယောက်ပဲ ကွက်ကံကောင်းမှာပေါ့ . . မဟုတ်ဘူးလား . . "

"အဲဒီနေရာတွေမှာလည်း လတိုင်း တစ်နေရာမဟုတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်နေရာ လိုက်လှူနေပါတယ် . . နောင်လည်း ဆက်လှူနေဦးမှာပဲ . . ”

“ပြီးတော့ ကလေးလည်း မွေးကိုမွေးစားဦးမှာပဲ . . ဟုတ်လား . . ”

ခင်နှင်းဆီမှာ ပြုံးနေပြန်သော ဒိုးဒိုးကို ဖြစ်နိုင်ရင် ကိုင်ဆောင့်ပစ်ချင်လာသည်အထိ ကရုဏာဒေါသော ဖြစ်လာပုံရလေသည်။

“ဒါ ဘယ်နည်းနဲ့မဆို ရှင့်ပျော့ကွက်ကို သိသွားလို့ ဟိုလူကနင်းပြီး သူ့စကားအောင်,အောင် လုပ်သွားတာပဲဖြစ်မှာ . . ပြောနေပုံကိုကြည့်စမ်း . . သူ့ကိုယ်သူတော့ လည်လှ စကားတတ်လှပြီပေါ့လေ . . ဘာပဲဖြစ်ဖြစ် အမေက အမိကပဲတဲ့ . . သူ့ပုံစံလား အမေမိဘကို သိတတ်မယ့်ပုံ . . ပြီးကျတော့ မွန်အမျိုးသမီးကြီးမို့ သဒ္ဓါတရားက မချို့တဲ့နိုင်ပါဘူးတဲ့ . . အနိတ်ကလက်မခံချင်ရင်ဘဲ သူ့အမျိုးသားထု တစ်ရပ်လုံးပါ နာမည်ပျက်ရဦးတော့မလိုလို . . အိမ်ကကြီးတော့ အနှောင့်အယှက် မဖြစ်နိုင်ပါဘူးဆိုတာကပါသေး . . ကိုယ့်ဘာသာကိုယ့်ကုသိုလ်နဲ့ကိုယ် အိမ်အကြီးကြီးမှာ နေခွင့်ရနေတာ သူ့အပူဘာပါလဲ . . ဒါ ထည့်ပြောစရာလား . . မဟုတ်ဘူးနော် ဒိုးဒိုး . . အဲဒီလူဟာ ရိုးကို မရိုးဘူး . . တစ်ခုခုတော့ တစ်ခုခုရှိကိုရှိရမယ်”

မစ္စတာ ကာဆိဂိအိုမိ ဂျပန်သို့ ပြန်သွားသော အခါ. . ရန်ကုန်ရုံးခွဲမှ ကုမ္ပဏီ၏ GM နေထိုင်ရန်အတွက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သုံးနှစ်စာချုပ်ဖြင့် ငှားရမ်းထားခဲ့သော အိမ်ကြီးမှာ . . နှစ်မစေ့မသေးချင်း လက်ရှိ GM ဖြစ်သွားပြီဖြစ်သော ဒိုးဒိုးတို့သားအမိ တက်ရောက်နေထိုင်ကြရန်အတွက် ဂျပန်မှလှမ်းပြီး ခွင့်ပြုပေးခဲ့တာမို့ . . ခြံကျယ်ကျယ် . . ရေကူးကန်ကြီးနှင့် ကောင်းမွန်လှသော အိမ်ကြီးတစ်ခုမှာ (အိပ်မက်တောင် မမက်လိုက်ရဘဲနှင့်) ဒိုးဒိုးတို့ ဖြုန်းစားကြီးပင် တက်နေခဲ့ကြရတော့သည်။ ဒီအိမ်ကြီးမှာ နှစ်စေ့သွားရင်တော့ နောက်ထပ် သင့်တော်ရာ အိမ်တစ်လုံးလုံးကို ထပ်ငှားလို့ပဲဖြစ်ဖြစ် . . ဒိုးဒိုးတို့အတွက် ကိုယ်ပိုင်အိမ်တစ်ခုကို ဝယ်ဖို့ပဲဖြစ်ဖြစ်ဟု သီးသန့်အစီအစဉ်ရှိလေသည်။

"မွေးစားဖို့အတွက် သူက မတိုက်တွန်းခဲ့ဘူးဆိုရင်တောင် ဘယ်သူ့ကို မွေးစားမလဲဆိုတဲ့ နေရာမှာတော့ သူ့လက် သူ့ခြေပဲ ဖြစ်မှာပဲ . . "

ဒိုးဒိုးက ဝန်ခံသလို တစိမ့်စိမ့်ပြုံးနေပြန်သည်။

"ရှင် ဘယ်လိုဖြစ်နေတာလဲ ဒိုးဒိုးရဲ့ . . ခုပုံအတိုင်းဆို တို့က အဲဒီဆေးဆိုတာတွေ ဘာတွေကို အယုံအကြည်မရှိလှပေမယ့် ရှင့်ကိုတော့ ဆေးမိနေသလားလို့ပဲ မေးရတော့မယ်ထင်တယ် . . အေးပေ့ါလေ . . ကလေးမွေးစားပြီး ကုသိုလ်ယူမယ့်သူနဲ့ . . အကျိုးဆောင်ပြီး ကုသိုလ်ယူမယ့်သူနဲ့ ကုသိုလ်တွေကြီးပဲလိုမ့်ရနေကြမယ့် လူတွေရဲ့ကြားထဲမှာ ကလေးမမွေးစားဖြစ်အောင် လိုက်ဖျက်နေတဲ့ နှင်းဆီက နေရင်းထိုင်ရင်းနဲ့ ပြိတ္တာမကြီး ဖြစ်ရဦးမယ် . . ဒါပေမယ့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရှင်ယတိပြတ်မွေးစားဖို့ ဆုံးဖြတ်ချက်လည်းကျပြီး . . အန်တီကလည်း ခွင့်ပြုပြီ . . ကလေးလည်း တွေ့ထားပြီဆိုရင်တော့ တို့ကို တစ်ချက်ကလေးလောက်တော့ အကြောင်းကြားစေချင်တယ် . . ဖြစ်မလား"

ဒိုးဒိုးက "အကြောင်းကြားဖြစ်အောင် ကြားပါ့မယ်"ဟု ကတိပေးလိုက်သည်။ ခင်နှင်းဆီက ထိုင်နေရာမှ ထရပ်ကာ ပြန်ဖို့ဟန်ပြင်လိုက်ပြီးလျှင် . .

"ဘာဖြစ်လို့လဲ သိလား . . ဒီလောက်ရှုပ်ပွနေတဲ့လူ ရှာဖွေလာမယ်ဆိုတဲ့ ကလေးက တော်ကြာ သူ့ကလေးလည်း ဖြစ်နေဦးမှာစိုးလို့ . . တို့က ရှင့်လိုတော့ တွေ့တဲ့လူတိုင်းကို ဖမ်းယုံမနေနိုင်ဘူး . . ရှင့်မှာမလိုအပ်ရင်တောင် တို့ဝတ္တရားလို့ ကိုယ့်ဘာသာသတ်မှတ်ပြီး တို့ကလိုက်ကိုစုံစမ်းပေးဦးမှာ"

ခင်နှင်းဆီ ပြန်သွားပြီးနောက် ဒိုးဒိုးမှာ ခင်နှင်းဆီနှင့် ကိုခင်မောင်ကြည်တို့ကို တစ်လှည့်စီ မြင်ယောင်ကြည့်ရင်း . . နှစ်ယောက်စလုံးအပေါ် သဘောတကျစိတ်များနှင့် မပြုံးမိဘဲ မနေနိုင်အောင်ပင် ဖြစ်နေရတော့သည်။

❀ ❀ ❀

"အမေ . . ကျွန်တော်ပြောတာ သဘောပေါက် . . ကိုယ့်အတွအတွက်ချည်းပဲ ကိုယ်စဉ်းစားမနေနဲ့ . . သူများတကာရဲ့ ရှေ့ရေးနောက်ရေးလည်း ထည့်တွက် ဦး . . "

"အောင်မယ် . . နင့်လိုလူကများ ငါ့ကို အတ္တမကြီးနဲ့လို့ လာဆုံးမနေရတယ်ရှိသေးတယ် . . ကမ္ဘာပေါ်မှာ သူများအရေးကို မကြည့်ဘဲ ကိုယ့်အတွက်ပဲ ကိုယ်သိတတ်တဲ့လူ တစ်ယောက်ပဲရှိတယ်ဆိုရင်တောင် အဲဒါ နင်ပဲပဲဟဲ့ ခင်မောင်ကြည်ရဲ့ . . သူများကို အပြစ်ပြောချင်ရင် ကိုယ့်ကိုကိုယ်လည်း ပြန်ငုံ့ကြည့်ပါဦး . . "

အိပ်ရာထက်မှာ ကြုံလှီသေးကွေးပိန်ဖျော့နေသည့် အဘွားအိုတစ်ဦးရဲ့ အဖြစ်နဲ့မှမလိုက် စကားအရှည်ကြီးကို အားရပါးရ ဆက်တိုက်ကြီး ပြောချလိုက်ပြီးသော် ကိုခင်မောင်ကြည်၏အမေ ဒေါ်လေးတင်ခမျာ အမောဖောက်သွားသလို ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ကို မနည်းကြီးလုရှူနေရလေသည်။

"တွေ့လား လူကဖြင့် ကိုယ့်အသက်တောင်ကိုယ် မနည်းရှူသွင်းနေရတဲ့အချိန်မျိုး ရောက်နေတာတောင်မှ ငါ့မြေ၊ ငါ့ရေ၊ ငါ့မြေး၊ ငါ့မွေးစားသမီး ငါပိုင်တယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆိုတဲ့ ငါ့,ငါ့,ငါ . . ငါစွဲတွေက ခုထိမကျွတ်နိုင်သေးဘူး . . အဲဒီလို အစွဲတွေကို ချွတ်နိုင်မှ ခုချိန်မှာ နတ်ပြည်ကိုကြိုပြီး ဘွတ်ကင်လုပ်ထားနိုင်မှာပဲ့ အမေရဲ တရားပြကိုယ်တော် မဟုတ်တော့ ကျွန်တော်လည်း ဒီလောက်ပဲ ပြောတတ်တယ် . . "

ဒီသားတစ်ယောက်ကို ဒီလိုအပြောအဆို အပြုအမူတွေကြောင့်သာ ဗွေယူနေရမည်ဆိုရင် ကိုယ်ပဲ အမောထ, ဖောက်ကာ ဒုက္ခရောက်ရဦးတော့မှာ သေချာနေသော ဒေါ်လေးတင်က ဘာမှပြန်မပြောတော့ဘဲ မှိန်းရုံသာ မှိန်းနေပါတော့သည်။ တကယ်တော့လည်း လက်သင့်သာမခံချင်တာ သူပြောနေတာတွေကလည်း ဟုတ်တုတ်တုတ် . .။

ကိုယ်ဟာ လူ့ပြည်မှာ သိပ်ကာလကြာကြာကြီးဆက်နေခွင့် မရနိုင်တော့ဘူးဆိုတာကို . . သေခြင်းတရားကို နှလုံးသွင်း မျက်မှောင်ပြုထားနိုင်ပြီဖြစ်သည့် ဒေါ်လေးတင်က သေချာသိပြီးဖြစ်သလို . . အဲဒီအတွက်လည်း စိတ်ထဲမှာ ဘယ်လိုမှမနေ . . မထူးခြားလှတော့ပါ။ သို့သော် တစ်ဖက်မှာ တရားသဘောကို မြင်နိုင်ပြီး တစ်ဖက်မှာ (ခင်မောင်ကြည်ပြောသလို) ငါစွဲကို မချွတ်နိုင်ရခြင်းမှာ . . သူမျက်ကွယ်ပြုသွားပြီးသည့်နောက်ပိုင်း မျက်နှာငယ်ငယ်နှင့်ကျန်ရစ်ကြရမည့် 'မြေးချစ်' နှင့် 'အဖူး'တို့ကို စိတ်မချ လက်မချ ရှိရလွန်း၍သာဖြစ်ပါသည်။

ခုလို ကိုယ်ကမရှာနိုင် မဖွေနိုင် အိပ်ရာထဲလဲပြီဆိုသောအခါမျိုးမှာတောင် မျက်နှာစငယ်ကြရပြီဖြစ်သည့် ဒီ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှစ်ယောက်ခမျာ ကိုယ်သာမရှိတော့ရင် ဘယ်လောက်များ ဒုက္ခလှိမ့်ရောက်လိုက်ကြမလဲ . . ။ အလိုလိုက်ထားမိသည့် မြေးချစ်ကလည်း စိတ်ကပုံမှန်ရှိတာမဟုတ် . . ။ တစ်ခါ တစ်ရံ သူ့မတူအောင် (ကလေးနဲ့တောင်မတူ) ဆိုးလွန်းလှ သလောက် . . တစ်ခါတလေကျပြန်တော့လည်း . . ဘေးပတ် ဝန်းကျင်က အံ့သြရလောက်တဲ့ ကလေးလိမ္မာတစ်ယောက် ဖြစ်နေပြန်ရော . . ။ အဖူးခမျာမှာတော့ ဤအိမ် ဤယာ ဤဆွေမျိုးတစ်သိုက်နှင့် ဘာမှကို မသက်ဆိုင်သည့်သူကလေး ဖြစ်နေလေရာ ဘယ်လိုပင် လိမ္မာ လိမ္မာ. . ကိုယ်သာမရှိ တော့ရင် သူ့အတွက်နေရာဟာလည်း အော်တိုမက်တစ်ပင် မရှိနိုင်တော့မည့် အခြေအနေမျိုးပါတည်း . . ။

ဒီအချိန်မှာ တစ်သက်လုံး ယုံစားလို့မရသည့် ခင်မောင်ကြည်က . . "မြေးချစ်ကို သူပထမခေါ်သွားမည် . . ပြီးမှ အဆင်ပြေရင် အဖူးကိုလည်း လာထပ်ခေါ်ယူကာ နှစ် ယောက်လုံးကို အမေ့လက်ထက်ကထက် သာအောင်ထားပြ လိုက်ဦးမည်' ဟု အဆိုတစ်ရပ် တင်သွင်းလာတော့တာ။ ဘယ်လိုမှ မယုံကြည်ရသည့် ခင်မောင်ကြည်နှင့်တော့ ဒေါ် လေးတင်က ကလေးနှစ်ယောက်ကို ဘယ်လိုများ စိတ်ချလက် ချရှိရပါမည်နည်း။ အထူးသဖြင့် အဖူးက အရွယ်ရောက်နေပြီ ဖြစ်သည့် အပျိုမိန်းကလေး . . ။

ဘယ်လိုပင် ငယ်ကတည်းက စောင့်ရှောက်လာ သည်ဆိုပါစေ . . ။ ခဲအိုနှင့် ခယ်မ မသင့်တော်လှသလို . . အပြောကြီးသလို မဟုတ်ဘဲ ပြီးမှ မျက်နှာလွှဲခဲပစ် ထားပြန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ရင်လည်း မြေးချစ်က ယောကျ်ားလေးမို့ မထောင်းတာဘူး ထား . . အဖူးမှာတော့ ဘာမဆိုဖြစ်သွားကာ ပျက်စီးသွားနိုင် လောက်ပေသည်။ ဒီမှာကမှ ဘာပဲပြောပြော ကိုယ်မရှိတော့ ရင်တောင် နာတာရှည် တရှောင်ရှောင်နှင့် အိပ်ရာထဲလဲနေ ပေမယ့် ကိုယ့်လို ဖျိုးခနဲ ဖျတ်ခနဲ မဖြစ်နိုင်ဘဲ အများကြီး အသက်ရှည်နေဦးမည့်ပုံရသည့် အဘိုးကြီးက ရှိနေသေးတာ။ ဒီလိုသားသမီးမျိုးတွေနှင့် အဘိုးကြီးမှာ အာဏာမရှိနိုင်တော့ ပေမယ့် ဘာပဲဖြစ်ဖြစ် ထောက်ထားစရာ 'မျက်နှာ' တစ်ခု အဖြစ်ကတော့ ရှိနေဦးမည်သာ . .။

ဒီတော့ ကိုယ်မရှိတော့ချိန်မှာ ကလေးတွေ ဘယ်လောက်ပဲ မျက်နှာငယ်ငယ် . . အချိန်ရသရွေ့လေးတော့ ဒီအိမ်မှာပဲ အဘိုးကြီးတစ်မျက်နှာနှင့် ကုပ်ကပ်နေကြစေချင် သည်။ ခင်မောင်ကြည် ခေါ်ချသွားတာထက်တော့ အများကြီး စိတ်ချရလောက်ဦးမည် ထင်တာပဲ . .။ အဘိုးကြီးပါ မရှိတော့ ဘူးဆိုတဲ့ နောက်တော့လည်း မတတ်နိုင်တော့ဘူးပေါ့လေ . . ကိုယ်မှ မတတ်နိုင်တာ ဘာဖြစ်ဖြစ်လို့သာ သဘောထားလိုက် ရတော့မှာပေါ့။

"အမေ့မှာ အဲဒါတွေ ခက်နေတာပေါ့၊ နောင်လည်း ဘာဖြစ်ဖြစ်လို့ သဘောထားရမယ့်အတူတူ ခုလည်း အဲဒီလိုပဲ တစ်လက်စတည်း သဘောထားကြည့်လိုက် ပေါ့ . ."

"မရဘူးဟဲ့ . . အခုဟာက ငါကသက်ရှိထင်ရှားကြီး ရှိနေသေးတယ် . ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဲဒါပဲ . . အမေဟာ ကိုယ့်ဒုက္ခကိုယ်ရှာနေတာပဲ"
"အဲဒီဒုက္ခက ငါ့ဘာသာ ရှာထားတာမဟုတ်ဘူး နင်လာပေးထားတာဟဲ့"
"အေးလေ . . အဲဒါကြောင့် ကိုယ်ပေးထားမိတဲ့ ဒုက္ခကို ကိုယ်က တာဝန်သိသိနဲ့ လာပြန်တောင်းတာပေါ့"
"အမယ်လေး . . တာဝန်ကလည်း ဆယ်နှစ်ကြာမှပဲ ထသိတော့သတဲ့ . . ကြား,မကြားဖူးပေါင် အရပ်ကတို့ရေ . . နားထောင်ကြည့်ကြပါဦး . . "
"ဟာ . . ဒီကိစ္စဟာ အရပ်ကို ထ,တိုင်ရမယ့် အရပ်ပါပါလာရမယ့်ကိစ္စလည်း မဟုတ်ပါဘူး . . "
"ဘာလို့မဟုတ်ရမလဲ . . အရပ်က ဒီလောက်ကောင်းလို့ ကလေးနှစ်ယောက်လုံး ဒီလောက်ထိ အနေချောင်တာ . . တစ်ခါ တစ်ခါ နင်ရောက်ရောက်လာတိုင်း လုပ်လုပ်သွားပုံတွေက မဟုတ်ပေမယ့် အရပ်က ကလေးတွေအပေါ် ချစ်ခင်ရင်းစွဲလေးရှိနေလို့သာ တော်သေးတာ. . "
"ကျွန်တော်က ဘာလုပ်လို့လဲ . . "
"တစ်ရပ်ကွက်လုံးက ကာလသားမှန်သမျှဟာ မင်းမျက်စောင်းနဲ့ လွတ်တယ်ဆိုတာများ ရှိလို့လား . . အဖူးကဖြင့် ကလေးရပ်ကလေးနဲ့ အားလုံးက ကိုယ့်နှမလေးလိုပဲ သဘောထားကြတာ ပြစ်မှားပါဆိုလို့တောင် မပြစ်မှားဘူး"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မပြစ်မှားလို့ပဲ ဟိုးတုန်းကတစ်ခါ ဖိုးနီနဲ့ အတော်ကြီး လှန့်ထုတ်ပစ်လိုက်ရတာ . . "

"ဘယ်တုန်းကလဲ . . ဘယ်သူလဲ . . "

"ကြာပါပြီ . . ဘယ်သူလဲတော့ ဘယ်သိပ့်ါမလဲ၊ အလကား ကလေကဝထဲက နေမှာပေ့ါ . . "

ဒေါ်လေးတင်က မောသွားသလို သက်ပြင်းချသည်။ သူလုပ်နေပုံတွေနဲ့ ကလေးမလေးလည်း နဖူးစာပါရင်တောင် ဖူးစာဖက်ရဖို့ တယ်မမြင် . . တကယ်ဆို အဖူးရဲ့အခြေအနေဟာ ကောင်းကောင်းမွန်မွန်လေးထဲက နှစ်သက်သူရှိလာခဲ့ရင် အိမ်ထောင်ချပေးလိုက်တာကသာ စိတ်အချရဆုံးနဲ့ အဆင်အပြေနိုင်ဆုံး ထွက်ပေါက်တစ်ခုပဲ မဟုတ်လား။ ခင်မောင်ကြည်နဲ့တော့ဖြင့် ခက်ပါသေးသည်။

သို့သော် ကိုယ့်သားအကြောင်း ကိုယ်အသိဆုံးပင်ဖြစ်သော ဒေါ်လေးတင်မှာ အင်မတန် ပွေလိမ်ရှုပ်ထွေးလှသော ဒီသားတစ်ယောက် အဖူးအပေါ်မှာတော့ဖြင့် တကယ့်သမီးရင်းလေးလို . . နှမငယ်ထွေးလေးတစ်ယောက်လို ချစ်ခင်နေမှန်း သေချာပေါက်သိသဖြင့် . . အတင်းကြီးလိုက်ပြီး သဝန်တို ပိတ်ပင်ချုပ်ချယ်ချင်နေတာတွေကို ဘာမှမပြောသာပါ. . ။ ပြောရမယ်ဆိုရင် သူ အဖူးအပေါ် ချစ်လှပုံမှာ သားအရင်းဖြစ်သည့် 'မြေးချစ်' ထက်တောင်မှ ပိုချင်ချင်မို့ အင်မတန်မှ ထူးဆန်းအံ့ဩဖွယ်လည်း ဖြစ်နေပါသည်။

"ဟော . . ပြောမှပဲ သတိရတော့တယ် . . အခု ဘယ်မလ အဖူးက . . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဈေးခိုင်းလိုက်တယ်ဟယ် . . "

"ကျွတ် . . သူ့ပဲ ဈေးခိုင်းနေတာပဲ . . အမေ့မှာ တခြားမြေးတွေ မရှိတော့ဘူးလား . . ဟိုကောင် မြေးချစ်ကရော ဘယ်မလဲ . . သူ့ခိုင်းလဲ ရတာပဲ . . "

"ဖမ်းလို့တောင် မမိဘူး . . ငါ့နားမှာ တကယ်တမ်းက အဖူးတစ်ယောက်ပဲရှိတာပါ ခင်မောင်ကြည်ရယ် . . "

သနားပြီး ဇွတ်အတင်းအဓမ္မ ခေါ်ထုတ်ယူသွားဖို့ကိစ္စကို စွန့်လွှတ်စိတ်ပြောင်းလိုပြောင်းငြား အယူခံဝင်ကြည့်သော်လည်း ခင်မောင်ကြည်ကတော့ နားထဲဝင်ပုံပင်မရကာ. . ဝုန်းခနဲ ထိုင်ရာက ထရပ်လိုက်ပြီး . .

"ကျွန်တော်ရောက်နေတာကပဲ နာရီဝက်လောက်ရှိပြီ၊ ဈေးကဒီလောက်ကြာစရာလား . . အမေတို့ အဲဒါတွေ ခက်နေတာပေါ့ . . ဒါလား ထိန်းသိမ်းစောင့်ရှောက်နိုင်တာ . . ပါသွားရင် သိလိုက်မှာတောင် မဟုတ်ဘူး"

သစ်သားခင်း ကြမ်းပြင်တစ်ခုလုံး သွက်သွက်ခါကျန်ရစ်အောင် ဒေါသတကြီးနှင့် ထ,ထွက်သွားတော့သောအခါ ဒေါ်လေးတင်မှာ အိပ်ရာထဲ၌ ရင်ဗတ်ကလေးအသာဖိကာသာ ကျန်ရစ်ရပါသည်။ ဘုရား . . ဘုရား ဘယ်သူဘယ်ဝါ့ကို မဆိုင်ဘဲသွားရမ်းဦးမည်မသိ . . ။ ခုနစ်ရက်သားသမီး အပေါင်း ခင်မောင်ကြည့် ဒေါသစက်ကွင်းမှ လွတ်ကင်းကြပါစေ . . ။ ဒီလိုသာကြာလာရင် သူ့တော့ လူမုန်းကများပြီးသားထဲကမို့ ကိစ္စမရှိသော်ငြား၊ အဖူးမှာ နေရင်းထိုင်ရင်းနှင့် လူအမြင်ကတ်အမုန်းပွားခံရစရာ ဖြစ်ရဦးတော့မည် . . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဈေးဘက်သို့ ဦးတည်ကာ သုတ်ခြေတင်ခဲ့သော ခင်မောင်ကြည်မှာ ဈေးမရောက်ခင် ဖြတ်သွားရသော လက်ဖက်ရည်ဆိုင်ထဲအရောက် 'ဖိုးနီ' များ တွေ့ဦးမလားလို့ ဖြတ်ရင်းနှင့် ငဲ့စောင်းကြည့်ကာ ဝေ့ဝဲရှာလိုက်သည်။ ဖိုးနီကိုတော့ မတွေ့ . . ကိုယ့်ကြည့်ပြီး အလကားနေရင်း မျက်လုံးပြူး မျက်ဆံပြူးဖြစ်နေသည့် ကောင်ကလေးတစ်ယောက်ကိုသာ တွေ့လိုက်တာမို့ . .

"ဟေ့ . . ဒီမှာ . . ကိုဖိုးနီ တွေ့မိလား . . "

"မ. . မတွေ့မိဘူး အစ်ကိုကြီး . . ဒီနေ့ ကိုဖိုးနီ စက်မှုဇုန်ဘက် အလုပ်ဆင်းရမယ် ပြောသံကြားတယ်"

လူတစ်ယောက်ကို တစ်ခါနှစ်ခါလောက် မြင်ဖူးရုံနှင့် ဘယ်တော့မှ မမှတ်မိတတ်သည့် ခင်မောင်ကြည်က ဒိုးဒိုးရဲ့သူငယ်ချင်း ထွန်းသန်းကိုလည်း လုံးဝမမှတ်မိပါ။ ဒီအကျင့်ကို မိန်းမပေါင်းစုံနှင့် ပွေရှုပ်တတ်ရာမှ သူရရှိခဲ့ခြင်းပင် . .။ မမှတ်မိတော့ အေးရော. . မှတ်မိနေရင် ဘယ်လောက်ပင်ဟန်ဆောင်ကောင်းနိုင် ကောင်းနိုင် . . မျက်နှာပူရမည့်ကိစ္စမျိုး ဖြစ်ပွားမိခဲ့သူနှင့်ဆိုရင် အလကားနေရင်း မျက်နှာပူနေရဦးမည်လေ . .။

ဈေးထဲရောက်တော့ ဘာမှမကျယ်လှသည့် ရပ်ကွက်ဈေးကလေးအတွင်း ခြေရာချင်းထပ်အောင် အထပ်ထပ်လှည့်ပတ်ရှာပါသော်လည်း အဖူးကားမရှိ . .။ ပြန်သွားတာလည်း မဖြစ်နိုင်ပါ . .။ အပြန်နှင့်အသွား ဒီတစ်လမ်းသာရှိသည့် လမ်းမှပင် ခင်မောင်ကြည်က ဖြတ်လာခဲ့တာပဲ မဟုတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လား . . ။ တောက်. . နွားမ . . တွေ့ပစေဦး . . တွေ့မှ နားရင်းကို ပိတ်အုပ်ပစ်လိုက်ရဦးမည်။ နွားတစ်ထောင်ဆိုတာ ဒါကိုခေါ်တာထင်ပါရဲ့ . . ။ နေနှင့်ဦး . . နွားတစ်ထောင်မက လို့ တစ်သောင်းပဲ ဖြစ်ပါစေ . . ကြိမ်ကောင်းကောင်းသာရှိရင် မှုစရာဘာလိုလဲ . . ။

သွားရင်းလာရင်း ဈေးရဲ့ မျက်နှာချင်းဆိုင်လမ်းမကျယ် တစ်ဘက်ကမ်းမှာ ရုံးကကားကြီးလိုလို တွေ့လိုက်ရသဖြင့် လူပျောက်ရှာနေသည့် ခင်မောင်ကြည်မှာ ကိုယ်တိုင်က ပြန်ပုန်းရမလိုလို ဖြစ်သွားရသေးသည်။ ဟာ . . အစစ်ပဲဟာ . . (--/၄၄၃၈) ဒရိုင်ဘာလား . . ဒိုးဒိုးလား . . ဘယ်ကောင် ဘာလာလုပ်ပါလိမ့် . . ။ မဖြစ်ဘူး . . ပုန်းဦးမှ ဘယ်ကောင်ပဲဖြစ်ဖြစ် . . ခင်မောင်ကြည့်ကို ဒီရပ်ကွက်ထဲမှာ တွေ့သွားခြင်းဟာ လာလတ္တံ့သော အနာဂတ်ရှေ့အစီအစဉ်များအတွက် လားလားမျှနမိမကောင်းဘဲ ဖြစ်သွားနိုင်သည်။ ခင်မောင်ကြည့်ကို လျှပ်တစ်ပြက် တွေ့လိုက်ရသော . . ဒီရပ်ကွက်ထဲမှာ ခင်မောင်ကြည့်အမေအိမ်ရှိနေမှန်း ဒိုးဒိုးသိသွားခဲ့ရင် . . အားလုံးအခြေပျက်စရာ ဖြစ်ကုန်မည်။

ကျွတ် . . ကားကလည်း ဒီလောက်ကြာကြာ ပုန်းနေတာတောင် ကျောက်ချပြီး ပျက်နေရော့သလား ထင်ရအောင် လူမမြင်ရဘဲ . . နေရာမှလည်း တစ်စက်မျှမရွေ့၊ နောက်ဆုံးတော့ ခင်မောင်ကြည်က ဘယ်သူဘာထင်ထင် . . ခါးကပုဆိုးကို ခေါင်းထိပ်ထိမ,တင်ကာ ခေါင်းကိုပါ သိုင်းခြုံရုပ်ဖျက်ပစ်လိုက်ပြီး ပုန်းရပ်နေရာက ထွက်လာခဲ့ပါတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်။ နေဦး . . ဈေးဘေးက လမ်းကြားလေးတစ်ခုမှာ ဟိုဟာမလေး ရှိနေနိုင်သေးတယ် . .။

ဟင် . . ဟင် . . ကြည့်စမ်း . . ထင်တဲ့အတိုင်းပဲ . . ဟိုဟာမလေး ဘေးနားမှာ အကောင်တစ်ကောင် အောင်မာ . . လမ်းလယ်ခေါင် မတ်တတ်ကြီးရပ်ပြီး တတွတ်တွတ်နဲ့ . . တွတ်ထိုးနေကြတယ် ထင်ပါရဲ့ . .။ ခင်မောင်ကြည်က ရပ်ဖျက်သိုင်းခြုံထားသော ပုဆိုးကို ပြန်ချကာ ခါးမှာတင်းတင်းပြင်ဝတ်လိုက်သည်။

အင်း . . အရေးအကြောင်းဆိုရင် . . ထောက်လာတဲ့အသက်ကို တိတိကျကျ ညွှန်ပြချင်နေတဲ့ ဒီမျက်လုံးက အဝေးမှုန်၊ အနီးမှုန်၊ အားလုံးပင် မှုန်ချင်ပြီ . .။ အဲဒီလောက်ဝေးဝေးဆိုရင် အဖူးကိုသာ (ကျောပေးပြီး စောင်ပါခြုံထားပစေဦး) မမှတ်မိချင်စရာ မရှိသည့် စိတ်အသိအရ လှမ်းသိလိုက်ရတာ . .။ ဘေးက ခွေးကောင်ကိုတော့ သဲကဲစွာ မမြင်ရ . . ယောကျ်ားတစ်ယောက်ဖြစ်မှန်း သေချာရုံလောက်. . ပိန်ပိန်ရှည်ရှည်ဖြူဖြူဆိုတာလောက် မှန်းနိုင်တာမို့. . ခင်မောင်ကြည်က တုံ့ဆိုင်းမနေတော့ဘဲ ပြေးလွှား၍ပင် လှမ်းသွားလိုက်ပါတော့သည်။

ဟာ . . ဟာ . . ကြည့်စမ်း . . ကြည့်စမ်း . . ငါပြေးလာတာကို မြင်သွားပြီး ထွက်ပြေးပြီ . . တစ်ချိုးတည်းကို လစ်ပြေးတော့တာပဲ . . ကျန်ရစ်ခဲ့ရတဲ့ မိန်းကလေးကိုမှ အားမနာ . . တစ်ခါတည်း နောက်တောင် တစ်ချက်လှည့်မကြည့်တော့ဘဲ လစ်လိုက်တာမှ . . ခင်မောင်ကြည်လည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဖူး အနားရောက်သွားရော ထိုခွေးကောင်ကို အစအနမျှပင် မမြင်ရတော့ပေ . . ။

ခင်မောင်ကြည်က အဖူးရဲ့နားရွက်ကို ဆွဲလိမ်ပစ်လိုက်ကာ နားရွက်မှကိုင်ပြီး ဒရွတ်တိုက် ဆွဲလာလိုက်သည်။

"အ . . အ. . အာ. . အား . . အဖေ. . အဖေ. . နာ. . နာတယ်. . "

အဖူးမှာ အဘွားဒေါ်လေးတင် တရစပ်ကျိတ်သင်ခဲ့တဲ့အတိုင်း ငယ်ကတည်းကပင် ခင်မောင်ကြည့်ကို 'အဖေ'ဟုသာ ခေါ်ပေသည်။

"နာပေ့စေ . . နာပေ့စေ . . နင်တော့ သေခါနီးပြီနော်၊ ဈေးကိုထွက်သွားတာ တမေ့တမော ကြာနေပြီ၊ ငါ တောင်လိုက်လာရတဲ့အထိ ဖြစ်ရအောင် ဘယ်လိုဖြစ်တာလဲ . . နင်က ဒီနားမှာကော ဘာလုပ်နေတာလဲ. . ဘာကိစ္စ ဒီလမ်းကြားထဲ ရောက်နေရတာလဲ"

"ဟို. . ဟို. . ဒိုး . . ဒိုး . . အဲ. . မဟုတ်ဘူး . . မဟုတ်ဘူး . . "

"ဘာဒိုးလဲ . . ရှင်းရှင်းပြောစမ်း . . သေချာမပြောနိုင်ရင် နင်ဒီကနေ့ ဒီနေရာမှာတင် သေရစေ့မယ် . . မလုပ်ဘူးမထင်နဲ့ . . ငါ့အကြောင်း နင်သိတယ်"

"ဟို. . ဟိုဟာဒိုး . . ဒိုးဆိုတာ ကျောက်ဒိုး . . ကျောက်. . ကျောက်ဂေါ်လီကိုပြောတာ . . သားသားက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စျေးကနေ ကျောက်ဒိုးမှာလိုက်လို့ မရမက လိုက်ရှာ
ဝယ်နေရတာ . . ကြိုကြိုကြားကြား အနှံ့ရှာကြည့်ပြီး
ရအောင်ဝယ်ခဲ့ပေးတဲ့ . . အဲ. . အဲဒါ. . ”

ခင်မောင်ကြည်က အဖူးရဲ့မျက်နှာကို မျက်လုံး မျှားမေ့စင်းနေအောင်ပင် စိုက်ကြည့်အကဲခတ်နေရင်း ဟာကွက်. . လိမ်ကွက်ကို မရရအောင် ရှာကြည့်နေသည်။ ရှာလို့မရ. . အဖူးအနေနှင့် အလိမ်အညာမှာ ပိရိလွန်းလှလို့ မဟုတ်ပါ. . ဒီကောင်မလေးကိုက ခင်မောင်ကြည့်ရှေ့ရောက်ရင် နေရင်းထိုင်ရင်း ဒီလိုပဲ စကားတွေ အ,ထစ်. . ကြံဖန်ကြောက်ရွံ့နေတတ်တာက အမြဲလိုဖြစ်နေတော့ တကယ်လား လိမ်နေတာလား . . အကဲဖမ်းလို့မရ. . ။ စိုးရိမ်ထိတ်လန့်စိတ် သမ်းနေတတ်သည့် မျက်လုံးဝိုင်းများကလည်း သူ့ရဲ့ ကိုယ်ပိုင်အမှတ်တံဆိပ်လိုဖြစ်နေတာ. . ။ အဲဒါတွေကိုလည်း အတည်ယူလို့မရ . . ။

“ရပြီလား အခု . . ”

“မ,မရသေးဘူး . . ”

“ဒါဖြင့် ခုနက နင့်နားမှာ တောက်တဲ့လိုကပ်နေတဲ့
ကောင်ကရော ဘာလဲ”

“ဘာ. . ဘာကောင်လဲ”

“အောင်မာ. . သူကပဲ ပြန်မေးရတယ်ရှိသေး . . နင်
နော်. . ညာဖို့ကြိုးစားဦးမလို့လား . . ”

ခင်မောင်ကြည်က ဇက်ပိုးတစ်ချက် လှမ်းအုပ်ထည့်လိုက်သဖြင့် အဖူးခမျာ လမ်းရှောက်နေရာမှ ရှေ့သို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ငိုက်စိုက်ငိုက်စိုက်နှင့် မှောက်ရက်လဲကျမတတ် ဖြစ်သွားရလေသည်။

"ငါလာမှ ခွေးလို နွားလို ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးသွားတဲ့ကောင်ကိုပြောတာ . . အဲဒါ ဘာကောင်လဲ. . ဘယ်ကလဲ. . ဘယ်သူလဲ. . "

"မ. . မသိဘူး . . "

ခင်မောင်ကြည်က "တယ်. . ငါ"ဟု ရေရွတ်ကာ လက်ရွယ်လိုက်မိပြီးမှ ကိုယ့်လက်အရွယ်ကို သူ့လက်ကလေးနှင့် လှမ်းကာထားကာ မျက်လုံးဝိုင်းကလေးနှင့် ရှိနေပြန်သော အဖူးရဲ့ မျက်နှာကလေးကိုကြည့်ပြီး . . ကိုယ့်လက်ကို အသာပြန်ချထားလိုက်သည်။

"အဖူး တကယ်မသိပါဘူး . . သူက သူ့ဘာသာ လာစကားပြောတာ"

"သူ့ဘာသာ လာစကားပြောတာကို နင်က ရပ်နားထောင်နေရသလား . . "

"ရပ်နားမထောင်ရင် သူက ဘေးကနေ လမ်းလျှောက်လိုက်လာပြီး ယှဉ်ရက်ကြီး လိုက်ပြောတယ် . . "

"တောက်. . သေဦးမယ့်ကောင်. . အလကား . . အလေနတော . . ဂျပိုးကောင်. . ငါ့လက်နဲ့မတွေ့လိုက်ရတာ နာတယ်. . ဘာတွေလာပြောနေတာလဲ၊ နင်ကကော ဘာတွေပြန်ပြောလိုက်လဲ . . "

အဖူးရဲ့ မျက်နှာလေးမှာ ဘာပြန်ဖြေရမှန်းမသိသလို ရုတ်တရက် စိတ်အိုက်သလိုတစ်ချက် ဖြစ်သွားရပြီးမှ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟို . . ဟိုဟာ . . အဖေ့အကြောင်း"

"ဘာ. . ငါ့အကြောင်း"

ရုံးကား (--/၄၄၃၈)ကြီးကို တွေ့ထားရသည့် အချိန်နှင့် ခင်မောင်ကြည်တစ်ယောက် ပြူးပြူးပျာပျာ ဖြစ်သွားရသည်။

"ဟို . . ဟို. . အဖေ့အကြောင်းတော့ အတိအကျကြီး မဟုတ်ဘူးပေ့ါ . . အဖေ အမေတွေက ဘယ်သူလဲတဲ့ ခု ဘယ်သူနဲ့ နေတာလဲတဲ့ . . အဖေက ဒီမှာလည်း အမြဲမတွေ့ပါလားတဲ့ . . သားသား နာမည်ကရော ဘယ်သူလဲတဲ့ . . ဘယ်လိုတော်ကြသလဲတဲ့ . . "

ရုံးကားကြီးကိုသာ မြင်တွေ့လန့်ထိတ်မထားလျှင်. . လူလည်လူနပ်တစ်ယောက်ဖြစ်သော ခင်မောင်ကြည်တစ်ယောက် အဖူးရဲ့ မျက်နှာကလေးကို ကြည့်လိုက်ရုံနှင့် လျှောက်ပြောဝါးချနေပြီမှန်း ချက်ချင်းပင် သိနိုင်ကောင်းပါသည်။ ခုတော့ ခင်မောင်ကြည်ကလည်း ကိုယ့်အပူနှင့်ကိုယ်မို့. .

"နင်ကကော ဘာတွေပြန်ဖြေလိုက်သလဲ . . "

"အဖူးက ဘာမှပြန်မပြောလိုက်ဘူး . . သူချည်းပြောနေတာပဲ. . "

ခင်မောင်ကြည်က သက်ပြင်းတစ်ခုလုံးကို ဟင်းခနဲချပစ်လိုက်သည်။

"အေး . . ကောင်းပြီ . . နောက်တစ်ခါ ဒီရပ်ကွက်ထဲက မဟုတ်ဘဲ . . အပြင်သူစိမ်းတွေထဲက. . အဲဒီလို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မေးလာခဲ့တဲ့သူရှိရင် နင်နဲ့ငါ ဘာမှမတော်ဘူး . . အပွင့်တွေ ဘာတွေနဲ့လည်း ဆွေမျိုးလျှောက်စပ်ပြစရာ မလိုဘူး နားလည်လား . . ”

အဖွားက မျက်လွှာတစ်ချက် လှန်ကြည့်သည်။

“ဟုတ်တာပြောတာပဲ. . အမေ အတင်းဆွေမျိုးလိုက်စပ်ထားတိုင်း နင်ကပါလိုက်ယောင်မနေနဲ့ . . ငါက အကြောင်းရှိလို့ ပြောတာနော် အဖွား . . မြဲမြဲမှတ်ထား နောက်ပြီး မြေးချစ်ကလည်း ငါနဲ့ဘာမှမဆိုင်ဘူး . . ငါ့အမေ ဒေါ်လေးတင်သည်ပင်လျှင် ငါနဲ့ ဘာမှမပတ်သက်ဘူး . . နားလည်ရဲ့လား . . ”

“ဟုတ် . . ”

“အေး . . ကောင်းပြီ. . ငါ့မှာ အကြောင်းရှိတယ်ဆိုတာကလည်း နင်နဲ့ မြေးချစ်တို့အတွက်ပဲ သိလား၊ အေး . . ခြင်းတောင်းကြီး ငါ့ပေးရင် ပေးထား၊ နင်လေးနေလိမ့်မယ် . . နောက်တစ်ခါဆို ခုနကလိုကောင်မျိုးပဲဖြစ်ဖြစ် တခြား တောင်တောင်အီအီကောင်ပဲ ဖြစ်ဖြစ် နင့်အနားကပ်လာခဲ့ရင် ယောကျာ်းဆိုတာ ဘယ်တစ်ကောင်တစ်ယောက်မှ မကောင်းဘူးဆိုတာ နင်စွဲစွဲမြဲမြဲမှတ်ထားနော် အဖွား . . နင့်အဖေလို့ဆိုတဲ့ ငါတောင် နင့်မျက်စိရှေ့မှောက်မှာတင် ဘယ်မှာကောင်းလို့လဲ တွေ့တယ်မဟုတ်လား . . ”

အဖွားက ခေါင်းကြီးငုံ့ချထားသည်။

“ရုတ်ရုတ်. . ရုတ်ရုတ် မလုပ်နဲ့ . . ငါကလိုက်,လိုက်ပြော

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြီး ထိန်းသိမ်းနေရတော့ ငါ့ပဲ လူတွေက ကြာရင် မကောင်းမြင်မယ်. . နင်က ငယ်ငယ်လေးရှိသေးတာ လောကကြီးအကြောင်း နင်ဘာမှမသိသေးဘူး . . ကြားလား”

ခေါင်းငုံ့နေသော အဖူးရဲ့ မျက်နှာမှာ မြင်ရခဲ့သော အပြုံးတစ်ခု ရုတ်တရက် လှစ်ခနဲ ပေါ်လာလေသည်။

❀ ❀ ❀

“ကဲ . . လုပ်ပါဦးကွ . . မင်းနာမည်က ဘယ်လိုခေါ်သတဲ့လဲကွာ . . ”

ဒိုးဒိုးက မြေးချစ်ရဲ့ ပခုံးလေးကိုဖက်ကာ မျက်နှာလေးကို ဆွဲမော့ယူပြီး မေးလိုက်သည်။ မြေးချစ်ကား ပြန်မဖြေ. . ။ အိမ်ကြီးတစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှုနေရသဖြင့် စိတ်ရောလူပါ မအားမလပ် ဖြစ်နေလေသည်။ မြေးချစ်ရဲ့ စိတ်ကူးထဲမှာတော့ အိမ်ရှေ့ခြံထဲက ရေကူးကန်ကြီးကိုပဲ သဘောအကျဆုံး ဖြစ်လို့နေသည်။ ဒီအိမ်မှာနေပြီးရင်တော့ နေ့တိုင်းပင် ကန်ထဲ ဒိုင်ဗင်ထိုးချပစ်ရဦးမည်ဟု စိတ်ထဲ တေးထားလိုက်မိ၏။

“ဦးဦး မေးတာဖြေလေကွာ . . သားသားနာမည်က ဘာလဲကွ . . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒိုးဒိုးက ထပ်ပြီးမေးလိုက်ပြန်သည်။ ခပ်လှမ်းလှမ်းမှာ လက်နှစ်ဖက်နောက်ပစ်ပြီး ရပ်ကြည့်နေသည့် ခင်မောင်ကြည်မှာ မျက်နှာကိုပြုံးပြုံးကြီး လုပ်ထားရငြား စိတ်ထဲမှာတော့ ကျလိကျလိနှင့် မြေးချစ်ဆိုတဲ့ အကောင်ကို ဒေါသတွေက ထွက်လှပြီ။ အိမ်မှာတင် ဇက်ပိုးအခါခါအုပ်ပြီး သင်ကြားလာခဲ့သမျှတို့ဟာ ဒီကောင်လုပ်ပုံနဲ့ အလဟဿ ဖြစ်ရတော့မှာလား . . ။

မြေးချစ်ကို ခင်မောင်ကြည်က ယုံသည်။ ဒီကောင်ဟာ တခြားကလေးတွေနဲ့မတူ . . အသက်က ရှစ်နှစ်ကျော်ကိုးနှစ်ထဲမှာဆိုပေမယ့် လူကြီးနဲ့မခြား အသိဉာဏ်ရှိလှတာမို့ ခင်မောင်ကြည်ရဲ့ အစီအစဉ်တွေထဲမှာ လှလှပပ မပါဝင်နိုင်စရာအကြောင်းကိုမရှိပေ . . ။ သို့သော် ယုံသလို ကြောက်ကလည်းကြောက်ရပါသေးသည်။ ဒီကောင်မို့ ဆိုးပြီရွဲ့ပြီဆိုရင်လည်း တော်ရုံလူ လိုက်မမီတော့ကာ ခင်မောင်ကြည်သည်ပင်လျှင် ဇက်ပိုးတစ်အုပ်အုပ် . . တုတ်ချက်တဖြောင်းဖြောင်းတို့ကြားက တစ်ခါတစ်ရံကျ စိတ်ပျက်လက်လျှော့ရမလို ရှိသေးတာ . . ။

"ဟော့ . . ဖြေလိုက်လေကွာ . . "

ခင်မောင်ကြည်က ဝင်ထောက်လိုက်သည်။ ဒီတော့မှပဲ မြေးချစ်က ခင်မောင်ကြည့်ထံ တစ်ချက်စွေကြည့်လိုက်ရင်းက . .

"မြေး . . "

"ဘာ. . မြင်း . . ဟုတ်လားကွ. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မြေး . . မြေး . . "

"ဟား ဟား . . နာမည်ကလည်းကွာ . . ရှာရှာကြံကြံ မြင်းရယ်လို့ပဲ . . "

ဒိုးဒိုးက သိပြီးကြားပြီးဖြစ်ရက်နဲ့ တမင်ပင် မြေးချစ်ကို လိုက်စနေလေသည်။ စိတ်မရှည်တော့စွာ . . **"မြေး"** ဟု ကျုံးအော်လိုက်သော အသံမှာ အိမ်တစ်အိမ်လုံးသို့ ရော . . ခြံထဲတစ်ခွင်သို့ပါ စူးရှကျယ်လောင်စွာ ပျံ့နှံ့သွားပါတော့သည်။ ဒိုးဒိုးတောင်မှ နားအူသွားသဖြင့် မြေးချစ်နှင့် ကပ်နေရာမှ မျက်နှာက နောက်ဘက်သို့ ခပ်လန်လန်ဖြစ်သွားရလေသည်။

ဟာ. . ဒီကောင်. . ။ ခင်မောင်ကြည်ရဲ့ လက်တစ်ဖက်က နောက်ဖက်သို့ ပစ်ထားရာမှ ရုတ်တရက် ယောင်ယမ်းမြောက်တက်ပြီး ရှေ့ဖက်သို့ဝဲခနဲ ဖြစ်သွားမိသည်။ ပြီးမှ . . "အင်း . . မဟုတ်သေးဘူး" ဟု အမြန်ဆုံး ပြန်ရုတ်သိမ်း ဖွက်ပစ်လိုက်ရလေတော့သည်။ ကိုယ့်အထက် အရာရှိကြီး GM တစ်ယောက် မွေးစားမည့်ကလေးသည် တကယ်ဆိုလျှင် ထိုရုံးမှဝန်ထမ်းဖြစ်သော ခင်မောင်ကြည်နှင့် ဘာမှမဆိုင်ဘူး မဟုတ်လား . . ။ ထိုကလေးဘာသာ ဆိုးဆိုး ကောင်းကောင်း . . ဝန်ထမ်းတစ်ယောက်က ဘာမှဇက်ပိုး ဝင်အုပ်နေစရာ အကြောင်းမရှိပေ. . ။ အင်း . . စိတ်ထိန်းမှပေါ့ ခင်မောင်ကြည်ရယ် . . ။

ခင်မောင်ကြည်က "ဟာ . . တယ်စွာပါလားကွ" ဟုဝင်ပြောလိုက်ပြီးလျှင် "တဟီးဟီး . . တဟဲဟဲ"ပါ ရယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပစ်လိုက်ကာ . .

"ကလေးကတော့ ထက်ထက်မြက်မြက်ကလေးထဲက ပဲ ဒိုးဒိုးရေ. . ဟဲ ဟဲ ဟဲ . . ဒီလိုပါ. . သူ့နာမည် က မြေးချစ်ရယ်လို့ ဖြစ်နေရတာက အဘွားနဲ့ပဲနေခဲ့ ရတာလေ. . မိဘမဲ့ကလေး မဟုတ်လား . . အဖေ အမေတွေမရှိကြတော့ဘူးဆိုတော့ အဘွားလုပ်သူက လည်း အချစ်ပိုပြီး မြေး . . မြေးချစ်နဲ့ ခေါ်ရာက ကြာတော့ ဒီနာမည်ပဲ တွင်သွားတာပေါ့ . . "

မြေးချစ်ရဲ့အကြည့်က ခင်မောင်ကြည့်ထံ ဒိုင်း ခနဲရောက်လာသဖြင့် ခင်မောင်ကြည်က အမြန်မျက်နှာလွှဲ မမြင်ချင်ယောင် ဆောင်လိုက်ရပါသည်။ ဒီကောင် လုပ်နေပုံ နဲ့တော့ ခက်တော့မယ်. . ။ တကယ်ဆို သန်းခေါင်စာရင်း ကအစ မွေးစာရင်းကအစ ကိုယ့်နာမည်တစ်လုံးမှ မပါသော ဒီကောင့်ကို လိုက်စုံစမ်းကြည့်ရင်လည်း မရနိုင်တော့လောက် အောင် ခင်မောင်ကြည်က ခြေရာဖျောက်ဇာတ်လမ်းတွေ ဆင်ခဲ့ပြီးသား။ ခုတော့ ဒိုးဒိုးက လိုက်လုံစမ်းလို့ ပေါ်မှာမဟုတ် ဘဲ ဒီကောင် ကဂျီကဂျောင်နိုင်တာနဲ့ပဲ ပေါ်ရမယ့်အဖြစ်မျိုး။

"ကိုးနှစ်ထဲမှာဆိုတော့ ကျောင်းတော့ နေနေပြီပေါ့ နော်. . "

"နေပြီ. . နေပြီ. . ဒီကောင် ဒီနှစ်သုံးတန်း"

"သူတို့ရွာကလေးဆိုတာက အတော်ခေါင်တယ်ဆို. . ကျောင်းတော့ရှိတယ်ပေါ့"

"ဟာ. . သူ့အဘွားက ကျောင်းချိန်ဆို ရန်ကုန်ပို့ထား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



တာပဲ. . ဒီမှာ ကျောင်းလာတက်ရတာ. . ဒါပေမယ့် ရန်ကုန်အိမ်ခံက မကောင်းဘူး . . သဘောထားမကြီးကြဘူးဆိုရမှာပေါ့ . . ဒီကလေးလေးတစ်ယောက် စားတာသောက်တာ ဘာရှိမှာလဲ . . အဲဒါကိုပဲ မသထာကြတော့ ဒီကောင်လည်း ငတ်တစ်လှည့်ပြတ်တစ်လှည့်ပေါ့ ဒိုးဒိုးရာ. . ခုကျတော့ သူ့အဘွားကလည်း ဆုံးသွားပြီဆိုတော့ စဉ်းစားကြည့်တော့ . . ”

မြေးချစ်ရဲ့ အကြည့်တွေက ခင်မောင်ကြည့်ထံ ရောက်လာပြန်သည်။

“ရန်ကုန်အိမ်က အမျိုးမတော်ဘူးပေါ့ . . ”

“မတော်ဘူး . . မတော်ဘူး . . ကိုယ်သာ အချိန်မီ သွားမခေါ်လိုက်ရင် ဒီကလေးကို နှင်ချပစ်ဖို့အထိ စီမံနေကြပြီ. . ရက်စက်တဲ့လူတွေ. . ”

“အင်း . . ကျောင်းက ဒီအိမ်နဲ့တော့ မနီးလှဘူးနော်၊ တက်နေရတာ နှစ်တစ်ဝက်ရှိနေတုန်း တန်းလန်းကြီးဆိုတော့”

“ဟာ. . မပူနဲ့ . . ကိုယ် တစ်ခါတည်း ကျောင်းထွက်လက်မှတ်ပါ ယူလာခဲ့ပြီးပြီ. . ဟုတ်တယ်လေ . . နို့မို့ဆို ဒိုးဒိုးမှာက အလုပ်ကအများသား”

အင်း . . ကိုကြည်. . ကိုကြည်. . ။ အတော်ဟုတ်တဲ့လူပဲကိုး . . ကျောင်းထွက်လက်မှတ်ပါက တစ်ခါတည်း အပြီးယူချလာခဲ့တော့ ဒိုးဒိုးဘက်ကသာ စဉ်းစားဦးမယ် ဘာညာလုပ်နေရင် ကလေးက နေရင်းထိုင်ရင်း ကျောင်းတစ်နှစ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



က ပုပ်ဦးတော့မယ် ..။ ရန်ကုန်မှာက ဆွေမရှိမျိုးမရှိ.. မိဘကမဲ့သေး ..အဘွားကတော့ ဟိုးဝေးသီခေါင်ဖျားက တောရွာလေးတစ်ရွာမှာသေပြီ..ကျောင်းကလည်း နုတ်လာခဲ့ပြီဆိုတော့ တကယ့်ကို အပြီးအပြတ်ပဲ..နောက်ကြောင်းရာဇဝင်ကို ဘယ်လိုမှလိုက်လို့မရလောက်အောင် ဇာတ်လမ်းက ပြီးပြတ်နေတော့တာပေါ့။ ကိုကြည်..ကိုကြည်..။

ပုဆိုးကွင်းသိုင်းကြီး တစ်ခုကို တင်းတင်းပြန်ပြင်ဝတ်ကာ တအားကုန် ပြေးချလာသော ဒေါသမျက်နှာကြီး တစ်ခုကို ပြန်မြင်ယောင်မိရင်တော့ ဒိုးဒိုးမှာ မရယ်မိအောင် မနည်းစိတ်ထိန်းကာ နှုတ်ခမ်းကို ခပ်နာနာဖိကိုက်ပစ်လိုက်ရပါသည်။ အဲဒီတုန်းက ကိုယ်လည်း ဘာထူးလဲ ..ဘေးလူတွေကသာ စောင့်ကြည့်နေခဲ့ရင် တအားကို ရယ်စရာကောင်းနေတော့မှာပေါ့ ..။

"ပြေး ..ပြေး ..ပြေးပါ ဒိုးဒိုးရယ် ..အဖူးကြောက်တယ် ..ပြန်လှည့်မကြည့်နဲ့တော့ ..လွတ်အောင်သာပြေး"ဆိုတဲ့ စကားသံ တုန်တုန်ယင်ယင်ကလေးကို နာခံရင်း ..နောက်လှည့်မကြည့်စတမ်း ပြေးလိုက်ရတာ .. တကယ်ပဲ ခွေးပြေးဝက်ပြေး ..ရယ်စရာ ..ဟား ဟား ဟား။

"ဘာရယ်တာလဲ ဒိုးဒိုး .."

"ဟာ ..မဟုတ်ပါဘူး ..မြေးချစ်ကို သဘောကျလို့ပါ..တော်တော်သဘောကျစရာကောင်းတဲ့ ကောင်နော် ကိုကြည်..လူလည်း မကြောက်ဘူး ..ကျွန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော်တို့ ငယ်ငယ်တုန်းကများ ဒီအရွယ်ဆို အမေ့ထဘီ
နောက်နားလောက်မှာ ချောင်ကပ်နေတုန်း . . ”

ဧည့်ခန်းထဲက အလှပြအရုပ်တွေကို တစ်ခုချင်း ယူကိုင်လိုက် ပြန်ချလိုက် လုပ်နေသော မြေးချစ်ကို လှမ်းကြည့်လိုက်ပြီး ခင်မောင်ကြည့် မျက်နှာကြီးက ဝင်းထိန်သွားလေသည်။ ဒိုးဒိုးက သဘောကျသည်ဆိုရင် . . ဒါ ပြီးပြီပေါ့။ ဒိုးဒိုးဆိုတဲ့ ငအကောင်လေးဟာ သူများစကားအောင်တတ်မှန်း သိနေပေမယ့် တော်ကြာကျ မြေးချစ်ရဲ့ ဆိုးပုံကဲပုံတွေကြောင့် သဘောမကျပါဘူးဆိုရင် သွားပြီလေ. . ။ (တယ်လီဖုန်းတဂွမ်ဂွမ်နဲ့ နေ့စဉ်မှန်မှန် သွေးထိုးနေတဲ့ ဟိုဟာမ တစ်ယောက်ရဲ့ ရန်ကလည်း ရှိနေသေးတာ။)

“ကျွန်တော်တို့များ အမေ့ထဘီစ နောက်နားမှာတင် ချောင်ကပ်နေတုန်း” တဲ့ . . ဟား ဟား . . အဲဒါကြောင့်ပဲ မင်း ခုလိုဂွတီးဂွကျ . . အတီးအတပုံပေါက်နေတာပေါ့ ငတုံးကောင်ကလေးရဲ့ . . ဟား ဟား ဟား . . ။ ခင်မောင်ကြည်ကလည်း မြေးချစ်ကိုပင် လှမ်းကြည့်နေကာ သဘောတကျကြီး ရယ်ပစ်လိုက်ပါတော့သည်။

“သား . . ဒိုးဒိုး . . ကလေးလေး ရောက်နေပြီဆိုလို့”

အပေါ်ထပ် ဘုရားခန်းထဲမှ ဒိုးဒိုး၏အမေ ဒေါ်လှလှ ဆင်းလာချေပြီ။

“ဟင်. . ဒီအရွယ်တောင် ရှိနေပြီလား . . ကလေးမွေးစားမယ်ဆိုတော့ မေမေက ခပ်ငယ်ငယ်ပေါက်စနလေး မှတ်နေတာ. . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်က တစ်ခုခုကို ခပ်မြန်မြန် ဝင်ပြောဖို့ ဟန်ပြင်လိုက်ဆဲမှာပင် ဒိုးဒိုးက အရင်ဦးအောင် . .

"ပေါက်စနလေးဆိုရင် ကရိကထပိုပြီးများမယ် မေမေ"

"ဒါပေမယ့် . . ဘာမှမသိတတ်သေးတဲ့ အရွယ်ဆိုတာ ကြီးလာရင် ကိုယ့်ကိုပဲ စုပုံပြီး ခင်မင်တွယ်တာစိတ် ပိုများမယ် ဒိုးဒိုးရဲ့ . . သိတတ်နေတဲ့ အရွယ်ကျတော့ သူတို့ရဲ့ အတွေးအခေါ်လေးတွေက တစ်မျိုးဖြစ်စ ပြုပြီလေ. . "

"ဟို. . ဒီကောင်ကတော့ နောက်ကြောင်းရှင်းရှင်းနဲ့ ခင်မင်တွယ်တာစရာကလည်း ဘာမှမရှိ. . "

ဒိုးဒိုးက ဝင်ပြောပြန်သော ခင်မောင်ကြည့်ကို လက်ကာပြထားလိုက်ကာ. .

"ကျွန်တော် သူ့ကို မွေးစားချင်တယ် မေမေ. . "

သားတော်မောင်ရဲ့ရုပ်ကိုကြည့်ရင်း ဒေါ်လှလှ တွေဝေသွားသည်။ ကလေးမွေးစားဖို့ စပြောလာကတည်းက တစ်ခုခုတော့ တစ်ခုခုပဲဟု အထင်ရှိခဲ့မိသော ဒေါ်လှလှမှာ တစ်သက်တာပတ်လုံး မဟုတ်တာ မမှန်တာဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့သည့် သားဒိုးဒိုးကို ယုံကြည်စိတ်ချစွာပင် ဆုံးဖြတ်ပိုင်ခွင့် အပြည့်ပေးထားပြီး ဘေးကနေ လမ်းကြောင်းချပေးရုံလောက် ပဲ့ပြင်ထိန်းကျောင်းလာခဲ့တာမို့ သားရဲ့ဆန္ဒ. . သားရဲ့ဆုံးဖြတ်ချက် မှန်သမျှကို ငြင်းပယ်ရန်ဘာကြောင်းမှ ကိုမရှိပါ။ ပတ်ဝန်းကျင်ရဲ့ အမြင်မှာ ခပ်အေးအေး . . သဘောကောင်းကောင်းနှင့် ခပ်အအပုံပါ ပေါက်နေခဲ့သော

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒိုးဒိုးဟာ ဘဝဒဏ်ကို ခံရလွန်းလို့ လောကကြီးအကြောင်း လူတွေရဲ့အကြောင်းကို နှံ့စပ်နေအောင် သိပြီးဖြစ်နေသည့် ဒေါ်လှလှ၏ အမြင်မှာတော့ . . သဘောကောင်းသော်ငြား ပြတ်သားသော . . အေးဆေးသော်ငြား ဉာဏ်ရည်မြင့်မား အစွမ်းအစရှိသော သားလိမ္မာကလေးတစ်ယောက်ပင်တည်း။

ပြောရမယ်ဆိုရင် ကိုယ်တိုင်အကဲခတ်နိုင်သလောက် သားရဲ့လက်အောက်က ဒီခင်မောင်ကြည်ဆိုတဲ့ တစ်ယောက်ကို ဒေါ်လှလှက ဘဝင်မကျ . .။ သို့သော် ဒီလူ့ပုံစံက သိပ်မဟုတ်လှတာကို ကိုယ်သိသလောက်တော့ သားလည်းသိကိုသိနေပေလိမ့်မည်ဆိုတာကို ယုံကြည်သဖြင့်သာ ဒေါ်လှလှက သားရဲ့အပေါင်းအသင်း . . အလုပ်အကိုင်နဲ့ အစီအမံကိစ္စတွေကို ဘာတစ်ခုမှ ဝင်မစွက်ခဲ့ခြင်းဖြစ်ပေသည်။

အခု နေရင်းထိုင်ရင်းကြီးနှင့်ပင် ကလေးတစ်ယောက် ကောက်မွေးစားချင်တာ . . ဒီကလေးမှ ဒီကလေးဖြစ်ရတာသည်လည်း သားအကြောင်းနှင့်သား . . သူ့မှာ ခိုင်လုံသော . . မဟုတ်တရုတ်ကိစ္စ မဖြစ်နိုင်သော အချက်များရှိနှင့်နေပေလိမ့်မည်။ ဒေါ်လှလှက သိပ်စိတ်တိုင်းမကျချင်လှသော မျက်နှာထားကို ချက်ချင်းပြတ်ပစ်လိုက်တာ ခပ်အေးအေးနှင့် ခေါင်းတညိတ်ညိတ်သာ လုပ်နေလိုက်ပါတော့သည်။

"မင်္ဂလာပါ ဘွားဘွား"

လူကြီးသုံးယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြဆဲ . . လူလည်ကြီး၏သား . . လူလည်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေးတစ်ယောက်ပင်ဖြစ်သော မြေးချစ်က ရုတ်တရက် ဒီဘက် လှည့်လာကာ ဒေါ်လှလှကို နှုတ်ဆက်ပစ်လိုက်လေသည်။ ဒေါ်လှလှမှာ အံ့အားတသင့်နှင့် ခပ်ကြောင်ကြောင်ပင် ဖြစ်သွားရပြီးမှ . .

"ဩော်. . အေးအေး . . ကလေးက လိမ္မာတယ်နော်"

"ဟုတ်ကဲ့ . . သားကို ဘွားဘွားက ခေါ်ထားမှာလား"

"ဒါ မင်းဦးဦးကိုပဲ မေးပါကွယ် . . မင်းဦးဦးကြည့် လုပ်ပါလိမ့်မယ်. . "

"ဦးဦး . . "

မြေးချစ်က ဒိုးဒိုးနှင့် ထပ်ရင်ဆိုင်လိုက်သည်။ မြေးချစ်ရဲ့ စိတ်ထဲမှာ ဒီအိမ်ကို အရမ်းကိုကြိုက်နေပြီ . .။ မျက်နှာထားကိုယ်စီ အေးဆေးနေကြသော ဒီလူကြီးနှစ်ယောက် ဟာလည်း ဟိုအိမ်က လူကြီးသူမဆိုသူတွေလို လစ်ရင်လစ် သလို ဆော်မည့် တေမည့် ငေါက်မည့်ပုံမရကြ. .။ အနိုင် ကျင့်ချင်သည့် ကိုယ့်ထက်အကြီးများလည်းမရှိ. .။ အဖေ ကိုယ်တိုင်တောင် ရိုက်ချင်စိတ်တွေ တရွရွနှင့် လက်ရွယ်ပြီး ကာမှ မရိုက်ရဲတော့သည့်အဖြစ်အထိပါ လူလည်ကလေးက သိရှိသေချာသွားပြီးသော အခါတွင်မကတော့ . . ဤအိမ်ဟာ မြေးချစ်အတွက် နတ်ပြည်ဗိမ္မာန်တစ်ခုလို ဖြစ်နေပြီတည်း . .။

တစ်ခုပဲရှိတာက ဟိုအိမ်ကဘွားဘွားနှင့် ဖူးဖူး တို့ကို ခွဲခဲ့ရခြင်းပင် . .။ ဒါပေမယ့်လည်း အဖေကပြောတော့ ဘွားဘွားက သေတော့မှာဖြစ်သည့်အတွက် သေသွားရင်လည်း ဘယ်မှာနေနေ ခွဲရမှာပဲတဲ့ . .။ ဖူးဖူးကတော့ သိပ်မကြာခင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာ မြေးချစ်နှင့် ခဏ၊ ခဏ၊ နေ့တိုင်းနီးပါး တွေ့ကြရမည့် အစီအစဉ်တွေ အဖေ့မှာရှိသေးသည်ဟု ကတိပေးထားလေသည်။ ဒီတော့ ဒီအိမ်မှာ မြေးချစ်က နေခွင့်ရမှုကိုဖြစ်မည်။ နေရဖို့ကလည်း ဒီဦးဦးနှင့် ဘွားဘွားတို့၏ အဆုံးအဖြတ်ပေါ်တွင်သာ မူတည်နေတာပဲ မဟုတ်လား . . ။

"ဦးဦး"

"အေးပါကွာ . . မင်းကို ငါ ဒီမှာပဲ ခေါ်ထားမှာပါ. . သားကလည်း လိမ်လိမ်မာမာနေရမယ်. . ဘွားဘွားပြောတာ. . ဦးဦးပြောတာဆိုတာတွေကို နားထောင်ရမယ်. . ဟုတ်ပြီလား . . "

"ဟုတ်ကဲ့ . . "

ကိုခင်မောင်ကြည့် ရင်ထဲမှာ အလုံးကြီးတစ်လုံးကျသွားသည်မှာ 'ဝုန်း' ခနဲပင် မြည်သွားရော့သလားဟု ထင်ရပါတော့သည်။

"ဒိုးဒိုးရေ ဒါဖြင့်ရင် ရုံးကိစ္စတွေအတွက် သုံးနေတဲ့ မစ္စတာ ကာဆိဂိတို့ရဲ့ ရှေ့နေကြီးကိုပဲ သုံးမလား . . ဒါမှမဟုတ် တခြားက ဒိုးဒိုးတွေ့ထားမြင်ထား စီစဉ်ထားပြီးသား ရှေ့နေတစ်ယောက်ယောက်ကိုပဲအကြောင်းကြားပေးရမလား"

"ဘာလုပ်ဖို့လဲ ကိုကြည်. . "

"ဩော်. . ဒီလိုပဲလေ. . ကလေးမွေးစားတယ်ဆိုတာ စာချုပ်စာတမ်းနဲ့ဘာနဲ့ အတိအကျ. . "

"မလိုပါဘူး ကိုကြည်. . ကျွန်တော်ကတော့ ဒီတိုင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အလွတ်သဘောပဲ မွေးစားမှာ . . ကိုယ့်စိတ်ကပဲ အရေးကြီးပါတယ် . . ”

“သြော် . . ဒီလိုလား . . ကိုယ်ဆိုလိုတာက . . ဒိုးဒိုးတို့ဘက်အတွက်ပဲ ပြောတာပါ . . မွေးစားပြီဆိုရင် မွေးစားမိဘတွေဘက်ကပဲ ပိုပြီးပိုင်ပိုင်နိုင်နိုင် ဖြစ်ချင်ကြတာမျိုးလေ . . တော်ကြာ လာပြန်တောင်း ဘာညာနဲ့ ကိစ္စတွေက ရှုပ်ကြတတ်တာ မဟုတ်လား . . ”

“အင်း . . ကျွန်တော့်မှာတော့ အဲဒီကိစ္စမျိုး မရှုပ်လောက်ဘူး ထင်ပါရဲ့ . . ဟိုးအရမ်းဝေးခေါင်နေတဲ့ ရွာကလေးက တစ်ဦးတည်းသော ဘွားအေကြီးကလည်း ဆုံးသွား . . နဂိုတည်းကလည်း မိဘမဲ့ . . ရန်ကုန်မှာကလည်း အစောကတည်းက မလိုလားကြတဲ့ အမျိုးလုံးဝမတော်တဲ့ သူတွေချည်းပဲဆိုတော့လေ . . ဘယ်သူမှ ဘာပြဿနာမှ လာပေးဖို့ မရှိလောက်ပါဘူး . . ”

“ဟုတ်တယ် . . ဘယ်သူလာခေါ်ခေါ် . . ဘယ်သူကပဲခေါ်ခေါ် . . ရိုက်ခေါ်ခေါ် . . သားက မလိုက်တော့ဘူး . . သားက ဒီမှာပဲ နေတော့မှာ . . ”

မြေးချစ်ကလည်း သူ့အဖေမျက်နှာကို စေ့စေ့ကြည့်ကာ ဝင်ပြောလိုက်ပါသေးသည်။ ခင်မောင်ကြည်မှာတော့ ဒိုးဒိုးအပေါ်မှာရော . . အဖြစ်အပျက် အပေါ်မှာရော မကျေမနပ်ကြီးနှင့် အီလည်လည်ကြီး ဖြစ်သွားရပေမယ့် သူ့အနေအထားကိုက ဘာမှတိုက်တွန်းပြောဆိုခွင့် မရှိသည့်နေရာကိုယူထားပြီးဖြစ်ရာ ဒီ့ထက်ပိုပြီး ဘာမှထပ်ပြောလို့ မရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော့ပေ. . ။ အင်း . . ဒီကောင်လေး . . အ,တယ်. . တုံး,တယ် ဆိုတာ ဒါမျိုးနေရာကျတော့ မအ,ပါ. . မတုံးပါလား . . ရှေ့နေရှေ့ရပ်နှင့် အတိအကျ စာမချုပ်ခြင်းဟာ သက်သက် မဲ့လူလည်ကျလိုက်တာပဲဟု ခံယူသဖြင့် ခင်မောင်ကြည်က တန့်နဲ့ပင် ဖြစ်နေရပါတော့သည်။

ပြောနိုင်တာမဟုတ်. . ဟိုဟာမ ခင်နှင်းဆီများ သင်ကြားပို့ချပေးထားလေရော့သလား မသိပါဘူး . . ။

ဒိုးဒိုးက အိမ်မှအလုပ်သမားအဒေါ်ကြီးကို လှမ်း ခေါ်လိုက်ကာ မြေးချစ်ကို အဒေါ်ကြီးနောက်သို့ ထည့်လိုက် လေသည်။ ဒေါ်လှလှကလည်း မြေးချစ်တို့နောက်သို့ ထ, လိုက်သွားသည်။ ခင်မောင်ကြည်က ခုမှပင် ဆက်တီကုလား ထိုင်တစ်လုံးထက် ဝင်ထိုင်လိုက်စဉ်မှာ . . ဒိုးဒိုးက . .

"ကိုကြည်. . အေးအေးဆေးဆေးပဲဆိုရင် ထမင်းစား သောက်ပြီးမှပြန်နော်. . ကျွန်တော်တော့ ခဏ. . ဖုန်းဆက်စရာလေးတစ်ခုရှိလို့ . . "

"ဟာ. . ရတယ် . . ဆက်ဆက် . . ဒီမှာ. . မောင် မြေးချစ်ရဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေအတွက် ဖိုလ်တွဲနော်. . ကိုယ်တော့ အချိန်သိပ်မရတော့ဘူး လစ်တော့မယ်. . "

ခင်မောင်ကြည်က ပြောပြောဆိုဆိုပင် ထိုင်ရာမှ ပြန်ထကာ. . ဖိုလ်အစိမ်းလေးတစ်ခုကို ဧည့်ခန်းနှင့်တစ်ဆက် တည်းက ဒိုးဒိုးရဲ့အိမ်ရုံးခန်းထဲ သွားဝင်တင်လိုက်ပြီး ဧည့်ခန်း ထဲ ပြန်ထွက်အလာမှာ. . ဒိုးဒိုးက ဖုန်းပြောလို့ နေချေပြီ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ခင်နှင်းဆီ"

ခင်မောင်ကြည် တစ်မျိုးဖြစ်သွားရသည်။ ဒီ့နောက်မှာတော့ ဧည့်ခန်းက ဆက်တီတစ်လုံးမှာ ခင်မောင်ကြည်က ပြန်ပဲဝင်ထိုက်လိုက်ပါတော့သည်။

"ခင်နှင်းဆီ. . ကျွန်တော် ဒိုးဒိုးပါ. . ဟိုဟာလေ. . ခင်နှင်းဆီက. . ကလေးမွေးစားဖြစ်တော့မယ်ဆိုရင် သိချင်တယ်ဆိုလို့ . . ဟုတ်ကဲ့ . . အခု မွေးစားဖြစ်ပြီ ဆိုပါတော့ . . ဟုတ်တယ်. . အိမ်ရောက်နေပြီ . . ဒီမနက်ပဲ ကိုကြည် လာပို့ပေးတာလေ. . "

ဒိုးဒိုးမျက်နှာ ခပ်ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်သွားတာကိုမြင်လျှင် တစ်ဘက်မှ တစ်စုံတစ်ခုကို အတိုက်အခံ ပြောဆိုအော် ဟစ်ပစ်လိုက်ပြီမှန်း ခင်မောင်ကြည်က သေချာလိုက်လေသည်။ အင်း . . ဒီမိန်းမဟာ အစောကတည်းက ကလေးမမွေးစားဖို့အရေးနဲ့ မွေးကိုမွေးစားတော့မည်ဆိုရင်လည်း သူကိုယ်တိုင် အပင်ပန်းခံပြီး လှည့်ပတ်စုံစမ်း ရှာဖွေပေးပါမည်ဟု တစ်ပြောတည်း ပြောနေတာ ကိုယ်မသိဘဲ နေမလား . .။ ပြဿနာ. . ပြဿနာမ. .။ ဒိုးဒိုး စာမချုပ်ဖြစ်ခြင်းဟာလည်း ဒီပြဿနာမရဲ့ စကားအောင်ထားတာပဲနေမှာ. .။

တောက်. . ယောကျ်ားချေးကျတဲ့ကောင် . . ဒီဟာမက ချက်ချင်းအကြောင်းကြားရမည်ဆိုလည်း စက္ကန့်မဆိုင်းပင် ပြေးသံတော်ဦးတင်တော့တာပဲ. .။ ခင်မောင်ကြည်စိတ်ထဲမှာ ဒိုးဒိုးကို မမုသော်လည်း ဒီပြဿနာမကိုတော့ လန့်ပေသည်။ ဒီဟာမက မစ္စတာ ကာဆိဂိနှင့် လက်တွဲပြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပျောက်နေတဲ့ အပ်တစ်ချောင်းကို ကောက်ရိုးပုံပေါင်းများစွာ ထဲမှ မတွေ့တွေ့အောင်ရှာကြတဲ့ Training (ထရိန်နင်)ကို အပြည့်အဝရထားတဲ့သူ. .။ အတူခရီးသွားခဲ့ဖူးသဖြင့် ဒီဟာမ ဘယ်လောက် ထက်မြက်စွမ်းဆောင်နိုင်သလဲဆိုတာ ခင်မောင် ကြည်က မြင်တွေ့နေရပြီးသားလေ. .။ အဓိကဟာ မစ္စတာ ကာဆီဂိဖြစ်သော်လည်း ဒီဟာမရဲ့ အကြံဉာဏ်တွေကြောင့် ပွင့်သွားရတဲ့ လမ်းစတွေဟာလည်း အများကြီးပဲ မဟုတ် လား . .။

ဒိုးဒိုးပုံစံ ကြည့်ရတာ သူသဘောကျပြီဆိုရင် ပြီးပြီ. . မြေးချစ်ရဲ့ နောက်ကြောင်းကို စေ့စေ့ပေါက်ပေါက် လိုက်မည့်ပုံ လုံးဝမရှိ။ (ဒါကိုတွက်မိလို့လည်း ခင်မောင်ကြည် က ဒီအကြံကို အကောင်အထည်ဖော်ဖြစ်ခြင်းပင်။) သို့သော် “တရားလို တရားခံ ကျေပေမယ့် ကြားထဲက ကျော်ကြီး မကျေ”ဆိုတဲ့ စိတ်ဓာတ်မျိုးဟာ ဒီဟာမမှာ ရှိကိုရှိနေမှာ သေချာသည်။ အထူးသဖြင့် ‘ခင်မောင်ကြည် ခေါ်ဆောင်လာ ခဲ့သော ကလေး’ဆိုတဲ့ အချက်နဲ့ပဲပေါ့။ ဒိုးဒိုးက လိုက်မစုံ စမ်းပေမယ့် ခင်နှင်းဆီကတော့ မြေးချစ်ရဲ့ နောက်ကြောင်း ရာဇဝင်ကို လိုက်စုံစမ်းဖြစ်ဖို့ သေချာသလောက်ပင် ဖြစ်နေ ပြီ။ စုံစမ်းရမယ့် ကိစ္စကလည်း မစ္စတာ ကာဆီဂိ အိုမိ,ကြီး လူပျောက်ရှာသလို ခက်ခဲမည့်ကိစ္စမျိုးလည်းမဟုတ်. .။ မြေးချစ် အရင်ကနေခဲ့သော ရပ်ကွက်ကို သိလိုက်တာနဲ့ (အရင်က ဘာအကြံမှမရှိတိုင်း) အထူးတလည် ဖုံးကွယ်မထား မိသော ဒီကိစ္စက ‘ဘူး’အပေါ်သလိုပင် ပေါ်နေလောက်ပြီ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်မှာ ခွေးမျှားပင် ပြန်လာရပါတော့သည်။

"ရှစ်နှစ်သား . . ယောကျ်ားလေးလေ. . ချစ်စရာလေးပါ. . အသွက်ကလေးပဲ. . တမင်အသက်ကြီးကြီးကိုပဲ ရွေးလိုက်တာ. . နောက်ကြောင်းလား . . ရှင်းပါတယ်. . ရှင်းတာမှ ဘယ်သူတစ်ဦးတစ်ယောက်မှကိုမကျန်ဘူး . . ဆွေမဲ့မျိုးမဲ့ မိဘမဲ့ . . ဟိုး . . အညာဘက်က ရွာကလေးတစ်ရွာက. . ကျွန်တော်တောင်နာမည်အတိအကျ မခေါ်တတ်တော့ဘူး . . လာကြည့်မလား . . လာခဲ့လေ. . ကျွန်တော် ရှိနေမယ် . . ဟုတ်ကဲ့. . ကောင်းပြီ. . "

တောက်. . ကျောင်းသားကလေးတစ်ယောက်က ဆရာမကြီးဆီမှာ စာဖြေနေရတာ ကျနေတာပဲ. . ။ ဒီကောင်တော့ မဟုတ်သေးဘူး . . ဒီမိန်းမရဲ့စကား ဒီလောက်အောင်နေရင်. . ကြာရင်ခက်မယ်. . အင်း . . မြေးချစ်ကိုလည်း ဒီဟာမနဲ့အဆင်မပြေစေဖို့ . . မလုံးဖြစ်ဖို့ မှာထားရမယ်. . ။ သေချာပြန်သင်မှ. . မြေးချစ်ရဲ့နောက်ကြောင်းကိုလွှဲထားဖို့ကိုလည်း ဒဂုံဘက်မှာ မိသားစုနဲ့အိမ် ရှိသေးတဲ့ဖိုးနီကို အကူအညီတောင်းရမယ်. . ။ ကျောင်းနဲ့အိမ်က မနီးပဲ သပ်သပ်စီ. . တစ်မြို့နယ်စီမို့သာ တော်ပါသေးရဲ့ . . ။

ဘာပဲဖြစ်ဖြစ်. . အဓိက,ကတော့ ကျန်တာတွေကို မရမက လိုက်အုပ်နိုင်တယ်ပဲထား။ ဒိုးဒိုးအပေါ် ဒီမိန်းမရဲ့စကား ဒီလောက်အောင်နေလို့တော့ မဖြစ်ပေ. . ။ ခုတောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီလောက်ဆိုတော့ မတော်တဆ သူတို့နှစ်ယောက်များ လက်ထပ်ဖြစ်သွားကြရင်. . အဖူးကိုပါ နောက်ထပ်အခြေတကျထပ်လုပ်ပေးနိုင်ဖို့ဝေးလို့ မြေးချစ်တောင်မှ လွှင့်ချင်လွှင့်သွားရမှာ. .။ လက်ထပ်ဖြစ်ဖို့ဆိုတာကလည်း အနေးနဲ့အမြန်သေချာပေါက်ပါပဲ. .။ ဒီမိန်းမဟာ ဒိုးဒိုးရဲ့အခြေအနေကခုလိုခပ်မြင့်မြင့် မဖြစ်ခင်ကတည်းက ကောင်လေးရဲ့ ရုပ်ကလေးမက်ပြီး မျက်နှာသာပေး လိုက်လုံးနေတာပဲဟာ. .။ ချမ်းသာမြင့်မားလာပြီဆိုတော့ ဘာပြောကောင်းတော့မလဲ။ အမြဲတမ်း အနားမှာ တကပ်ကပ် မဟုတ်တော့ဘဲ(-)ရှူးထစတန့်ထွင်ပြီး အလုပ်ထွက်ပစ်တာလေးတစ်ခုကပဲ ကိုယ့်ဘက်မှာ ဘုရားမ,ချင်လို့ဖြစ်လာတာ။ တော်သေးရဲ့။

ဒိုးဒိုးဆိုတဲ့ အကောင်ကတော့ ခုထဲက နွားကျချင်နေတဲ့ပုံကြီးက ပေါ်နေပြီးသားဟာ. . ခင်နှင်းဆီကို ရှိန်လို့, ကြောက်လို့ အရင်က မကပ်ရဲရင်တောင် ခုဆိုရင်တော့ သူ့ရဲ့မြင့်တက်နေတဲ့ ကံဇာတာအရှိန်နဲ့ ဖွင့်မပြောဝန့်စရာဘာမှမရှိတော့ပေ. .။ ကြိုက်ချင်မှ ကြိုက်မှာပေါ့လို့ ပြောလို့မရ. .။ ထိုမိန်းမရဲ့ ရုပ်ရည်မျိုးက ဒီလိုငတုံးကောင်ကလေးမပြောနဲ့ ခင်မောင်ကြည့်လို အတွေ့အကြုံများပြီးသား လူမျိုးတောင်မှ စိတ်ဝင်စားစရာ ဖြစ်နေသေးတယ်လေ. .။

"ဟော. . ကိုကြည်. . အချိန်မရလို့ ပြန်ပြီဆို. . "

တွေ့လား . . ဧည့်ခန်းမှာ လူတစ်ယောက်လုံးကြီး ငုတ်တုတ်ပြန်လာထိုင်နေတာတောင်မှ မမြင်နိုင်လောက်အောင် မွှန်တာ. . မွှန်တာ. .။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"စိတ်ပြောင်းသွားပြီကွ. . ထမင်းတော့ စားသွားဦး မယ်ကွာ. ."

ခင်နှင်းဆီ ရောက်မလာခင် မြေးချစ်ကို လိုက်ရှာ ချောင်းရတာသည်လည်း ခင်မောင်ကြည့်အတွက် အလုပ် အကိုင်ကြီးတစ်ခု. .။ ထိုမိန်းမရောက်လာပြီးချိန်မှာ ဒိုးဒိုးနား မှာ ကပ်မခွာဆက်လုပ်နေရတာသည်လည်း အလုပ်ကြီးတစ်ခု ပါပေ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

「 အခန်း(၂) 」

ဒိုးဒိုးက အရမ်းကြောက်နေရှာသည့် အဖူးကို ကရုဏာသက်စွာနှင့် အားပေးပြုံး ပြုံးပြလိုက်ပါသည်။

"အဖေသိသွားရင် အားလုံး ခက်ကုန်ကြလိမ့်မယ် ဒိုးဒိုးရယ်. ."

"မသိနိုင်ပါဘူး အဖူးရယ်. ."

"ဟင့်အင်း . . ပြောနိုင်တာမဟုတ်ဘူးနော်. . အဖေက အဲလိုအချိန်တွေဆို အကြားအမြင်များ ရနေသလား မပြောတတ်ဘူး . . အဘွားတို့အိမ်ကို ပေါက်,ပေါက်ချလာတတ်တာ. . ခုလောက်ဆို ရောက်များရောက်နေပြီလားတောင် မသိဘူး . ."

ဒိုးဒိုးက အဖူးပုံကလေးကို ချစ်စနိုးနှင့် "တဟင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဟင်း”ရယ်လိုက်မိပြီးမှ “မရောက်ပါဘူး”ဟု ပြောလိုက်၏။

“အို. . ရောက်ချင်ရောက်မှာပေါ့. . ရောက်ပြီဆိုရင်တော့ သူငယ်ချင်းအိမ်ကို ဘာကိစ္စထည့်လိုက်ရတာလဲလို့ အဘွားနဲ့ရန်ဖြစ်လောက်ပြီ. . ပြီးရင်တော့ မြမြတို့လိပ်စာကို မရမကတောင်းပြီး မြမြတို့အိမ်အထိ လိုက်ချသွားမှာပဲ. . အဲဒီအခါကျရင် မြမြခမျာလည်း ဘာလုပ်ရကိုင်ရမှန်း သိမှာမဟုတ်တော့ဘူး . . အဖေ့ဒေါသက မလွယ်ဘူးနော်. . ဘယ်သူ့ကိုမှလည်း လူမှုရေးတွေ ယဉ်ကျေးမှုတွေ ဂရုစိုက်နေတတ်တာ မဟုတ်ဘူး . . မြမြတို့အိမ်မှာ လျှောက်ရမ်းကုန်ရင်တော့ မြမြမိဘတွေနဲ့ . . ခက်ကုန်ကြတော့မှာ ဒိုးဒိုးရဲ့”

“ဟင်း ဟင်း . . စီကာပတ်ကုံးနဲ့ စာရေးဆရာမ လုပ်ပါလား”

“အို . . သူက ဘာမှမသိဘဲနဲ့ လျှောက်ပြောနေ. . အဖူးက အမြဲခံနေရကျကို. . နောကျေနေပြီပေါ့ . . ပြန်မယ်. . ပြန်မယ်. . မဖြစ်ဘူး . . ပြန်ပို့ . . ”

“ကဲ. . ကဲ. . ကဲ. . ကိုယ်ကစနေတာပါ အဖူးရဲ့၊ အဖူးစိုးရိမ်နေတာတွေ ဘာတစ်ခုမှ မဖြစ်စေရဘူး . . ကိုယ်အာမခံတယ်. . ဟုတ်ပြီလား . . ”

“အို. . သူက ဘယ်လိုလုပ်ဝင်ပြီး အာမခံနိုင်ရမှာလဲ”

“ကိုကြည်က ရန်ကုန်မှာမှ မရှိဘဲ. . ကိုယ် သူ့ကို မန္တလေးလွှတ်လိုက်တယ်”

“ဩော်. . စောစောက ပြောပါလား . . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အမြဲအားငယ် သွေးဆုတ်နေတတ်သော နှုတ်ခမ်းကလေးတစ်ခုက စူထော်ထော်လေး ဖြစ်သွားကာ. . စိတ်လုပ်ချင်သွားတာကို မြင်လိုက်ရတော့ ဒိုးဒိုးက အသည်းတယားယားနှင့် အရမ်းကို သဘောကျနေမိပါတော့သည်။

"အဲဒီလောက်တောင် ကြောက်ရသလား အဖူးရဲ့ . . "

"အဲဒီထက်တောင် ကြောက်သေးတာပေါ့ . . ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်ကလေ. . ဒိုးဒိုး တစ်ခါလမ်းထဲရောက်လာတုန်းကဆိုရင်. . "

"ကြည့်စမ်း . . သိရက်သားနဲ့ သရုပ်ဆောင်ကလည်းကောင်းပါ့ဗျာ . . "

"အို. . ဒါတောင်. . လိုမ့်နေအောင် အရိုက်ခံလိုက်ရတာ သိရဲ့လား . . "

"ပြစမ်း . . ဒီလက်ကလေးတွေလား . . အတော်နာသွားမှာပဲနော်. . အရှိုးရာထင်ကျန်ရစ်သေးလား . . "

ဒိုးဒိုးက ညာတာပါတေးနှင့် အဖူးရဲ့ လက်ကလေးတွေကို လှမ်းဆွဲကာ ယူကိုင်ကြည့်လိုက်လျှင် အဖူးမှာ ဘုမသိ ဘမသိ အူကြောင်ကြောင်ကလေးနှင့် . . သူ့လက်ကလေးတွေကို လှမ်းပေးအကိုင်ခံလိုက်ရပြီးမှ . . "ဟင်း" ခနဲ အကျယ်ကြီးအော်ကာ ဒိုးဒိုးရဲ့လက်ထဲကနေ သူ့လက်တွေကို ဆောင့်ရုန်းထွက်ပစ်လိုက်လေသည်။ ဒိုးဒိုးမှာ ခပ်အအကလေး မကလေးရဲ့ အူကြောင်ကြောင် အမူအရာလေးတွေကို သဘောကျရလွန်းသဖြင့် . . "တဟင်းဟင်း"နှင့် ပါးစပ်မပိတ်နိုင်အောင်ပင် ဖြစ်နေရပါတော့သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဲဒီလောက်ကြောက်နေတာတောင်မှ . . ဘာလို့များ ကိုယ်က မြမြကနေ တစ်ဆင့်ခေါ် ချိန်းလိုက်တာကို ပါလာရတာလဲ အဖူးရယ်. . ဟင်. . "

"ဟာ. . မမေးနဲ့ . . မမေးနဲ့ . . အဲဒီလိုမမေးနဲ့ကွာ"

"ဘာဖြစ်လို့လဲ. . "

"မဖြေတတ်တာတွေ မမေးနဲ့ပေါ့. . "

ဒိုးဒိုးက ဒီတစ်ခါတော့ အဖူးရဲ့ လက်ကလေးတွေကို တမင်ပင် "ဖတ်"ခနဲ ဆွဲယူကာ ကိုယ့်လက်ဖဝါးနှစ်ဖက်ထဲ ခပ်ကျပ်ကျပ် ထည့်ဆုပ်ကိုင်ထားလိုက်ပြီးလျှင်. . ရှက်ယမ်းရှန်းဖယ်နေသော အဖူးရဲ့ မျက်နှာလေးကို စေ့စေ့လိုက်ကြည့်နေရင်း . .

"အဖူး မဖြေတတ်ရင် ကိုယ်ပဲ ဖြေပြတော့မယ် . . အဲဒါ အဖူးကလည်း ကိုယ့်ကို ကိုယ်ချစ်သလိုပဲ ပြန်ချစ်နေလို့ပေါ့ . . "

"ဟာ. . ဘာလဲမသိဘူး . . ဒိုးဒိုးက အရင်ကနဲ့ မတူတော့ဘူး . . အရမ်းဆိုးလာတယ်. . အရင်က ဒိုးဒိုး မှဟုတ်ရဲ့လား မသိဘူး . . သွား . . မကိုင်ထားနဲ့ . . လွှတ်. . "

"မှတ်မိတယ်ဆို . . ကဲ. . အရင်က ဒိုးဒိုးလည်း မဟုတ်ဘဲနဲ့ အဖူးကို ညာခေါ်လာတာဆို ဘယ့်နှယ့်လုပ်မလဲ. . ကြောက်စရာကြီး . . "

ဒိုးဒိုးက တမင်ပင် အသံကြီးကို အောအောကြီး လုပ်ကာ ပြောလိုက်ရာ ရွှင်ပြစွာရယ်ချလိုက်သော အဖူးအသံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေးက ခပ်ဝေးဝေးနေရာသို့ ထိလွင့်ပျံရောက်ရှိသွားပါတော့သည်။ အဖူးလေး ဒီလောက်ပျော်နေတာကို ဒိုးဒိုးရဲ့ တစ်သက်မှာ ဘယ်တုန်းကမှ မမြင်ဖူးခဲ့ဘူး ထင်ပါသည်။ အမြဲအားငယ်ရိပ် သန်းနေသော. . ကြောက်ရွံ့မှိုင်းအုံ့နေတတ်သော မျက်လုံးလေးတစ်စုံမှာ ဒီလိုဟက်ဟက်ပက်ပက် ရယ်ချလိုက်သောအခါတွင်မတော့ . . အံ့ဩစရာကောင်းလောက်အောင်ပင် တလက်လက် တောက်ပလက်ဖြာနေတော့ကာ. . သာမန် ကလေးရုပ်ကလေးလောက်သာဖြစ်သော အဖူး တစ်ယောက် တအားကြီး ကြည့်ကောင်းလှပသွားတာကို ထူးဆန်းစွာပင် မြင်တွေ့လိုက်ရပါတော့သည်။

ကိုကြည်ကြီးကို အကြောင်းမရှိ အကြောင်းရှာ မြှောက်ပင့်ပြီး မန္တလေးကိုလွှတ်လိုက်ရကျိုး . . အဖူးရဲ့ အဝေးသင်အတူတက်သော သူငယ်ချင်း မြမြလွင် ဆိုသူကို လုံးဝမသိမမြင်ဖူးပါဘဲနှင့် အတင်းအိမ်ပေါ်တက် မျက်နှာပြောင်တိုက်ကာ အကူအညီတောင်းခဲ့ရကျိုးတွေမှာ. . ဒီမျက်လုံးကလေးတွေ တလက်လက် တောက်ပကုန်ကြတာလေး တစ်ခုနဲ့တင် အရင်းကျေရုံမျှမက အမြတ်ပါထွက်သလို ဖြစ်ရပါတော့သည်။

"ကိုကြည်က အဖူးကို တိုထွာချုပ်ချယ်တာ တဆိတ်တော့ လွန်လွန်းတယ်ကွာ. . တကယ်ဆို အဖေအရင်းလည်း မဟုတ်ဘဲနဲ့များ . . "

"ဒါပေမယ့် အဖေက အဖူးကို တကယ်ပဲ သံယောဇဉ်အရမ်းရှိတာကိုတော့ အဖူးသိတယ် ဒိုးဒိုး . . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"သူ့သံယောဇဉ်ကလည်း စိတ်ကုန်စရာ. . "
"သူကယောကျ်ားတိုင်းကို သူနဲ့ချည်းပဲနှိုင်းတာ. . တစ်ယောက်မှ ယုံကြည်စရာမရှိဘူးတဲ့ . . တစ်ယောက်မှ မကောင်းကြဘူးတဲ့"
"အဖူးကရော ဘယ်လိုထင်လဲ. . ကိုယ်က ကိုကြည့်လိုပဲ လူရှုပ်လူပွေ တစ်ယောက်လို့ အဖူး ထင်သလား"
"အဖူးက . . အဖေပြောတဲ့အထဲမှာ ဒိုးဒိုးတော့ မပါနိုင်ပါဘူးလို့ ဟိုးအစောကြီးတည်းက ထင်ထားတာ. . အားလုံးတော့ တူတူချည်းပဲတော့ ဘယ်ဟုတ်နိုင်ပါ့မလဲနော်. . ။ ဒိုးဒိုးကတော့ အဖူးအပေါ်မှာ ဟိုးငယ်ငယ်လေးတည်းက ကောင်းခဲ့တာပဲဟာ. . အဖူးက သိတာပေါ့ . . "
"ဟုတ်တာပေါ့ . . ကြီးလာမှသာ ညာတာပါတေးနဲ့ လက်ကိုင်ထားတတ်တာ. . "
"ဟာ. . ဘာမှန်းလဲမသိဘူး . . "
"ဟား ဟား ဟား . . စတာ. . စတာ. . အလကား စတာ. . အဲဒီတော့ ပြောပါဦး . . ကိုကြည်က အဖူးကို တစ်သက်လုံး ဘယ်သူနဲ့မှ သဘောမတူတော့ဘူးပေါ့"
"ဟုတ်. . ရည်းစားထားရင် ယောကျ်ားယူရင် နှစ်လောင်းပြိုင်ကို သတ်ပစ်မှာတဲ့ . . သိကြားမင်းရဲ့ သားဖြစ်ပါစေ. . သဘာကိုမတူဘူးတဲ့ . . ပြောပြီးသား"
"ဟား . . နှစ်လောင်းပြိုင် လူသတ်မှုကြီးတော့ ဖြစ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော့မှာပဲ. . ကိုယ်တို့နှစ်ယောက်တော့ ဂျာနယ်တွေထဲ ပါတော့မယ်. . ”

“ဒိုးဒိုးရယ်. . နောက်မနေပါနဲ့. . အဖူးကဖြင့် သိပ်စိတ်ညစ်တာ. . အရှည်ကြီး လျှောက်တွေးကြည့်လိုက်ရင်လေ. . သိပ်ကြောက်ပြီး သိပ်ဝမ်းနည်းလာတာပဲ. . လွယ်လွယ်လေးနဲ့ ပြီးသွားမယ့်ကိစ္စ မဟုတ်ဘူးထင်တယ်နော်. . ”

“တကယ်လို့ . . အဖူးရဲ့လူက သူဟီးဟီးဟဲဟဲနှင့် သိပ်ခင်နေပုံပြတဲ့ ဒိုးဒိုးပဲလို့ သိသွားရင်ကော . . ပြီးမသွားနိုင်ဘူးလား”

“အမယ်လေး . . ပိုဆိုးမှာ. . ပိုဆိုးမှာ သိရဲ့လား . . အဖေ့အကြောင်း မသိလို့ ဒါမျိုးပြောတာ. . အဖကလေ သူ့ကိုယ်သူတော့ သိပ်လည်လှပြီလို့ အဟုတ်ကြီးသိပ်ထင်တတ်တာ. . သူများက သူ့ထက်လည်မယ်ကျော့မယ်ဆိုရင် နည်းနည်းလေးမှ ခံနိုင်တာမဟုတ်ဘူး . .

ခုဟာက ဒိုးဒိုးကို တကယ်ခင်တာထက် ဇာတ်လမ်းတွေဆင်နေတာပဲဟာ. . သူကတော့ သူ့ဟာနဲ့သူ အဖွင့်နဲ့အပိတ်နဲ့ အကွက်စေ့စေ့ ဇာတ်လမ်းတွေဆင်နေတော့တာကို ဒိုးဒိုးက ကြိုသိနေနှင့်တယ်ဆိုရင် အဲ့ဒီမှာတင် ရှက်ယမ်းယမ်းပြီး ပိုဆိုးကိုဆိုးမှာ သေချာတယ်. . တခြားလူနဲ့ဆိုရင်တောင်မှ သတ်ရုံပဲ သတ်မှာ. . ဒိုးဒိုးလို့သာ သိလိုက်ရရင်တော့ သေပြီးတာတောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နုတ်နုတ်ထပ်စင်းပစ်ဦးမှာ. . သိရဲ့လား . . ”

“အင်း . . ကိုယ်ကတော့ သူ့ဆန္ဒတွေအတိုင်း အလိုက်သင့်ကလေး လိုက်ခေါင်းညိတ်နေပေးရင် အခြေအနေက ကောင်းများလာမလားလို့ . . သူ့ဇာတ်ထဲ ကိုယ်ပါမျော လိုက်လာခဲ့တာပဲ. . ဒီလိုမှ မဟုတ်ရင်လည်း နီးစပ်ကြဖို့က လုံးဝမမြင်ဘူးလေ. . ”

ဒိုးဒိုးက ပျော်နေရာမှ စိတ်ပြန်ညစ်သွားသော မျက်နှာကလေးကိုကြည့်ကာ “စိတ်မညစ်နဲ့ . . စိတ်မညစ်နဲ့ အဖူးက ပျော်မှလှတာ . . ရယ်နေရင် သိပ်ကြည့်ကောင်းတာပဲ. . ”ဟု အားပေးလိုက်ပြီးမှ. .

“အဖူး . . ကိုကြည့်ကို လုံးဝထည့်မစဉ်းစားတော့ဘဲ သတ္တိမရှိရဲဘူးလား”

အဖူးခမျာ . . ချစ်ရသူရှေ့ . . လှချင်. . ကြည့်ကောင်းချင်ပါသော်လည်း ဘယ်လိုမှ ရယ်လို့ပျော်လို့မရတော့ဘဲ ငိုင်တွေတွေ. . တွေးဆဆနှင့်သာ. .

“မရှိရဲတာရော. . မရှိချင်တာရောပဲ ထင်တယ်. . အဖူးက အဖေ့ကို သနားတယ်”

ဒိုးဒိုးက “ဟူး”ခနဲ သက်ပြင်းတစ်ချက်ကိုသာ မှုတ်ထုတ်လိုက်မိပါတော့သည်။ အေးလေ. . ပထမဦးဆုံး ပြန်ပြီး စကားကြာကြာပြောကာ တွေ့ဆုံဖြစ်ကြရသော နေ့မျိုးမှာတော့ ကိုယ့်ဆန္ဒချည်း ကိုယ့်ဘက်ချည်း အပြည့်ပါလာအောင် ဘယ်လိုလုပ်ယူလို့ ရပါ့မလဲ. . အတင်းအကျပ်ကြီးဆိုလည်း သူကလေးပဲ စိတ်ညစ်စရာတွေ ဖြစ်နေတော့မှာပေါ့။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ်နှင့်က သုံးနှစ်ကျော်ကျော်ကလေးပဲ ကလေးအတွေးတွေနဲ့ ခင်မင်လိုက်ကြရတာ. . ။ သူ့အဖေဆိုသူနှင့်က ဆယ်နှစ်လောက် ကြာမြင့်ခဲ့သော အသိဉာဏ်ရှိလာသော ဦးနှောက်နှင့် စဉ်းစားတတ်လာခဲ့သော သံယောဇဉ်. . ။ ချက်ချင်းဘကီး တက်နိုင်းပြီး 'ဖြုန်း'ခနဲတော့ ဘယ်ကိုယ့်ဘက်ပါပါ့မလဲ. . ။

"စိတ်မညစ်ပါနဲ့ အဖူးရယ်. . အားလုံး အဆင်ပြေအောင် ကိုယ်ကြိုးစားနေဦးမှာပါ. . ဟုတ်တာပေါ့ . . အဖူးက မိန်းကလေးဆိုတော့ အုပ်ထိန်းသူတွေကို ဆန့်ကျင်ပြီး ဆုံးဖြတ်ရမယ်ဆိုတာ ဒီလောက်ကြီး ဘယ်လွတ်ပါ့မလဲ. . အထူးသဖြင့် ကိုကြည်လိုလူမျိုးနဲ့ဆိုတော့ ဘယ်ပိုလွယ်မလဲ. . ကိုယ်နားလည်ပါတယ်. . "

"အဖေက အဖူး အပေါ်မှာတော့ ကောင်းရှာပါတယ် ဒိုးဒိုးရယ်. . အဘွားကပြောတယ်. . အဖေဟာ ကမ္ဘာပေါ်မှာ တစ်ကိုယ်ကောင်းအဆန်ဆုံး . . ကိုယ်ကျိုးအကြည့်ဆုံး . . သူများတကာအတွက် ထည့်ပြီးမစဉ်းစားတတ်ဆုံး လူတစ်ယောက်တဲ့ . . အဖူးကတော့ အဲလိုမထင်ဘူး . . သားသားနဲ့ အဖူးအတွက် သူအများကြီး စဉ်းစားပေးနေတာ အဖူးသိတယ်. . ခုလည်း ဒိုးဒိုးအပေါ်မှာ ဇာတ်လမ်းတွေ လာထွင်နေတာ အဖေ့ကိုယ်ကျိုးထက် အဲဒါကြောင့်ပဲဟာ. . အဖေက ပြောတယ်. . သားသားပြီးရင် အဖူးအတွက်လည်း အစီအစဉ်တွေရှိတယ်တဲ့. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဘာလဲ. . ကိုယ်က နောက်ထပ် သမီးတစ်ယောက် ထပ်မွေးစားရဦးမှာလား . . "

"လျှောက်ပြောနေ. . ဒီအရွယ်နဲ့ဒီအရွယ်. . အသက်မှ မကွာတာ. . ဘယ်သူက မွေးစားခိုင်းမှာလဲ. . "

"မသိပါဘူးဗျာ. . ကိုယ်က ဒီလိုမှန်းသိရင်. . ရှစ်နှစ်သားတစ်ယောက် မမွေးစားဘဲ ဆယ့်ကိုးနှစ်သမီးတစ်ယောက်ပဲ မွေးစားချင်တယ် ကိုကြည်လို့ ပြောခဲ့မှာပေ့ါ. . အဲဒါဆိုရင်တော့ အပိုင်ပဲ. . ကိုကြည်ဖြစ်စေချင်တဲ့ စာချုပ်စာတမ်းကိစ္စလည်း တစ်ခါတည်း လုပ်လို့ရတယ်"

"စာချုပ်စာတမ်းက ဘာလဲ"

"ဩော်. . ဆယ့်ကိုးနှစ်သမီးဆိုတော့ ကိုယ့်လက်ကိုယ့်ခြေ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လက်မှတ်ထိုးလို့ရနေပြီပဲ. . မွေးစားတယ်ဆိုပြီး စာချုပ်နှစ်စောင်မှာ လက်မှတ်ကောက်ထိုးထားကြရုံပဲ. . "

"ကြည့်. . နောက်ပြန်ပြီ. . ဒါနဲ့ သားသားတစ်ယောက်ကော အဆင်ပြေရဲ့လားဟင်. . "

"ပြေပါတယ်. . ကိုကြည့်သားပဲဟာ. . အဖူး တူတော်မောင်က ဂျင်ကလေးပဲ. . ကိုယ့်အမေကို ကပ်ပေါင်းထားလိုက်တာ. . ခဏတွင်းချင်းနဲ့ ငယ်သူငယ်ချင်းနှစ်ယောက်လိုကို ဖြစ်နေရော. . "

"ဟုတ်မှာ. . ဟုတ်မှာ. . အိမ်မှာဆိုလည်း အဘွားဆိုတာ အရည်ကိုပျော်နေတာပဲဟာ. . အဘွားလည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သနားပါတယ်. . အဖေ့ကိုပြောမရလို့သာ သားသားကို မျက်ရည်စက်လက်နဲ့ ထည့်လိုက်ရတာ. . ခုတလော မှာ လွမ်းတာရော ဘာရောနဲ့ အဘွားရောဂါက ပိုဆိုး လာသလိုပဲ. . အဖူးက ပြုစုနေရတဲ့လူဆိုတော့ သိတယ်၊ ဒီပုံအတိုင်းဆို အဘွားခမျာ သိပ်ကြာကြာခံမှာတောင် မဟုတ်ဘူး . . ”

“ကိုယ်လည်း မြေးနဲ့အဘွားကိုတော့ တစ်ပတ်တစ်ခါ နှစ်ခါလောက်ဖြစ်ဖြစ် ပြန့်ပြန်ပေးတွေ့ချင်ပါတယ် အဖူးရယ်. . ဒါပေမယ့် ဘယ်လိုဇာတ်လမ်းဆင်ပြီး ကိုကြည့်ကိုပြောရမလဲ မသိသေးဘူး . . စလိမ်ညာတာ က သူပေမယ့် ကိုယ်လည်း သူ့ဇာတ်လမ်းထဲ ခုန်ဝင် ပြီးမှတော့ . . ပိပိရိရိနဲ့ လိုက်ညာတတ်မှပဲ ရတော့ မယ်”

အဖူးကား ဘယ်လိုနည်းနဲ့မှ ပြန်လည်မလန်း ဆန်းနိုင်တော့ပြီ. .။ အံ့ဩစရာကောင်းလောက်အောင် ချစ် ဖွယ်ကလေး ဖြစ်နေသော အရယ်မျိုးဖြင့် ပြန်ရယ်နိုင်လာဖို့ ဝေးလို့ မဲ့မဲ့ငိုငိုကလေး မဖြစ်နေအောင်တောင် မနည်းထိန်း နေရပုံရလျက်. .

“ပြန်ကြစို့ ဒိုးဒိုးရယ်. . နော်. . ”

“အင်း . . ပြန်မယ်လေ. . ကိုယ်တို့ ဘယ်တော့လောက် ထပ်တွေ့ရဦးမလဲ”

“အဖေက. . ငါ အခုတလော မန္တလေး သိပ်သွားရပါ လားလို့လည်း ထင်နေဦးမယ်”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"လွယ်ပါတယ်. . ဒီတစ်ခါ တောင်ကြီးပေါ့ . . နောက်တစ်ခါကျတော့ ပဲခူး . . ပြီးရင် ဧရာဝတီဘက် စစ်ကိုင်းတိုင်းဘက်. . မွန်၊ တနင်္သာရီဘက်၊ ကချင်ပြည်နယ်ဘက်. ."

"အိုး . . အဖေတော့ လမ်းပေါ်မှာ ခရီးသွားနေရတာနဲ့ တင် အသက်က ကြီးသွားတော့မယ်. ."

ဒါပေမယ့် ကားပေါ်ပြန်ရောက်ကြတော့ အဖူးက တိုးတိုးကလေးနှင့် . .

"မြမြကို ဖုန်းဆက်ခိုင်းလိုက်မယ်နော်. . ဒိုးဒိုးလည်း သူ့ဆီဆက်ရင် ရပါတယ်"

ဒိုးဒိုးက အဖူးကို လှိုက်လှဲသော အားပေးပြုံးတစ်ခု ပြုံးပြလိုက်ပါသည်။ ကိုကြည့်လို လူရုပ်တစ်ယောက်၏ သွေးမတော် သားမစပ်သော မိန်းကလေးတစ်ယောက်အပေါ် ထားရှိနေသော သံယောဇဉ်ဆိုတာကြီးက သံသယစိတ်နှင့် တွက်ကြည့်လျှင်တော့ ကြောက်စရာကြီးလိုလိုပင်. .။ ဒီလူဟာ ခုချိန်အထိလည်း ရှုပ်လို့ ပွေလို့ ကောင်းနေဆဲ. .။ အဖူးလောက်ပင် သူ့အသက်ခေါက်ချိုးလောက်ပဲရှိမည့် ကလေးမလေးများနှင့်လည်း အီနေကြည်နေဆဲ. . လွယ်ရင်လွယ်သလို အခြေအနေအရ မီးစင်ကြည့်ကနေဆဲပဲ မဟုတ်လား . .။ သို့သော် ဘာကြောင့်ရယ်တော့မသိ. . ဒိုးဒိုးက ဒီတစ်ချက်မှာတော့ အဖူးကို ယုံသလိုပင်။ ဒီလူကြီးအပေါ်မှာလည်း ခြွင်းချက်မရှိ အမှတ်ပြည့်ပေးကာ ယုံနေမိလေသည်. .။

❀ ❀ ❀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

"ဟော့ . . ဟော့ . . ဟော့ . . မလုပ်နဲ့ . . မလုပ်နဲ့ဆို ပြောလို့မရဘူးလား . . "

မြေးချစ်က အော်သံထွက်ပေါ်လာရာသို့ လှမ်းငဲ့ကြည့်လိုက်သည်။ အဖေမှာထားသော ဒေါ်ခင်နှင်းဆီဆိုသည့် ဟိုအန်တီပင်. . ။ တစ်ချက်လှမ်းကြည့်လိုက်ပြီးတာနဲ့ မြေးချစ်က ခင်နှင်းဆီကို ထပ်မကြည့်တော့ဘဲ ကိုယ့်ကိစ္စကိုယ်သာ အာရုံပြန်စိုက်ထားလိုက်သည်။ သူ့စကားများ မဆီမဆိုင်နဲ့ ဘာ့ကြောင့် နားထောင်နေရမှာတုန်း . . ။ အဖေကလည်း . . "လုံးဝအရောမဝင်နဲ့ . . သူကျွေးတာလည်း မစားနဲ့ . . သူမေးတာလည်း မဖြေနဲ့ . . ကြာကြာနေရင် မင်းကိုသူက ဟောဒီလို လက်ထဲမှာ 'ကွိ'ခနဲမြည်အောင် ထည့်ညှစ်ထားတာ ခံရလိမ့်မယ်. . သတိထား" လို့ကို အတိအကျ မှာထားတာလေ. . ။

အဖေက "သူ့စကားနားထောင်စမ်းကွာ" လို့ ဆိုထားရင်တောင်မှ ခုချိန်မှာတော့ မြေးချစ်က နားကိုမထောင်နိုင်ပါ။ ကိုယ်ပျော်သလို ကိုယ်ဆော့ကစားနေတာ သူက ဘာလို့လာတားဆီးပိတ်ပင်နေရမှာလဲ. . ။ မြေးချစ်က စက္ကူလှေကလေးများကို တစ်စီးပြီးတစ်စီး ရေကူးကန်ထဲသို့ တစ်ခုချင်း ဆက်ချနေလိုက်တော့သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟိတ် . . ဟိတ် . . မင်းကို မလုပ်ပါနဲ့လို့ ပြောနေတာ မကြားဘူးလား . . ရပ် . . ရပ်ဆိုခုရပ် . . "

ပေါ်တီကိုအောက်မှာ ရပ်နေခဲ့သော ခင်နှင်းဆီက တဖုန်းဖုန်းခြေသံများနှင့်အတူ မြေးချစ်ဆီသို့ အပြေးကလေး ပင် ရောက်ရှိလို့ လာလေသည်။ အနားရောက်တာနဲ့ ကန်စပ် အုတ်ဘောင်ပေါ်မှာ လေးဘက်လေးထောက်နေသည့် မြေးချစ် ကို လက်မောင်းရင်းကနေ ဆွဲကိုင်ပြီး မ,ထူပစ်လိုက်လေ သည်။

မြေးချစ်ကား ငြိမ်ခံမနေပါ . . ရှစ်နှစ် ကိုးနှစ် သားတစ်ယောက်၏ အင်အားကို အပြည့်ပင်သုံးကာ ခင်နှင်းဆီ ရဲ့ လက်ထဲမှာ အတင်းရုန်းကန် ထွက်ပစ်လိုက်တာမို့ ခင်နှင်းဆီခမျာ ကိုယ့်အရှိန်နှင့်ကိုယ် ခပ်ယိုင်ယိုင် ဖြစ်သွားရ ပြီး ချော်လဲကျမသွားအောင်တောင် မနည်းပြန်ထိန်းထား လိုက်ရပါသည်။

"ကြည့်စမ်း ဆိုးလိုက်တာ . . "

မြေးချစ်ကလည်း အားကျမခံပင် "လာမကိုင် နဲ့ပေါ့ဗျ"ဟု ပြန်အော်လိုက်သည်။ ခင်နှင်းဆီခမျာ လက် တောက်လောက်ကလေးရဲ့ အအော်အငေါက်ကြောင့် ခုမှပင် တကယ်ဒေါသထွက်လာပုံ ရတော့သည်။

"မကိုင်လို့ ရမလား . . မင်းက ဒီလောက်ညစ်တီးညစ် ပတ်တွေ လျှောက်လုပ်နေတာကို"

"လျှော့လွှတ်တာပဲ . . စက္ကူအသန့်တွေ . . ညစ်ပတ် တာမပါဘူး"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အေး . . မင်းရဲ့ စက္ကူအသန့်တွေက ရေနဲ့ထိရင် ပျော့ပဲ့နူးပွပြီး ရေကန်ထဲမှာ အမှိုက်စုတ်တွေ ဖြစ်ကုန်မှာ ရော မင်းသိလို့လား . . ဒါ မင်းတို့တောက ချောင်းတွေ မြောင်းတွေလို မဟုတ်ဘူး . . ရေကူးကန်လို့ ခေါ်တယ်. . ရေကို ဒီလိုအမြဲသန့်ကြည်နေပြီး အမှိုက်တစ်စမှမရှိအောင် မနည်းပိုက်ဆံအကုန်ခံထားရတာကွ မြင်မြင်ကရာတွေ လိုက်လျှောက်ထည့်နေဖို့ မဟုတ်ဘူး၊ အေး . . ရေကူးကန်တစ်ခုလုံး ညစ်ပတ်ရှုပ်ပွကုန်ရင်တော့ မင်းတာဝန်ပဲ. . ဟင်. . ကြည့်စမ်း . . ပြောရင်းဆိုရင်း . . မင်းရဲ့လေ့ဆိုတဲ့ စက္ကူအသန့်ဆိုတာတွေကို ကြည့်စမ်း . . ကြည့် . . ကြည့် . . "

မြေးချစ်က ကန်ဘက်ကို တမင်ပင် ကျောပေးထားလိုက်ရာ ခင်နှင်းဆီခမျာ. . ကလေးလေးနှင့်ဆိုတော့လည်း ဘက်ပြိုင်ပြီး ဘာမှမလုပ်နိုင်တိုင်း အသည်းတယားယားနှင့် ဆွေ့ဆွေ့ခုန်မတတ်သာ ဖြစ်နေရပါတော့သည်။

"ဒိုးဒိုးတို့လည်း ဘယ်ကဂျစ်ကန်ကန် ပေါက်လွတ်ပဲစား ကလေးတစ်ယောက်ကိုမှ ရှာတွေ့လာတယ် မပြောတတ်ပါဘူး . . "

ဘာမှမလုပ်နိုင်တိုင်း မဲ့ရွဲ့ကာ ညည်းညူလိုက်လျှင် မြေးချစ်က အရွယ်နှင့်မလိုက် "တောက်" တစ်ချက်ကို ခပ်ကျယ်ကျယ်ကြီး ခေါက်ထည့်လိုက်ရင်း ရေကန်နှင့် မလှမ်းမကမ်းက ပန်းခင်းလေးတစ်ခုဆီ ရုတ်ချည်းပြေးထွက်သွားတော့သည်။ ပြန်ရောက်သောအခါတွင်မတော့ သူ့လက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထဲမှာ ပန်းစိုက်ခင်းမှ အုတ်နီခဲဘောင်ကလေးကို မရမက ဖျက်ပြီး ဖွဲ့ထုတ်ယူလာခဲ့သော အုတ်နီခဲကြီးတစ်လုံး . .။ ဒီတစ်ခါတော့ ခင်နှင်းဆီခမျာ နောက်ဘက်သို့ယောင်ယမ်းပြီးတော့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်အထိ စိုးရိမ်ထိတ်လန့်သွားရပါသည်။ သို့သော် မြေးချစ်က ခင်နှင်းဆီထံ အုတ်နီခဲနှင့် ရွယ်ရုံသာရွယ်ပြီး . . တကယ်တမ်းကျတော့ လှပကြည်လင်နေသော ရေကန်ထဲသို့ပင် ထိုသဲပေရွှံ့ပေ အုတ်နီခဲအလုံးလိုက်ကြီးကို “ဗွမ်း” ခနဲနေအောင် ပစ်ပေါက်ချလိုက်ပါတော့သည်။

သည်းမခံနိုင်တော့သည့် ခင်နှင်းဆီက စင်တက်လာသော ရေစက်ရေပေါက်များကို ရှောင်ရှားရင်း တစ်ဆက်တည်းပင် အိမ်ကြီးဘက်သို့ ပြေးမတတ် ပြန်လှမ်းလာခဲ့မိပါတော့သည်။ ခင်နှင်းဆီ အိမ်ဘက်ပြန်မရောက်ခင်မှာပင် အိမ်ကြီးပေါ်မှ ဒိုးဒိုးက ခြံထဲသို့ဆင်းလာသည်နှင့် ကြုံလေသည်။

“ဒိုးဒိုး . . ဒိုးဒိုး . . ရှင့်ကို တို့ အတန်တန် သတိပေးခဲ့တာတွေက ဒါ့ကြောင့်နော်. . ခုတော့ . . ”

“ဘာဖြစ်လာတာလဲ ခင်နှင်းဆီ”

“ဟိုမှာကြည့်ဦးလေ. . ရှင်ခေါ်မွေးလိုက်တဲ့ ကောင်ကလေးဟာ. . ”

ဒိုးဒိုးက ခင်နှင်းဆီ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်စဉ်မှာ ရေကူးကန်ထဲသို့ဆင်းသည့် လှေကားကလေးမှ တစ်ဆင့် မြေးချစ်တစ်ယောက် ကန်ထဲသို့ ဆင်းချသွားတာကို မြင်လိုက်ရလေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟာ. . ဟေ့ . . ဟေ့ . . ဟေ့ကောင်. . မြေး . . မင်း ဘာလုပ်တာလဲ"

ဒိုးဒိုးကား ရေကန်ဆီသို့ ပြေးရချေပြီ. . မြေးချစ်ကတော့ ဖိနပ်လေးသာ ချွတ်ထားရစ်ကာ အင်္ကျီမချွတ် . . ဘောင်းဘီမချွတ်နှင့် ရေကန်ထဲသို့ ဒီအတိုင်း ရောက်ရှိနေခဲ့ပြီ။

"ဟာ. . ဟေ့ကောင်. . တက်စမ်း . . မင်းကို ငါ လူကြီးမပါဘဲ ရေကန်ထဲကို လုံးဝမဆင်းရဘူးလို့ မှာထားတယ် မဟုတ်လား . . "

"ဟုတ်ကဲ့ ဦးဦး . . ဒါပေမယ့် သားက အမှိုက်ကောက်မလို့"

"အမှိုက်ကောက်ချင်ရင် ဟိုမှာ အမှိုက်ဆယ်တဲ့ ဝါးလုံးနဲ့ဇကာရှိတယ်. . ဒါပေမယ့် မင်းလည်း ဆယ်စရာမလိုဘူး . . ခြံအလုပ်သမားက သူ့ဟာနဲ့သူ ကြည့်လုပ်လိမ့်မှာပေါ့ . . ပြန်တက်ခဲ့စမ်း . . "

"သားရေကူးတတ်ပါတယ်"

"မလိုချင်ဘူး တက်ဆို တက်ခဲ့"

မြေးချစ်က ဒိုးဒိုးကိုတော့ သိပ်အတိုက်အခံလုပ်မနေဘဲ လှေကားလေးမှတစ်ဆင့် အပေါ်သို့ ပြန်တက်လာသည်။

"သွား . . အဝတ်အစားတွေ အကုန်သွားလဲချေ. . ဟာ. . ကန်ထဲမှာလည်း စက္ကူဖတ်တွေနဲ့ပါလား . . ဟ. . အုတ်ခဲကလည်း တစ်လုံး . . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဲဒါ ဟိုအန်တီက ရေကန်ထဲမှာ အမှိုက်တွေရှုပ်ပွနေတာပဲဆိုလို့ သားက ဆင်းကောက်တာ. ."

ဒိုးဒိုးက ခင်နှင်းဆီထံ ဖျတ်ခနဲ ကြည့်လိုက်မိသည်။ ခင်နှင်းဆီမှာ မြေးချစ်ရဲ့ မလိုမ့်တပတ်နိုင်လှသော စကားကြောင့် ဒိုးဒိုးက ကိုယ့်အပေါ်ပဲ လာအထင်မှားနေတော့မှာ စိုးရတာမို့ လျှာပင် ခလုပ်တိုက်တော့မတတ်. .

"ဟော့ . . မင်းကို ငါက မင်းကိုယ်တိုင်ဆင်းကောက်ချေစမ်းလို့ ပြောလို့လား . . ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူးနော်. . အဲဒါတွေ မင်းကန်ထဲပစ်ထည့်နေတာကိုသာ မလုပ်နဲ့လို့ တားခဲ့တာ"

"ဒါပေမယ့် အန်တီပဲပြောတော့ မင်းတာဝန်ပဲဆို. . မင်းတာဝန်ဆိုတာ ဆင်းကောက်လို့ ပြောတာ မဟုတ်ဘူးလား . ."

ခင်နှင်းဆီမှာ ထိုင်၍သာ ငိုချလိုက်ရတော့မလိုလိုဖြစ်လာပါတော့သည်။ ဒိုးဒိုးက အရိပ်အခြေကို အကဲခတ်ကာ သက်ပြင်းတစ်ချက်နှင့် "ဟိတ်ကောင် . . သွား . . သွား . . မင်းသွားတော့" ဟုသာ ဆိုလိုက်ပါသည်။ မြေးချစ်ထွက်သွားပြီးမှ ခင်နှင်းဆီရဲ့အနားသို့ ဒိုးဒိုးက ပြန်လျှောက်လာခဲ့ကာ. .

"ကလေးဆိုတာ လူကြီးရဲ့စကားကို သူတို့အမိပ္ပာယ်ကောက်ချင်သလို ဖမ်းကောက်ပစ်တတ်ကြတာ ခင်နှင်းဆီရဲ့ . . သူတို့နဲ့ဆိုရင် လူကြီးချင်း စကားပြောသလို ပြောလို့မရဘူး . . ဘာမဆို အတိအကျကြီးပဲပြောမှ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်နှင်းဆီက အိမ်မှာ ကလေးငယ်ငယ်မရှိတော့ ဒါကို ဘယ်သိဦးမလဲ. . သူတို့ရဲ့ အသိဉာဏ်လေးတွေက ဘယ်ဟာကတော့ စကားတန်ဆာဆင်တာ. . ဘယ်ဟာကတော့ တကယ်လုပ်ခိုင်းတာရယ်လို့ မဝေခွဲနိုင်လောက်ကြသေးဘူးလေ. . ”

ခင်နှင်းဆီမှာ ဒိုးဒိုးကိုပြန်ပြီး မငြင်းဆန်ချင်၍ သာ နေ့နေလိုက်ရသော်လည်း ဒီသတ္တဝါလေးကတော့ဖြင့် အသိဉာဏ်မရှိသေးတာ မဟုတ်နိုင်ဘူး . . ရှိလွန်းလို့ ဟိုဘက်တောင်ရောက်နေပြီး တမင်စကားကို လှည့်ပစ်တာပဲဆိုတာ ကိုတော့ ကိုယ့်စိတ်ထဲ ကိုယ့်ဘာသာပင် သေချာနေရပါသည်။

“တို့က သူရေကန်ထဲ စက္ကူတွေ ထည့်နေလို့ ပြောမိတာပါ ဒိုးဒိုးရယ်. . ပြီးတော့ ဟိုအုတ်ခဲကြီးကလည်း တို့ကို ပစ်ပေါက်မလိုလိုနဲ့ ပြီးမှ ကန်ထဲကို ပစ်ချပစ်လိုက်တာလေ. . ”

ရယ်နေတော့သော ဒိုးဒိုးရဲ့ အပြုအမူမှာ ကိုယ့်သားသမီးက ဆိုးလွန်းလို့ အိမ်လာလည်သည့် ဧည့်သည်တစ်ယောက်အပေါ် အားနာခြင်းကြီးစွာ ဖြစ်နေရသည့် အိမ်ရှင်မိဘတစ်ယောက်၏ အရယ်မျိုးမှန်း ခင်နှင်းဆီက သိပါသည်။ ဒါပေမယ့် ဒီလောက်ဆိုးနေသည့် ကလေးတစ်ယောက်အပေါ် ဒေါသတော့ဖြင့် ထွက်မလာဘဲ အားနာရယ်သာ ဆက်ရယ်နေနိုင်သည့် ဒိုးဒိုးကိုတော့ ခင်နှင်းဆီက နားမလည်ချင်စွာနှင့် စိတ်ထဲကသိကအောင့်ကြီး ဖြစ်လာရသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒါကြောင့် တို့ပြောတာ. . ကလေးဆိုတာ သူကြီးပြင်းလာရတဲ့ အသိုင်းအဝိုင်းရော. . မျိုးရိုးဗီဇကရော သိပ်အရေးကြီးတယ်. . ဒီကလေးဆို ကိုးနှစ်သားလောက်ရှိနေပြီဆိုတော့ ကိုးနှစ်တိတိ သူဘယ်မှာ ဘယ်သူတွေကြားမှာ ဘယ်လိုကြီးပြင်းခဲ့သလဲ . . သူ့မိဘမျိုးရိုးထဲမှာ ခုလိုဂျစ်ကျကျ. . လည်လည်မွှတ်မွှတ်၊ ခပ်ရှုပ်ရှုပ် အကျင့်စရိုက်မျိုး ရှိသူတွေပါမပါ. . ဒါတွေကို သေချာစုံစမ်းပြီးမှ လုပ်ရမယ့်ကိစ္စကို ရှင်က ဘာမှမစဉ်းစားတော့ဘဲ မြင်တာနဲ့ ကောက်လက်ခံပစ်လိုက်တော့တာကိုး ဒိုးဒိုးရဲ့ . . ရှင့်ကို တို့ သတိပေးခဲ့တာ အဲဒါတွေပေါ့ . . တကယ်လို့များ ဒီကလေးမှာ ဗီဇစရိုက်ဆိုးတွေ သူ့သွေးထဲမှာကိုက ပါလာခဲ့ပြီးသားဆိုရင် ရှင် ဘယ်လိုမှ ပြုပြင်လို့ မရနိုင်ဘူးနော်. . ကိုယ့်သားသမီး မဟုတ်တော့ သေလောက်အောင် လိုမ့်ချနေလို့လည်း မဖြစ်သေးဘူး . . ရှင်ပဲ ဒုက္ခရောက်မှာ. . "

"ခုဟာကတော့ ရိုးရိုးသာမန် ကလေးတစ်ယောက်ရဲ့ ဆော့ကစားချင်တဲ့ စိတ်မျိုးပဲ မဟုတ်လား ခင်နှင်းဆီရဲ့. . "

"တော်ပါပြီ. . ရှင်နဲ့စကားပြောရတာ တို့ပဲ စိတ်ပုပ်ကြီး အမြဲဖြစ်ရတယ်"

"ဟင်း ဟင်း ဟင်း . . မဟုတ်တာပဲ ခင်နှင်းဆီရယ်"

ခင်နှင်းဆီမှာ စိတ်ပျက်လက်ပျက်နှင့် ဘာမှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထပ်မပြောတော့ဘဲ ဒိုးဒိုးနှင့်နှစ်ယောက်သားသာ အတူယှဉ်တွဲပြီး လမ်းပြန်လျှောက်လာကြပါသည်။ ခင်နှင်းဆီရဲ့ ရင်ထဲမှာတော့ တကယ့်ကို မကောင်း . . ။ ခင်နှင်းဆီမှာ ဒိုးဒိုးနှင့်ပတ်သက်လာရင် လူတာကို လိုက်ရှင်းပြလို့ မရနိုင်သော အမျိုးအမည်မသိ ခံစားချက်တစ်ခုက ဟိုးတုန်းကတည်းကနေ ခုချိန်ထိ အမြဲရှိနေခဲ့တာ. . ။ အဲဒါဟာ "အချစ်" ဟု မခေါ်ဆိုနိုင်သေးပေမယ့် အခြေအနေတစ်ခုက ဖန်တီးလာခဲ့ပြီဆိုရင်တော့ "အချစ်"ဟူသော ဖြစ်ရပ်ဆီအထိ အလွယ်တကူပင် ကူးပြောင်းရောက်ရှိသွားနိုင်မည့် ခံစားချက်ပဲဆိုတာကိုတော့ ခင်နှင်းဆီက ရိပ်မိနေပါသည်။

ကြည့်ကောင်းလွန်းလှသော စိတ်ဝင်စားစရာရုပ်ရည်ကလေးနှင့်ဖြစ်နေသည့် ဒီတစ်ယောက်ကို ကျောင်းတုန်းတည်းက ခင်နှင်းဆီမှာ သံယောဇဉ်တွေများ အကြင်နာတွေပွားလိုက်ရတာ. . ။ သို့သော် ခင်နှင်းဆီဆိုသော မိန်းမတစ်ယောက်ရဲ့ မူပိုင်အတ္တအဆရဆိုရင်တော့ ထိုအခြေအနေလောက်နှင့် ကောင်လေးမျိုးဟာ ကိုယ့်ရဲ့အိမ်ဦးနတ်အဖြစ်သို့တော့ ဘယ်တော့မှ ပို့မတင်ပေးနိုင်တာ အမှန်ပဲဖြစ်သည်။ ဒိုးဒိုးကိုယ်တိုင်ကလည်း နိမ့်ပါးနေသော အခြေအနေနှင့်ဆိုလျှင်တော့ ခင်နှင်းဆီကို ဘယ်တော့မှ ဖွင့်မပြော ခွင့်မတောင်းမယ့်ပုံပဲ ရတာမို့. . ကိုယ့်ရဲ့ အကြင်နာ သံယောဇဉ်တွေကို ဖွက်သိမ်းထားစရာ မလိုဘဲ ရဲရဲတင်းတင်းပင် ဖွင့်ပြထားနိုင်ခဲ့တာ. . ။ ကျောင်းပြီးတော့လည်း အလုပ်ကလေး ဘာလေးကူရှာပေး . . အချိန်တန်ရင်တော့ ကိုယ်လည်း ကိုယ်နဲ့ထိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တန်မယ့် အိမ်ထောင်ဘက်ကိုရှာ. . သူလည်း သူ့လမ်းသူ သွားဟုသာ သဘောထားဖြစ်ခဲ့တာပါ. . ။

ကိုယ်နဲ့တန်တဲ့လူဆိုတာက ဆင်းရဲတာ ချမ်းသာတာကို အဓိကထား ပြောနေတာမဟုတ်. . ။ အဓိကမဟုတ်ဘူးဆိုပေမယ့် အဲဒါကလည်း အနည်းငယ်တော့ ပါတာပေါ့လေ. . ဒါပေမယ့် နည်းနည်းပါ. . ။ အဓိက,ကတော့ အရည်အချင်းရှိသော လူတော်တစ်ယောက်ဖြစ်ဖို့နဲ့ . . လူကောင်းတစ်ယောက်ဖြစ်ဖို့။ ဒိုးဒိုးဟာ လူကောင်းတစ်ယောက်ဆိုတာတော့ ခင်နှင်းဆီက သေချာပါသည်။ ကောင်းလွန်းလို့တောင်မှ ခက်နေဦးမည်။ ဒါပေမယ့် အမှတ်ပြည့် အရည်အချင်းပြည့်မီသူဟုတော့ ဘယ်တုန်းကမှ မထင်ခဲ့သလို ခုထိလည်း ထင်ကိုမထင်သေး . . ။

ခု ခင်နှင်းဆီက သူ့ကိုစောင့်ကြည့်နေတာ . . မစ္စတာ ကာဆိဂ်အိုမိ ထားရစ်ခဲ့သော ဒီလုပ်ငန်းကြီးတစ်ခုကို အကြီးအကျယ်ကြီး ထပ်တိုးတက်မလာတာတောင်မှ သေသေသပ်သပ်နှင့် အရှိန်အဟုန်မပျက်တော့ ဆက်လက်လည်ပတ်နိုင်နေပါရဲ့ . . ။ သို့သော် အဲ့ဒီလောက်နဲ့ကတော့ တော်လှပြီလို့ ဘယ်လိုလုပ်ပြောနိုင်မှာလဲ. . ။ မရှော်ရုံ . . မဆိုးရုံလောက် ရှိမှာပေါ့ . . ။ ဒီလောက်မှ ဆက်လက်မလည်ပတ်နိုင်တော့သည့် ဦးနှောက်မျိုးနဲ့သာဆိုရင်တော့ ခင်နှင်းဆီက သူ့အနားသို့လည်း လာကိုလာနေတော့မည် မဟုတ်ပေ။

ခက်တာက သူ့မှာ သဘောကောင်းသည် . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောင်းသည်ဆိုပြီး ဘယ်သူဘာပြောပြော . . "အင်း . . အင်း" နှင့် သဘောတူထောက်ခံချင်စိတ်တွေ များနေပုံရတာပင် . . ။ ဒီလောက် လုပ်ငန်းကြီး လည်ပတ်နေတော့မှဖြင့် . . သူများ ပြောတိုင်း လက်သင့်မခံဘဲ . . ငြင်းပစ်ပြီး သူ့ကိုယ်ပိုင်ဆုံး ဖြတ်ချက်ကိုသာ အတည်ပြုရတာမျိုးတော့ အမြဲမဟုတ်တောင် တစ်ခါတစ်ရံတော့ ရှိတော့ရှိဖူးမှာပေါ့ . . ။ ကိုယ်နဲ့ မကြုံ ကြိုက်လို့လည်း ဖြစ်နိုင်ပါသည်။ ကိုယ်မြင်လိုက်ရပြီဆိုရင် တော့ တပြုံးပြုံးနှင့် "အင်း" လိုက်နေသည်ချည်းသာ . . ။ အထူးသဖြင့်ကတော့ ဟိုလူနဲ့ . . ။

သူက ခပ်ရိုးရိုးအေးအေး . . ဟိုလူက ဂျင်၊ ပန်ကာ။ ခုကလေးမွေးစားသည့် ကိစ္စမှာပဲကြည့်လေ . . ။ ဟိုလူ့အဆက်အသွယ်နှင့် ရောက်လာခဲ့ရသည့် ကလေးမို့ ခင်နှင်းဆီ ကိုယ်တိုင်က အမြင်မကြည်ဖြစ်နေမိတာမျိုးလည်း ဖြစ်နိုင်ပေမယ့် ခုပဲကြည့်ပါလား . . ။ ကလေးက သူ့ 'ဇ'က လေးကို သူထုတ်ပြခဲ့ပြီ။ ခင်နှင်းဆီကတော့ ဒီကိစ္စဟာ သာမန် ဝင်ကူညီ အကျိုးဆောင်ရုံသက်သက်ကလေး ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဟုပဲ သံသယတွေ ပွားနေမိပါတော့သည်။ နေကို မနေနိုင်ပါဘူး . . ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်ဒုက္ခကိုယ် ရှာပြီး လိုက်ကိုစုံစမ်းကြည့်ဦးမှ ဖြစ်ပေလိမ့်မည်။

ဘာလို့ဆို ဒီကိစ္စကြီးဟာ တစ်ချိန်ချိန်မှာ ခင် နှင်းဆီနှင့် တိုက်ရိုက်မသက်ဆိုင်လာနိုင်ဘူးလို့ ဘယ်သူ အတပ်ပြောနိုင်မှာလဲ . . ။ အခြေအနေတွေ မြင့်မားတိုးတက်လာ ခဲ့ပြီဖြစ်သော ဒိုးဒိုးဟာ ဟိုးတုန်းက သူ့ယောကျ်ားမာနက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လေးနဲ့သူ . . ဖွင့်မပြောဖြစ်ခဲ့တာမျိုးလည်း ဖြစ်နိုင်တဲ့စကားမျိုးတွေကို ဖွင့်ပြောလာခဲ့ပြီ ဆိုပါတော့ . . ။

ရှင်းရှင်းပြောရရင် ခုလက်ရှိ အတွေးအခေါ် အရည်အချင်းလောက်နဲ့လည်း ဒိုးဒိုးကို ခင်နှင်းဆီက လက်မခံချင်လိုလှသေး . . သူ့ပင်ကိုယ်စရိုက်အချို့ကို ဒီ့ထက်တိုးတက်လာအောင် ပြုပြင်ပြောင်းလဲစေချင်သေးသည်။ ချမ်းသာလာပြီဆိုတိုင်း . . တစ်ချို့လူတွေလို ငမ်းငမ်းတက်ကြီးနှင့် ကိုယ့်သဘောထားကိုယ် ပြောင်းပြန်ဇောက်ထိုး လုပ်ပစ်ရလောက်အောင်အထိတော့ ခင်နှင်းဆီတို့က မမိုက်မဲ . . အဆင့်မနိမ့်လှသေးဘူးလေ။

ကိုယ်နဲ့သူသာ မတော်တဆ ညှိလို့ပြုလို့ရပြီး လက်ရှိသံယောဇဉ်တွေကို အနေအထားပြောင်း မြှင့်တင်ကာ လက်တွဲဖြစ်ကြလျှင် . . ဒီအိမ်မှာ ဒီလောက်သောင်းကျန်းဆိုးဝါးပြီး ဂျစ်ကန်နေမည့် ကလေးမျိုးရှိနေမှာကိုတော့ ခင်နှင်းဆီက ဘယ်လိုလုပ် အေးအေးဆေးဆေး လက်သင့်ခံနိုင်ပါ့မလဲ . . ။ ကိုယ်လက်ခံမှာက တစ်ခုလပ်မဟုတ်၊ မုဆိုးဖို မဟုတ် . . လူပျိုစစ်စစ်ကိုပဲဟာ။ ပုံမှန်အခြေအနေနှင့် အလိမ်အကောက် အကွယ်အဝှက် မပါဘဲ မွေးစားဖြစ်ခဲ့သည့် ကလေးဆိုရင်တောင်မှ . . ပြန်မစွန့်ပစ်နိုင်ရင်တောင် . . ကိုယ့်စိတ်ကိုယ့်သဘောကျ ဆုံးမပဲ့ပြင်လို့ ရမှသာ အဆင်ပြေနိုင်တော့မှာပေါ့ . . ။

"တိတ်လှချေလားဟင် . . ခင်နှင်းဆီ . . မြေးချစ်ကိုစွ အတွက် စိတ်အနှောင့်အယှက် ဖြစ်နေတယ်ထင်တယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟုတ်တယ် . . တို့က မကွယ်ဝှက်တတ်ဘူးနော် ဒိုးဒိုး . . တို့ အဲဒီကိစ္စကို အေးအေးလေးနဲ့ ဘယ်လိုမှ မကျေနပ်လိုက်နိုင်ဘူး"

"မြေးချစ်ကိုခေါ်ပြီး ခင်နှင်းဆီကို တောင်းပန်ပေးခိုင်းရမလား . . "

"ဟာ. . ဒါကိုပြောတာ မဟုတ်ပါဘူး . . သူ ဒီကို အလွယ်တကူလေး ရောက်လာလိုက်ရတာကို ပြောနေတာ. . တို့ကို အဲဒီမြေးချစ်ရဲ့ အရင်က တက်ခဲ့ဖူးတယ်ဆိုတဲ့ ကျောင်းလိပ်စာတို့ . . သူလာနေခဲ့ဖူးတယ်ဆိုတဲ့ ရန်ကုန်အိမ်လိပ်စာတို့ ပေးပါလား . . "

"အဲဒါမှ ဒုက္ခ. . အတော့်ကို ဝွကျတဲ့ကိစ္စပဲ" ဟု ဒိုးဒိုးက ကျိတ်ညည်းလိုက်မိပါပြီ. . ။ ခင်နှင်းဆီလျှောက်လုပ်တာနဲ့တော့ အားလုံးတော့ ပေါ်ကုန်တော့မှာပဲ . . ပြဿနာတွေတက်ကာ. . တစ်ယောက်နှင့် တစ်ယောက်လှည့်ပတ်ထားကြလေသမျှ အားလုံး အစဉ်းသားကြီး သိကုန်ကြရလျှင်. . စမယ်တောင် မကြံထားရသေးသော ဒိုးဒိုးတို့ရဲ့ "ငယ်ဖော်နှစ်ယောက်" ဇာတ်လမ်းကလေးဟာ ပြုန်းစားပြင်းစားကြီးဆိုသလို ပြိုကွဲပျက်စီးသွားရတော့မှာပေါ့။ ခင်နှင်းဆီကလည်း "လုပ်ပြီဟေ့" ဆိုရင် အဆုံးအထိကို လုပ်တော့မယ့် မိန်းကလေးမျိုးလေ. . ။

လောလောဆယ် ကိုယ်ဘယ်လိုမှ မကြံတတ်တော့သည့်ကိစ္စကို ဉာဏ်ကြီးရှင် အချင်းချင်း ခေါင်းချင်းဆိုင်ပေးလိုက်မှ ဖြစ်ပေတော့မည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အင်း . . အဲ့ . . ကျောင်းလိပ်စာတော့ ပေးလိုက်မယ်လေ့ . . ရှိတယ့် . . "

"ဟင့် . . အိမ်လိပ်စာကရော့ . . ဘာဖြစ်လို့ . . "

"အဲဒါပါ ပြောလိုက်လို့ကတော့ အခုပြောလိုက်ရင် ဒီညနေလောက်မှာပဲ အားလုံး ရှင်းရှင်းကြီး အဖြေပေါ်ကုန်မှာစိုးလို့ပေါ့ အမိရဲ့ . . "

ဒိုးဒိုးက စိတ်ထဲကနေ ညည်းညူအော်ဟစ်လိုက်ရပြန်ကာ့ . .

"အဲ့ . . အဲဒါက ကျွန်တော် မသေချာဘူး . . ကိုကြည့်ကို ပြန်မေးပေးမယ့် . . "

ဟုတ်တယ်လေ့ . . ကိုကြည့် ဘာသာ ကြည့်စီစဉ် ဦးနှောက်ခြောက်ပစေပေါ့ . . သူထွင်ချင်တဲ့ ဇာတ်လမ်းပဲဟာ့ . ။

"ဟင် . . ဒိုးဒိုးရယ်"

ခင်နှင်းဆီမှာတော့ ဒိုးဒိုးအပေါ် ပိုပြီးစိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားရပါတော့သည်။ ပိုက်ဆံချမ်းသာလာပေမယ့် ချက်ချင်း လက်မခံနိုင်သေးဘူးဆိုတာ အဲဒါမျိုး ဦးနှောက်ရှိနေသေးလို့ပေါ့။ ကြည့်ပါဦး . . ကိုယ့်ဘက်က ဘာမှသေသေချာချာ စူးစူးစမ်းစမ်း မလေ့လာ မသိရှိဘဲနဲ့များ . . သူစိမ်းကလေးတစ်ယောက်ကို ကောက်ခါငင်ခါကြီး လက်ခံလိုက်သတဲ့။

ဒိုးဒိုးကလည်း ခင်နှင်းဆီရဲ့ ပုံစံက လုံးဝစိတ်ပျက်လက်ပျက်ကြီး ဖြစ်သွားတာကို ရိပ်မိလိုက်ပါသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မတတ်နိုင်. . ။ ကိုယ့်ကို ညှဲ့လှချည့်ဟု အထင်ခံရတာထက် ရှုပ်ထွေးလိမ်ကျစ်နေကြသည့် ကိုယ်တို့ကိစ္စတွေ ပေါ်မကုန်ကြဖို့ကသာ အရေးကြီးပါသည်။

"အဲဒီလူဆီက ဘယ်တော့လောက် သိရမလဲ. . "

ဒိုးဒိုးစိတ်ထင် ကိုကြည်ဟာ မြေးချစ် နေခဲ့ပါသည်ဆိုတဲ့ ရပ်ကွက်ကို သူတို့ရပ်ကွက် အစစ်အမှန် မဟုတ်ဘဲ တခြားတစ်ခုခုနှင့် လွှဲပြကိုပြပေလိမ့်မည်။ ဒီတိုင်းကြီး ပြောချလိုက်လို့ကတော့ အားလုံးပေါ်ကုန်မှာကို သူလည်း အရူးမှမဟုတ်တာ. . တွက်မိနိုင်မှာပေါ့. . ။ လွှဲပြတဲ့နေရာမှာလည်း ပြီးပြီးရော တစ်ခုခုကို ပါးစပ်ထဲက ထွက်လိုက်လို့ရတာမဟုတ်. . ခင်နှင်းဆီဟာ အဲဒီလိပ်စာဆီအထိ မရမက သွားတော့မည်ဆိုတာကို သူသိကိုသိမှ ဖြစ်လိမ့်မည်။ ထိုအခါမှာ အနည်းဆုံးတော့ ရပ်ကွက်တစ်ခုခုမှ အိမ်တစ်ခုခုကို ဟန်ဆောင်ပန်ဆောင် ဖန်တီးသရုပ်ပြထားရတော့မည်။ အဲဒါတွေအတွက်က အချိန်လိုလေသည်။

"ဒီနေ့က စနေနေ့ကြီးဆိုတော့ သူလည်း ရုံးတက်ရတာ မဟုတ်. . နက်ဖြန်လည်း တနင်္ဂနွေဆိုတော့ အမြန်ဆုံး တနင်္လာနေ့လောက်ကျမှ မေးလို့ရမှာပေါ့ ခင်နှင်းဆီရဲ့ . . ဒါတောင် တနင်္လာနေ့မှာ သူ့ကိုဖမ်းမိပါဦးမှ. . များသောအားဖြင့်က တနင်္လာနေ့တွေဆို သူတို့ FE Bank ကို သွားလေ့ရှိကြတယ်လေ. . ရုံးမလာတော့ဘဲ တန်းသွားချင်သွားကြတာဆိုတော့ အဲဒီနေ့ အကယ်၍ မမိခဲ့ရင်တော့ အင်္ဂါနေ့ပေါ့. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်နှင်းဆီ ကြည့်ရတာ အတင်းကာရောကြီးဆိုရင် မကောင်းတတ်လွန်းတော့လို့သာ ငြိမ်နေလိုက်ရသည်။ ဖြစ်နိုင်ရင် ခုပဲ ကိုကြည့်အိမ်အထိ လိုက်မေးပါတော့လားဟု တိုက်တွန်းချင်ဟန်ကို ရှိနေလေသည်။ ကိုကြည့်အိမ်ကတော့ လိုက်ကိုလိုက်ရမှာပါ. .။ ခင်နှင်းဆီ ပြန်ပြီဆိုတာနဲ့တောင် သွားသင့်သွားရတော့မည်။ ဘာလို့ဆို တကယ်ပဲ တနလ်ာ၊ အင်္ဂါကျမှ ကိုကြည့်နှင့် ဒိုးဒိုးတို့ တွေ့ဖြစ်ကြရင် ကိုကြည့်မှာ ထစီစဉ်စရာ ဘာအချိန်မှ ရတော့မှာမဟုတ်ဘူးလေ. .။ ဒီနေ့လောက်ကတည်းက ဘာလိုလိုနှင့် လှည့်ပတ်ပြီး သွားပြောပြထားတော့မှ စီစဉ်စရာအချိန် နှစ်ရက်လောက် ရသွားရင်နည်းလား . .။

"ကဲ. . ကဲ. . ဒါဖြင့် ပြန်တော့မယ်. . အင်္ဂါနေ့ သိသိရချင်း ဖုန်းဆက်လိုက်. . အဲဒီလိပ်စာဟာ အဲဒီလောက် အရေးကြီးမှန်း . . ရှင်ကိုယ်တိုင် စိတ်ဝင်တစားနဲ့ သိကိုသိထားရမယ့် လိပ်စာမှန်း ရှင်မသိဘူးလား . . ဟင်. . ဒိုးဒိုး . . တို့ အခုလို ထ,ပြီး သိချင်ပြုချင်ဖြစ်လာတော့ကော ရှင် နည်းနည်းလေးလောက်မှ စိတ်ဝင်တစား ရှိမလာဘူးလား . . ပြောပါဦး . . "

"ကျွန်တော် မြေးချစ်ကို မြင်မြင်ချင်းပဲ သဘောတကျနဲ့ ချစ်ခင်သွားမိတယ် ခင်နှင်းဆီ. . ကျွန်တော့်အတွက် ကျန်တာ ဘာမှမလိုတော့ဘူးထင်တယ်"

"သြော်. . သြော်. . သြော်. . ဒါဖြင့် ရှင် ချစ်တတ်ပုံက မျက်ကန်းတစ္ဆေမကြောက် ပုံစံမျိုးလို့ . . တို့က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ယူဆကြည့်လိုက်ရတော့မှာပေါ့နော်. . ဒီလိုပုံစံမျိုးလေး များ မြင်မြင်ချင်း ချစ်သတဲ့ . . အံ့ရောဟယ်. . ”

မဲ့မဲ့ရွဲ့ရွဲ့ ခေါင်းတခါခါနှင့် ပြန်သွားတော့သော ခင်နှင်းဆီ၏ ပုံစံမှာ ဒိုးဒိုးအပေါ် စိတ်ပျက်လက်ပျက် ရှိရ လွန်းလို့ နောက်နေ့တွေမှာ အဘက်လုပ်ပြီး ထပ်မှဆက်သွယ် ချင်ပါဦးတော့မလား . . ဟုတောင် အထင်မှားနိုင်ဖွယ် ဖြစ် ပါသည်။

❀ ❀ ❀

ဒီအိမ်ရှေ့အထိ ကားလမ်းက မပေါက်၍ လမ်း လျှောက်ဝင်လာခဲ့ရသော ခင်နှင်းဆီသည် ကိုယ့်ကိုဝိုင်းအုံ လှည့်ပတ်ရင်း လိုက်ပါလာသော ကလေးတစ်ချို့ကိုလည်း ရှောင်ရ တိမ်းရ . . ရွှံ့ဗွက် ခဲလုံးများကိုလည်း ကြည့်ရှောင် ရ. . ပိုက်ဆံအိတ်ကတစ်ဖက်. . လုံချည်စကို မ,တင်ထား ရတာကတစ်ဖက်. . ဟိုးခပ်လှမ်းလှမ်းဆီမှာ ရပ်ထားခဲ့သော ကိုယ့်ကားကို စိတ်မချ လက်မချနှင့် သမင်လည်ပြန် ဖြစ်နေ ရတာကတစ်ဖက်. . အင်မတန် ဗျာများစိတ်ရှုပ်လာရသော အခါ. . ပထမဦးစွာ ဒိုးဒိုး၏မျက်နှာ၊ ဒုတိယမှာတော့ ခင်မောင်ကြည်ရဲ့မျက်နှာ၊ တတိယကတော့ ဟိုသတ္တဝါ က လေးလေးရဲ့ မျက်နှာတို့ကို ပြန်မြင်ယောင်မိရင်း မေတ္တာတွေ ချည်း စွတ်ပို့နေမိပါတော့သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အင်း . . ကိုယ်ကလည်းကိုယ် . . တကယ်ဆို လမ်းကမပေါက်တာမဟုတ် . . ပေါက်တော့အပေါက်အသား . . ကိုယ့်ဘာသာ ကိုယ့်ကားကိုယ် နှမြောပြီး အဝေးမှာရပ်ခဲ့မိတာကိုး . .။ အမှန်ကတော့ လေးပဲကျိုးကျိုး . . ဘီးပဲ ပြုတ်ထွက်ထွက် မောင်းဝင်လာခဲ့တော့ ဘာဖြစ်တုန်း။ ကျွတ် . . ကိုယ်အလုပ်မဟုတ်ပုံကတော့ ဒီကိစ္စထဲမှာ ဒီလောက်စွမ်းစွမ်း တမံ ပါဝင်နေမိတာကိုက စပြီးမဟုတ်တာပါ။ ဟိုလူလည် လူရှုပ် လူ့ပြိတ္တာကြီးဟာ တမင်တကာများ ကိုယ့်ကို ချောက်ချတဲ့အနေနဲ့ ဒီလောက်ဝေးသီခေါင်ဖျား ဒုက္ခရောက်တဲ့ လိပ်စာတစ်ခုကို ပေးထည့်လိုက်လားမှ မသိတာ . .။ ဒီလိုမှန်းသိ ခုထက်ထိ အမြင်မှန်မရှိ . . ဦးနှောက်အရည်အချင်း မတိုးတက်သေးတဲ့ ဒိုးဒိုးကို "မလိုက်မနေရ" အမိန့်တစ်ခု ချမှတ်ကာ ခေါ်လာခဲ့ရလည်း အကောင်းသား . .။

"ဟေ့ . . မင်းတို့ပြောပြောနေတဲ့ ဟိုရှေ့မှာ . . ဟိုရှေ့မှာဆိုတာကပဲ များလှပြီ . . ခုထက်ထိ မရောက်နိုင်သေးဘူးလား . ."

"ရောက်ပြီ . . ဟိုရှေ့မှာပဲဟာ"

"လာပြန်ပြီ ဟိုရှေ့မှာ . ."

"ဟိုမှာလေ . . သူ့မိန်းမ ထွက်ထိုင်နေတဲ့အိမ် . . အဲဒီ အိမ်ပဲဟာ . ."

ခင်နှင်းဆီ စိတ်ကိုထွက်ပေါက်ပေးသည့် အနေနှင့် လမ်းညွှန်လိုက်ပြပေးသော ကလေးတစ်သိုက်နှင့် ဘက်ပြီး ရန်ဖြစ်နေမိခြင်းကို ရပ်တန့်လျက် အိတ်ထဲက ပိုက်ဆံ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အနည်းငယ်ကိုထုတ်ကာ ခေါင်းဆောင်ကလေးလက်ထဲသို့ ထည့်လိုက်သည်။ “ဝေး . . ဟေးဟေး” ဟု ညာသံချီကာ လမ်းထိပ်သို့ ပြန်လှည့်ပြေးသွားကြသော ကလေးအုပ်မှာ ခင်နှင်းဆီကို ဝင်တိုးသူကတိုး . . ခြေထောက်ကိုပါ တက်နင်းမတတ် ဖြစ်သူကဖြစ် . . သူတို့အမှုမထားဘဲ ‘တဖွမ်းဖွမ်း’နင်းချသွားကြသော ရွှံ့ဗွက်မှ ရွှံ့စက်တွေက ကိုယ့်လုံချည်ကိုလာစင် . . ဖြစ်ချင်တိုင်း ဖြစ်ပျက်သွားပြီးမှ . . မိန်းမတစ်ယောက် ထွက်ထိုင်နေသော အိမ်လေးရှေ့သို့ ရောက်ရပါတော့သည်။

“ဒါ . . ကိုဖိုးနီတို့ အိမ်ပါလားရှင် . . ”

“ဟုတ်တယ် . . ဘာလုပ်မလို့လဲ . . ”

ခင်နှင်းဆီ၏ ကုသိုလ်ကံ နည်းပုံမှာ ယခုလောလောလတ်လတ် ကလေးမှာတင် ကိုဖိုးနီနှင့် သူ့မိန်းမ မငယ်တို့နှစ်ယောက်သား နောင်ဂျိန်ပွဲ ဆင်နွှဲပြီးကြ၍ ခေတ္တမျှ အရှိန်သေနေချိန် ဖြစ်နေခြင်းပင်တည်း။ ခင်မောင်ကြည်တို့ အမေအိမ်ရှိသော ရပ်ကွက်ထဲမှာ တစ်အိုးတစ်အိမ်ရှိသေးသော ကိုဖိုးနီအတွက် မငယ်မှာ ပေးမှုရ၊ ကျွေးမှုစား၊ လာမှုတွေ့ ရသော နောက်အိမ်ထောင်ဖြစ်လေရာ ခုတလောမှာ နောက်ထပ် ရုတ်ရုတ်ရုတ် . . ရှုပ်ရှုပ်ရှုပ် သတင်းများ ထပ်မံကြားနေရသည်ဖြစ်၍ မငယ်ခမျာ မြင်,မြင်သမျှ မိန်းမတိုင်းကို (ဖြစ်နိုင်၏ မဖြစ်နိုင်၏ မစဉ်းစားနိုင်) မဲမဲမြင် ရန်တွေ့လွှတ်ချင်နေသည့် အချိန်မျိုး ဖြစ်ပါသည်။ အပြင်က အသံကြားသဖြင့် ကိုဖိုးနီက အိမ်ထဲက ထွက်လာသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြင်လိုက်တာနဲ့ ခင်မောင်ကြည် ကြိုပြောထားသည့်မိန်းမမှန်း သိနိုင်လိုက်ပြီဖြစ်ရာ ကိုဖိုးနီက ချက်ချင်းပင် မထီလေးစား အသွင်သို့ ကူးပြောင်းသွားလျက် အိမ်ရှေ့မြေကြီးပေါ်သို့ပင် 'ထွီ' ခနဲ တံတွေးတစ်ချက် ထွေးချလိုက်သေးကာ. .

"ဘာလဲဟေ့. ."

"ဒီမှာ . . ကျွန်မ တစ်ခုမေးချင်လို့ . ."

"ဘာမေးမှာလဲ ရှုပ်ရှုပ်ယှက်ယှက်. ."

"မြေးချစ်ကို သိသလားလို့ပါ. ."

"ဘာလဲ ဒီကောင်. . ဒီကို ပြန်ပို့ချင်လို့လား မရဘူး လက်မခံနိုင်ဘူး . . အဓိပ္ပာယ်မရှိ. . ငါတို့နဲ့ ဘာဆိုင်လဲ. . ထွီ. ."

မငယ်ကလည်း ဘာအကြောင်းမှ မသေချာမသိပေမယ့် ကြားလိုက်ရသလောက်ကလေးနှင့်ပင် တစ်စခန်းထလာကာ. .

"ဒီမှာ ကိုဖိုးနီ. . ကျုပ်အိမ်မှာ ရှုပ်ရှုပ်ယှက်ယှက်. . ရှင်နဲ့ပတ်သက်ပြီး လူမပြောနဲ့ ဘယ်ခွေးတစ်ကောင်ကြောင်တစ်မြီးမှ ထပ်လက်မခံနိုင်တော့ဘူးနော်. . အပြတ်ပြောလိုက်ပါပေရဲ့ . ."

"မင်းကိုရော ဘယ်သူက ဘာပြောနေလို့လဲ . . ဒီမိန်းမ နှုတ်သီးက ကောင်းလိုက်တာ. . ငါ နားရင်းထအုပ်လိုက်ရ. . တိတ်တိတ်နေစမ်း . . ပါးစပ်ဟမလာနဲ့ . ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်နှင်းဆီမှာ ကြုံနေသမျှကို အတော်ကြီးပင် စိတ်ပျက်နေပါသော်လည်း ကိုယ့်မှာက သိချင်စိတ် တစ်ခုလည်း ရှိနေသေးတာမို့ . .

"မြေးချစ်က အရင်ကတော့ ဒီမှာနေတာပေါ့နော်. . "

"အရင်ကနေပေမယ့် ခုမနေဘူး . . နေလို့ မရတော့ဘူး . . "

"သန်းခေါင်စာရင်းတွေ ဘာတွေသွင်းပြီး ပုံစံ(၁၀)မှာ နာမည်ပါပြီး နေတာလား"

"ဘာတွေ လာပြောနေတာလဲ. . "

"တကယ်လို့ ရှိတယ်ဆိုရင် တဆိတ်လောက်ကြည့်ချင်. . "

"စာရင်းလည်းမရှိဘူး . . ဘာမှလည်းမရှိဘူး . . တကယ်လို့ ရှိတယ်ဆိုရင်တောင်မှ မင်းက ဘာမို့ ငါက ထုတ်ပြရမှာလဲ. . "

မဲမဲသဲသဲ ဗလတောင့်တောင့်လူက ရန်စကားစဆိုလာတာမို့ ခင်နှင်းဆီခမျာ နည်းနည်းတော့ ဖြုံသွားမိပါသည်။

"ဒါပေမယ့် မြေးချစ်နေတဲ့ ကျောင်းနဲ့ ဒီနေရာနဲ့ကတော့ သိပ်ဝေးလွန်းနေတာပဲနော်. . ကလေးက နေ့စဉ် ဘယ်လိုများ ကျောင်းတက်နေသလဲရှင့် . . "

"မင်းက မေးမြန်းစုံစမ်း . . စပ်စုလှချေလား . . မင်းက ဒီလိုလာမေးနေတော့ ဘေးပတ်ဝန်းကျင်ရဲ့ အမြင်မှာ ငါတို့ကပဲ ဥပဒေနဲ့ မကင်းလို့လို့ ထင်မလာနိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘူးလား . . ဒါ မင်း ငါတို့ကို တမင်သက်သက်လာ လုပ်တာပဲ. . မင်း ဘယ်သူလဲ. . ဘယ်ကလဲ. . ဘာ ကိစ္စကြောင့် ဒါတွေကို လာမေးနေရတာလဲ. . ပြောစမ်း"

ကိုဖိုးနီက အိမ်ကလေးပေါ်မှ ဆင်းချလာပြီး ခင်နှင်းဆီအနားသို့ တိုးကပ်လာသောအခါ ခင်နှင်းဆီမှာ နောက်သို့ ခြေတစ်လှမ်းမက သိသိသာသာပင် ဆုတ်လိုက် မိကာ. . ဘေးပတ်ဝန်းကျင်ကိုပါ လှည့်ပတ်မျက်စိကစား . . အကူအညီရလိုရငြား ဖွေရှာထားလိုက်မိပါသည်။ ကိုဖိုးနီက ခင်နှင်းဆီရဲ့ ပုံစံကိုကြည့်လိုက်ကာ နှုတ်ခမ်းတစ်ဖက် တွန့် တက်အောင် ပြုံးလိုက်မိရင်း . . ခပ်တိုးတိုးလေသံနှင့်. .

"မြေးချစ်အကြောင်း လုံးစေ့ပတ်စေ့ အားလုံးသိချင် သလား"

ခင်နှင်းဆီက မယုံမရဲနှင့် ခေါင်းကိုတော့ အမြန် ဆုံးညိတ်ပြလိုက်သည်။

"ဒါဖြင့်လာ . . ဟိုရှေ့နားအထိသွားမယ်. . "

"ဘာ. . ဘာလို့လဲ. . "

"ငါ့ မိန်းမ မကြားစေချင်လို့ပေါ့ဟ. . "

နီးနီးကပ်ကပ်ကြီး အတူယှဉ်တွဲလမ်းလျှောက် လာရသောအခါ ထိုမဲမဲသဲသဲထံမှ ထွက်ပေါ်နေသည့် ချွေးနံ့၊ ကွမ်းနံ့၊ ဆေးလိပ်နံ့၊ အရက်နံ့တို့မှာ ခင်နှင်းဆီကို မူးမေ့လဲ ကျစေမတတ်ပင် ဖြစ်နေရတော့ကာ. . စိတ်ကိုဇွတ်ကြီး ဆက်တင်းထားရပါသည်။ သူ့မိန်းမဆိုသူနှင့် မလှမ်းမကမ်း မျက်စောင်းထိုးနေရာလောက်အရောက် ကိုဖိုးနီက ရပ်တန့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လိုက်ကာ. . ခင်နှင်းဆီနား ပိုတိုးကပ်လာပြီး လူကတော့ သူ့မိန်းမ မငယ်ကိုသာပြန်ပြီး ခိုးငဲ့ကြည့်နေသည်။ သူ့မိန်းမ ကတော့ဖြင့် ရွှေလိုဥနေသည့် မိန်းကလေးနှင့် မဲမဲသဲသဲ သူ့ ယောကျ်ားတို့ ဘယ်လိုမှ မအပ်စပ်. . ဆက်စပ်လို့မရတဲ့ ကြားတည်းကပင်. . မြင်နေရသည့် ခပ်ပူးပူးကပ်ကပ် တီးတိုး တီးတိုး မြင်ကွင်းကြောင့် ထိုင်ရာမှပင်ထကာ ထဘီကို ခပ်တင်းတင်း ပြင်ဝတ်လိုက်ချေပြီ. .။ ကိုဖိုးနီက အားရသလို "တဟိဟိ" အသံထွက်ကာ ရယ်လိုက်၏။

ပိုမိုတိုးကပ်လာသည့် အနံ့အသက်များကို ပိုမို အောင့်အီးသည်းခံနေရသည့် ခင်နှင်းဆီက . .

"ရှင်. . ဘာလုပ်နေတာလဲ. . ပြောမယ့်ဟာကို ပြော လေ. ."

"ဘာမှပြောစရာမရှိဘူး . ."

"ဟင်. . ရှင်. . ရှင်. ."

"မင်းမလာခင် ငါနဲ့ဟိုကောင်မနဲ့ ရန်ဖြစ်ထားကြတာ၊ အဲဒါကြောင့် ဟိုကောင်မ အသည်းယားလာအောင် ငါလုပ်နေတာ. . ဟား ဟား ဟား ဟား . ."

"ရှင်. . ရှင်. ."

ခင်နှင်းဆီမှာ အသားများပင် တဆတ်ဆတ်တုန် ရီလာရတော့ကာ. . မျက်ရည်အဝိုင်းဝိုင်း . . ဘာလုပ်ရမှန်း မသိသည့်ပုံစံနှင့် ကိုဖိုးနီကိုပဲ သတ်ချင်ဖြတ်ချင်သလို တခဏ လောက် ကြည့်နေမိသေးသည်။ ဘာမှလုပ်လို့ မရနိုင်မှန်း ဦးနှောက်က ချက်ချင်းဆုံးဖြတ်ပေးလိုက်သောအခါကျမှသာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အပြိုင်ပြန်ကြည့်နေသည့် ကိုဖိုးနီရဲ့ရှေ့မှ ချာခနဲလှည့်ကာ ထွက်ခဲ့ရပါတော့သည်။ ထိုအချိန်မှာပင် မငယ်ထံမှ စောင်းမြောင်းအော်ဟစ်ကာ ဆဲဆိုသံများ . . ရန်တွေ့သံများက ခုနစ်အိမ်ကြား ရှစ်အိမ်ကြားပင် ပေါ်ထွက်လာကြတော့ကာ ထိုအသံများနှင့်အပြိုင် ကိုဖိုးနီရဲ့ ရယ်သံမြိုင်မြိုင်ကြီးကလည်း ခင်နှင်းဆီရဲ့ နောက်ဖက်မှာ အပြေးပင် ကပ်ပါလာကြပါတော့သည်။

ဒီလိုမိန်းမမျိုးထံမှ သူနှင့်အပြိုင် သတ်မှတ်ကာ ဒီလူကြီးမျိုးနှင့်မှ အထင်မှားပြီး အဆဲခံရခြင်း . . ဒီလို အောက်တန်းကျလှသော လူကြီးတစ်ယောက်ရဲ့ ခုတုံးလုပ် အသုံးချတာကိုမှ ခံလိုက်ရခြင်းတို့ကြောင့် ခင်နှင်းဆီခမျာ ကားပေါ်ပြန်ရောက်တဲ့အထိ မျက်ရည်မကျဖြစ်အောင် မနည်းကြီးစိတ်ထိန်းခဲ့ရပါတော့သည်။ ကားပေါ်ပြန်ရောက်လို့ မောင်းထွက်လာသည်အထိ ခင်နှင်းဆီရဲ့ ရင်ထဲမှာ အကျိတ်အခဲကမပြေနိုင်သေး . .။ ဘာကိုမှန်းမသိ . . ဘယ်သူ့ကိုမှန်းမသိအရမ်းကြီးပဲ စိတ်ဆိုးကာ နာကြည်းရတော့မလို ဖြစ်နေသည်။

ဒိုးဒိုးကိုလား . . ခင်မောင်ကြည့်ကိုလား . .။ ပြောရမယ်ဆိုရင် မြေးချစ်ဟာ ဒီလိုအသိုင်းအဝိုင်းထဲကမှ ဖြစ်နေရခြင်းဟာ ဘယ်သူ့မှာမှ အပြစ်မရှိသလိုလို . .။ သို့သော် အဲဒီလောက် အောက်တန်းကျသည့် အသိုင်းအဝိုင်းထဲက တစ်ယောက်ကိုမှ ဒိုးဒိုးဆီ ခေါ်လာခဲ့သည့် ခင်မောင်ကြည့်မှာ အပြစ်မကင်းသလို မစူးမစမ်း . . ဦးနှောက်မသုံး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘဲ လက်ခံခဲ့သည့် ဒိုးဒိုးမှာလည်း ကောင်းကောင်းအပြစ်ရှိနေတာပဲ. . ။

ဒါပေမယ့် နေပါဦး . . ဒီလူကြီးနဲ့ မြေးချစ်တို့ဟာ ရင်းနှီးပြီးပုံ . . အကြောင်းသိပြီးပုံ ရသော်လည်း . . ဒီလောက်ကလေး ပြောလိုက်ဆိုလိုက်ရတာနဲ့တော့ မြေးချစ်ဟာ ရှစ်နှစ် ကိုးနှစ်လုံးလုံး အဲဒီအိမ်မှာ နေခဲ့စားခဲ့ရသည်ဆိုတာ သေချာပြီလို့ ပြောလို့ရပါ့မလား . . ။ သူ့မိန်းမရဲ့ပုံစံကို ကြည့်ရတာ မြေးချစ်ဆိုသည့် နာမည်ကိုတောင်မှ သိပုံရရဲ့လားမသိ. . ။ အတိအကျကလည်း မမေးနိုင်ခဲ့တာ ခက်တာပဲ. . ။ နောက်တစ်ခေါက် ပြန်သွားမေးဖို့ရာကတော့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ပါ။ ကိုယ့်ထမင်း ကိုယ်စားပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာမည့်ကိစ္စမှာ ဒီအိမ်လိုနေရာမျိုးကို နှစ်ခေါက်လောက် သွားဝန့်ခြင်းမျိုးတော့ မပါပါပေ. . ။

ဘယ်လိုပဲဖြစ်ဖြစ် ခင်နှင်းဆီ အဖို့ကတော့ စိတ်တိုင်းကို မကျနိုင်သေးပါဘူးလေ. . ။ ကျောင်းကိုသွား စုံစမ်းခဲ့တော့လည်း အဖြေက ပေါ်တာမှမဟုတ်တာ . . မြေးချစ်ရဲ့ အုပ်ထိန်းသူ မိဘနေရာမှာ "ဦးလွန်း၊ ဒေါ်လေးတင်"ဟု ပါနေပြီး လိပ်စာကတော့ ဒီလိပ်စာမဟုတ်သည့် သတ်သတ်တစ်ခု. . ထိုလိပ်စာဆီ သွားပြန်တော့လည်း အစက လူကြီးတစ်ယောက် အိမ်ငှားပြီး လာနေခဲ့သည်ဆိုတာသာ သိရလျက်. . ထိုလူကြီးက ခုမရှိတော့. . အိမ်ကိုပြန်အပ်သွားလို့ နောက်ထပ်လူငှားတွေပင် ရှိနေနှင့်ပြီ။ ထိုလူကြီး၏ နာမည်ကိုလည်း "ကိုကြီး" လိုလို. . "ကိုဂျင်" လိုလို . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဖုံကြီး" လိုလို. . လိုလိုပဲ ပြောနိုင်သည့် လူတွေကသာ များနေပြီး ဘာမှအတိအကျ မသိခဲ့ရပါ။

(အမှန်ကတော့ သူ့မြေးဖြစ်သူကို ရပ်ကွက်ကျောင်းမှာ မထားချင်ဘဲ ကျောင်းကောင်းကောင်းကြီးမှာမှ ထားလိုသည့် ဘွားအေကြီးက. . ထိုကျောင်းကြီးနှင့် ပိုနီးစပ်သော လိပ်စာဖြစ်သည့် ကိုခင်မောင်ကြည့် လိပ်စာကိုသာ ကျောင်းစအပ်စဉ်ကတည်းက ပေးထားခဲ့ခြင်း ဖြစ်ပါသည်။ ဒါပေမယ့် တစ်နေရာ၊ တစ်နေရာမှာ ကြာကြာမြဲမြဲ မနေတတ်သည့်. . နေလို့မရသည့် ခင်မောင်ကြည့်မူအရ ထိုရပ်ကွက်ထဲမှ ပြောင်းရွှေ့ခဲ့ရတာကိုက အတော်ကြီး ကြာသွားခဲ့လေပြီ။)

ခင်နှင်းဆီက အိမ်သို့ပြန်ရောက်သောအခါမှာတော့ ဒိုးဒိုးဆီသို့ ချက်ချင်းပင် ဖုန်းလှမ်းဆက်လိုက်ပါသည်။

"ဒိုးဒိုး . . တို့ပါ. . တို့ ဟိုအိမ်ကိုရောက်ခဲ့ပြီ"

"ဘယ်အိမ်လဲ. ."

"ဩော်. . မြေးချစ်နေခဲ့တယ်ဆိုတဲ့ အိမ်လေ. ."

"ဩော်. ."

"ဩော်. . မနေနဲ့ . . တို့ဘာတွေ တွေ့ခဲ့သလဲ သိရဲ့လား . ."

"ဘာတွေ တွေ့ခဲ့သလဲ. . ဘာတွေ သိခဲ့ရသလဲ. ."

ဒီလိုတော့လည်း အသံက အလောတကြီး နည်းနည်းနိုင်လာကာ စိတ်ဝင်တစားဖြစ်ဖို့အတွက် စဉ်းစားမိရှာသား . . ဟု ခင်နှင်းဆီက တွေးလိုက်မိ၏။

"အလွန်တရာမှ အောက်တန်းကျ စက်ဆုပ်ဖို့ ကောင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တဲ့ လင်မယားနှစ်ယောက်ပေါ့. . မိန်းမက တို့ကို လှမ်းစောင်းပြီး ဆဲလိုက်တာ မွှန်ထွန်နေသလို. . ယောကျ်ားကလည်း ပထမတော့ သတ်မယ့်ပုတ်မယ့်ပုံကြီးနဲ့၊ နောက်ပိုင်းကျပြန်တော့ သူ့မိန်းမ အထင်မမှား မှားအောင် တို့ကို အကွက်ဆင်အသုံးချပြီး စော်ကားလွှတ်လိုက်တယ်လေ. . ”

“ခင်နှင်းဆီရယ်”

ဒိုးဒိုး၏လေသံက တကယ်ပင် စိတ်မကောင်းလက်မကောင်း ဖြစ်သွားရပါသည်။ ကိုကြည်တစ်ယောက်ဟာ သူ့စိတ်ကြိုက် ဇာတ်လမ်းတွေ ဆင်ထားခွင့်ရှိသော်လည်း ခင်နှင်းဆီတစ်ယောက် ဒုက္ခရောက် အရှက်ရမယ့်အထိကြီးတော့ လုပ်မထားသင့်ဘူးပေါ့ . . ။ ခက်တာပဲ. . ခင်နှင်းဆီက သူ့ဘာသာသူ မနေနိုင် မထိုင်နိုင် လျှောက်စုံစမ်းနေခြင်းသာဖြစ်ပေမယ့် အဲဒီလို လိုက်လုပ်နေရခြင်းဟာ ဒိုးဒိုးအပေါ်မှာ ကောင်းစေချင်တဲ့စိတ်. . ဒိုးဒိုး ဒုက္ခရောက်မှာကို စိုးရိမ်တဲ့သံယောဇဉ်နဲ့ လိုက်လုပ်နေခြင်းပင်ဖြစ်ရာ. . ဒိုးဒိုးမှာ ကိုယ့်ကြောင့် သူတစ်ပါးဒုက္ခရောက်ခဲ့ရခြင်းမှာ အားနာမျက်နှာတွေပူနေမိပါတော့သည်။

“အားနာလိုက်တာ ခင်နှင်းဆီရယ်”

“ရပါတယ်. . မလိုပါဘူး . . ဒိုးဒိုးက သွားခိုင်းခဲ့တာမှမဟုတ်တာ၊ တို့ဘာသာ မနေနိုင် မထိုင်နိုင် လိုက်လုပ်နေတာပဲဟာ. . ခု တို့ပြောချင်တာက အဲဒီအလွန်တရာအောက်တန်းကျသော လင်မယားထဲကယောကျ်ား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဟာ မြေးချစ်ကို အကြောင်းသိ ရင်းနှီးပြီးပုံတော့ ရပါတယ်. . ဒါပေမယ့် တို့ကပဲ သံသယတွေ သိပ်များနေခဲ့လို့လားတော့ မသိဘူး . . အဲဒီအိမ်ကလေးမှာ မြေးချစ် ရှစ်နှစ် ကိုးနှစ် နေခဲ့ပါတယ်ဆိုတဲ့ အထောက်အထား ဘာမှမရှိဘူး . . ဘယ်သူမှ အတိအကျမပြောနိုင်ဘူး . . ”

“ရှစ်နှစ် ကိုးနှစ် ဘယ်ဟုတ်မလဲ ခင်နှင်းဆီရဲ့ . . ကျောင်းပဲလာနေတာပဲဆိုတော့ ငါးနှစ် ခြောက်နှစ်ထိ ရွာမှာပဲ ရှိခဲ့မှာပေါ့ . . အဲဒီကိုရောက်တာ သုံးနှစ်လောက်ပဲ ရှိဦးမှာပေါ့ . . ”

“အင်းပါ. . ထားပါ. . ဒါပေမယ့် အိမ်နဲ့ကျောင်းနဲ့ သိပ်ဝေးလွန်းနေတာက ဘဝင်မကျစရာ မကောင်းဘူးလား . . ကလေးတစ်ယောက်ဟာ တစ်နေ့ တစ်နေ့ အဲဒီကနေ ကျောင်းအထိ အသွားအပြန် ကျောင်းတက်ဖို့ကိစ္စဟာ လွယ်တဲ့ကိစ္စမဟုတ်ဘူးနော်. . တို့ကျောင်းကိုလည်း ရောက်ခဲ့ပြီးပြီ. . ကျောင်းက လိပ်စာကကျတော့ တစ်မျိုးလေ. . အဲဒီလိပ်စာကို လိုက်ပြန်တော့လည်း ဘယ်သူမှ မရှိဘူး . . အခု လက်ရှိအိမ်ငှားတွေနဲ့ အနီးပတ်ဝန်းကျင်မှာ စုံစမ်းတော့ အဲဒီအိမ်မှာ ကိုဂျင်ဆိုလား ဖျံကြီးဆိုလား . . လူကြီးတစ်ယောက် နေခဲ့ဖူးတယ်တဲ့ . . ”

ဒိုးဒိုးမှာ “ဟိုက်” ခနဲ မအော်မိအောင် မနည်း ထိန်းလိုက်ရရင်းက . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"တစ်ချို့ကျတော့ ကျောင်းကောင်းကောင်းမှာ ထား ချင်ရင် အဲဒီကျောင်းနဲ့ အနီးတစ်ဝိုက်က အသိတို့ ဆွေမျိုးတို့ရဲ့ လိပ်စာကို ပေးထားတတ်ကြတယ်လေ ခင်နှင်းဆီ. . မြေးချစ်ကျောင်းအပ်စဉ်က အဲ့ဒီအိမ်မှာ ကိုဂျင်ခေါ် ဖျံကြီးရှိချင်မှ ရှိဦးမှာပေါ့. . သူ့မတိုင်ခင် က မိသားတစ်စုလည်း ဖြစ်နိုင်တာပဲ မဟုတ်လား . ."

"ဟုတ်ပါတယ် . . အဲဒီအထိတော့ လိုက်စုံစမ်းလို့ မရတော့ဘူး ဒိုးဒိုးရဲ့ . . ဝေးသွားပြီ. . ဒါပေမယ့် တို့ တစ်ခုစဉ်းစားမိတာက ကိုဂျင်ခေါ်ဖျံကြီးဆိုတော့ ဟိုလူရော မဖြစ်နိုင်ဘူးလား"

"ဘယ်သူလဲ"

"ရှင့် အချစ်တုံးကြီး . . ကိုခင်မောင်ကြည်လေ"

"ဟာ ဘာဆိုင်လဲ. . ကျွန်တော်တို့လူက ခင်မောင် ကြည်ပဲ. . ဂျင်တွေ ဖျံတွေနဲ့ ဘာဆိုင်လို့လဲ. ."

"သိနိုင်ဘူးလေ. . ရှင့်လူကလည်း ခပ်လည်လည်ပဲ ဟာ. . သူ့ကို လူတွေက အဲဒီလိုမျိုး ခေါ်ချင်လည်း ခေါ်ကြမှာပေါ့ . ."

ဒိုးဒိုးက ရယ်ချလိုက်သဖြင့် ခင်နှင်းဆီကလည်း မရမက လိုက်ဖြစ်ညှစ်တွက်. . အပြစ်ဖို့ချင်နေပုံပေါ်နေပြီ ဖြစ်သည့် ကိုယ့်အဖြစ်ကိုယ် သဘောတကျနှင့် လိုက်ရယ် လိုက်မိပါတော့သည်။

"ဘာပဲဖြစ်ဖြစ်. . မြေးချစ်ဟာ ဗီဇမျိုးရိုးအထိ လိုက် လို့မရသေးပေမယ့် ဝန်းကျင်ကတော့ အောက်တန်းကျ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခဲ့ဖူးတယ်ဆိုတာကိုတော့ ရှင့်ခေါင်းထဲ ထည့်ကိုထည့်ထားရလိမ့်မယ် ဒိုးဒိုး . . ”

“ကောင်းပါပြီ ခင်နှင်းဆီရယ် . . ကျွန်တော့်အတွက် ဒီလောက်လိုက်လုပ်ပေးခဲ့တာကို ကျေးဇူးလည်း အရမ်းတင် . . အားလည်းအရမ်းနာပါတယ် . . ”

“မလိုဘူး ဒိုးဒိုး . . ရှင့်အသည်းထဲ ခေါင်းထဲမှာ တို့ပြောချင်တဲ့တစ်ခုကို ထည့်ထားနိုင်တယ်ဆိုရင် ပြီးတာပဲ . . ”

“ဘာ . . ဘာကိုလဲ . . ”ဟု ပြန်မေးလိုက်သော ဒိုးဒိုးခမျာ . . ကိုယ်က ခင်မင်အထင်ကြီး သံယောဇဉ်ရှိပေမယ့် ဘယ်လိုမှ ချစ်မြတ်နိုးလို့ရတော့မှာမဟုတ်သော မိန်းမသားတစ်ယောက်ထံမှ . . အတိအလင်း မပြောနဲ့ . . မိန်းမသားတို့ရဲ့ ဣန္ဒြေစည်းကမ်းဘောင်ကို မကျော်လွန်စေဘဲ မသိမသာ အရိပ်အမြွက် စောင်းပါးရိပ်ခြေ ဖွင့်ဟပြသွားမှာကိုပင် လက်မခံချင်သည်ဖြစ်ရာ . . “ခင်နှင်းဆီထံမှ ဘာများကြားရတော့မလဲ”ဟု ထိတ်လန့်မိသလိုတောင် ဖြစ်သွားရပါသည်။

“ဘာလဲဆိုတော့ . . ရှင်ဟာ လုပ်ငန်းကြီးတစ်ခုမှာ အထွေထွေမန်နေဂျာဆိုတဲ့ အဖြစ်ကြီးတောင်မှ ဖြစ်နေခဲ့ပြီ . . ဒီကိစ္စလောက် ကြီးကျယ်ရှုပ်ထွေးသွားနိုင်တဲ့ ကိစ္စမျိုးဆို ပြောမနေနဲ့တော့၊ ဘယ်လိုသေးသေးဖွဲဖွဲ ကိစ္စမျိုးလေးပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ အရာရာကို အတည်ပြုရမယ်ဆိုတဲ့အသိ . . ပြီးတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



မစူးမစမ်း မသေမချာဘဲနဲ့ ဘာမှမလုပ်သင့်ဘူးဆိုတဲ့ အသိ. . အဲဒါတွေပဲ. . အဲဒါတွေကို ရှင်ခေါင်းထဲထည့် လက်ခံပေးစမ်းပါ. . ဒီကိစ္စဆိုရင် တို့အခုလျှောက်လုပ် လိုက်သလောက်ကလေးတော့ အနည်းဆုံး ရှင်လုပ်ခဲ့ သင့်တယ် မဟုတ်လား . . ”

တခြားလူတစ်ယောက်အတွက် ဆိုရင်တော့ မိန်းမတစ်ယောက်ထံက ဆုံးမစကားဆန်ဆန် သတိပေး အမိန့်ပေးစကားတွေအတွက် အထိနာစရာ။ ဒိုးဒိုးကတော့ ကိုယ်စိုးရိမ်တာတွေ ထွက်မလာတာကိုပဲ “ဟူး”ခနဲ သက် ပြင်းချလိုက်မိကာ. .

“ကောင်းပါပြီ ခင်နှင်းဆီရယ်. . ခုကော ကျွန်တော် တို့တစ်တွေ. . အညာဘက်က ရွာကလေးအထိ လိုက်သွားကြဖို့များ လိုဦးမလား”

“သွားပါ. . လူကို သူက လာရွဲ့နေတာ မသိဘူး မှတ် လို့လား . . ဟင်း . . ”

ဒိုးဒိုးကတော့ နောက်ထပ်ကျိတ်သက်ပြင်းတစ် လုံးသာ ထပ်ချလိုက်မိလေသည်။ ခင်နှင်းဆီ အတွက်ကတော့ ဒီလောက်လွယ်လွယ်ကလေးနဲ့ ပြီးသွားနိုင်ရိုးလား . . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

အခန်း(၃)

"မခင်နှင်းဆီ. . ဟိုးတစ်နေ့က ဟိုအိမ်ကိုသွားတွေ့တာ အဆင်ပြေလာခဲ့ရဲ့လားဗျာ . . ဟဲ ဟဲ ဟဲ ဟဲ"

ခင်မောင်ကြည်က ဒိုးဒိုးကို လာထိုင်စောင့်နေသည့် ခင်နှင်းဆီရဲ့ အနားသို့ ကပ်လာကာ ပြောလိုက်ပါသည်။ သူ၏ "ဟဲဟဲဟဲ"မှာ အတော်အဓိပ္ပာယ်ပါလှသော 'ဟဲဟဲဟဲ' မို့ ခင်နှင်းဆီခမျာ ကျောထဲစိမ့်သွားရလောက်အောင်ပင် အသည်းယား စိတ်တိုသွားရပါသည်။ အရေးထဲမှာ ဒိုးဒိုးကလည်း သူ့ရုံးခန်းထဲမှာ ဗိုလ်ချုပ်ဈေးမှ အလှကုန်ကိုယ်စားလှယ်တစ်ဦးနှင့် စကားပြောဆို ညှိနှိုင်းနေကြသည်မှာ မပြီးသေး . . ။ ဒိုးဒိုး မအားသည့်နေ့ဆိုတာကို မသိဘဲ ရုံးသို့ လာခဲ့လိုက်မိသည့် ခင်နှင်းဆီခမျာမှာတော့ ရုံးခန်းအပြင်ဘက်က

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ညော့ခန်းကျယ်မှာ ထိုင်စောင့်နေရသဖြင့် ဟိုလူတစ်ယောက်ကို မတွေ့ချင်ပါဘူးဆိုမှ မြင်ရက်သား ဖြစ်နေရတော့လေသည်။

"ကျွန်မ အဲဒီကိုသွားတာ ရှင့်ကို ဘယ်သူပြန်ပြောပြသလဲ. . ဒိုးဒိုးလား"

"ဟာ. . ဒိုးဒိုးကတော့ ပြောပ့ါမလား . . "

"ဒါဖြင့် အဲဒီအိမ်ကလူပေ့ါ . . "

"ဟုတ်ပ့ါဗျာ. . ကိုဖိုးနီပါပဲ. . ဟဲ ဟဲ ဟဲ. . "

"ဒါဆို ရှင်နဲ့သူနဲ့ ခင်မင်သိကျွမ်းကြတယ်ဆိုတာ ရှင်ဝန်ခံတယ်ပေ့ါ . . "

"ဩော်. . မခင်နှင်းဆီကလည်းဗျာ. . မသိဘဲ မကျွမ်းဘဲနဲ့တော့ ဘယ်လိုလုပ် အဆက်အသွယ်ရပြီး မောင်မြေးချစ် အဲဒီမှာရှိနေမှန်း၊ အကူအညီလိုနေမှန်း ကိုယ်ကသိနိုင်ပ့ါမလဲ. . မဟုတ်ဘူးလား . . "

ဟုတ်နေသဖြင့် ခင်နှင်းဆီက မျက်မှောင်ကုပ်ကုပ်နှင့်ပင် နှုတ်ဆိတ်နေလိုက်ရပါသည်။ ခင်မောင်ကြည်ကတော့ သိပ်အလုပ်ရှာပြီး လူလည်လုပ်ချင်လှသည့် ဒီမိန်းမကို ကလိခွင့်ရနေသဖြင့် စိတ်ထဲမှာ "တဟိဟိနှင့်"ကျိတ်ဝမ်းသာနေရသည်။ ဖိုးနီပြန်ပြောပြသည့်နေ့ကများ ရယ်လိုက်ရတာဆိုတာ. . ရယ်ရင်း ရယ်ရင်းနှင့် သတိလက်လွတ်ဖြစ်ပြီး ထိုင်နေသည့် လက်ဖက်ရည်ဆိုင်မှ စားပွဲကို ခြေထောက်နှင့်တောင် ယောင်ယမ်းပြီး ကန်လိုက်မိသည့်အတွက် လက်ဖက်ရည်ပန်းကန်တွေ မှောက်ကျကုန်ကာ နှစ်ယောက်သားပေကျံစိုရွှဲကုန်ရတဲ့အထိ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဲဒီလိုလူမျိုးနဲ့ ရှင်နဲ့ သိက္ခမ်းခင်မင်တယ်နော်. . အင်းပေါ့လေ. . "

"ဘာကိုဆိုလိုတာလဲ ခင်ဗျာ. . "

"ကျွန်မသာဆိုရင်တော့ ခင်မင်ဖို့နေနေသာသာ ရှင်တို့တစ်တွေအားလုံး ဖြစ်စေချင်ကြတဲ့အတိုင်း အဲဒီလိုနေရာမျိုးကို နောက်တစ်ခေါက် သွားထပ်ကြည့်ဖို့ကိုတောင် စိတ်ကူးထဲ ထည့်လို့မရနိုင်ဘူး . . ဒါပေမယ့် သိပ်တော့ မထူးဆန်းလှပါဘူးရှင်. . ရှေးလူကြီးတွေ ပြောကြတဲ့ သူတော်ချင်း သတင်းလွှေ့လွှေ့ဆိုတဲ့ စကားလည်းရှိသားပဲ. . မဟုတ်ဘူးလား . . "

ကိုယ့်ကို. . ခင်မောင်ကြည်ကြီး လာရိတော့ ကလိတော့မည်ဆိုတာကို အတပ်သိလိုက်ရပြီဖြစ်သည့် ခင်နှင်းဆီက ဒီအတိုင်းကြီးတော့ ငုတ်တုတ်ထိုင် နားထောင်ပေးလိုက်ရကာ အရှုံးခံလိုက်ရမည့်အစား ကိုယ်ကလည်း တတ်နိုင်သရွေ့တော့ ပြန်ပြီးတိုက်စစ်ဆင်နိုင်လိုက်မှသာလျှင် မရှုမလှကြီး ရှုံးနိမ့်ကျဆုံးရမည့် အရေးမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်းကို သဘောပေါက်လိုက်ပါပြီ. . ။

"သိတာကျွမ်းတာနဲ့ ခင်တာမင်တာနဲ့ သပ်သပ်စီပါ မခင်နှင်းဆီရယ်. . သိတိုင်းကျွမ်းတိုင်း ခင်မင်နေကြပြီလို့ ခေါ်နိုင်တာလိုက်လို့ . . ဥပမာဆိုရင် ကိုယ်နဲ့ မခင်နှင်းဆီတို့ကိုပဲ ကြည့်ပါဦးလေ. . ဒါသိတယ် ကျွမ်းတယ်လို့ ခေါ်မလား . . ခင်မင်နေကြပါပြီလို့ ဆိုနိုင်မလား . . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ရှင် စကားကို ကပ်မပြောပါနဲ့ . . ကျွန်မ အဲဒီအိမ် ရောက်ခဲ့တယ်ဆိုတာကို ရှင့်ကို ဟိုလူက တမင်သက်သက်ကြီး လာပြောကတည်းက ရှင်နဲ့သူနဲ့ကြားက အကျွမ်းတဝင်ရှိမှုဟာ သိကြရုံလေးတင် က,နိုင်ပါ့မလား . . ကျွန်မကို ရှင်ပြောတိုင်း ယုံမယ့်အစားထဲက လို့ မှတ်မနေနဲ့ . . ယုံလည်းမယုံဘူး . . စကားကို တမင်သက်သက် ကပ်သပ်လှည့်ပတ်နေကတည်းကလည်း . . ရှင့်အချိုးအချိတ်က ဘယ်လိုလဲဆိုတာ အသိသာကြီး"

"ဩော် . . လူတစ်ယောက်က နောက်လူတစ်ယောက်ကို တစ်စုံတစ်ယောက်ရဲ့ အကြောင်းကို တမင်သက်သက်ကြီး လာပြောရုံနဲ့ အဲဒီလာပြောတဲ့လူနဲ့ နားထောင်လိုက်ရတဲ့လူတို့ဟာ သိပ်ပြီးအကျွမ်းတဝင်ရှိကြပြီလို့ သတ်မှတ်နိုင်ပြီဆိုရင်တော့ ဝမ်းသာစရာကြီးပဲပေါ့နော် မခင်နှင်းဆီ . . ဘာလို့လဲဆိုတော့ အဲဒီသတ်မှတ်ချက်ဟာ ခု ကိုယ်တို့နဲ့ အကျုံးဝင်နေပြီ . . ကိုယ်က မခင်နှင်းဆီကို . . ကိုဖိုးနီရဲ့ အကြောင်းတွေ တမင်သက်သက်ကြီး လာပြောပြနေတယ်လေ . . "

ခင်နှင်းဆီခမျာ "အင်"ခနဲ အထိနာသွားပြီး . . ခင်မောင်ကြည်ကတော့ဖြင့် ပြုံးပြုံးကြီးနှင့် အားရပါးရကြီးကို ဖြစ်လို့နေလေသည်။ နုနုရွရွ အထက်တန်းကျကျ မိန်းကလေးတစ်ယောက်တန်မဲ့နှင့် ကိုယ့်ကိုလာတုပြိုင်ပြီး အလိမ်ပဲ ဖော်ချင်သလိုလို . . "နင့်အကြောင်း ငါသိပါတယ်ကွ"ဟု အထက်စီးကြီးကပဲ ပြောချင်နေသလိုလို အချိုးမျိုးကို ခင်မောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ကြည်က ဘယ်နည်းနဲ့မှ လက်သင့်မခံနိုင်ပါ. . ။

နုနုရွရွ ပုပုကွကွ ဖူးဖူးလှလှ ဘယ်လိုက္ကတ္တိယမျိုးကိုမဆို ကိုယ့်ရဲ့အဖော်အဖြစ်မျိုးနှင့်သာ စိတ်ကူးယဉ်တွေးမြင်လိုက်တတ်မြဲ ခင်မောင်ကြည်က ဒါမျိုး 'ပြဿနာမ' ဆိုရင်တော့ဖြင့် စိတ်ကူးယဉ်ဖို့ဝေးလို့ . . ဒီ့ထက် နည်းနည်းလောက်များ ကဲတက်လာရင်. . ရန်သူအဖြစ်တောင် သတ်မှတ်ကာ အပြုတ်နှံပစ်ဖို့လည်း ဝန်လေးလှမည့်သူ မဟုတ်ပါချေ. . ။

ခင်နှင်းဆီနှင့် ခင်မောင်ကြည်တို့ တစ်ယောက်နှင့်တစ်ယောက် စိုက်စိုက်ကြီးတွေ စိုက်ကြည့်နေကြ၏။ ခင်မောင်ကြည်၏ မျက်ဝန်းတို့က အရောင်တဖျပ်ဖျပ် တောက်ကာ "မင်းကို ငါမမှုဘူး . . သတ္တိရှိရင် ဆက်စမ်းကြည့်လေ" ဟူသည့် အရိပ်အယောင်မျိုးတွေ အထင်းသားပင် ပေါ်လွင်နေသော်လည်း ကျန်တစ်မျက်နှာလုံးနှင့် နှုတ်ခမ်းတို့ကတော့ ပုရွက်ဆိတ်တက်မတတ် ချိုမြကာ ပြုံးရွှင်ထားကြပေသည်။

ထိုအချင်းအရာကို သေချာပင် ရိပ်မိလိုက်နိုင်သော ခင်နှင်းဆီမှာ ပထမတော့ အနည်းငယ် လန့်ဖျပ်သွားရပေမယ့်. . ကိုယ်လန့်သွားရကြောင်း သူသိလိုက်မှာ စိုးတာရယ်. . ဒီလူ့ဆီမှာ အဲဒါမျိုး အမူအရာပေါ်လာမှာတော့ ဒီကိစ္စဟာ ဘယ်လိုမှရိုးစင်းရှင်းလင်းနိုင်မှာ မဟုတ်တော့ဘူးဟု သေချာပေါက်တွက်မိလိုက်တာရယ်တို့ကြောင့် ကိုယ့်ကိုယ်ကိုယ် မနည်းကြီးပင် ဟန်ကိုယ့်ဖို့ဆိုသလို မာန်ပြန်တင်းလိုက်ကာ. .

"ဒီမှာ ဦးခင်မောင်ကြည်. . သူများတကာ ဒုက္ခ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မရောက်ရောက်အောင် ကျွန်မက လိုက်လုပ်ချင်နေတာတော့ မဟုတ်ပါဘူး . . သူများတကာဆိုတာ ရှင့်ကိုပြောတာ မဟုတ်ဘူးနော်. . ဟိုကလေးကို ဆိုလိုတာ. . ဒါပေမယ့် ကျွန်မက မဟုတ်တာ မမှန်တာဆိုရင် ဘယ်နည်းနဲ့မှ ငြိမ်ခံမနေနိုင်ဘူး . . အထူးသဖြင့်ကတော့ ကိုယ့်ကိုလာလှည့်ထားပြီဆိုတာကို သိသိကြီးနဲ့ ငြိမ်နေလိုက်ရတယ်ဆိုရင် ဒါကိုယ့်ကို ငတုံးငအလို့ အပြောခံလိုက်ရတာနဲ့ တူတူပဲဆိုတော့ ကျွန်မအနေနဲ့ ပိုပြီးတော့တောင်မှ လက်မခံနိုင်သေးတယ်. . ဘာပဲဖြစ်ဖြစ်. . ဘယ်လောက်ပဲကြာကြာ. . ရေဆုံးမြေဖျားအထိ လိုက်ရမှ. . ”

“ဟုတ်ကဲ့ခင်ဗျာ. . လိုက်ပါ. . လိုက်ပါ. . ဒီလိုခံယူချက်မျိုး ရှိတယ်ဆိုတာကို သိရတဲ့အတွက်လည်း လေးစားပါတယ်. . ”

“ရှင် ဘယ်အချိန်ထိ လေးစားနိုင်မလဲဆိုတာ ကျွန်မစောင့်ကြည့်ရဦးမယ်. . ဒိုးဒိုးကတော့ ကျွန်မကို ဟိုးအထက်အညာက ရွာကလေးဆိုတာအထိ လိုက်ကြမလားလို့ လာအဖော်စပ်နေတာပဲ. . ကျွန်မ သိပ်မအားသေးလို့သာ မသွားဖြစ်ကြသေးတာ ဆိုပါစို့ . . ”

ဒီတစ်ခါမှာ မျက်နှာအပျက်ပျက်နှင့် ပက်လက်လန်ကျမသွားအောင် မနည်းကြီး ထိန်းထားလိုက်ရသူမှာ ခင်မောင်ကြည်ပင် ဖြစ်ပါသည်။ ခင်မောင်ကြည်မှာ ဒိုးဒိုးကစပြောသည်ဆိုတာကို သိပ်အယုံအကြည် မရှိလှပေမယ့် ဒီမိန်းမ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



က တိုက်တွန်းနားချရင်တော့ ဟိုငတုံးကောင်ကလေးက သွားဖို့စဉ်းစားပြီး အကောင်အထည်ဖော်ဖြစ်မှာပဲ ဆိုတာကို သိနေပါသည်။

အခုအခါမှာတော့ အတိအလင်းကြီး စစ်ကြေညာလိုက်ကြပြီဖြစ်သည့် ခင်နှင်းဆီနှင့် ခင်မောင်ကြည်တို့ဟာ . . တစ်ယောက်ကိုတစ်ယောက် အရွဲ့မုန်းကြီးလည်း ရွဲ့မုန်းနေကြ. . ခပ်လန့်လန့်ကလည်းရှိ. . ကိုယ်လန့်နေပြီဆိုတာကို လည်း တစ်ဖက်လူ သိမှာစိုး . . နှစ်ယောက်စလုံးပင် ရှေ့မတိုးရဲ. . နောက်မဆုတ်နိုင်တွေ ဖြစ်နေကြပါတော့သည်။

"ဟဲ ဟဲ ဟဲ. . ခင်နှင်းဆီက သိပ်မအားဘူးဆိုတာတော့ ဖြစ်နိုင်ပဲ့မလား . . အလုပ်သာထွက်သွားတယ် ကိုယ်မြင်တာတော့ ဒီရုံးခန်းထဲမှာချည်းပဲလားလို့ . . ဟဲ ဟဲ ဟဲ. . "

အတွေ့အကြုံရှိပြီးဖြစ်သည့် ခင်မောင်ကြည်က အရင်ဦးအောင် အရှိန်မပျက် ဟန်မပျက် စကားပြန်စလိုက်သည်။ ခင်နှင်းဆီလို ဘယ်ယောကျ်ားမျိုးကိုမှ လူမထင်ချင်သည့်မိန်းမမျိုးအတွက် ဘယ်လိုစကားဟာ အထိနာစေမလဲ ဆိုတာကိုလည်း အတပ်သိကာ တမင်ပင် ရွေးချယ်ပြောဆိုကြည့်လိုက်သည်။ ခင်နှင်းဆီကလည်း တယ်မခေပါ. .။ တစ်ကိစ္စမပြတ်ခင် နောက်တစ်ဘက်ကနေ လှည့်တွယ်ပြီဆိုတာကို ချက်ချင်းပင် သိလိုက်တာမို့ . .

"ဒါကတော့ မအားပေမယ့်လည်း မဖြစ်ဖြစ်အောင် လာရမယ့်နေရာကိုးရှင့်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဗျာ. . ဗျာ. . ဗျာ. . ကိုယ်တို့လည်း မသိလိုက်ရပါလား . ."

"မသိလိုက်ရင်လည်း မှတ်ထားလိုက်ပါ. . နောင်ဆိုရင်. . ဒီရုံးခန်းထဲမှာပဲ အမြဲထိုင်ရင် ထိုင်နေတော့မှာ. . သိပြီလား . . "

ခင်နှင်းဆီက ဇွတ်ပင် ပြောချပစ်လိုက်တော့သည်။ ဒိုးဒိုးနားသို့ ပြန်ပေါက်လည်း အရေးမကြီးလှပါဘူး။ "ရှင့်ကို ဒီလိုလူနဲ့ ဘယ်လိုမှ စိတ်မချထားနိုင်တော့လို့၊ တို့ဟိုအလုပ်က ပြန်ထွက်ခဲ့ပြီး . . ဒီအလုပ်ထဲမှာပဲ ရှင့်ရဲ့ စက္ကထရီအဖြစ် ပြန်ဝင်တော့မှာကို ဆိုလိုတာပါ. . "ဆိုရင် ပြီးပြီးပဲ. . ။ ခင်နှင်းဆီရဲ့ ဇွတ်လုပ်ရပ်ဟာ နည်းနည်းတော့ အောင်မြင်သွားပါသည်။

"ဘယ်တုန်းကများ ဖြစ်ပျက်ပြောင်းလဲသွားကြပြီလဲ. . ငါလည်း မသိလိုက်ရပါလား"ဟု 'ဟိုက်'ခနဲ ဖြစ်သွားရကာ မျက်လုံးပြူး မျက်ဆံပြူးပါ ဖြစ်ချင်သွားရသည့် ခင်မောင်ကြည်က စိတ်အတွင်းမှာ တကယ်ပဲ ဖြစ်ပျက်သွားသော ခံစားချက်ကို အပြင်မှာ ပိုပိုသာသာကလေးပါ ပိုလုပ်ပြလိုက်ရင်း . .

"မသိလိုက်ရပါကလား ခင်ဗျာ. . ဒါဖြင့် စားရသောက်ရတော့မယ်ပေါ့ . . "

"စားရသောက်ရမှာကတော့ အထူးတလည် ပြောနေစရာလိုမယ် မထင်ပါဘူး . . ရှင်. . ဒိုးဒိုးဆီက အမြဲလိုလိုပဲ စားသောက်နေရာတာပဲ မဟုတ်လား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည် ဘာမှပြန်မချေပနိုင်ခင်မှာပင် ဒိုးဒိုးရဲ့ ရုံးခန်းတံခါးက ဖျတ်ခနဲ ပွင့်လာကာ ဧည့်သည်ရော. . ဒိုးဒိုးပါ အပြင်ဘက်သို့ ထွက်လာကြသည်။ အပြင်ရောက်လာသော ဒိုးဒိုးက ထိုင်နေသော ခင်နှင်းဆီနှင့် အနီးအနားမှာ ကပ်ရပ်နေသော ခင်မောင်ကြည်တို့ကို လှမ်းမြင်လိုက်ရလျှင် ဒီနှစ်ယောက်တော့ နှုတ်တိုက်ပွဲ ဆင်နွှဲနေလောက်ပြီဆိုတာကို ရိပ်စားမိလိုက်ရပါသည်။

"ဟာ. . ခင်နှင်းဆီ. . ရောက်နေတာကြာပြီလား . . အားနာလိုက်တာ. . "

"ကိစ္စမရှိဘူး ဒိုးဒိုးရဲ့၊ ရှင်ထွက်လာတာတောင်မှ စောသွားသေးတယ်. . ဒီလောက် မစောခဲ့ဘူးဆိုရင်တော့"

ခင်နှင်းဆီက စကားစကို ခဏဖြတ်ကာ ခင်မောင်ကြည့်ဘက်ကို မျက်နှာလှည့်လိုက်ရင်း . .

"အဖြေပေါ်သင့်တာတွေက အားလုံးပေါ်ပြီးသားပဲ. . "

ခင်မောင်ကြည်က "အိုးဟိုးဟိုး" ဟု ရယ်လိုက်ကာ ပခုံးတွန့် . . လက်နှစ်ဖက် မြှောက်ပြရင်းက . . ခေါင်းငုံ့၊ ဇက်ပုပြီး မျက်စပါပစ်ထည့်လိုက်သေးသည်။ သို့သော် ခင်နှင်းဆီကတော့ဖြင့် ထိုအမူအရာများကို အဆုံးထိ စောင့်ကြည့်မနေတော့ဘဲ ဒိုးဒိုး၏ အခန်းထဲသို့ ဝင်ချသွားခဲ့လေပြီ။ ဒိုးဒိုးက ခင်မောင်ကြည့်ကို စိတ်ပျက်သလို လှမ်းကြည့်လိုက်ကာ. .

"ကိုကြည်ကလည်းဗျာ. . ကလေးတွေ ကျနေတာပဲ. . "

"ဟ. . မောင်ရင်က ကိုယ့်ကျတော့ ပြောတယ်. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဟိုမဒီကိုကျ တစ်လုံးမှ မဟရဲတဲ့ သဘောလား . . အေးပါ. . ကိုယ်မြင်ယောင်ပါတယ်. . မောင်ရင်တော့ ဒီပုံအတိုင်းဆိုရင် ရှေ့လျှောက်လွယ်မှာကို မဟုတ်ပါဘူး . . တစ်ဘဝလုံးစာအတွက်တော့ သွားပါပြီဗျာ"

"ဟာ. . ဘာဆိုင်လို့လဲ. . ခင်ဗျားကြီးဟာ ပါးစပ်က လျှောက်,လျှောက်ပြီး ပြောနေတာပဲ. . ဟိုမှာ ကြားသွားရင် ဘယ်လိုလုပ်မလဲ. . "

"ဩော်. . လက်မလွန်သေးဘူးလား . . ဝမ်းသာတယ်ကွာ. . ကြားရတာ ဝမ်းသာလိုက်တာ. . ဒီလိုဆို ကိုယ်အချိန်မီ ကူညီနိုင်သေးတယ်ပေါ့နော်. . သိပ်မများပါဘူး . . ကိုယ့်ဆီမှာ တစ်လလောက်ပဲ ထရိန်နင် (Training) ဆင်းလိုက်ပါလား . . "

"တော်ပါပြီ"

ဒိုးဒိုး အခန်းထဲပြန်ဝင်သွားသောအခါ ရူးသလိုပေါသလိုလို လုပ်ထားသော ခင်မောင်ကြည့် မျက်နှာက ချက်ချင်း ပြန်တည်တန့်သွားသည်။ ပြီးတာနဲ့ တဖြည်းဖြည်းချင်း လန်းကြည်လာတော့ကာ. . ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေလေတော့သည်။ အင်း . . ဟိုမိန်းမ ဝါကြွားသွားသလောက် အခြေအနေ မဆိုးသေးပါဘူးတဲ့ . . ဒါဖြင့် အချိန်မီနိုင်သေးတာပေါ့ . . ။ ဖြစ်ခါနီးဆဲဆဲ. . မဖြစ်ပွားသေးဘူးဆိုတဲ့ အခြေအနေကနေ. . လုံးဝဥဿုံ ဖြစ်ပေးမလာတော့တဲ့အထိ ဖြစ်သွားရအောင်. . ငါ ဘယ်လိုလုပ်နိုင်မလဲ. . ။

ရန်သူတော်စစ်စစ်ကြီး ဖြစ်နေပြီး . . ကြည့်မရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော့သည့် ခင်နှင်းဆီကို ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို လူဆိုးကြီးဆန်ဆန် ဖျောက်ဖျက်သုတ်သင်ပစ်လိုက်ဖို့ အထိတော့ လူမိုက်မဆန်ဝံ့လှသေးသည့် ခင်မောင်ကြည်မှာ ခင်နှင်းဆီ တစ်ကိုယ်လုံးကြီးကို ဒီကမ္ဘာပေါ်က ပျောက်ကွယ်သွားအောင် မလုပ်နိုင်ရင်တောင်မှ . . ဒင်းရဲ့ နေရာအနေအထားတစ်ခုကို တော့ ဒိုးဒိုးထံမှ ပျောက်ကွယ်လွင့်ထွက်သွားအောင် လုပ်နိုင် ရပေမည်။

စဉ်းစား၊ စဉ်းစား၊ သေချာစဉ်းစား။ အချိန်က သိပ်မရလှတော့ဘူး။ ခင်နှင်းဆီဆိုတဲ့ မိန်းမဟာ မာနကြီးသလိုလို . . ဖင်ခေါင်းကျယ်သလိုလိုနဲ့ ကိုယ့်ကိုကိုယ် တန်ဖိုးမမြင့်မြင့်အောင် မြှင်တင်ထားတတ်တဲ့ အစားထဲကမို့လို့သာ အခြေအနေက ဒီလောက် အီလေးဆွဲ ကြာမြင့်နေပြီး . . ကိုယ့်အတွက် အချိန်ရသလို ဖြစ်နေခဲ့တာ . .။ နည်းနည်းလောက်များ ရေလာမြောင်းပေး အကွက်ချတတ်တဲ့ ဟာမမျိုးကလေးများ ဖြစ်နေခဲ့ရင် ကိုယ်တို့လူက ခံနိုင်ရည်ရှိမှာ မဟုတ် . . တဟီးဟီး တဟဲဟဲနဲ့ ခေါင်းတွေ စွတ်ညိတ်နေကာ . . ခုလောက်ရှိ မင်္ဂလာရက်သတ်ပြီးကြလို့ ဖိတ်စာတောင်မှ ရိုက်နေကြလောက်ပြီ . .။

အကောင်းဆုံးနဲ့ အဖြစ်သင့်ဆုံး အဖြေကတော့ အဲဒီမိန်းမနေရာမှာ ကိုယ်ပိုင်နိုင်မယ့် တစ်ယောက်ယောက်ကို အစားထိုးထည့်လိုက်နိုင်ဖို့ပဲ . .။ ကိုယ့်လူက နေရာရသွားလျှင် သူ နောက်ထပ် ဘာပဲပြောပြော၊ ဘာတွေပဲ နားချတိုက်တွန်း တိုက်တွန်း . . အနီးကပ်ဖြစ်သည့် ကိုယ့်လူက ပယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ချပစ်ဖို့ ချုပ်ကိုင်နိုင်တဲ့အထိ ပိုင်နိုင်စကားအောင်ပြီးနေရင် ပြီးပြီ. . ။ ကိစ္စကပြတ်ပြီ. . ။ သို့သော် ထည့်ဟော့ ထည့်ဟော့ ဆိုတိုင်း ပြီးတာမဟုတ်. . အသစ်ရောက်လာရမယ့် တစ်ယောက်ဟာ ခင်နှင်းဆီလောက်တော့ အနည်းဆုံး ဆွဲဆောင်နိုင်စွမ်းရှိကာ လှပဖို့ကောင်းတာပေါ့ . . ။ သူ့မမီတောင်မှ ဘာပဲဖြစ်ဖြစ် သူ့နီးပါးလောက် အနည်းဆုံးရှိမှသာ အာရုံပြောင်းစိတ်ဝင်စားလာအောင် လုပ်နိုင်စွမ်းမှာပေါ့ . . ။

အေးလေ. . နည်းနည်းပါးပါးလောက် အညှအခရာ ပညာစွမ်းကလေးတွေနဲ့ အစားထိုးလိုက်ရင်တော့လည်း ရုပ်ရည်ဟာ ဒီလောက်ကြီး အဓိကမကျတော့သလိုလို ဖြစ်ချင်ဖြစ်သွားမှာပါ. . ။ ဒါပေမယ့် . . ။ အင်း . . အဲဒီ ဒါပေမယ့်ကလည်း အရေးကြီးသေးတာပဲ. . ကိုယ့်ပတ်ဝန်းကျင်က မိန်းမများဟာ ကိုယ့်စိတ်တိုင်းကျ ခင်နှင်းဆီကို ယှဉ်နိုင်ကြမည့် နေရာမျိုးမှာတော့ အားကိုးရလောက်ပါသည်။ ကိုယ်တောင် ခပ်ကျကျဖြစ်နေရသော မိန်းမမျိုးတွေ ဖြစ်နေမှတော့ ဟိုအတွေ့အကြုံ ကင်းမဲ့တဲ့ ငတုံးကောင်ကလေးကို တစ်လ နှစ်လလောက်ထက်ပိုပြီး ဆွယ်စရာလိုမယ် မထင်ပါဘူး . . ။

ဒါပေမယ့် . . ခင်မောင်ကြည် ဆိုလိုချင်သော 'ဒါပေမယ့်'မှာ ကိုယ့်လူတွေ မတော်လို့ ပြောနေရမှာ မဟုတ်. . တော်ကြာ တော်လွန်းလို့တောင်မှ ကိုယ်မွေးတဲ့ မျောက် ကိုယ့်ပြန်ချောက်တာ. . ခင်နှင်းဆီတင်မက ကိုယ်ပါ လွင့်ထွက်သွားရမည့်အဖြစ်အထိတောင်မှ တော်တတ်,နေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြသေးရင် ဘယ့်နှယ့်လုပ်ရမလဲ. .။ မိန်းမတွေက ပြောလို့ရတာမဟုတ်. . "အမှီကောင်းကောင်း . . ခြေကုပ်မြဲမြဲနေရာတစ်ခုကို တွေ့ပဟဲ့"ဆိုပြီး သာမန် ဒေါက်တိုင်မျိုးတွေကို ခြေနဲ့ကန် စွန့်ပစ်ခဲ့ကြဖို့ ဝန်လေးနေကြပေမယ့် အစားမျိုးတွေ မဟုတ်ပေ. .။ အဲဒီအခါကျ သူတို့က 'တရားဝင်ဇနီး' တွေ ဘာတွေအထိ ဖြစ်ပြီးနေကြပြီဆိုရင် ကိုယ်က ဘာများ တတ်နိုင်ဦးမှာလဲ. .။

ဟိုကောင်လေး နားဝင်မည်. . မဝင်တော့ မည်မသိ. . "ဒီကိစ္စဟာ ကိုယ်ကစတာပါ. . ကိုယ်လုပ်ခိုင်းမိတာပါ"ဟု သွေးရူးသွေးတန်း အော်ဟပ်ပြောနေရရုံထက် ဘာမှပိုနိုင်တော့မှာ မဟုတ်ပေ. .။ ကိုယ်ကတော့ သိပ်အကြောင်းမဟုတ်ပါဘူး . . ကိုယ်တင်မက. . ကိုယ်ကြိုးစားမြှင့်တင်ပေးချင်နေမိသော မြေးချစ်နှင့် အဖူးတို့ပါ နေရာမလှ အခြေမကျတော့မှာကိုသာ ကိုယ်ကပူ. .။

အင်း . . နေပါဦး . . အဖူး။ အဖူး . .။ ကိုယ့်ပတ်ဝန်းကျင်က ကိုယ်ထည့်စဉ်းစားနိုင်သော မိန်းကလေးတွေထဲမှာ 'အဖူး' လည်း ရှိနေတာပဲ. .။ ဒီဟာမလေးကလည်း အရွယ်ရောက်ပြီးသား မိန်းကလေးတစ်ယောက်ပဲ. .။ ဟာ ဒါပေမယ့် အဖြစ်သေးပါဘူး . . အဖူးကိုတော့ ခင်မောင်ကြည်က အသုံးချခံ မိန်းမတွေစာရင်းထဲ မထည့်ချင်ပါဘူး . .။ ဒါပေမယ့် . . ဒါပေမယ့် ဘာဖြစ်သေးလဲ. . မကောင်းတဲ့ကိစ္စမှမဟုတ်တာ. . ဟိုငတုံးကောင်ကလေးဟာ လူရိုးလူအေးကလေးပဲဟာ. .။ တစ်ခုခုဆိုရင်လည်း တာဝန်ယူဖို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဝန်လေးမယ့် ကောင်စားမျိုးလေး မဟုတ်ပါဘူး . . ဝန်လေးနေရင်လည်း အဲဒီအချိန်ကျမှ ခင်မောင်ကြည်ကဝင်ပြီး ဘေးတီး . . နားရင်းတီး ဝင်လုပ်လည်း ရတာပဲ. . ။

တကယ်တမ်း အောင်မြင်သွားပြီဆိုရင်. . မြေးချစ်ရော အဖူးပါ တစ်သက်တာ အခြေကျကြရမယ့်ကိစ္စလေ. . ။ ကိုယ့်မှာလည်း ဒီငအကောင်ကလေးနဲ့ ငကြောက်မကလေးတို့ရဲ့ တစ်သက်တာစလုံးမှာ ကိုယ့်လက် ကိုယ့်ခြေ ကိုယ်ချည်းပဲ ပိုင်ပိုင်နိုင်နိုင်နဲ့ ဝင်ပြီးကြိုးဆွဲစေစားနေနိုင်မှာပေါ့ . . ။ အပိုင်ချည်းပဲ. . ။

ခင်မောင်ကြည်မှာ. . 'အဖူး'ဆိုတဲ့အတိုင်း ဖူးဖူးမြတ်မြတ်ထားကာ သိကြားမင်းရဲ့ သားနဲ့တောင် သဘောမတူနိုင်ခဲ့တဲ့အထိ သဝန်တို ထိန်းသိမ်းထားခဲ့ရသော ကောင်မလေးကို နှမြောတွန့်တိုကာ ခိုင်းမစားရက်. . အသုံးမချရက်ဖြစ်နေသော စိတ်ကတစ်ပိုင်း . . ။ အကယ်၍များ အောင်မြင်သွားခဲ့သည်ရှိသော် ကိုယ်ရည်မှန်းတဲ့အတိုင်း သူကလေးတို့ရဲ့ ဘဝတစ်သက်တာလုံးအတွက်ပါမက ကိုယ့်အတွက်ပါ ပူစရာပင်စရာ မလိုတော့မှာကို အားရနေမိတာက တစ်ပိုင်း။

တစ်ယောက်တည်း ဦးနှောက်တွင်း လွန်ဆွဲပွဲကျင်းပနေဖြစ်ကာ. . လူတစ်ကိုယ်လုံး ချွေးစေးတွေနှင့် ခြေကုန်လက်ပမ်းပင် ကျလာရပါသည်။ ဘာဖြစ်လဲ ခိုင်းစားတယ်ဆိုပေမယ့် သူကောင်းစားဖို့ပဲဟာ. . ဒါပေမယ့် တော်ကြာမအောင်မမြင်နဲ့ ချွတ်ချော်ခဲ့ရင်. . အဖူးကလေး အသုံးချခံလိုက်ရတာသာလျှင် အဖတ်တင်မယ်. . ကိုယ့်ရဲ့ရှုပ်ရှုပ်ယှက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ယှက်ကိစ္စတွေနဲ့ ကောင်မလေးကို ဘယ်တုန်းကမှ ပတ်သက်စေခဲ့တာမဟုတ်ဘူး . . တော်ကြာ ဟိုကောင်က မကြိုက်တဲ့အပြင် အထင်တောင်မှ သေးသွားဦးမည်ဆိုရင် ကောင်မလေးတော့ အရှက်တကွဲ အကျိုးနည်းနဲ့ သွားပါပြီ။ သြော်. . စစ်မရောက်ခင် မြားမကုန်ချင်နဲ့လေ. . အောင်မြင်ဖို့ဆိုတာကတော့ မအောင်မြင် အောင်မြင်အောင် ကြိုးစားရင် အောင်မြင်လာနိုင်တာပဲ. . ။

ဟာ. . ဒါပေမယ့် ငါ့ရှေ့တည့်တည့်ကြီးမှာ အဖူးက ဒီကောင့်ကို ညှုနေရမယ့်ကိစ္စလည်း ငါ မမြင်နိုင်ပါဘူး . . ကောင်မလေးလည်း လုပ်တတ်မယ် မထင်ဘူး . . ။ သြော်. . ညှုတာတစ်ခုတည်းပဲ နည်းရှိသလား ခင်မောင်ကြည်ရဲ့ . . ကောင်မလေးရုပ်ကလေးကိုကြည့်စမ်း . . ကရုဏာသက်ချင်စရာလေး . . မင်းလိုလူတောင် စိတ်ကောင်းဝင်လာရတဲ့ ရုပ်မျိုးပဲ. . သနားကရုဏာ မကင်းချင်စရာ ပုံစံမျိုးနဲ့ လှည့်ဝင်ရင်ကော. . ။ ခင်နှင်းဆီရဲ့ အမိန့်တွေ အာဏာတွေကိုချည်း နားထောင်နေရတဲ့ ဟိုကောင့်အတွက် 'ယောကျ်ားမာန' ကို ထိုးမြှင့်တင်ပေးနိုင်မယ့် မိန်းကလေးမျိုး လိုအပ်မနေပေဘူးလား . . ။

မြေးချစ်လို အိမ်အထိတော့ ပို့လွှတ်မထားနိုင်ပါဘူး . . ငါ့မျက်စိကွယ်ရာ နားကွယ်ရာကြီး . . ဘယ်လောက်တုံးတုံး ဘယ်လောက်အအ. . ဟိုကောင်လည်း ယောကျ်ားပဲဟာ. . ဘာစိတ်ချယုံကြည်ထားချင်စရာရှိလဲ. . ။ ကိုယ်အမြဲ မြင်နေရမည့် ဒီရုံးမှာပဲ အလုပ်သွင်းနိုင်မှ. . ။ သာမန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စာရေးမပုံစံကတော့ 'ထွတ်'ပဲ. . ။ အနားကပ်ခွင့်ရဖို့နေနေ သာသာ ရှိလို့ရှိနေမှန်းတောင် ကြာကြာနေရင် သိတော့မှာ မဟုတ်. . ။ ဟုတ်ပြီ. . ။ အနားကပ်ကြီးလည်း ဖြစ်နေအောင် အရေးလည်းပါအောင်. . အစီအစဉ်တွေ မအောင်မြင်ခဲ့ရင် တောင်မှ အထင်သေးစရာလည်း မရှိရလေအောင်. . ခုလော လောဆယ် ဒီကောင့်ဆီမှာ လစ်လပ်နေတဲ့ စက္ကထရီနေရာကို ရအောင်သွင်းမှ. . ။

ဒါပေမယ့် ဒီလိုနိုင်ငံခြားကုမ္ပဏီကြီး တစ်ခုမှာ အထွေထွေမန်နေဂျာတစ်ယောက်ရဲ့ စက္ကထရီရာထူးကိုရဖို့ ဆိုတာ. . ဘွဲ့ရ၊ ပညာတတ်၊ ထက်ထက်မြက်မြက်နဲ့ သင် တန်းပေါင်းစုံက လက်မှတ်ပေါင်းစုံကို ရထားနိုင်ဖို့လိုတာ. . ။ အဲဒီလိုရထားတဲ့ လူချင်းတူတူဆိုရင်တောင်မှ အတွေ့အကြုံ ရှိသည့်သူကိုမှ ပိုပြီးဦးစားပေးတာ. . အဖူးလို ဘာသာစကား နှစ်မျိုး သုံးမျိုး ကျွမ်းကျင်ကာ၊ ကွန်ပျူတာကျွမ်းကျင်ပြီး Secretary course ပါအောင်ပြီးဖို့ဝေးလို့ ဘွဲ့တောင်မှမရသေး သည့် ထုံထုံအအမ,ကလေးမျိုးအတွက် ဒီရာထူးဆိုတာ အလှမ်း ဝေးလွန်းလှသည်။

ဩော်. . ဒါကတော့ ကြံရမှာပေါ့. . စက္ကထရီလို ဟာမျိုးကိုခန့်ရင် ဂျပန်ရုံးချုပ်အထိ လှမ်းသတင်းပို့ အကြောင်း ကြားရမည်ဖြစ်သော်လည်း ကိုယ်က ဒိုးဒိုးကို မရမကစကား မအောင်အောင်,အောင် ပြောမည်လေ. . ။ သူလည်း တစ်ဖက် မှာရအောင်ပြောပေါ့. . ။ အလုပ်ကိစ္စအတွက် သိပ်ကြီးအသုံး မကျလှသေးရင်တောင်မှ Personal Secretary (ကိုယ်ရေးကိုယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



တာ စက္ကူထရီ) သဘော ခန့်ပေးထားရင်ရတာပဲ. . ဟဲဟဲဟဲ။

ဟဲဟဲဟဲ. . ခင်နှင်းဆီရေ. . ကိုယ်ကတော့ "တွက်ရေးမှာတော့ စက်သူဌေး"ဖြစ်နေပြီနော်. . "တွက်ကြည့်မှ စက်မရှိ" ဆိုတာမျိုး မဖြစ်ရလေအောင်. . "တွက်ကြည့်ရင်လည်း စက်ရှိ" နေအောင် လုပ်တော့မှာနော်. . ။ တစ်နေ့နေ့မှာ ခင်နှင်းဆီတစ်ယောက် ဒီရုံးရောက်လာပြီး သူ တံခါးမရှိ ဓားမရှိ ဝင်ထွက်နေတဲ့ . . ဒိုးဒိုးရဲ့ အခန်းတံခါးကို ဆွဲအဖွင့် Personal Secretary မလေးက ထွက်လာပြီး . . "ဆရာနဲ့ ကြိုတင် Appointment ယူ(ကြိုချိန်း)မထားလို့ တွေ့ခွင့်မရှိပါဘူးရှင်"လို့ ထွက်ပြောပြီး တံခါးကို ပြန်ဆွဲပိတ်သွားတဲ့ အဖြစ်ကို ခင်မောင်ကြည်တို့ တစ်နေရာရာက မြင်လိုက်ရရင်များ . . ဘာပြောကောင်းမလဲ. . ဟား ဟား ဟား ဟား . . ။

ကိုယ့်အတွေးတွေနှင့်ကိုယ် ပြန်လည်လန်းဆန်းတက်ကြွလာပြီဖြစ်သော ခင်မောင်ကြည်မှာ "အဖူးကို အသုံးချပြီး အနိုင်ပြန်ယူနိုင်ရေး" အစီအစဉ်ကို နောက်တစ်ကြိမ်ပြန်ပြင် ပြန်မစဉ်းစားနိုင်တော့ဘဲ ကိုယ့်ဆုံးဖြတ်ချက်ကိုသာ အတည်ပြုဖြစ်လိုက်ပါပြီ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ခင်မောင်ကြည်ရယ်. . ငါ့ကိုသာ သတ်သွားလိုက်ပါ တော့ဟဲ့ . . "

"ဟာ. . အမေကလည်းဗျာ. . အခုဟာက အဖူးကို အပြီးခေါ်သွားမှာ မဟုတ်ဘူး . . သူတစ်နေ့တစ်နေ့ အလကား အိမ်ထိုင် မတိုးတက် ဖြစ်နေရမယ့် အခြေ အနေကြီးကနေ သူ့ဘဝလေး တိုးတက်လာအောင်. . အလုပ်တစ်နေရာမှာ သွင်းပေးဖို့ကိုပဲ ပြောနေတာ. . ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ရတယ်ဆိုတာ အမေတို့က ဘာမှသိတာမဟုတ်ဘူး . . စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်မှရတာ. . ကိုယ့်ဂျူတီ(Duty) အပြင် အိုဗာတိုင်း (Over Time) တွေ ဘာတွေ အများကြီးရှိနေတာ. . အဲဒါကြောင့် ပြောနေတာ. . "

"အဲဒါဖြင့် ငါ့မြေးက အဲဒီကုမ္ပဏီဆိုတာမှာပဲ အိပ်စား ရမှာလား . . "

"ဘယ်ဟုတ်မလဲ. . အဲဒီနားက အဆောင်တစ်ခုမှာ သေချာရှာပြီး သွင်းပေးမယ်. . ခင်မောင်ကြည် အကြောင်း အမေသိပါတယ်. . ကိုယ်သာဖြစ်ချင်ရာ ဖြစ်နေပစေ. . အဖူးကိုထိရင်တော့ ဘယ်တုန်းက ခံဖူးလို့လဲ. . အဖူး မဟုတ်တာဖြစ်မယ့်ကိစ္စကို ကျွန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော်က ကြံပါ့မလား . . ဟော. . အဆောင်မှူးဆီမှာ သေချာအပ်ပြုပြီး ဆုံးမခိုင်းထားမယ်. . အလုပ်ပိတ်ရက် စနေ တနင်္ဂနွေတွေ အိုဗာတိုင် မရှိရင် အဖူးက အမေ့အိမ် ပြန်လာလို့ ရနေတာပဲ. . မတွေ့ရမှာတော့ မပူနဲ့ . . ”

“အခု မြေးချစ်နဲ့ရော ဘယ်မှာတွေ့ရလို့လဲ. . ”

“ဒါကတော့ ကျွန်တော်မှ မလုပ်မအားတာ. . တကူးတက ဘယ်ကြိုပို့နိုင်ပါ့မလဲ. . သူ့မွေးစားတဲ့အိမ်က လည်း ကလေးလေးတစ်ယောက်တည်း အပြင်ကို ဘယ်ပေးလွှတ်ပါ့မလဲ. . ဒါကြောင့်ပြောတာ အဖူး အလုပ်ရပြီးလို့ . . ခုလိုအိမ်တွင်းပုန်းမလေး ဖြစ်မနေ တော့ဘဲ သွားတတ်လာတတ်ပြီဆိုရင် စနေ တနင်္ဂနွေ ကျ အဖူးပြန်လာရင် မြေးချစ်ကိုပါ သွားဝင်ခေါ်လာခဲ့ ရုံပဲ. . ပိုတောင်အဆင်ပြေးသေးတယ်. . ”

“နင့်ဟာက ဟုတ်မှဟုတ်ရဲ့လားဟယ်. . အဲဒီအိမ် တွင်းပုန်းဆိုတာက မဖြစ်ဖြစ်အောင် နင်ပဲ ထားခဲ့တာပဲ ဟာ. . ခုကျမှ ရုတ်တရက်. . အိမ်ပြင်မထွက်လို့ မတိုးတက်ဘူးဆိုတော့ ငါ ဘယ်လိုယုံရမလဲ”

“ဒီမှာ အမေ. . ခေတ်ကြီးက ပြောင်းနေပြီ. . အတွေး အခေါ်တွေကို တရားသေ တစ်နေရာတည်းမှာ ပုံသေ ရပ်ထားလို့ ရတာမဟုတ်တော့ဘူး . . ”

“အဆောင်မှာ သွားနေရမယ့်အစား ဒီအိမ်ကပဲ အလုပ်ဆင်းလို့ကော မရနိုင်ဘူးလား . . ဘာဖြစ်လို့လဲ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မရဘူး . . အလုပ်တွေဆိုတာ . . သူတို့နဲ့နီးတဲ့ လိပ်စာနဲ့လူကိုမှ ပိုဦးစားပေးတာ . . ဒီရပ်ကွက်က အချက်အချာမကျဘူး . . ခေါင်လွန်း ဝေးလွန်းတယ် . . ပြီးတော့ အိုဗာတိုင်ရှိရင် အချိန်မရှိ အချိန်ရှိ သွားလာနေရမှာ . . အဖူးအတွက်လည်း မကောင်းဘူး . . ကြာရင် ရပ်ကွက်ကလည်း အထင်မြင် မှားနိုင်တယ်၊ အဆောင်ဆိုတာက အဲဒီလိုမိန်းကလေးတွေချည်းပဲ . . ဘယ်သူ့ဘယ်သူမှ အထင်မမှားဘူး . . အလုပ်နဲ့လည်း နီးတယ် . . ကျွန်တော်က ကောင်းမယ်ထင်လို့ စီမံတာပါ အမေရယ် . . စိတ်ချစမ်းပါ"

"နင့်တော့ ငါနိုင်အောင် မပြောနိုင်ပါဘူးဟယ် . ."

"အမေ့အတွက်လည်း လုံးဝမပူနဲ့ . . အမေ့ကိုကြည့်ဖို့ အိမ်ဖော်ကောင်မလေးတစ်ယောက် ကျွန်တော် ငှားပေးခဲ့ဦးမှာ . . ဟုတ်တယ်လေ . . အဖူးအတွက်ချည်းပဲ ကြည့်လို့မဖြစ်ဘူး . . မကျန်းမာတဲ့ ကိုယ့်အမေကိုယ်လည်း မျက်နှာလွှဲခဲပစ် လုပ်ပစ်ခဲ့လို့ ဘယ်ဖြစ်မလဲ"

"အမယ်လေး . . ကြားသားမိုးကြိုး . . ငါစိတ်ဖောက်ပြန်ပြီး ကြားချင်ရာတွေ လျှောက်ကြားကုန်တာလား"

"အမေတို့က အဲဒါတွေခက်တာ . . လေ့နံဓားထစ်ဝါဒ သိပ်ရှိတာပဲ . . အရာရာတိုင်း ပြောင်းလဲနေကြတဲ့ ဥစ္စာပဲ . . လူလည်း လိုက်ပြောင်းနေမှာပဲပေါ့ . . တရားသဘောနဲ့ကြည့်ရင် မမြဲတဲ့ သဘောတွေပေါ့"

"တော်စမ်းပါ ခင်မောင်ကြည်ရယ် . ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဟုတ်ပြောတာပါ. . ကျွန်တော်လည်း ကြီးပြီ. . အသက်ပဲလေးဆယ်နား ရောက်နေပြီ. . ဒီလောက်မှ မသိတတ်သေးရင်. . ခုနေ ရုတ်တရက် ဖျတ်ခနဲ သေသွားရင်တောင် ငရဲပြည်လား . . အဝီစိလားနဲ့ . . အသေတောင် ဖြောင့်နိုင်မှာမဟုတ်ဘူး . . ကုသိုလ်လေးဘာလေးဆိုတာ ရှာကြံယူတတ်မှ ဖြစ်တော့မှာ. . ကိုယ့်အမေမိဘ ကိုယ်ကိုယ်တိုင် မပြုစုနိုင်လို့ လူငှားပေးတာဆိုလည်း . . ဒါကုသိုလ်ကတော့ ရတာပဲ. . အနည်းနဲ့အများပဲ ကွာမှာပေါ့ . . ဒီလောက်လေးတော့ လုပ်ဦးမှ. . "

"ကုသိုလ်တစ်ပဲ. . ငရဲတစ်ပိဿမဖြစ်ရင် ပြီးတာပါပဲ"

"အမေ မယုံတာကို ယုံအောင် အနိုင်လုပြီး ပြောနေရင် တော်ကြာ ငရဲတစ်ပိဿထဲက တစ်ကျပ်သားလောက် ကိုယ့်ပေါ်လာတင်ပြီး ဖြစ်နေဦးမယ်. . တော်ပြီ ဘာမှမပြောတော့ဘူး . . လာမယ့် တနင်္လာကစပြီး ကောင်မလေးကို လာခေါ်မယ်. . "

"ဟဲ့ ဟဲ့ ဟဲ့ . . နေပါဦး . . ငါတို့ပြောနေကြတာ လူအကြောင်းဟဲ့ . . လူ. . လူ. . အရုပ်မဟုတ်ဘူး . . တိရစ္ဆာန်မဟုတ်ဘူး . . ကာယကံရှင်ရဲ့ ဆန္ဒကို ထည့်မေးဦးမှ ဖြစ်မှာပေါ့ . . မေးစမ်းကြည့်ဦး . . "

"ဘာမေးစရာ လိုသလဲ. . လူကြီးက ကောင်းတယ်ထင်လို့ စီမံမယ့်ဟာပဲ. . ဆီပူအိုးထဲ ခုန်ချစမ်းပါလို့ ခိုင်းတာလည်း မဟုတ်. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မေးမယ့်ဟာသာ မေးစမ်း . . ငါကြားအောင်မေး . .
ငါ့ရှေ့မှာ ခေါ်မေးပြ"

အမှန်ကတော့ မေးနေစရာတောင် လိုမှမဟုတ်ပါ. . အဖေနှင့် အဘွားတို့ ပြောကြဆိုကြတာတွေကို အခန်းထောင့်တစ်နေရာဆီမှာ ငြိမ်ငြိမ်ကလေး ကုတ်ထိုင်နေရင်းက အားလုံးပင် ကြားပြီးသား ဖြစ်နေသော အဖူးမှာ. . အဖေစပြောလိုက်သည် ဆိုကတည်းပင်. . အံ့သြခြင်းကြီးစွာနှင့် ပါးစပ်အဟောင်းသား ဖြစ်နေပြီးဖြစ်ပါသည်။ အံ့သြလို့ဝသော အခါ ပျော်လာသည်။ ထ၍ပင် က,ပစ်ချင်မတတ် ဝမ်းသာကြည်နူးလာမိကာ. . လှုပ်လှုပ်ရှားရှား ဖြစ်ချင်လာသော ကိုယ်ခန္ဓာနှင့် ပြုံးပဲနေချင်တော့သော နှုတ်ခမ်းတို့ကို မနည်းထိန်းသိမ်းချုပ်တီးနေရတာသည်တောင်မှ ခက်ခဲလွန်းလှပေစွ။

အဆောင်တစ်ခုမှာ ပြောင်းနေရမည်ဆိုတာကို အဖူး မကြောက်ပါ. . အဖူးဟာ မိဘတွေရော အစ်မကြီးပါ မရှိကြတော့ကတည်းက ဖြစ်လေရာ ဘဝကြီးမှာ ဒေါင်ကျကျ ပြားကျကျ အလိုက်လျော အဆင်ပြေဆုံးဖြစ်အောင် နေတော့ဖို့ ဆုံးဖြတ်ပြီးသားဖြစ်သလို နေလည်း နေတတ်ပြီးသား။ အဘွားကို ငဲ့နေရလို့သာ အဖေ့အစီအစဉ်ကို နှစ်ခါပြန်စဉ်းစားနေရမည်ဖြစ်သော အဖူးမှာ အဘွားအတွက်လည်း ပူစရာ မလိုတော့ဘူးဆိုရင်တော့ . . နှစ်ခါပြန်မပြောနဲ့ တစ်ခါပြည့်အောင်တောင် စဉ်းစားနေဖို့ မလိုတော့ပါ. . ။

အဖူးရဲ့ အတွေးထဲမှာ ဒိုးဒိုးပဲရှိသည်။ အဖူးသာ အိမ်ပြင်ကို နေ့တိုင်းထွက်ရ၊ ကိုယ်မင်းကိုယ့်ချင်း အဆောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နေကာ လွတ်လပ်ခွင့်ရတော့မည်ဆိုရင် အဖူးတို့ရဲ့ အချစ်ရေးဟာ အတားအဆီး အနှောင့်အယှက် အတော်ကြီးကင်းသွားမည်။ ခုများမှာတော့ ချစ်ရသူ ဒိုးဒိုးအပေါ် စိတ်ချလွန်း၍သာ ဒီလိုကြီး နေနေရသည်။ မျှော်ရမည့် မိန်းမသားမျိုးပီပီ တစ်လမှ တစ်ခါလောက် အနိုင်နိုင်လုံးပမ်းကာ မျက်ကလဲဆန်ပြာတွေ့ဆုံပြီး . . စကားမှ ဝဝမပြောရသေးခင် အချိန်စေ့လမ်းခွဲခဲ့ကြရသော အဖြစ်ကြီးမှာ အဖူးက ရင်နင့်ပူပင်လွန်းလှပါပြီ. . ။

သူငယ်ချင်းမြမြအပေါ် ဒီထက်ပိုပြီးတော့လည်း အခွင့်အရေး မယူချင်တော့ပါ. . ။ ဒိုးဒိုးဟာလည်း ဟိုးပေါက်စနဘဝက သံယောဇဉ်ကို ခုထက်ထိ စွဲမြဲစွာ သိမ်းဆည်းခဲ့ကာ ကိုယ်မှကိုယ် မရမက ပြန်ရှာတွယ်တာပြခဲ့တာပဲ မဟုတ်လား . . ။ ဒီကြားတည်းမှာ ဒိုးဒိုးသာ ဆန္ဒရှိခဲ့ရင် ဆယ်နှစ်အတွင်းမှာ မိန်းကလေးပေါင်းစုံနှင့် မဆုံစည်းနိုင်တာမျိုးမှ မဟုတ်ဘဲ. . ။ ခုတော့ သူ့ခမျာ အဖေ့ရန်က မအေးလှတာတောင်မှ စွန့်စွန့်စားစား တွယ်တွယ်တာတာနှင့် ကိုယ့်အပေါ်မှာ စိတ်ရှည်လက်ရှည် သစ္စာလာရှိနေရှာတာ. . ။

အဲဒီလိုမျိုး ချစ်သူမျိုးကို အဖူးဘက်ကလည်း အခွင့်အရေးတွေပေးကာ သူတွေ့ချင်သည့် အချိန်မျိုးလေးတွေမှာ တွေ့ခွင့်ရအောင် ဖန်တီးပေးချင်စိတ် အဖူးမှာရှိနေခဲ့တာ အပြစ်တစ်ခု ကျူးလွန်မိခြင်း မဟုတ်ဘူး ထင်ပါသည်။ အဖေဟာ အလုပ်သွင်း၊ အဆောင်သွင်းပြီးရင် အဖူးကို ဒီအတိုင်းကြီး လွှတ်ထားမှာတော့မဟုတ်. . ။ မကြာခဏဆိုသလို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လာရောက် ချောင်းမြောင်းကာ အကဲခတ်နေဦးမှာတော့ သေချာသည်။ ဘာပဲဖြစ်ဖြစ်လေ. . အဖေပြောသလိုပဲ အိုဗာတိုင်ရှိတာတို့ ဂျူတီရှိတာတို့နှင့် အဖူးလည်း အဖေ့သမီးပီပီ အချစ်အတွက် လှည့်ဖြားလိမ်ညာတတ်ရတော့မှာပဲပေါ့ . . ။

“ဟဲ့ . . ကောင်မလေး . . ”

အတွေးလွန်နေမိသော အဖူးမှာ ခင်မောင်ကြည်အသံကြောင့် တုန်ခနဲပင် ဖြစ်သွားရကာ အဖေ့ဘက် မြန်မြန်မော့ကြည့်လိုက်သည်။ ခင်မောင်ကြည်ကတော့ လူလည်ပီပီ ကောင်မလေး အင်မတန် စိတ်ဝင်စားတက်ကြွနေပြီဆိုတာကို ရိပ်စားမိလိုက်ပါပြီ. . ။

“ကြားတယ် မဟုတ်လား . . နင့်အဘွားက နင့်ဆန္ဒကို သိချင်နေတယ်. . ”

“ဟုတ်. . ဟုတ်ကဲ့ . . လုပ်မယ် အဖေ. . ”

“ဟဲ့. . ခင်မောင်ကြည်. . ကလေးကို ငေါက်ငန်းသံကြီးနဲ့ မမေးနဲ့ . . ငါမမြင်အောင် မျက်နှာထိမျက်နှာထားကြီးနဲ့ မျက်ရိပ်လည်း ပြမနေနဲ့ . . ”

“ဒါဖြင့်လည်း ကိုယ့်ဘာသာ ခေါ်မေးဗျာ. . သူ့မြေးကဖြင့် တနင်္လာနေ့အထိတောင်မှ စောင့်နိုင်တဲ့ပုံ မပေါ်တော့ဘဲနဲ့များ . . ”

ခင်မောင်ကြည်မှာ ကိုယ့်စိတ်တိုင်းကျ ဖြစ်သော်လည်း အတက်ကြွလွန်နေသည့် အဖူးရဲ့ ဖြစ်အင်ကိုကြည့်ရင်းက သိပ်လည်း မသင်္ကာ. . ဒီလောက်အုပ်ထားတာတောင် ကောင်မလေးမှာ ရည်းစားသနာများ ရှိချင်နေသေးတာလား။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အေးလေ. . သိပ်စိတ်ပူစရာတော့ မရှိပါဘူး . . အဆောင် သို့ပြန်ချိန် ခဏကလွဲရင် ကိုယ့်မျက်စိရှေ့မှောက်အောက်မှာ ရှိနေမှာပဲဟာ. . ရုံးကိစ္စ တချို့တလေအတွက် အပြင်တွေ ဘာတွေကို ကိုယ်မပါဘဲ ထွက်ရရင်လည်း သူ့ဘေးမှာ သူ့ ဘော့စ်အဖြစ် ဒိုးဒိုးတစ်ယောက်လုံး ရှိနေမှာပဲဟာ. .။ ကောင်မလေးစိတ်ကြိုက် သိပ်လှုပ်ရှားခွင့် မရှိပါဘူး . .။

အဆောင်ဆိုတာကလည်း ခင်မောင်ကြည် ကိုယ်တိုင် စပယ်ရှယ်စိတ်တိုင်းကျ ရွေးထားသော အဆောင်ဖြစ်ပါသည်။ အမေ့အိမ်နေပြီး ရုံးတက်ခိုင်းလို့ကတော့ တမင် တကာ လိုက်စုံစမ်းဦးမည်ဖြစ်သည့် ခင်နှင်းဆီနဲ့ မတော်တဆ ရောက်ကောင်းရောက်သွားနိုင်မည်ဖြစ်သော ဒိုးဒိုးတို့ဟာ အမေ နဲ့တွေ့ကုန်ကြတော့မှာပေါ့။ ဒီအဆောင်ကတော့ ခင်မောင် ကြည်တစ်ယောက် ရှားရှားပါးပါး ရိုးရိုးသားသား ဆက်ဆံ ကူညီခဲ့ဖူးသည့် အစ်မကြီးတစ်ယောက်ရဲ့ အဆောင်ဖြစ်သည်။

သူ့ယောကျ်ားသဘော်သား ခရီးထွက်နေတုန်း အဖော်အဖြစ်ရော အပိုဝင်ငွေရအောင်ရော ဖွင့်ထားသည့် အဆောင်မျိုးဖြစ်ပြီး . . သူ ကျေးဇူးတင်ရင်းစွဲ ရှိနေသည့် ခင်မောင်ကြည်ကသာ အကူအညီ ပြန်တောင်းရင် မလွဲမသွေ ကူညီမည်ဖြစ်သည့် ထိုအစ်မကြီးမှာ. . ခင်မောင်ကြည်က သာ. . "သူအပ်ပေးထားတာ. . သူ့အဆက်အသွယ်ဖြစ်ကြောင်း ဘယ်သူလာမေးမေး မပြောနဲ့" ဆိုရင်လည်း တစ်သက်တာ ပတ်လုံး နှုတ်လုံနေမှာပဲ ဖြစ်သလို. . "ဒီအဆောင်ကို အဖူး ရဲ့ဧည့်သည်အဖြစ် ခင်မောင်ကြည်နဲ့ ဒိုးဒိုးကလွဲပြီး ဘယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ယောကျ်ားလေး ဧည့်သည်လာတာကိုမှ လက်မခံပါနဲ့ ပြန်အသိပေးပါ” ဆိုလည်း တသဝေမတိမ်း မလွဲမသွေပင် လိုက်နာမှာပဲ ဖြစ်လေသည်။

စနေ၊ တနင်္ဂနွေတွေ အဖူးအိမ်ပြန်ဖြစ်မည့် အချိန်တွေမှာ ခင်မောင်ကြည်မှာ တစ်ခါတစ်ရံ မသိမသာ စောင့်ချောင်းသူခိုးဖမ်းပြထားလိုက်လျှင် တခြားအကောင်တစ်ကောင် ကောင်ဝင်လာပြီး ဇာတ်ရှုပ်နိုင်မယ့်အရေးက ကာကွယ်ပြီးနိုင်လောက်ပြီ။

“အေး . . နင်သဘောတူပြီးပြီဆိုလည်း ငါက ပြောရဦးမယ်. . ငါက နင့်ကိုယုံလို့ နင်တိုးတက်ပါစေဆိုတဲ့ စေတနာနဲ့ လုပ်ပေးမယ့် ကိစ္စမှာ. . နင်က ငါ့စကားနားမထောင်တာတို့ . . အပြင်ထွက်ရပြီဆိုပြီး အကောင်တွေ ဘာတွေနဲ့ ရှုပ်တီးရှုပ်ယှက် လုပ်ချင်တာတို့ဆိုရင်တော့ သေဖို့သာပြင်ထား . . ကြားလား . . လမ်းလည်ခေါင် လူလည်ခေါင်လည်း ငါကမှုနေမှာ မဟုတ်ဘူး . . ရိုက်ကို သတ်ပစ်ဦးမှာ. . သိပြီလား . . ”

“ဟုတ်. . ဟုတ်ကဲ့ . . ”

“နင်လုပ်ချင်တိုင်းလည်း လုပ်လို့မရပါဘူး . . နင်က ငါ့ရုံးမှာ. . ငါ့မျက်စိရှေ့အောက်မှာ အလုပ်ဝင်ရမှာပဲဟာ. . ”

အဖူး စိတ်ထဲ “သွားပြီ” ဟု စိတ်ပျက်လက်ပျက် ငိုချင်သလိုလိုကြီး ရှိသွားရပြီးမှ . . “အဖေ့ရုံး . . အဖေ့ရုံး ဆိုတော့. . ”ဟု ပြန်စဉ်းစားလိုက်မိသောအခါ. . ပွင့်ဟ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လာသော နှုတ်ခမ်းကလေးကို လက်ကလေးနှင့် ခပ်မြန်မြန် အုပ်ပိတ်လိုက်မိသည် အထိပင် ဖြစ်သွားရပါသည်။ ဘုရား ရေ. . အဖေ့ရှုံးဆိုတော့. . ဒိုးဒိုးရဲ့ရှုံးပဲပေါ့ . . ဒိုးဒိုးဆီမှာ ပဲပေါ့. .။ ချက်ချင်းပင် ရင်ခုန်သံတို့က တဒိတ်ဒိတ် တဒုန်း ဒုန်း အခုန်မြန်လာရသောအခါ. . အဖေ ရိပ်မိသွားမှာ စိုးသ ဖြင့် အဖူးက မျက်လွှာချ ခေါင်းငုံ့ထားလိုက်ရပါသည်။

အမယ်လေး . . ဒုက္ခပဲနော်. . ရှေ့ရှောက် အဖေ မရိပ်မိအောင် အဖူးက ဘယ့်နှယ့်လုပ်ပြီးများ ဟန်ဆောင် ကောင်းရပါ့မလဲ. .။ ဒိုးဒိုးကတော့ အဖေ့ဇာတ်ရှုပ်ထဲမှာ က,တတ်ပြီးသားတစ်ယောက်ပီပီ. . ဣန္ဒြေမပျက်၊ အရှိန် မပျက် ဆက်က,သွားတတ်မှာပါပဲ. .။ အဖူးမှာသာ. . ဟန် မကောင်းနိုင်ရင်တော့ ပတ်ဝန်းကျင်ကော အဖေပါ ရိပ်မိကာ အားလုံးဗွင်းဗွင်းကြီးပင် ပေါ်ကုန်တော့မှာပဲ. . ခက်လိုက်တာ။ ဒိုးဒိုးနဲ့ အမြဲတမ်းကြီး တွေ့မနေရသော နေရာမျိုးဆိုရင်တော့ လည်း မဆိုး . .။ မျက်နှာချင်းဆိုင်ကြီး ဖြစ်မနေရင် အဖူးရဲ့ ဟန်ပန်တို့က နည်းနည်းတော့ တည်ငြိမ်ဟန်ဆောင်နိုင်မည်။

"အဲဒီမှာ ဘာလုပ်ရမှာလဲဟင်. . "

"ငါ့ဘော့စ်ရဲ့ စက္ကထရီအဖြစ် နင့်ကို ငါက ထည့်ပေး မှာ. . ငါ့မျက်စိအောက်မှာဆိုပေမယ့် သူ့စက္ကထရီ ဆိုတော့ သူ့ရုံးခန်းထဲမှာနေ. . သူ့ဝေယျာဝစ္စလေး လုပ်. . ဒီလောက်ပါပဲ. . သိပ်မခက်လှပါဘူး"

အဖူးမှာ ထိုင်နေရင်း ငုတ်တုတ်ကြီးပင် အသက် ပျောက်သွားရတော့မလားဟု တွေးမှတ်လိုက်မိပါသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘုရား . . ဘုရား . . ဒိုးဒိုးရဲ့ ရုံးခန်းထဲမှာ ဝင်နေပြီး ဒိုးဒိုးနဲ့ တစ်နေကုန် နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ကြီးတဲ့ . . ။ ဘုရားရေ . . ချစ်သူနဲ့ နီးနီးကပ်ကပ် ယှဉ်ယှဉ်တွဲတွဲ ဘဝမျိုးကို လိုချင်ပေမယ့် ဒီလောက်ကြီးအထိတော့လည်း ဆုတောင်းမထားခဲ့မိပါဘူး . . ။ ဖြစ်နိုင်ပါ့မလားနော်. . ဒီအကြံအစည်ကို ဒိုးဒိုးကပဲ စတင်တာလား . . အဖေကပဲ တင်ပြပြန်တာလားမသိ။ ဘာပဲဖြစ်ဖြစ် ဒိုးဒိုးရယ်. . အဖူးတော့ ဒီဇာတ်ကို လုံအောင်မှ က,နိုင်ပါ့မလားပဲနော်။

"ဘာတုန်းဟဲ့ . . သူ့အခန်းထဲမှာ နှစ်ယောက်တည်း သူ့ဝေယျာဝစ္စလည်းလုပ်ဆိုတော့ ကြားလို့မှ ကောင်းသေးရဲ့လား . . တော်တော်ကြာ အလုပ်ရှင်က မကောင်းရင် အရှက်တကွဲ အကျိုးနည်းတွေဖြစ်. . "

"ဟာ. . အမေကလည်း . . အမေတို့ခေတ်ကနဲ့ မတူတော့ပါဘူးဆိုနေမှ. . တကယ့်တကယ်တမ်း ကောင်လေးက လိုလားပါတယ်ဆိုရင်တောင် အမေတို့တွေ အိုးစည်ဒိုးပတ်ဝိုင်းငှားထားပြီး အရပ်ထဲလှည့်က,သင့်သေးတယ်. . ဟိုကလူပျိုလေး . . အရှုပ်အရှင်းကင်းကင်းနဲ့ . . အမေ့မြေးကိုတောင် မကြိုက်,ကြိုက်လာအောင် လုပ်သင့်လုပ်ရမယ်. . အောင်သွယ်သင့်သွယ်ရမယ်"

"အို. . မလုပ်နိုင်ပေါင်. . ကောင်းကောင်းမွန်မွန်ဆိုလည်း ပြီးတာပဲပေါ့ . . ဘယ့်နှယ့် မိန်းကလေးဈေးဖျက်ပြီး ကြွေမှဲ့အောင် လုပ်နေရဦးမလား"

ခင်မောင်ကြည်က ဘာမှထပ်မပြောတော့ပေ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နောင်တစ်ချိန်မှာ လုပ်ရမယ့် လုပ်ငန်းစဉ်တွေအတွက် အဖူး သိအောင်လည်း စကားကို ကြိုသွင်းထားပြီးပြီဖြစ်ရာ . . ကိုယ့်ဟာနဲ့ကိုယ် ကျေနပ်နေတော့သည်. . ။ အဖူးမှာတော့ ထူးခြားဆန်းပြားလှသည့် အဖေ့စကားတွေကြောင့် ကိုယ့်ပေါင်ပဲ ကိုယ်ဆိတ်ကြည့်ရတော့မယောင်ယောင်. . အဖေ့စကားက ဒိုးဒိုးနဲ့ဆိုရင်တော့ သဘောတူတယ်လို့ ဆိုလိုလိုက်တာပဲ မဟုတ်ဘူးလား . . ။

ဒိုးဒိုးရေ အဖေတော့ ဧကန္တတော့ ဧကန္တပဲ. . ဘာတွေဖြစ်ကုန်ပလဲလဲ မသိပါဘူး . . ။ ဒါမှမဟုတ် အဖူးတို့ကိစ္စကို သိသွားလို့ မလိုမ့်တပတ်နဲ့ ချောင်းမြောင်းထောင်ဖမ်းချင်တာမျိုးလား . . ။ ဟုတ်မယ် မထင်ပါဘူးလေ. . အဖေဟာ ဒီကိစ္စမျိုးမှာ သူ့သဘောမပါရင် ဒီလောက်ထိ အပင်ပန်းခံ အချိန်ဆွဲနေမှာ မဟုတ်ပါဘူး . . ။ စသိချိန်ကတည်းက နားရင်းပါးရင်းတီးပြီး ရိုက်သတ်ပစ်လိုက်မယ့် လူမျိုးပါ. . ။ ဒါဆိုရင်. . ဒါဆိုရင်တော့. . အဟုတ်ကို သဘောတူနေတော့တာပဲလား . . ။

အဖူး၏ ပါးပြင်လေးနှစ်ဖက်မှာ ရဲတက်လာပြီး လက်ဖဝါး ခြေဖဝါးလေးတို့ကလည်း အေးစက်နေရာမှ ပြန်လည်ပူနွေးလာကြပါတော့သည်။ ခင်မောင်ကြည်က ခေါင်းကလေးငုံ့ထိုင်နေသော စုတ်စုတ်သေးသေးကလေးမလေးကို ကိစ္စတစ်ခုအတွက် ရတက်အေးရပေမယ့်. . နောက်ကိစ္စတစ်ခုအတွက်တော့ ရတက်မအေးနိုင်သလို အကြာကြီးစိုက်ကြည့်နေရင်းက. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟဲ့ . . ထစမ်း . . အဝတ်အစားလေး ဘာလေးလဲ. . နင်နဲ့ ငါ မြို့ထဲသွားကြရအောင်. . "

"ဘာလုပ်ဦးမလို့လဲ ခင်မောင်ကြည်ရေ. . "

"အမေ့မြေးပုံစံလည်း ကြည့်ဦး . . အမေတို့တွေစေးနဲ လက်ခက်နေကြတာနဲ့ ခေတ်နောက်ကျတာနဲ့ ပေါင်းပြီး စုတ်ထေမဲသဲနေတာပဲ. . အပျိုလေး အရွယ်လေးရယ်လို့ ရုပ်လည်းတစ်စက်မှကို မရှိပါဘူး . .။ ဒီပုံအတိုင်းဆို အလုပ်ရဖို့မပြောနဲ့ ရုံးထဲတောင် ဝင်ရမှာမဟုတ်ဘူး . . "

"ဟဲ့ . . နင်တို့ဟာက အလုပ်ရဖို့ကို ရုပ်လှဖို့လည်း လိုသေးသလား . . "

"ဒီအလုပ်မှာတော့ လိုကိုလိုတယ်. . လှကိုလှမှ. . "

ဒေါ်လေးတင်က သူ့သားခင်မောင်ကြည်ကို မသက်ာတော့သလိုကြီး တွေတွေကြီးပင် ကြည့်နေလေတော့သည်။ ခင်မောင်ကြည်ကတော့ ဂရုကိုမစိုက်. .။ အဲဒီနေ့က အဖူး ဘဝတစ်လျှောက်လုံး မရောက်ဖူးသောနေရာတွေ ရောက်. . မဝယ်ဖူး . . မသုံးဖူးသော ပစ္စည်းတွေရကာ. . မပျော်စဖူး အရမ်းကိုလည်း ပျော်လိုက်မိပါသည်။ ခင်မောင်ကြည်နှင့် ရင်ဆိုင်ရလေတိုင်း အဖူးရဲ့ မျက်နှာပေါ်မှာ ပေါ်လွင်နေတတ်တော့သော ရွံ့ကြောက်ကြောက် စိုးရိမ်တကြီး အမူအရာတို့ အတော်ကြီး ကွယ်ပျောက်နေသဖြင့် ခင်မောင်ကြည်ကိုယ်တိုင်ပင်လျှင် ထိုနေ့က အတော်ကြီး စိတ်ချမ်းသာပျော်ရွှင်လိုက်ရသေးသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"နင့်အပေါ် ငါ ဘယ်လိုကောင်းသလဲ. . စေတနာထားသလဲ နင်သိတယ်နော်. . အေး . . ငါ့အလှည့်မှာလည်း နင့်ဘက်က ပြန်ကောင်းဖို့ကို မေ့မနေနဲ့ကြားလား . . ငါကသေဆိုသေ. . ရှင်ဆိုရှင်လိုက်ရုံပဲ. . ကုန်ကုန်ပြောမယ် ငါက ဒီလူနဲ့နင်ယူပေတော့ဆိုရင်လည်း နင့်မှာ ငြင်းခွင့်ရှိမယ်မထင်နဲ့ . . ယူကိုယူရမယ်. . ငါ လုပ်ခိုင်းတာတွေ လုပ်ကိုလုပ်ရမယ် နားလည်လား"

အလှပြင်ဆိုင်တစ်ခုမှ ပြန်ထွက်လာတိုင်း ရုပ်ကလေးက တစ်ခါတက်လာကာ လှပကြော့ရှင်းလာသော အဖူးက စိတ်မသက်မသာလေးနှင့် ခေါင်းကို ဆတ်ခနဲ၊ ဆတ်ခနဲ အကြိမ်ကြိမ်ပင် ညိတ်ပြလိုက်ရပါတော့သည်။ အပျော်တွေကြားထဲမှာ စိတ်လေးလေးကြီးနှင့် မျက်နှာတွေပူနေမိတာ တစ်ခုကတော့ အဖူးကို စိတ်အနှောင့်အယှက် ပေးလျက်ရှိနေသည်။

❀ ❀ ❀

အခန်းတံခါးကို ပြန်ပိတ်ပေးသွားသော စာရေးမလေးရဲ့ ကျောပြင်ကို လိုက်ငေးကြည့်နေပြီးမှ အဖူးက တောင့်တောင့်မတ်မတ်ကြီး ဖြစ်နေသည့် ကိုယ်ခန္ဓာကို ဖြေလျှော့သက်ပြင်းချလိုက်မိပါသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဖူး . . သိပ်လည်း စိတ်တင်းတင်းကြီး ဖြစ်မနေပါနဲ့ အဖူးရယ် . . ဒီအခန်းထဲကို ရုံးကလူတွေအားလုံး ကိုယ်ခေါ်မှ ဝင်ခွင့်ရတာပါ . . ကိုယ်ခေါ်မှဖြစ်ဖြစ် သူတို့ဘာသာ ရုံးကိစ္စအကြောင်းရှိလို့ပဲဖြစ်ဖြစ် . . ဝင်ချင်ရင်လည်း ဒီအတိုင်း ဝင်ချလာလို့ မရပါဘူး အဖူးရဲ့ . . တံခါးခေါက်ရတယ် . . ဝင်ခွင့်ပြုဖို့ပြောရတယ် . . ကိုယ်က ဝင်ဆိုမှ ဝင်ရတာပါ"

အဖူးက သက်ပြင်လေးတစ်ခုနှင့် ယောင်ယောင်လေး လှမ်းပြုံးပြလေသည်။ ဒီနေ့ အဖူး ရုံးသို့ရောက်လာသည် ဆိုရင်ပဲ ရုံးတစ်ခုလုံး အုတ်အော်သောင်းနင်း ဖြစ်ကုန်ကြတော့တာ . . ကျယ်ကျယ်လောင်လောင်တွေတော့ မဟုတ် . . တိုးတိုးကျိတ်ကျိတ်သံများသာ . . ။ သို့သော် အဖူးကတော့ ကာယကံရှင်မို့ ခံစားသိရှိနေသည်။

"လူလိုသည်"ဟု ပြောသံလည်းမကြား . . အလုပ်ခေါ်သံလည်း မကြားဘဲ ရုတ်တရက် ဖြုန်းစားကြီးပင် မိန်းကလေးတစ်ယောက် ပေါက်ချလာပြီး အထွေထွေမန်နေဂျာ၏ ကိုယ်ရေးကိုယ်တာစက္ကထရိပါဟု ဆိုသောအခါ အားလုံး မျက်လုံးပြူးကုန်ကြတာ ပါးစပ်ပေါက်တွေကို ဘယ်ပိတ်ချင်ကြပါတော့မလဲ . . ။ ဒီကြားတည်းမှာမှ ရုံးမှလူအင်အား staff စာရင်းထဲလည်း မဝင် . . Senior Accountant အစ်မကြီး ဒေါ်အေးမြင့်ကိုလည်း လစာထုတ်ပေးရေးအတွက် အသိမပေး အကြောင်းကြားမထား . . ၊ ဂျပန်ရုံးချုပ်သို့လည်း ဖက်(က်)(စ်) (Fax)တွေ ဖုန်းတွေနှင့် အသိမပေး . . အခွင့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မယူဘဲ လူသစ်တစ်ယောက်က မိုးပေါ်ကကျလာသလို ဖြစ်နေရတဲ့အထဲ ထိုလူသစ် မိန်းကလေးဟာ ခင်မောင်ကြည် ခေါ်ဆောင်လာခဲ့သော တစ်ယောက်ဖြစ်နေပြန်သောအခါ. . လူ့ဝသီအတိုင်း "ဘာအကွက်တွေလဲ"ဟု စပ်စုချင်ကုန်ကြခြင်းဖြစ်ပါသည်။

ခင်မောင်ကြည်ကတော့ဖြင့် အားလုံးရဲ့ ပိကျိပိကျိ မှန်သမျှကိုလည်း မှုပုံမရ. . စကားတင်းဆို ခံရတာလောက်ကတော့ အရေခွံထူနေပုံနှင့် ဟန်မပျက်ပင် ရှိလေသည်။ အဖူးမှာသာ ကိုယ့်ကိုပဲ ဝိုင်းကြည့်နေကြပြီဟု ထင်ရသော မျက်လုံးများအတွက် အနေခက်လိုက်ရတာ. .။ အဖူးက တစ်ချိန်လုံး ကိုယ့်ကိုပဲ သဘောကျစိတ်ကျေနပ်နေသလို လှမ်း,လှမ်းစိုက်ကြည့်နေတော့သော ဒိုးဒိုးကို ဖြစ်ညှစ်ထုတ်ထားရသော လေသံနှင့် စကားပြန်ပြောလိုက်ပါသည်။

"သူ့ရုံးခန်းကလည်းနော်. . လူဝင်လူထွက်ကလည်း အဲလိုပဲ အမြဲများနေတော့တာပဲလား"

"ဟား ဟား ဟား . . ဘယ်ဟုတ်ရမှာလဲ အဖူးရဲ့ . . ဒီနေ့မှ များနေတာ. . ဘာမဟုတ်တဲ့ ကိစ္စပေါက်စနလေးတွေလည်း အောက်မှာတင် မန်နေဂျာနဲ့ ပြီးမသွားဘဲ ကိုယ့်ဆီပဲ ရောက်,ရောက်လာနေရော"

"ဟင်. . အဲဒါ အဖူးကို လာချောင်းနေကြတာ"

"သိသားပဲ. . ဘာဖြစ်လဲ. . ကြည့်ကြပစေပေါ့ . . ဘာလို့လဲ. . အဖူးက လူတွေဝင်,ဝင်လာတာကို မကြိုက်ဘူးလား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဟင်. . အဲဒီလိုဆိုတော့လည်း အခိပ္ပာယ်ကြီးက တစ်မျိုးကြီးလိုလို. . ။ အမှန်တကယ်မှာတော့ ကိုယ့်ကိုပဲ အရမ်းကြီး ဝိုင်းစိတ်ဝင်စားနေကြမှာကိုသာ အနေရကျပ်တာပါ. . အဲဒီလို လူဝင်လူထွက် အမြဲရှိနေတာကို အဖူးက ပိုတောင်မှ သဘောကျသေး . . နို့မို့ဆို. . ဒီအခန်းကြီးထဲ ကိုယ်နဲ့သူနဲ့ပဲ တိတ်တိတ်ဆိတ်ဆိတ်ကြီး နှစ်ယောက်တည်း။ ဒိုးဒိုးက ကိုယ့်ချစ်သူတော့ ကိုယ့်ချစ်သူပေါ့ . . ။ ပြီးကျတော့ ကိုယ့်ကို ဘာမှလာမလုပ်နေမှာလဲ သေတော့သေချာတာပေါ့။ ဒါပေမယ့် တစ်မျိုးကြီးကတော့ တစ်မျိုးကြီးပဲ. . ။

အဲဒါကြောင့် အဖေကပြောတာ. . "ဒီနေရာမှာ နင်မဟုတ်ဘဲ တခြားတစ်ယောက်ယောက် အလုပ်ရသွားလို့ကတော့ ငါတို့ဘော့စ်နဲ့ ငြိကိုငြိမှာပဲ. . အဲဒီအခါကျ နင့်တူလည်း ဒုက္ခရောက်. . ငါလည်း ကောင်းကောင်းကွဲမှာပဲ. . အဲဒါကြောင့် နင့်ကိုငါက ဒီနေရာကို မရရအောင်ထည့်တာ" တဲ့ . . ။ "ဘော့စ်နဲ့ ငြိကိုငြိမှာပဲ"ဆိုတာ ခါတိုင်း အဖေလျှောက်ပြောနေကျ စကားတွေလိုမဟုတ်. . ဖြစ်ကိုဖြစ်နိုင်တာပါ. . ။ စားပွဲချင်းက သတ်သတ်စီ တစ်လုံးစီ. . ဟိုးဘက်အခန်းထိပ်နဲ့ ဒီဘက်အခန်းပေါက်ဝ. . အတော်ဝေးပါသည် ဆိုပေမယ့် ဘာပဲပြောပြော တစ်ခန်းတည်းမှာ နှစ်ယောက်တည်းကတော့ နှစ်ယောက်တည်းပဲဟာ. . ။

အဖူးက လူတွေဝိုင်းအုံကြည့်. . အတင်းပြောရုံမကလို့ ဘာပဲလုပ်လုပ်. . ဒီအလုပ်ကို ကြိုးစားကို လုပ်မည်ဟု ကျိတ်ဆုံးဖြတ်လိုက်မိပါသည်။ အဲဒါဟာ အဖေ ဖန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တီးချင်နေပြန်သော ဇာတ်ကွက်များကို ကူညီကာ ဝိုင်းက, ပေးချင်နေလို့မဟုတ်. . ကိုယ့်အားငယ်စိုးရွံ့မှုနှင့်ကိုယ်ပါပင်။

"အဖေကပြောတယ်. . အဖူး ဒီနေရာကို မရရင်. . ဒီနေရာကို ဝင်လာမယ့် အစ်မကြီးနဲ့ ဒိုးဒိုးတို့က သိပ်ပတ်သက်ကြတာဆို. . "

"အလကား . . သူထင်တာ သူလျှောက်ပြောနေတာပါ. . "

"မကြာခင် ကြိုက်သွားကြဖို့ အလားအလာပါ ရှိနေပြီဆို. . "

"အဖူး . . ကိုယ့်ကိုယုံမှာလား . . ကိုကြည် ထင်ရာတွေလျှောက်ပြောနေတာကို နားဝင်နေမှာလား . . "

"ဒိုးဒိုးကိုတော့ ယုံတာပေါ့ . . ဒါပေမယ့် . . "

"အဲဒီ ဒါပေမယ့်က ဘာလဲ. . "

ဒိုးဒိုးက ပြောပြောဆိုဆို ထိုင်နေရာမှ ထလာဖို့ ပြင်လိုက်သောအခါ အဖူးမှာ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ရလျက်. .

"ဒိုးဒိုး . . ဒိုးဒိုး . . အဖေ သိကုန်မယ်နော်. . "

"မသိပါဘူး . . ကိုကြည်လည်း ကိုယ်ခေါ်လိုက်မှ တံခါးခေါက်ပြီး ဝင်ရမှာ"

"ဟုတ်လို့လား . . အဖူးတော့ ကြောက်တယ်. . မလာနဲ့ . . "

"ဟာ. . ဒါဆို တစ်ယောက်နဲ့တစ်ယောက် အဝေးကြီး . . ဒီလိုပဲ အော်ပြောနေရတော့မှာလား ကလေးမ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရဲ့ . . အဲဒီလို အော်နေမှ အပြင်ကနေ ကိုကြည်က ကြားချင်ကြားနေမှာ. . ဒါဖြင့် ကိုယ်မလာရရင် အဖူး လာ. . ”

“ဟာ. . မလာပါဘူး . . ”

အဖူးရဲ့ အသံလေးက ရုတ်တရက်တိုးကာ ပိစိ ညှပ်တောက်လေး ဖြစ်သွားသဖြင့် ဒိုးဒိုးက မရယ်မိအောင် နေလိုက်ရပါသည်။ အမှန်ကတော့ GM ရုံးခန်းသည် Sound Proof (အသံလုံ)ဖြစ်သော အခန်းသာဖြစ်ပါသည်။ ဒါကိုပြော ပြလိုက်ပြန်ရင် ကလေးမလေးက တစ်မျိုးလှည့်တွေးကာ ပူဦးတော့မည်။

“အကောင်းပြောတာ အဖူးရဲ့ . . အဖူးရဲ့ အလုပ်က အဲဒီစားပွဲလေးမှာ တစ်နေကုန်ကုတ်ပြီး ထိုင်နေဖို့မဟုတ် ဘူး . . ကော်ဖီတွေ ဘာတွေ လာဖျော်ပေးရမယ်. . စာရွက်တွေ ထယူပေးရမယ်. . ကိုယ်လိုချင်တဲ့ ဖိုင်လ်ကို ရအောင်ရှာပေးရမယ်. . ဖုန်းတွေ ဘာတွေလာရင် ကိုင်ပေးရမယ်. . ကိုယ်ဘာလိုမလဲ အမြဲတမ်းစောင့် ကြည့်နေပြီး လိုတယ်ထင်တာနဲ့ . . ကိုယ့်ဆန္ဒနဲ့ကိုယ် ချက်ချင်းဆောင်ရွက်ပေးပြီးသား ဖြစ်နေရမယ်”

“ဟင်. . ကော်ဖီ ဖျော်တာကလွဲရင် ဘာမှမလုပ်တတ် ဘူး”

“ဘာလို့မလုပ်တတ်ရမှာလဲ. . ခု ပထမဆုံးနေ့တော့ ဘယ်တတ်ပါ့မလဲ. . ဒီလိုပဲ လုပ်ရင်း,ကိုင်ရင်းနဲ့ တဖြည်းဖြည်း တတ်ရှာပေ့ါ . . ကိုယ့်တုန်းကလည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ဒီအလုပ်ကို ဒီလိုပဲ သင်ယူရတာပဲဟာ. . ကိုယ်က အဖူးကို. . ကိုကြည့် ဇာတ်လမ်းတွေထဲမှာ ဒီလိုပဲ ဝင်က,လိုက်ရရုံလေးသက်သက်ပဲ မဖြစ်စေချင်ဘူး . . ဒါ အခြေအနေပေးလို့ ကိုယ့်အတွက် အခွင့်အရေးတစ်ရပ်လိုဖြစ်လာတာ. . ကိုယ်က အဲဒီအခွင့်အရေးကို ရတုန်းရခိုက် အကျိုးရှိအောင် လုပ်တတ်ရမှာပေ့ါ. . ဒါမှ တိုးတက်မှုရှိမှာပေ့ါ. . အရင်ကဆို အိမ်ထဲမှာပဲ ကုပ်နေရပြီး . . အမြဲကြောက်တတ်နေတဲ့ အဖူးက. . ဒီမှာဝင်လိုက်ပြီးတာနဲ့ ထက်ထက်မြက်မြက် ချက်ချက်ချာချာနဲ့ လုပ်တတ်ကိုင်တတ် ဖြစ်သွားရင် ဘယ်လောက်ဟန်ကျသလဲ. . နောင် တခြားအလုပ်တွေ လုပ်မယ်ဆိုရင်လည်း ကိုယ့်ဘက်မှာ ပြည့်ဝနေပြီးသားဖြစ်တာပေ့ါ . . ”

“နောင် တခြားအလုပ်တွေက ဘာလို့လုပ်ရမှာလဲ. . ”

“ဟ. . ဘာဖြစ်လို့လဲ. . ”

“ဒီအလုပ်က ဒိုးဒိုးနဲ့ ဒီလောက် အနေနီးစပ်နေတာကြီး . . တခြားမိန်းမတွေ မလုပ်ရပါဘူး . . အဖူးပဲ လုပ်မယ်. . ”

ဒိုးဒိုးက. . “တဟင်းဟင်း” နှင့် ကျိတ်ရယ်နေလေသည်။

“အဖူးက သိပ်ချစ်စရာကောင်းတာပဲ. . ကိုယ် ကိုကြည့်ကိုတော့ အဲဒီတစ်ခုတော့ တကယ်ချီးကျူးတယ်”

“ဘာကိုလဲ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဖူးကို အရမ်းလှလာအောင် သူ ဖော်ထုတ်နိုင်တယ်လေ. ."

အဖူးက သက်ပြင်းလေး ချလိုက်မိပါသည်။ လူလည်လူရှုပ်တစ်ယောက် ဖြစ်နေပေမယ့် သူ့မူသူ့နည်းလေးနဲ့သူတော့ မာနတွေ အရှက်တွေ ရှိနေသေးတဲ့ အဖေ့ခမျာ သူကိုယ်တိုင်က "အလေနတော. . ဂျပိုးကောင်. . ကောင်းတဲ့ကောင် မဟုတ်ဘူး"ဟု ပြောခဲ့ဖူးသူတစ်ယောက်ထံ. . သူနှမြောတွန့်တိုသည့် သူ့သမီးကို အလှတွေပြင်ပြီး ပို့လွှတ်ခဲ့မိမှန်းကိုသာ သူပြန်သိလိုက်ရရင် ဘယ်လိုများ နေရှာလိမ့်မလဲ. . ။ အဖူးစိတ်ထင်. . သူအရင်ကပြောဖူးသလို နှစ်လောင်းပြိုင်တင်မက သုံးလောင်းပြိုင်ပါ ဖြစ်သွားနိုင်ကာ. . အဖူးတို့ကိုသတ်အပြီး သူ့ကိုယ်သူ သတ်မသေသေးခင်. . ရှက်ရလွန်းလို့ သူ့မျက်နှာသူ ဓားနဲ့နုတ်နုတ်စင်းပြီးမှသာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖြစ်လိမ့်မည် ထင်သည်။

သူ့ဘာသာသူ တက်တက်ကြွကြွနဲ့ အလှတွေ စွတ်ပြင်ပေးခဲ့တာ သူပြန်မစဉ်းစားမိဘဲကို နေမှာမဟုတ်ပါ. . ခက်တာပဲ. . ဒီကိစ္စကြီးဟာ ကြာလေရှုပ်လေ. . ကြာလေခက်လေ. . ။

"လာ. . လာ. . ကိုယ်အကောင်းပြောတာ အဖူး . . အဖူး ဘာတွေတတ်ထားသင့်သလဲဆိုတာ ကိုယ်တဖြည်းဖြည်းချင်း ပြပေးသွားမယ်. . နောင်ဆို ကွန်ပျူတာတွေ. . စပီကင်(Speaking) သင်တန်းတွေတောင် အဖူးကို ကိုယ်က တက်ခိုင်းဦးမှာ. . ခု အရင်ဆုံးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တော့ ကော်ဖီဖျော်ပေး . . အဖူးဖို့ပါ တစ်ခွက်ထည့်ဖျော်. . ”

“ဟင်. . အဖူးမသောက်. . ”

“အဲဒီလိုမျိုး မငြင်းရဘူး အဖူးရဲ့ . . ”

ဒီနောက်မှာတော့ ကိုယ့်ရှေ့ကိုယ်စီမှာ ကော်ဖီတစ်ခွက်စီချလျက် အဖူးက ဒိုးဒိုးရဲ့ စားပွဲဘေးနား ခုံဆွဲထိုင်ကာ. . ဒိုးဒိုးက သူ့ရုံးခန်းအနေအထားအကြောင်း၊ ဖိုင်လ်တွေထားပုံထားနည်းအကြောင်း၊ တယ်လီဖုန်းလာရင် ဘယ်လိုဖြေရတယ်ဆိုတဲ့ အကြောင်းတွေကို သိလွယ်မှတ်လွယ်လေးတွေက စတင်ကာ အဖူးကို သင်ကြားပေးနေပါတော့သည်။

ထိုအချိန်မှာပင် တံခါးခေါက်သံနှင့်အတူ တစ်ပြိုင်နက်တည်းပင် အခန်းထဲသို့ ခင်မောင်ကြည်က ရောက်ရှိလာပါတော့သည်။ အခန်းထဲက ပြန်ဖြေသံကိုလည်း မစောင့်နိုင်. . တံခါးကိုလည်း သုံးချက်လောက်မှ ပြည့်အောင်မခေါက်. . အခန်းထဲ ဝင်ချလာပုံကလည်း ရေးကြီးသုတ်ပျာနိုင်လှလေရာ အဖူးမှာ ခုန်ထမိမတတ်ပင် လန့်ထိတ်သွားရပါတော့သည်။

“ဟော. . ကိုကြည်. . ရေးကြီးသုတ်ပျာကြီး . . ဘာကိစ္စရှိလို့လဲ”

ခင်မောင်ကြည်က ဒိုးဒိုးရဲ့အမေးကို ပြန်မဖြေနိုင်သေး . . အရင်ဦးစွာ. . ကိုယ့်စားပွဲကိုယ်မရှိဘဲ ဒိုးဒိုးရဲ့ကုလားထိုင်နား သွားကပ်ရောက်နေသည့် အဖူးကို ကြည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည်။ ပြီးသော် ကော်ဖီနှစ်ခွက်ကိုတစ်လှည့်. . ပြီးတာနဲ့ GM နဲ့ စက္ကထရီတို့ရဲ့ စားပွဲများကြား အခန်းနေရာလွတ်ဆီမှာ အခါတိုင်းတုန်းက ကာရံထားခဲ့သည့် ကြိမ်ပါတေးရှင်း အခန်းကန့်ကြီး ရှိမနေတော့သည့်အဖြစ်ကို ကြည့်ပြန်သည်။ ပြီးတော့ နောက်ဆုံး . . အလန့်လန့် အထိတ်ထိတ်ဖြစ်နေပုံရသည့် အဖုးကို ခပ်ကြာကြာလေး ကြည့်နေပြန်လေသည်။

"ကိုကြည်. . ဘာကိစ္စရှိလို့လဲဆို. . "

"သြော်. . ဘာကိစ္စမှ မဟုတ်ပါဘူး . . ကိုယ့်ကို ဒိုးဒိုးများ လှမ်းခေါ်လိုက်သလားလို့ အမြန်ပြေးချလာတာပဲ. . "

"မခေါ်ပါဘူး . . ကျွန်တော် ခေါ်ချင်ရင် ဒီမှာ ဘဲလ်လည်းရှိတယ်. . အင်တာကွန်း (inter-con) (အိမ်တွင်းစကားပြောစက်)လည်းရှိတယ်. .။ ခလုတ်နှိပ်လိုက်ပြီးခေါ်မှာပေါ့ ကိုကြည်. . "

"သြော်. . အင်း . . အင်း . . ဟုတ်သားပဲ. . ဟဲဟဲဟဲဟဲ. . "

ခင်မောင်ကြည်မှာ ကိစ္စပြီးသော်လည်း ပြန်ထွက်မသွားသေး . . "ဟီးဟီးဟဲဟဲ"နှင့် စကားရော ဖွဲရောလုပ်ကာ အခြေအနေကို အကဲခတ်ချင်သေးဟန် ရှိလေသည်။ အမှန်ကတော့. . လွန်ခဲ့တဲ့ မိနစ်နှစ်ဆယ်ကျော်လောက်ကတည်းက အလုပ်သမား ကောင်လေးနှစ်ယောက် ဒီအခန်းထဲဝင်သွားပြီး ကြိမ်ပါတေးရှင်းကြီးကို ထုတ်သယ်လာကြက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တည်းက ကိုကြည့်စိတ်ထဲမှာ တရှရှနှင့် ဖြစ်နေခဲ့ပြီ. .။ အဲဒါကြီးကို ဟိုးအရင်က မစ္စတာ ကာဆိဂ်အိုမိရဲ့ လက်ထက်ကတည်းက အမြဲထားထားနေကျဥစ္စာ. . စက္ကထရီမရှိတော့ တာတောင် မဖယ်ပစ်ဘဲ ဒီတိုင်းဆက်ချထားခဲ့တာ. .။ ခုမှ ဘာလို့ ဖယ်ပစ်ရမှာလဲ. . ဒလဟောကြီးဖြစ်သွားတဲ့အခါကျတော့ အခန်းထဲက နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ရှောင်မရ လွှဲမရ တည့်တည့်ကြီး မြင်တွေ့ စိုက်ကြည့်နေလို့ရတဲ့ အဖြစ်မျိုးကြီး ဖြစ်သွားတော့မှာပေါ့။

အဖူးကို ကိုယ့်ရဲ့ဇာတ်ရှုပ်ထဲ မဖြစ်တော့လို့သာ အသုံးချထည့်သွင်းလိုက်ရသော ခင်မောင်ကြည်မှာ. .။ ပထမဆုံးနေ့ရဲ့ အတွေ့အကြုံလည်း ဖြစ်ပေရာ ကောင်မလေးတော့ ဘယ်လိုနေမည်မသိ. .။ ကိုယ့်မှာတော့ နေမထိ ထိုင်မသာ ဖြစ်ရလွန်းပါသည်။ ဒိုးဒိုးဆိုတဲ့ကောင်ဟာ တခြားကိစ္စတွေမှာ အချင်အ. . တုံးချင်တုံး . . ဒီနေရာမျိုးကျတော့ တုံးအ, ချင်မှ တုံးအနေမှာပေါ့. .။ ယောက်ျားပဲ. .။ စိတ်ချထားလို့ ရပ့ါမလား . .။ "ဖြစ်ချင်လည်း ဖြစ်သွားကြပစေ. . ဖြစ်လေကောင်းလေ"ဟု ခံယူချက်ရှိခဲ့သော ခင်မောင်ကြည်က တကယ်တမ်း ကြုံလာရသောအခါတွင်မတော့. . အခန်းထဲက ကြိမ်ပါတေးရှင်းကြီးကို ဖယ်ထုတ်လာတာကို မြင်ရုံနှင့်ပင် ကောင်မလေးတော့ ဘဝပါပျက်ရတော့မတတ် ရင်ပူခံခက်နေရပြီ။

ကိုယ့်မှာကလည်း အဲဒီအခန်းထဲ ဝင်ဖို့ရာ ဘာအကြောင်းမှမရှိ. .။ တခြား ဒီ့ပြင်ဝန်ထမ်းများလည်း အကြောင်းမရှိ အကြောင်းရှာ ဝင်ထွက်နေကြတာကို မြင်နေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရသဖြင့်သာ မနည်းကြီး ဟန်ဆယ်ပြီး ပူပန်သမျှကို ဖိနှိပ်ထားခဲ့ရသော ခင်မောင်ကြည်မှာ. . တခြားဝန်ထမ်းတွေ အဝင်အထွက်စဲသွားပြီး အချိန်ကလေးကလည်း အတော်လေး ရလာသောအခါမှာတော့ ဘယ်လိုမှ ဆက်လက်အောင့်အီးမထားနိုင်တော့ဘဲ ကိုယ့်စိတ်ကိုယ် မထိန်းနိုင်စွာ အမြန်ဆုံး ပြေးဝင်ချလာမိခြင်း ဖြစ်ပါတော့သည်။

မြင်လိုက်ရပုံကိုလည်းကြည့်ဦး . . နှစ်ယောက်သားဟာ "တင့်တယ်ပါသည်" ဟု ပြောလို့ရရုံကလေးတင် နီးကပ်နေကြပြီး . . ကောင်မလေးရဲ့ မျက်နှာဟာလည်း ထင်လို့လားမသိ ငိုမဲ့မဲ့ဖြစ်တော့မယောင်. . တအားကြီးပဲ လန့်ထိတ်နေသယောင်ယောင်. .။ ခင်မောင်ကြည်က ဒိုးဒိုးကိုပဲ မသင်မကာနှင့် အကဲခတ်လိုက်ပြီးလျှင်. . ကောင်မလေး ပြန်တိုင်ချင်လည်း တိုင်ခွင့်ရအောင်. .

"ဟဲ ဟဲ ဟဲ. . အဆင်မှပြေရဲ့လား . . ကိုယ်က အာမဘန္တေခံပြီး ခေါ်လာပေးရတဲ့လူဆိုတော့ . . အဆင်မပြေမှာစိုးလို့ . . "

"ပြေပါတယ်. . ပထမဆုံးရက်တော့ ဒီလိုပဲပေါ့ ကိုကြည်. . "

"ဟာ. . ဒီနားက အခန်းကန့်ထားတဲ့ ကြိမ်ပါတေးရှင်းကြီး မမြင်ပါလား . . ဒါကြောင့် ဝင်လာလိုက်ခါစက ရှင်းရှင်းပြောင်ပြောင်နဲ့ ဒလဟောကြီး ဖြစ်နေတော့ တစ်မျိုးကြီးပါလို့ . . "

"အပြင်ထုတ်ပစ်လိုက်ပြီလေ. . သူက အသစ်လည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖြစ်တယ်. . ဘာမှလည်း မသိမတတ်သေးဘူးဆိုတော့ ခေါ်ပြောသင်ကြားနေရသီးမှာနဲ့ . . တစ်ယောက်နဲ့တစ်ယောက် ရှင်းရှင်းလင်းလင်း မြင်နေရမှဖြစ်မှာ. . အဲဒါကြီးက ကြားတည်းမှာ ကန့်လန့်ကန့်လန့်နဲ့ ရှုပ်နေသလို ဖြစ်နေလို့ . . ”

ခင်မောင်ကြည့်မျက်နှာမှာ မသက်မသာနှင့်ပင် “ကောင်းပါတယ်. . ကောင်းပါတယ်”ဟု မချိမဆန့်အသံထွက်လာလေသည်။ ခင်မောင်ကြည်ရဲ့ ဖြစ်ပုံပျက်ပုံ အလုံးစုံကို ရိပ်မိနေနိုင်သော ဒိုးဒိုးမှာတော့ . . အူထဲက လှိုက်တက်လာအောင် ရယ်ချင်နေမိသည့်ကြားကပင်. . “ဖြစ်ချင်သလိုဖြစ်”ဟု မျက်နှာလွှဲခဲပစ် ထိုးထည့်လိုက်ချင်တာမျိုး မဟုတ်ဘဲ. . သူလုပ်မိသည့်ကိစ္စအတွက် သူပြန်ပူပင်နေရှာသည့် ကိုကြည့်အဖြစ်ကိုကြည့်ကာ. . ဒီလူ့အပေါ် တစ်စက်မှ အထင်မကြီး . . မလေးစားမိလေသမျှ. . ဒီတစ်ခါတော့ အနည်းငယ် အမှတ်ပေးချင်သလိုလိုပင် ဖြစ်လာရပါသည်။

“သြော်. . ကိုကြည်. . အတော်ပဲ. . ကိုကြည် ပြန်ထွက်သွားတဲ့အခါ တဆိတ်လောက်. . တစ်ယောက်ယောက်ကိုရှာပြီးတော့ပဲ ဖြစ်ဖြစ်ပေါ့. . ဒရိုင်ဘာကို သွားပြောခိုင်းပေးစမ်းပါ. . ခဏနေရင် ကျွန်တော်တို့ အပြင်ထွက်မယ်လို့ . . ”

“ကျွန်တော်တို့ . . ဘယ်သူလဲ. . ဒိုးဒိုးနဲ့ ကိုယ်နဲ့လား . . ဘာကိစ္စရှိလို့လဲ”

“ကိုကြည်နဲ့ မဟုတ်ပါဘူး . . ကျွန်တော်နဲ့ အဖူးနဲ့ပါ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည့် မျက်နှာကြီး အီးမှန်သလို ဖြစ်သွားရပြန်သည်။ အေးလေ. . အဖူးရဲ့နာမည်ကိုက ဒီလိုပဲဟာ. . "မအဖူး"လို့ ဘယ်လိုလုပ်ခေါ်မလဲ. . ။ တရင်းတနှီး ပိုင်ပိုင်နိုင်နိုင်ကြီး ခေါ်ချပစ်တဲ့ သဘောမဟုတ်ဘူးနဲ့ တူပါရဲ့. . ။ သို့သော် ဒီနေ့အတွက် ဒိုးဒိုးတစ်ယောက် အပြင်ထွက်စရာ ဘာအလုပ်မှ မရှိဘူးဆိုတာကို သိပြီးဖြစ်သည့်အတွက်. . ဒီကောင်စုတ်ကလေး "ဘာအကွက်များ ထွင်ချင်ပြန်ပြီလဲ" ဟု ခင်မောင်ကြည်ခမျာ ရင်လေးရပြန်လေသည်။ အလုပ်ရှိမှန်း သိရင်တောင် ဒီလောက် စိတ်ပူမိမှာမဟုတ်. . အလုပ်မရှိဘဲ တမင်ထွက်တာမျိုးမှန်း သိနေတော့ ပိုပူရလေသည်။

ဒီအခန်းတံခါးကြီး ပိတ်ထားပြီး ဒီအထဲမှာ နှစ်ယောက်တည်းဆိုတာကိုတောင် ပူပင်ရလှပြီဖြစ်ရာ. . ကိုယ်မမြင်နိုင်. . လိုက်မစောင့်ရှောက်နိုင်မည့် မျက်ကွယ်ရာ. . ဆိတ်ကွယ်ရာ နေရာမျိုးကိုသာ သွားကြမည်ဆိုလျှင်. . အင်း . . ။ ဒီရုံးခန်းထဲမှာကမှ တံခါးကြီးပိတ်ထားပေမယ့် အခန်းအပြင်မှာ ကိုယ်ကိုယ်တိုင် ရှိနေသည့်အပြင် တခြားဝန်ထမ်းများစွာတို့လည်း ရှိနေကြသေးတာ. . ။

"ဘာကိစ္စရှိလို့လဲ ဒိုးဒိုး . . "

လက်ထောက်စာရင်းကိုင်တစ်ယောက်ဟာ. . အထွေထွေမန်နေဂျာတစ်ယောက်ကို အဲဒီလိုမေးပိုင်ခွင့် လုံးလုံးမရှိပါ။ ဘာပဲဖြစ်ဖြစ် ခင်မောင်ကြည်ကတော့ မေးချလိုက်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"သူတတ်ထားရမယ့် သင်တန်းတွေတက်လို့ လိုက်စုံစမ်းပြီး အပ်ထားမလို့လေ. . "

"ဟာ. . ဒါဆိုအတော်ပဲ. . Accounts လည်း တက်ခိုင်းလိုက်ပါလား . . ဒါလည်း လိုတာပဲ. . ကိုယ်တက်ခဲ့တဲ့ သင်တန်းက အတော်လေးကောင်းတယ်. . ကိုယ်လိုက်ပြပေးလို့ရတယ်လေ. . ကိုယ့်ဆို သူတို့က ခင်နေကြပြီဆိုတော့ အပိုင်ပဲ. . "

"အင်း . . Accounts က ကျန်တာတွေထက်စာရင် မတက်သေးရင်လည်း ရပါသေးတယ်. . ဒါပေမယ့် သွားလိုက်မယ်လေ. . နာမည်နဲ့လိပ်စာပေးလိုက်. . ကိုကြည် ဒီကပဲ ဖုန်းလှမ်းဆက်ပေး ထားလိုက်ပေါ့ . . "

"ဒါဖြင့် ဒီလိုလုပ်ပါလား . . ဒိုးဒိုးလည်း ကိုယ်တိုင်လိုက်အပ်ပေးနေရမှာ အလုပ်ပိုပါတယ်. . အစ်မကြီးဒေါ်အေးမြင့်ကို ကိုယ်အကူအညီ တောင်းကြည့်လိုက်မယ်. . မိန်းချင်းဆိုတော့ ပိုပြီးလည်း အဆင်ပြေနိုင်တာပေါ့ . . ဒိုးဒိုး တက်စေချင်တဲ့ သင်တန်းတွေသာ List (စာရင်း) လုပ်ပေးလိုက်"

"မဖြစ်ဘူး . . ကျွန်တော် သူ့ကို ဘယ်အချိန်တွေလွှတ်နိုင်မယ်. . ရုံးချိန်အတွင်းမှာ အချိန်ဘယ်လောက်ပေးနိုင်မယ်. . ရုံးချိန်ပြင်ပမှာ ဘယ်လောက်. . ဘယ်နေ့တွေကတော့ ဘယ်လိုဆိုတာက. . သင်တန်းတွေရဲ့ အချိန်ဇယားတွေကိုကြည့်ပြီး ကျွန်တော်ပဲ ဆုံးဖြတ်မှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရမှာ. . အစ်မကြီးက ဘယ်လိုလုပ် ဝင်ဆုံးဖြတ်ပေး
နိုင်မှာလဲ. . ”

ခင်မောင်ကြည်မှာ “အင်း”ခနဲသာလျှင် စိတ်လျှော့လိုက်ရတော့ကာ (ထင်လို့လားမသိ) ပြုံးစေ့စေ့ ဖြစ်ချင်နေသလိုလိုဟု အထင်ရသည့် ဒိုးဒိုး မျက်နှာထဲသို့ လက်သီးတစ်လုံးလောက်သာ ပစ်သွင်းလိုက်ချင်မိပါတော့သည်။ ဒီသတ္တဝါကောင်ကိုကြည့်ရတာ ရိုးပုံရိုးလက်နဲ့ လက်စသပ်တော့ အတွင်းကျိတ် စိတ်ထဲမှာတော့ ကိုယ့်လိုပဲ “ဝါသနာရှင်ကဏ္ဍ”များလား မသိပါဘူးကွာ. . ဒုက္ခပါပဲ. . ။

“အင်း . . အင်းပါလေ. . သင်တန်းချိန်တွေကို သိပ်ညနက်နက်ကြီးတော့ မဖြစ်စေနဲ့ကွာ. . ကောင်မလေးက ရိုးလွန်းအလွန်းတယ်. . အဲဒါကြောင့် ကိုယ်က ပြောနေရတာပါ. . တတ်နိုင်သရွေ့ ရုံးချိန်အတွင်း ဆိုရင်တော့ သူ့အတွက် ကောင်းတာပေ့ါ မဟုတ်ဘူးလား . . ”

“ဟုတ်ပါတယ်. . ဒါပေမယ့် သူ့ကို အလုပ်ခန့်ထားပြီးမှတော့ ကျွန်တော့်အတွက်လည်း ကျွန်တော်က ကြည့်ရဦးမှာပေ့ါ. . ရုံးချိန်တိုင်းတော့ အပြင်ကို အမြဲလွှတ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ. . မဟုတ်ဘူးလား ကိုကြည်. . နည်းနည်း ညနက်နက်အချိန်တွေ ဖြစ်သွားလည်း မပူပါနဲ့ . . အကြိုအပို့ ကျွန်တော် စီစဉ်ပေးလိုက်မှာပါ. . ”

အင်း . . ကျွန်တော့်အတွက် ကျွန်တော်ကြည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရမတဲ့. . အင်း . . ။ ညနက်ရင်လည်း အကြိုအပို့ စီစဉ်မတဲ့။ ဒါပေမယ့် ဒရိုင်ဘာကောင်ကိုလည်း စိတ်မချ. . GM ကိုယ်တိုင် မဆီမဆိုင် ကြိုပို့နေပြန်တော့လည်း . . ဘာကိုလိုလား လို့လဲဆိုတာတွေက တွေးစရာမလိုအောင် ဖြစ်လာဦးတော့မယ်. . ။ ဟယ်. . ကိုယ့်အတတ်ကိုယ်စူး . . ငါ ဘာလို့များ ဒီဟာမလေးကို သနရုပ်ပရှိလာအောင် ပိုက်ဆံအကုန်ခံပြီး ပြင်ဆင်ပေးမိပါလိမ့်. . ။ ခင်နှင်းဆီကို မီပြီ. . ကျော်ပြီဟု မဆိုနိုင်သော်လည်း ကောင်မလေးရဲ့ ရုပ်ရည်ဟာ ခုလောက်နဲ့ပဲ "ဝါသနာရှင်ကဏ္ဍ"သမားများအတွက် လုံလောက်နေခဲ့ပြီ မဟုတ်လား . . ။

ဒီကောင်ဆို ကြည့်ပါလား . . ခင်နှင်းဆီတုန်းကလည်း "ဟုတ်ကဲ့ . . ဟုတ်ကဲ့" နဲ့ နွားကျလို့. . ။ အဖူးကျပြန်တော့လည်း ပထမဦးဆုံး စမြင်ဖူးတဲ့နေ့မှာပင် ကြိမ်အခန်းကန့်ကြီး ဖယ်ပစ်လိုပစ်. . ။ အပြင်ခေါ်ထုတ်လိုထုတ်နဲ့. . ဟင်း . . တောက်. . ။ ငါတော့ လူကဲခတ်မှားပြီး ဆရာစားခံရတော့မယ် ထင်ပါရဲ့. . ။

"အဖူးရေ. . သွားကြစို့ . ."

ဒိုးဒိုးရဲ့အသံက ခင်မောင်ကြည့်နားထဲ သံပူရည်လောင်းထည့်သကဲ့သို့ရှိ၏။

❀ ❀ ❀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## အခန်း(၄)

"ဟိတ်ကောင်. . မင်း . . ငါပြောတာ နားထောင်စမ်း မင်းရဲ့အလုပ်က စနေ၊ တနင်္ဂနွေတွေ မင်းတို့အိမ်ကို အဖူးရောက်လာရင်. . အဖူးနားက လုံးဝမခွာနဲ့ . . ခွာတယ်ကြားတာနဲ့ မင်းသေပြီ. . ကြားလား . . ပြီးတော့. . ဟိုအကောင် ဒိုးဒိုးနဲ့အဖူးတို့ရဲ့ ဆက်ဆံပုံ ဆက်ဆံနည်းတွေ. . ဘာစကားတွေပြောကြသလဲ ဆိုတာ အကုန်မှတ်ထားပြီး မင်း ငါ့ကို တစ်လုံးမကျန် ပြန်ပြောပြရမယ်. . ငါ မင်းကို မကြာမကြာ လာတွေ့ပြီးမေးမယ်. . ကြားလား . ."

မြေးချစ်က ခင်မောင်ကြည့်ကို ဂရုမစိုက်ဘဲ သူ့သံပတ်ကားထဲမှ ပစ္စည်းပစ္စယများကိုသာ ဝက်အူလှည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ချောင်းနှင့် ကြိုးစားပမ်းစား ဖွင့်ထုတ်ကလိပြီး ဖျက်ဆီးနေပေသည်။

"ဟိတ်ကောင်. . ငါပြောတာ ကြားလားဆို. ."

"ကြားပါတယ်ဗျာ. . ဒါပေမယ့် ဖူးဖူးမှ ဒီအိမ်ကို မလာတာ. ."

"လာလိမ့်မယ်. . လာမှာမို့လို့ မင်းကိုငါက ကြိုပြောထားတာပေါ့. . သူရောက်လာရင်လည်း 'ဖူးဖူး'လို့ အော်ခေါ်ပြီး ဝမ်းသာအားရ ပြေးဖက်ပြီး ကြိုဆိုမနေနဲ့ဦး . . ပထမစစချင်းမှာ မင်းနဲ့အဖူးနဲ့က တစ်ခါမှမမြင်ဖူး မတွေ့ဖူးကြတဲ့လူတွေလို နေ,နေရဦးမှာနော်. . နောက်မှ အဖူးလုပ်တာကိုကြည့်ပြီး မီးစင်ကြည့်ပြီး လိုက်က. . ကြားလား . ."

"မီးစင်ဆိုလာ ဘာလဲ. ."

"ဟိတ်ကောင်. . အဲဒါ ဘာကိုဆိုလိုလဲဆိုတာ မင်းသိတယ်. . မသိချင်ယောင်ဆောင်ပြီး ငါ့ကို လာဂျစ်တိုက်မနေနဲ့. . မင်းက ငါ့သား . . မင်းလောက်တော့ ငါက နားလည်နောကျေပြီးသားပဲ. ."

"ဒါပေမယ့် သားကတော့ အဖေပြောနေတာတွေ တစ်ခုမှ နားမလည်ဘူး . . လိုက်လုပ်တတ်မှာလည်း မဟုတ်ဘူး . . ရှုပ်နေတာပဲ. ."

"အောင်မာ. . လက်တောက်လောက်ကလေးနဲ့ ငါ့ကိုများ မင်းက ခံတန်တန်နဲ့. . ငါ လုပ်လိုက်ရရင် သေဦးတော့မယ်. ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဖေလုပ်ရင် ဘွားဘွားကြီးက အဖေ့ကို ပြောမှာပဲ၊ ဘွားဘွားကြီးက ဒီအိမ်က လူတွေအားလုံးကို သားကိုဘာမှမလုပ်ရဘူး . . သားဆိုးရင် သူ့ကိုပဲ လာတိုင်ပြောကြရမယ်လို့ မှာထားတာ. . အဖေလုပ်ထည့်လိုက်တာနဲ့ ဘွားဘွားကြီးနဲ့ တွေ့ရမှာပဲ. . "

"အောင်မာ. . ခွေးကောင်. . ဟင်း . . ဟင်း . . ဟင်း"

ခင်မောင်ကြည်မှာ တစ်သွေးတစ်မွေး ရှိလာသလောက် အတော်ကြီး လူလည်ကျ လူပါး၀တတ်နေပြီဖြစ်သည့် သားလုပ်သူကို ကြည့်ကာ. . လက်သီး တပြင်ပြင် တလှုပ်လှုပ် တရွရွနှင့် "တဟင်းဟင်း"သာ အော်နေရပါသည်။ ဟိုအိမ်မှာနေကတည်းကိုက မြေးချစ်ဆိုတဲ့ အကောင်ဟာ တစ်ခါတလေမှ ပေါ်ပေါ်လာပြီး အချိန်ကြာမြင့်စွာပင် ပစ်ထား ဂရုမစိုက်သည့် အဖေလုပ်သူအပေါ် ချစ်ကြောက်လေးစားရမယ့်အစား အဖေရဲ့လက်သီးတွေ လက်ဝါးတွေ အရိုက်အနှက်တွေကိုသာလျှင် ရွံ့ကြောက်ကြီး ဖြစ်ခဲ့တာပဲ. . ။ ခုလို သူများရဲ့ မွေးစားသားအဖြစ် ကိုယ်က ထိခွင့်မရတော့သည့်အခါကျတော့ ငနပ်ကလေးပီပီ ကြောက်စရာမလိုတော့သည့်အခါမှာ ဂျစ်ကန်ကန် ခံတန်တန် လုပ်ချင်တာကသာ ပိုများလာတော့တာပေါ့. . ။

ခင်မောင်ကြည်က သိပါသည်။ သူ့ဘွားအေနှင့် တွေ့ရအောင် လိုက်ပို့ပေးမည်ဟု ပြောထားပြီး ခုထက်ထိ စီစဉ်မပေးသေးတဲ့ အဖြစ်ကို သူက ကောက်ချိတ်နေတာ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွေ့ချင်ရှာမည်ဆိုတာ သိသော်လည်း ကိုယ့်မှာက တစ်ဘက်မှာလည်း မမျှော်လင့်ဘဲ မြန်မြန်ကြီး ထစီစဉ်လိုက်ရသော အဖူးကိစ္စကို အခြေကျစိတ်ချရအောင် မနည်းလုပ်နေရတာ။

ခုအချိန်မှာ ခင်မောင်ကြည်ရဲ့အဖြစ်က လှေနံနှစ်ဖင်းနင်းနေရသူလို ဘယ်ဘက်မှာမှ ဟာကွက်မရှိရအောင် ကားခနဲကြီး ပြုတ်ကျမသွားအောင် မနည်းကြည့်လုပ်နေရတာ. .။ ဒီဘက်ကလှေက စိတ်ချသင့်သလောက် ချထားရင် တစ်ဖက်လှေကို ပိုအချိန်ပေး ကြည့်ချင်သေးတာပေါ့. .။ တော်ကြာ ကိုယ်မသိလိုက်ရဘဲ လှေကအပေါက်ပေါက်. . တိမ်းမှောက်ကာ ပျက်စီးနစ်မြုပ်သွားမည်ဆို ဘယ်လိုလုပ်မလဲ. .။

ဟိုသတ္တဝါကောင် ဒိုးဒိုးက သင်တန်းချိန်များကိုစနေ၊ တနင်္ဂနွေတွေမှာ ဆက်တိုက်တွေယူခိုင်းလျက်. . သင်တန်းတစ်ခုနဲ့တစ်ခု ကြားချိန်တွေမှာ အဆောင်ကို ပြန်ဝင်မနေတော့ဘဲ. . တစ်နေရာနှင့် တစ်နေရာတို့ရဲ့ကြား၊ ခလယ်လောက်မှာ ကျနေသော သူ့အိမ်ရှိရာမှာသာ ဝင်နား၊ ထမင်းစားပစေဟု စီမံခဲ့သောအခါ. . ခင်မောင်ကြည်မှာ ဆွေ့ဆွေ့ပင် ထခုန်ရတော့မတတ် အခံရတွေ ခက်လိုက်ရတာ။ "အိမ်မှာ အမေလည်းရှိနေတာပဲ. . အမေနဲ့နေ. . အဖော်ရတာပေါ့"ဟု ဆိုပေမယ့် အဲ့ဒီသူ့အမေဆိုတာမျိုးက တော်ကြာကျ ကိုယ့်အမေ ဒေါ်လေးတင်နှင့် ဘဝတူပင်ဖြစ်နေရကာ. . သူ့စကားအောင်ပြီး သူချောင်ထိုးထားရာမှာသာ နေ့နေရမည့် အမေမျိုးဆို ဘယ်လိုလုပ်ပါ့မလဲ. .။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တကယ်တမ်း ပြန်တွက်ကြည့်လိုက်ရင်. . ခုဖြစ်နေတာတွေသည် ကိုယ်မျှော်လင့်ထားတဲ့ ပုံစံတွေနှင့် ကွက်တိချည်းသာဖြစ်နေတာပါ။ ကောင်မလေးအပေါ် ဒိုးဒိုး စိတ်ဝင်စားပြီး နီးနီးစပ်စပ်. . ပူးပူးကပ်ကပ် အမြဲရှိနေဖို့ . . ဒိုးဒိုးရဲ့ အိမ်အထိပါ ဝင်ထွက်သွားလာခွင့်ရဖို့ . . ဒိုးဒိုးရဲ့အမေကြီးနဲ့လည်း ရင်းရင်းနှီးနှီး ရှိလာစေဖို့. . အားလုံးဟာ တွေးထားတဲ့အတိုင်းချည်း ကွက်တိတွေ ဖြစ်နိုင်လွန်းလို့ကို. . ခင်မောင်ကြည်က ဘဝင်မကျတာ။ အချိန်ကလေးယူပြီး တဖြည်းဖြည်းချင်း ဖြစ်လာရမယ့်ကိစ္စများဟာ တဆိတ်ကလေးမြန်ဆန်လွန်းပြီး ဗြုန်းစားကြီး ဖြစ်ပျက်နေတာမို့လည်း လူကစနိုးစနောင့်ဖြစ်ပြီး ဟိုသတ္တဝါကောင်အပေါ် ကြည့်မရ. . မယုံကြည်ချင်တော့တာ. . ။

ဒီလောက်ကွက်ကျော်ရိုက် ခြေလှမ်းကျဲချင်တဲ့ အကောင်မျိုးဟာ မဟုတ်တရုတ်တစ်ခုခု ဖြစ်ပျက်သွားရင်တောင် ဖိအားပေး အရေးယူကာ သူ့တာဝန်သူ ယူခိုင်းချင်လို့မှရပါ့မလား. . ။ ကိုယ့်ဘက်က လူကလည်း ခပ်ထုံထုံ. . ခပ်အအနဲ့ အရေးကျ ဘာမှသုံးရမှာမဟုတ်။ ဒါကြောင့်မို့ ခင်မောင်ကြည့်ခမျာ အရင်ကတွေးထားသလို. . "ဖြစ်ရင်လည်း ဖြစ်သွားပစေပေါ့"ဟု လက်ပိုက်ထိုင်နေလို့မရ. . အမြဲမျက်ခြေမပြတ်လိုက်ပြီး ရင်ပူပင်ပန်းနေရတော့တာပါ။

အဲဒါကိုပဲ ဒီမြေးချစ်ဆိုတဲ့ ကောင်စုတ်ကလေးက ကိုယ့်ဘက်သို့ လွယ်ကူစွာ ပါမလာဘဲ. . သူ့အဘွားအိမ်ပြန်မပို့နိုင်သေးတာကိုပဲ. . စိတ်လုပ်ကောက်ချိတ်ကာ သခွပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပင်က မီးတကျည်ကျည် လာလုပ်နေတော့. . ဇက်ပိုးသာ နာနာကြီး ဆယ်ချက်လောက် ပိတ်အုပ်ပစ်လိုက်ချင်လာပါတော့သည်။ ကလေးနှင့်ကိုယ် နှစ်ယောက်တည်း အပြင်ထွက်နိုင်ခေါ်ထုတ်နိုင်ဖို့က အတော်ကြီး အကြောင်းပြချက် ကောင်းရဦးမှာ မဟုတ်လား . .။ ဒီမှာဖြင့် အကြောင်းအရာသစ် ဘာတစ်ခုမှ ခေါင်းထဲထပ်မထည့်နိုင်လောက်အောင် ခေါင်းရှုပ်ဦးနှောက်ခြောက်နေရတဲ့ကြားထဲ။

"ကောင်ကလေး . . ငါပြောတာ သေချာနားထောင်စမ်း၊ ရှေ့အပတ်ထဲကျ မင်းဖြစ်စေချင်တာ တကယ်ဖြစ်စေရမယ်လို့ ငါကတိပေးတယ်. . မင်းသာ ငါလုပ်ခိုင်းထားတာတွေကို မမေ့စေနဲ့. . သေချာကြိုးစားလုပ်. . ကြားလား . ."

"အဖေ့ဟာက. . ရှေ့အပတ်. . ရှေ့အပတ်နဲ့. . ရှေ့အပတ်လို့ ပြောပြောနေတာကပဲ အခါဘယ်နှစ်ဆယ်ရှိပြီလဲ. . လာမယ့် ရှေ့အပတ်လည်း လိုက်ပို့ဦးမှာ မဟုတ်ပါဘူး . . မယုံတော့ဘူးဗျာ. . အဖေပြောတာတွေလည်း မလုပ်နိုင်ဘူး . ."

"တောက်. . ဟေ့ကောင်. . ဒီတစ်ခါ ငါ တကယ်ပြောနေတာ"

"မဖြစ်နိုင်ဘူး . . အဖေတကယ်ပို့ချင်ရင် ဒီနေ့ပဲပို့ပါလား . . ဒီနေ့ အဖေအားလို့ပဲ ဒီအိမ်ရောက်လာတာပဲ. ."

"မဖြစ်နိုင်သေးလို့ပေါ့ကွ. ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒါဆိုရင် သားလည်း မလုပ်နိုင်ဘူး . . "

"ဟင်. . ဒီကောင်. . လူပါးဝဦးကွာ. . ကဲကွာ. . "

ခင်မောင်ကြည်မှာ ဒီတစ်ခါတော့ စိတ်မထိန်းနိုင်တော့ပါ. . မြေးချစ်ရဲ့ ဇာက်ပိုးကို ရုတ်တရက် ဖမ်းနှိမ်ကာ. . "ဖြောင်း . . ဖြောင်း"နှင့် နှစ်ချက်လောက် အုပ်ထည့်လိုက်မိတဲ့အပြင်. . တင်ပါးကိုလည်း ဆက်တိုက်ဆိုသလို သုံးလေးချက်လောက် ချလိုက်မိသေးသည်။ ပြီးမှ. . "ဘယ်သူတွေများ မြင်ကုန်ပြီလဲ"ဟု ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်,ကြည့်ရပါသည်။ တော်သေးတာက ဒီအခန်းလွတ်နှင့် တကွ ဘေးပတ်လည်မှာ မြေးချစ်နှင့် သူကလွဲရင် ဘယ်သူမှရှိမနေ. .။

သို့သော် ဒီအိမ်မှာ ကောင်းကောင်းနေ. . ကောင်းကောင်းစားပြီး ကောင်းကောင်းအလိုလိုက်ခံထားရသည့် မြေးချစ်အဖို့. . မခံစားရတာကြာပြီဖြစ်သည့် အရိုက်အနှက်တို့မှာ ထွန့်ထွန့်လူးမျှပင် အခံရခက်သွားရလျက်. . ကြမ်းပြင်ပေါ်မှာ လူးလိမ့်ငိုပစ်လိုက်တော့ကာ. . အသံပြဲကြီးနှင့်. .

"အီး . . အဖေရိုက်တယ်ဗျို့ . . အဖေရိုက်တယ် ဘွား ဘွားကြီးရေ. . နာလိုက်တာ. . အီး . . ဟီး . . ဟီး . . နာတယ်. . နာတယ်. . အဖေရိုက်တယ်"

"ဟာ. . ဟေ့. . ဟေ့. . ဟေ့ကောင်. . ကျွတ်. . ဒုက္ခပဲ. . ဟေ့ကောင်. . တိတ်စမ်း . . (-)ရမ်းတွေ စွတ်အော်မနေနဲ့. . ကြားကုန်ကြတော့မှာပဲ. . ဟေ့ ကောင်. . တိတ်စမ်းဆိုတာ မရဘူးလား . . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်မှာ ချွေးတွေပြန်လာပြီး . . ပျာပျာ သလဲဖြစ်ကာ. . လူးလိမ့်အော်ဟစ်နေသည့်. . မြေးချစ်ရဲ့ နောက်သို့ အမြန်လိုက်ခုန်အုပ်ရင်း ပါးစပ်ကို မရမက လက်နှင့်အုပ်ပိတ်ရပါတော့သည်။

"အီး . . အဖေရိုက်. . ဖူး . . ဝူး . . ဝူး . . ဟူး . . ဝူး . ."

"ဟေ့ကောင် တိတ်. . ပြောလို့မရရင် ငါထပ်ရိုက်လိုက်မှာနော်. ."

"ဝူး . . ဝူး . . ဟူး . ."

ခင်မောင်ကြည်နှင့် မြေးချစ်တို့ ရုန်းရင်းဆန်ခတ်. . ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေကြဆဲ. . ခင်မောင်ကြည်ရဲ့ ကျောနောက်ဘက်မှ. .

"ဘာတွေ ဖြစ်နေကြတာလဲ ကိုကြည်. ."

ခင်မောင်ကြည်မှာ မြေးချစ်ကို ဖိညှစ်ချုပ်ကိုင်ပြီး ပါးစပ်ကို အသားကုန်အုပ်ပိတ်ထားရာက မတတ်သာတော့ဘဲ ဖြေလွှတ်လိုက်ရတော့ကာ ကြမ်းပြင်ပေါ်မှ အမြန်ဆုံး မတ်တပ်ထရပ်လိုက်ရလျက်. .

"ဟဲ ဟဲ ဟဲ. . ကိုယ်တို့ ကစားနေကြတာ. ."

"မြေးချစ်က ငိုလို့ယိုလို့ပါလား . . ဘာဖြစ်လို့လဲ. ."

"ဟိုဟာပါ. . ကိုယ်က သူ့သံပတ်ကားကို ဖျက်ပစ်လိုက်မိတယ်လေ. . ဟိုမှာ. . ဟဲဟဲ. . ကျီစားသန်တော့ ရန်ဖြစ်ဆိုသလိုပေါ့. . သူက ကလေး ကိုယ်ကလူကြီးဆိုတာ ကိုယ်မေ့သွားတယ်. . သူနဲ့ကစား

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပေးနေရင်း သူငယ်ပြန်သလို ဖြစ်သွားတာပေါ့. . ”

“မဟုတ်ဘူး . . မဟုတ်ဘူး . . ဟိုနေရာကို လိုက်ပို့ပေးမယ်လို့ပြောထားတာ ကြာလှပြီ. . ခုထက်ထိလည်း ပို့မပေးသေးဘူး . . ဘယ်နှစ်ပတ် ရှိနေပြီလဲ”

မြေးချစ်က အခွင့်သာခိုက် ဝင်အော်ပေးလိုက်ရာ. . ခင်မောင်ကြည့်ခများ သွားကြီးအဖြဲသားနှင့်ပင်. . “ဟိုဟာပါ. . တိရစ္ဆာန်ရုံကို ပြောနေတာ. . ကိုယ်ကလည်း သူ့ကို တိရစ္ဆာန်ရုံအကြောင်း လျှောက်ပြောပြထားမိတယ်. . ဟဲဟဲဟဲ. . ”ဟု အမြန်ဝင်ပိတ်ပစ်လိုက်ရ ပြန်ပါသည်။ လူလည်ကျလှသော မြေးချစ်ကား . . ဒိုးဒိုးအနားသို့ ရောက်လာသည့်အခါမှစကာ “အဖေ”ဟု တစ်ခွန်းမှ ထပ်မခေါ်တော့. . ခင်မောင်ကြည်က “တိရစ္ဆာန်ရုံ”ဟု ဝင်ညာလိုက်တာကိုလည်း ကန့်ကွက်စကားတစ်လုံးမှ မဆိုပေ. . ။

ဒိုးဒိုးက ခေတ္တမျှ မျက်မှောင်ကုတ်ကာ မြေးချစ်ကို စိုက်ကြည့်နေရင်း . .

“မင်းက တိရစ္ဆာန်ရုံကို တကယ်ပဲ သွားချင်တာလားကွ. . ”

မြေးချစ်က ပြန်မဖြေပါ။ ပေစောင်းစောင်းနှင့်သာ ခင်မောင်ကြည့်ကို ကြည့်နေလေသည်။

“အေးလေ. . မင်းရောက်လာပြီးမှ ဦးဦးကလည်း ဟိုဟိုဒီဒီကလေးမှ လိုက်ပို့မပေးနိုင်ဘဲကိုးကွ. . မင်းကကျောင်းတက်ရတာနဲ့. . ငါက အလုပ်သွားရတာနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပိတ်ရက်တွေကျတော့လည်း ငါကမအားတာနဲ့. . မင်းက မင်းကျောင်းစာနဲ့ ကျူရှင်တက်ရသေးတာနဲ့ . . အင်း . . ဦးဦးလည်း စဉ်းစားထားမိတာတော့ ကြာပါပြီကွာ. . ကဲ. . ဒီလိုလုပ်. . မင်းသွားချင်တဲ့နေရာတွေကို ဒီနေ့ရောက်ကိုရောက်စေရမယ်. . ဟုတ်ပြီလား . . ”

မြေးချစ်ကား ဝမ်းသာအားရပုံစံ ဖြစ်မသွားပါ. . ဘယ်ဖြစ်ပါ့မလဲ. . သူတကယ်သွားချင်သော နေရာဟာ တိရစ္ဆာန်ရုံမဟုတ်. . သူ့အဘွားအိမ်သာဖြစ်သည်။ ဒိုးဒိုးကိုယ်တိုင် လိုက်ပို့ပေးသည်ဖြစ်စေ. . ဒရိုက်ဘာနှင့် အလုပ်သမားနှင့် လွှတ်ပေးလိုက်သည်ပဲဖြစ်စေ. . အဘွားတို့အိမ်သို့ ဘယ်လိုမှ လိုက်ပို့ပေးခိုင်းလို့ မရတာကိုလည်း . . အသိဉာဏ်က ရှိနေပြီးသားပင်. . ။ မြေးချစ် သိထားတာက သူ့အဖေ၏ အလိမ်အညာဇာတ်တွေကို ကောင်းကောင်းဝင်က,ပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းနှင့် ဘာမှမဆိုင်. . ။ သူနားလည်သလောက်က ဖူးဖူးနှင့်အဘွားကို လွမ်းလှတာကလွဲရင် ဒီအိမ်မှာ သူပျော်သည်။ အနေရ အစားရ ချောင်သည့်ပြင် ဘယ်သူကမှ လက်ဖျားနဲ့မှ ထိကြတာမှ မဟုတ်တာ. . ။

ဤအိမ်ရှင်များဟာ သူ့ကို မိဘမဲ့၊ အဘွားလည်း မရှိတော့ဘူးဆိုလို့သာ ခေါ်ထားခြင်းဖြစ်ပေရာ. . ဒီရန်ကုန်မြို့မှာပဲ အဘွားဟာ အိမ်တစ်လုံးနှင့် အခြေတကျရှိနေသေးမှန်းသိသွားလျှင် သူ့ကိုပြန်ပို့ထည့်လိုက်မှာတော့ မြေးချစ်က စိုးရိမ်လှပေသည်။ ဒါကြောင့်မို့ မျက်နှာက မှုန်ကုပ်ကုပ်နှင့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘာမှစောဒက ထပ်မတက်ပေမယ့် ကလေးရဲ့မျက်နှာမှာ အပျော်ရယ်လို့ ဖြစ်ပေါ်မလာနိုင်ပေ. . ။

"ကဲ. . သွားသွား . . ထမင်းစားပြီးပြီ မဟုတ်လား ရေချိုးအဝတ်အစားလဲထားချေ. . ခဏနေသွားရမှာပေါ့ကြားလား . . "

မြေးချစ်ထွက်သွားလျှင် ဒိုးဒိုးက ခင်မောင်ကြည်နှင့်လှည့်ပြီး ရင်ဆိုင်လိုက်သည်။

"ကလေးကို ငိုအောင်ယိုအောင်. . နာအောင်ကျင်အောင်တော့ မလုပ်စေချင်ဘူး ကိုခင်မောင်ကြည်. . "

"ဟာ. . ဒိုးဒိုးသားကို ကိုယ်ဘာမှမလုပ်ပါဘူး . . ကိုယ်တို့ တကယ်ပဲ ဆော့နေကြတာပါ. . ကိုယ်က နည်းနည်း အဆော့ကြမ်းသလို ဖြစ်သွားတာ ဒိုးဒိုးမကြိုက်ရင် ကိုယ်နောက်ဆို အဲဒီလို မဖြစ်စေရပါဘူး . . "

"ဟုတ်တယ်. . မကြိုက်ဘူး ကိုကြည်. . နောက်ကို ဆင်ခြင်ပါ. . "

"ဒါပေမယ့် ဒိုးဒိုးရေ. . ကလေးဆိုတာ အမြဲတမ်း အလိုလိုက်နေလို့တော့ မရဘူးထင်တယ်. . ပျက်စီးသွားတတ်တယ်. . တစ်ခါတလေတော့ ထိထိရောက်ရောက် ကလေး ဆုံးမပေးထားဦးမှ. . "

"ကျွန်တော် သိပါတယ်. . မြေးချစ်က ကျွန်တော် ပြောရင်တော့ အမြဲရပါတယ်"

ခင်မောင်ကြည့်မျက်နှာက နည်းနည်းရှုံ့ရှုံ့တွတွ ဖြစ်သွားသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ခုနက ကျွန်တော် ကြားလိုက်ပါတယ်. . ကလေးက သူတကယ်နာလာတော့ သူ့အဖေအမေကို တ,ပြီးငိုတယ် မဟုတ်လား . . အဖေ. . အဖေလို့ ကြားလိုက်သလို ပဲ. . "

"ဟာ. . ဟဲ ဟဲ. . ဟုတ်မယ်ထင်တယ်. . သတိ မထားမိဘူး . . ဟဲ ဟဲ . . "

အား . . ဒိုးဒိုး ကြားသွားတာကိုး . . ကြားမှာပေါ့ ဟိုခွေးသတ္တဝါလေးက ဒီလောက်အာပြဲနေတာပဲ. . တော်ပါ သေးရဲ့ . . ကြားပေမယ့်. . အော်တာကတခြား . . ကြား တာကတလွဲ. . အဓိပ္ပာယ်ကောက်ကာ မတူပေလို့. . ဟူး။

"သနားစရာ ကောင်းပါတယ်ဗျာ. . သူ့ခမျာ သူများ အိမ်မှာ လာနေနေရတာ သူ့စိတ် သူ့ဆန္ဒလည်း ပါချင်မှပါမှာပေါ့. . သူ့မှာ ရွေးချယ်ပိုင်ခွင့် မရှိလို့ သာ ခမျာမှာ ဒီကိုရောက်လာရတာပေါ့. . မဟုတ်ဘူး လား . . "

"ဟာ. . သူပျော်ပါတယ်. . ကိုယ့်ကိုတောင် ပြော သေးတယ်. . ပျော်တယ်တဲ့"

"ဘာပဲဖြစ်ဖြစ်လေ. . ခင်ဗျားနဲ့ကျွန်တော်ပဲ ဒီကိစ္စကို ဆုံးဖြတ်ဆောင်ရွက်ခဲ့တာ. . ကလေးကို မပျော်ပျော် အောင်ထားဖို့က ခင်ဗျားနဲ့ ကျွန်တော့်မှာပဲ ပိုတာဝန် ရှိတာပေါ့ မဟုတ်ဘူးလား . . "

"ဟုတ်ပါတယ်. . ဟုတ်ပါတယ်. . "

ဒိုးဒိုးက ခေါင်းတညိတ်ညိတ်နှင့် ခင်မောင်ကြည့်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ကိုပဲ ကြည့်သလိုလို. . ခင်မောင်ကြည့်ရဲ့ ဟိုးရင်ထဲအသည်းထဲကိုပဲ ကြည့်သလိုလို. . ဒါမှမဟုတ် ခင်မောင်ကြည့်ကို ကျော်ဖြတ်ထိုးဖောက်ပြီး ဟိုးအဝေးကြီးကိုပဲ လှမ်းကြည့်သလိုလို အမူအရာနှင့် ရှိနေသောအခါ. . သိပ်မလုံလှသည့် ခင်မောင်ကြည့်ခမျာ ရိုးတိုးရွတ လှုပ်လှုပ်ရွရွနှင့် အနေတွေခက်နေရပါတော့သည်။

တောက်. . ဒီလိုကောင်လေးရဲ့ ရှေ့မှာမှ အနေခက်ရတဲ့ အဖြစ်ဆိုးမျိုးနဲ့ ရင်ဆိုင်နေရတယ်လို့ကွာ. . ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့လည်း ခင်မောင်ကြည့်မှာ ဒီအဖြစ်ကို မကျေနပ်သော်လည်း ရုန်းမဖယ်သာ. . နို့မို့ဆိုရင်တော့လား။ ဒီလိုချောက်တီးချောက်ချက် ကောင်စားလေးမပြောနဲ့. . သူ့ထက် နှစ်ဆသုံးဆလောက် မိုက်မဲရမ်းကားလူလည်ကျလှသော ကောင်မျိုးတွေကိုတောင်မှ ခင်မောင်ကြည်က ဖြုံခဲ့တာမှ မဟုတ်တာ. . ။

ခုကျတော့ ဘာမဟုတ်တဲ့ ကောင်လေးမျိုးရဲ့ သဘောပဲ ကောင်းသလိုလို ရိုးပဲရိုးအေးသလိုလို ခပ်ပြုံးပြုံးမျက်နှာပေးတစ်ခုမှာ နေမထိ ထိုင်မသာ ဖြစ်နေရတာ. . 'ခင်မောင်ကြည်'ဆိုတဲ့ နာမည်ကိုတောင် မြောင်းထဲလွှင့်ပစ်လိုက်ဖို့ပဲ ကောင်းတော့သည်။

"ကျွန်တော့်ကို တစ်ခုလောက် ကူညီပါလား ကိုကြည်၊ ခိုင်းတယ်လို့တော့ မထင်စေချင်ဘူး . . "

"ဟာ. . ရပါတယ် ပြောပါ. . "

"ဒီနေ့ မြေးချစ် အပြင်ထွက်လျှောက်လည်ဖို့ ကိစ္စကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုကြည်ပဲ တာဝန်ယူပေးလိုက်ပါလား . . ကိုကြည့်မှာ ဒီ့ပြင်အစီအစဉ်တွေ မရှိဘူးဆိုရင်ပေါ့. . ”

ခင်မောင်ကြည်မှာ ဒိတ်ခနဲပင် ဝမ်းသာသွားရပါသည်။ မြေးချစ်ဆိုတဲ့အကောင်ဟာ ကိုယ့်သားပီပီ ဘွားအေအိမ် ပြန်မရောက်မချင်း ကိစ္စကငြိမ်းမှာ မဟုတ်တာကိုယ်သိနေသည်ပဲ. . ခုတော့ ကိုယ်တောင် အကြောင်းပြချက်ကောင်းကောင်းနှင့် ခေါ်ထုတ်နေစရာ မလိုတော့ဘဲ ဒိုးဒိုးကိုယ်တိုင်က အပ်နှံထည့်ပေးလိုက်မှာဆိုတော့. . ဒီနေ့ပဲ သွားပို့ပေးလိုက်နိုင်တော့မည်။

“ဟာ. . ရပါတယ်. . ရတာပေါ့. . ရတယ်. . ကိုယ်လည်း ကလေးကို ပြန်ချော့လိုက်ဦးမယ်လေ. . စိတ်ကောက်သွားလား မသိဘူး . . ဟဲ ဟဲ ဟဲ”

“ကျွန်တော်ကလည်း ကိစ္စလေးတစ်ခု ရှိနေလို့ပါ. . ကိုကြည့်ကိုတော့ စိတ်ချချင်တယ်. . ”

“ဟာ. . စိတ်ချပါ. . ကိုယ်လည်း လက်ဖျားနဲ့မထိဘူး . . တခြားဘာအန္တရာယ်မှလည်း မဖြစ်စေရဘူး”

“ဒါဆိုရင်. . ကျွန်တော် လမ်းစရိတ်ပါ ထုတ်ပေးလိုက်ပါ့မယ်. . အသွားအပြန်ရော. . ဟိုနားဒီနား ပို့တာရော အားလုံး တက္ကစီနဲ့ပဲ လိုက်ပို့ပေးလိုက်လို့ဖြစ်မလား . . အိမ်ကကားက ကိစ္စရှိလို့ ကျွန်တော်ယူသွားရမှာမို့ . . ”

“ဟာ. . ဖြစ်တာပေါ့. . ဘာကိစ္စမဖြစ်စရာရှိလဲ. . ဒိုဒိုးတို့ ကားသုံးဖို့ အချိန်ကိုက် ပြန်လာပေးဖို့ မလို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘူးဆိုရင်လည်း ကလေးလည်း ပိုပြီးလွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နဲ့ လည်နိုင်တာပေါ့. . တိရစ္ဆာန်ရုံ တင်မကဘူး နေရာပေါင်းစုံကို လိုက်ပို့ပေးလိုက်မယ်"

ခင်မောင်ကြည်မှာ ဒိုးဒိုးက ဒရိုင်ဘာနှင့် ကားနှင့် ထည့်ပေးလိုက်ရင်တောင်မှ အမေ့အိမ်ပြန်ရမည့်ကိစ္စမှာ ထိုဒရိုင်ဘာကို ဘယ်လိုနှုးနှပ်လှည့်ပတ်ပြီး တစ်နေရာရာမှာ အစဖျောက်ထားရစ်ခဲ့ရမလဲ. . ဟု ခေါင်းစားရဦးမည် ဖြစ်ပေရာ. . တက္ကစီနှင့်သာ သွားရတော့မည်ဆိုသောအခါ. . အဆင်ပြေလွန်းလို့. . "ကောင်းလိုက်တာ. . ကောင်းလိုက်တာ"ဟုတောင် ထုတ်ဖော်အော်မနေမိအောင် စိတ်ထိန်းထားရသလို ဖြစ်နေပါတော့သည်။

သို့သော် ထိုပျော်ရွှင်မှုဟာ ခဏသာဖြစ်သည်။ လူလည်ကြီးတစ်ယောက်ပီပီ ဖြစ်ပျက်နေသမျှ အကြောင်းအရာတို့ကို လူသာမန်လိုတင်မကဘဲ. . သံသယစိတ်တို့နှင့်လည်း တစ်ဘက်က လှည့်တွေးထားဖို့လိုသေးကြောင်း အချိန်မီပင် သဘောပေါက်လိုက်ပေရာ. . ကိုယ့်အတွက် မတရားကြီး အဆင်ပြေ ချောမွေ့ဖို့ လိုက်ဖြစ်နေသော ဒီကိစ္စဟာ ဟုတ်မှဟုတ်ရဲ့လား . . ဟု တွေးမိတော့သည်အထိပင်။ ဒိုးဒိုးရဲ့ မျက်နှာထားကား ပုံမှန်နေမြဲ ပြုံးမြဲမြဲ. .။ ခင်မောင်ကြည်က "ကိုယ့်အကြောင်းတွေ သူရိပ်မိနေပြီလား"ဟုတော့ လားလားမျှ မထင်မိပေမယ့် ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က "တာ"လုံအောင်တော့ တစ်ချက်ဖမ်းထောက်ကြည့်လိုက်သည်။

"ဒိုးဒိုးက ဒီနေ့ဘာလို့ မအားလာတာလဲ. . အန်တီ့ကိစ္စ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွေ လိုက်လုပ်ပေးရမှာလား . . ဒါမှမဟုတ် ရုံးကိစ္စ ဆိုရင်တော့ ကိုယ့်ကို ခိုင်းချင်ခိုင်းဦးလေ. . ”

“ရပါတယ်. . မြေးချစ်ကိုသာ တာဝန်ယူလိုက်ပါ ကိုကြည်. . ကျွန်တော့်ကိစ္စက ရုံးကိစ္စလို့လည်း . . အင်း . . ပြောလို့ရတယ် ဆိုပါတော့. . ကောင်မလေး နဲ့ ဒီနေ့ ချိန်းထားတယ်. . သွားစရာရှိတာတွေ လိုက်လုပ်ပေးရဦးမယ်. . ”

“ကောင်မလေး . . ဘယ်. . ဘယ်သူလဲ. . ခင်နှင်းဆီလား . . ”

“မဟုတ်ပါဘူး . . အဖူးပါ. . ”

ခင်မောင်ကြည်မှာ ‘အီး’ခနဲ ရင်ထဲအောင့်ကျိမ်းသွားရပါတော့သည်။ နေပါဦး . . ဒီကောင့်မျက်နှာ ပြုံးစစကပိုပြီးများ ပြုံးချင်လာတာလား . . လှောင်ရိပ်ပါ သမ်းနေတော့ပြီလား . . တောက်. . ။ ရိုင်းလိုက်တာကွာ. . ငါ့ကျ မြေးချစ်နဲ့ထည့်လွှတ်ပြီး သူကကျတော့ အဖူးနဲ့ လျှောက်လည်တော့မယ်တဲ့. . ။ ကိုယ့်မှာသာ တားမရ ပြုမရ. . ပိတ်ပင်ခွင့်မရှိ. . စိတ်မချတာကိုမှ ထုတ်ပြခွင့်မရှိ. . ။ အီး . . ။

ရေမိုးချိုး အဝတ်အစားလဲပြီး ပြန်ထွက်လာသည့် မြေးချစ်က ခင်မောင်ကြည်နှင့် နှစ်ယောက်တည်းသာ သွားကြရတော့မည်ဖြစ်ကြောင်း သိလိုက်ရသောအခါ. . “ဟေး . . ပျော်တယ်ကွ. . ”ဟု ခုန်ပေါက်အော်ဟစ်ပစ်လိုက်လေတော့သည်။ မြေးချစ်ကို လှမ်းကြည့်လိုက်ပြီး ဒိုးဒိုးမျက်နှာက ပိုပြီးရွှင်ပြုံးလာသောအခါ. . ခင်မောင်ကြည်မှာ ပြုံးပဲပြုံးနိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လွန်းအားကြီးလှသည့် ဒိုးဒိုးကို ‘ဝုန်း’ခနဲ လှမ်းခုန်အုပ် လိုက်ပြီး သူ့မျက်နှာက အရေခွံ အလွှာပါးကို အားရပါးရ ခွာဆုတ်. . ။ (စိတ်ထဲက ဖြစ်ပါသည်။)

❀ ❀ ❀

ကောင်မလေး ဆွဲထုတ်ပေးလိုက်သော ကုလားထိုင်မှာ ‘ဝုန်း’ခနဲ ပစ်ထိုင်ချလိုက်မိသော ခင်နှင်းဆီသည် ခြေပစ်လက်ပစ် စိတ်ပျက်လက်ပျက် ပုံစံမျိုးကြီးများ ပေါက်သွားခဲ့ပြီလား . . ဟု ကိုယ့်ဘာသာ မလုံမလဲနှင့် ချက်ချင်းပင် ခပ်မတ်မတ်ပုံစံသို့ ပြန်ပြောင်းထိုင်လိုက်ရပါသည်။

“ခင်နှင်းဆီရဲ့ ဘော့စ်. . ဗန်ကောက်ကို ပြန်ရပြန်ပြီလား . .”

“ဟင့်အင်း . . ဒီတစ်ခါ တောင်ကြီးဘက်တက်သွားတာ. . တို့ မလိုက်နိုင်ဘူးလို့ ပြောလိုက်တယ်. . သူကလည်း အိုကေပါတဲ့. . ရုံးက ကောင်လေးနှစ်ယောက် လိုက်သွားကြတယ်. .”

ခင်နှင်းဆီက ပြောပြောဆိုဆိုပင် သူတို့စားပွဲဘက်ကို ကျောပေးကာ ကော်ဖီဖျော်နေသော အဖူးဆီသို့ လှမ်းပြီး မေးငေါ့ပြလိုက်ကာ. . “ဘယ်လိုလဲ”ဟု လေသံနှင့် မေးခွန်းထုတ်လိုက်လေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဩော်. . ဟုတ်သားပဲ. . ခင်နှင်းဆီ မသိသေးဘူး နော်. . ဒါ ကျွန်တော့်စက္ကူထရီအသစ်လေ. . အဖူး တဲ့. . "

"စက္ကူထရီအသစ်"

"ဟုတ်တယ် ခင်နှင်းဆီ"

"မစ္စတာ ကာဆိဂိ ခန့်ပေးတာလား"

"မဟုတ်ပါဘူး . . အဖူးက Permanent ဝန်ထမ်း လည်းမဟုတ်ဘူး . . Appointment Letter ပေးပြီး ခန့်တာလည်း မဟုတ်ဘူး . . "

"ဟင်. . ဒါဆိုဘာလဲ. . "

"ကျွန်တော့်ဘာသာ အစမ်းခန့်ပေါ့. . သူ့လစာကိစ္စ ဘာညာကို ကုမ္ပဏီကို တာဝန်မယူခိုင်းဘဲ. . ကျွန်တော့် ဘာသာ တာဝန်ယူပြီး အလုပ်သင်သဘော ခန့်ကြည့် ထားတာ. . သူ့အရည်အချင်းက တိုးတက်လာတယ် ဆိုရင်တော့ တိုးတက်မှုရှိရင် ရှိသလို ဂျပန်ရုံးချုပ်ကို အဲဒီတော့မှ လှမ်းအကြောင်းကြားပြီး . . ကျွန်တော် ရွေးချယ်ထားတဲ့ စက္ကူထရီအဖြစ် Permanent ခန့်ပေးဖို့ တောင်းဆိုရမှာပေါ့"

"ဒိုးဒိုးတို့ လုပ်လိုက်မှဖြင့် အဆန်းချည်းပဲ. . မကြား ဖူးပါဘူး ဒါမျိုး"

"ဟုတ်တယ်. . ကျွန်တော် စမ်းသပ်ကြည့်တာတော့. . တတ်ပြီး တော်ပြီးသားတစ်ယောက်ကို ခေါ်သုံးရင် သူတို့ဘာသာ ဘယ်လောက်တော်တော် ကျွန်တော့်စိတ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြိုက် ကျွန်တော့်ပုံစံတော့ ဟုတ်ချင်မှ ဟုတ်မယ်လေ”

ခင်နှင်းဆီက အဖူးလှမ်းပေးလိုက်သော ကော်ဖီပန်းကန်လေးကို သူ့ဘက်သို့ ဆွဲယူလိုက်ရင်း . . မျက်နှာပေးကတော့ “ဟုတ်ပါ့မလား ဒိုးဒိုးရယ်. . ”ဟု လုံးဝ အယုံအကြည်မရှိသည့် မျက်နှာထားမျိုးနှင့်သာ. . ။ ကြားရသည့်သတင်းစကားအရတော့ ဒီတစ်ယောက်ဟာလည်း ဒိုးဒိုးရဲ့အနီးကို. . ခင်မောင်ကြည် ခေါ်ထည့်လာပြန်သောတစ်ယောက်တဲ့. . ။

ကြားလိုက်ရကာစကတော့. . လည်လည်မွတ်မွတ်နှင့်ဒိုးဒိုးကို အပိုင်ချုပ်ချတော့မည့် မိန်းမတစ်ယောက်ကို ဟိုလူတော့ ထစီစဉ်ပစ်လိုက်ပြီဟု ဆတ်ဆတ်ခါမျှပင် ဒေါသထွက်သွားခဲ့ရတာပါ။ ကိုယ်ကိုယ်တိုင်က ခင်မောင်ကြည် ဒီလိုလုပ်ဖြစ်အောင် ဖိအားပေးသည့် သဘောဆန်ဆန် စကားမျိုးတွေကို ပြောမိခဲ့တာကိုး။ ကိုယ့်ကို မနိုင်နိုင်အောင် ထိုလူက ကြံစည်တော့မည်ဆိုလျှင်. . အချောအလှ အညှုအခရာတို့နှင့် ပညာသည် မိန်းမတစ်ယောက်ကို ခေါ်ထည့်လာမည်ပဲ ချက်ချင်းတွေးမိလိုက်သည်။ ဒီရောက်တော့ အထင်နဲ့ အမြင်က သိပ်ကွက်တိမကျလှ။

“သူ့ကို အပြင်လွှတ်လိုက်လို့ မရဘူးလား . . တို့တွေ စကားအေးအေးဆေးဆေး ပြောကြဖို့ အချိန်တန်ပြီ. . ”

“ရပါတယ်. . ပြောချင်ရာပြောလို့ရတယ်. . အဖူးက ကိစ္စမရှိပါဘူး . . အဖူး . . ရပြီ. . ဘာမှလုပ်ပေးစရာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မရှိတော့ဘူး . . ကိုယ့်စားပွဲကိုယ်ပြန်လို့ရပြီနော်. . ”

ခင်နှင်းဆီက တမင်ပင် ခပ်ပြတ်ပြတ်ပြောချလိုက်ကာမှ ဒိုးဒိုးက လက်မခံဘဲ ဝင်စီစဉ်လိုက်ပြန်သဖြင့် ခင်နှင်းဆီရဲ့ မျက်နှာလေးက မနှစ်မြို့မှုတို့နှင့် ခပ်အုံ့အုံ့ဖြစ်သွားပြန်လေသည်။ ခင်နှင်းဆီကတော့ ခင်မောင်ကြည် ရှာလာပေးသည်ဟူသော ကောင်မလေးရဲ့ရှေ့မှာ “ခင်မောင်ကြည့်ကို ယုံပြန်ပြီလား”ဟု ပေါ်တင်ဖွင့်မေးရမလို ဖြစ်နေတာမို့သာ ကလေးမလေးကို အပြင်ထွက်သွားစေချင်မိတာပါ. . ။

ဒါပေမယ့် ဒိုးဒိုးမှာလည်း ဘယ်လိုလုပ်နှင်လွှတ်နိုင်ပါ့မလဲ. . ။ ခုတောင် မျက်နှာပျက်ပျက်ကလေးနှင့် ခင်နှင်းဆီကိုတစ်လှည့်၊ ဒိုးဒိုးကိုတစ်လှည့် ကြည့်ကာ ပြုံတော့မည့်မိုးလို ဖြစ်နေပြီဖြစ်သော အဖူးကလေးမှာ သူ့ကိုသာ အပြင်ထုတ်ပစ်လိုက်ရင် မပြီးနိုင်မစီးနိုင် ရှင်းမရနိုင်ပင် ဖြစ်ကုန်တော့မှာပေါ့. . ။ သူများတကာ ကောင်မလေးတွေလို စိတ်ဆိုးကောက်ချိတ်မည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ အားငယ်ဝမ်းနည်းနေတော့မှာကိုသာ ဆိုလိုတာ. . ။ ခုတောင် ကိုယ့်စားပွဲကိုယ် ပြန်ထိုင်ခိုင်းလိုက်တာတောင်မှ ငယ်ကျသွားသော မျက်နှာကလေးမှာ ခင်နှင်းဆီရဲ့ အလှအပ. . ချက်ချာမှု. . ပိုင်နိုင်မှု. . တင့်တယ်နေမှုတွေထံမှာ မျက်ရည်မကျမိအောင် မနည်းကြီး အားတင်းသွားရတဲ့ပုံ ပေါက်နေတော့တာ။

“ရှင်ဟာလေ. . သိပ်ခက်တာပဲနော်. . ကြာကြာနေတော့ ရှင့်ကိုတောင်မှ တို့က သိပ်မသက်ာချင်တော့ဘူးနော်. . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟာ. . ဘာကိုလဲ ခင်နှင်းဆီရဲ့"

"ရှင် ဒီလောက်မှ အ,ရဲ့လားလို့ပါ. ."

"ဟား ဟား ဟား . . ကျွန်တော့်အဖြစ်က အ,ပါတယ်လို့ ဝန်ခံရင်လည်း ကိုယ်ပဲ လူအ,ဖြစ်ဦးမယ်. . ဘယ်အ,မလဲဆိုရင်လည်း . . ရှေ့ဆက်ပြီး ခင်နှင်းဆီ စွပ်စွဲတော့မယ့်ကိစ္စတွေမှာ ကိုယ်ပါကြံရာပါ ဖြစ်တော့မယ်. . ဘယ်ဘက်ကမှ မသက်သာပါလား . ."

"ဒါဖြင့် ပြောပါဦး . . ဘာကိစ္စ ရှင့်ဘေးကို သူ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ရောက်,ရောက်လာရတာတဲ့တုန်း"

ခင်နှင်းဆီက ခပ်တိုးတိုးအုပ်အုပ် လေသံနှင့်မို့ ဒိုးဒိုးကလည်း ခပ်တိုးတိုးပင် . .

"ဒါပေမယ့် ဒီတစ်ယောက်ကိုလည်း ကြည့်ပါဦး . . ခင်နှင်းဆီ ပြောချင်သလို ကိုကြည့်လူအဖြစ် ကျွန်တော့်ကို ဝိုင်းနှပ်သွားမယ့် ရုပ်မျိုးလားဆိုတာ. ."

"အို. . ရှင်က. . ရုပ်နဲ့ဆုံးဖြတ်လို့တော့ နေရာတိုင်း ဘယ်မှန်နိုင်ပါ့မလဲ"

"မှန်သင့်သလောက်တော့ မှန်နိုင်ပါတယ် ခင်နှင်းဆီရဲ့. . အရင်တစ်ယောက်ကလည်း ကလေးလေးပဲဗျာ. . ဘာများဝိုင်းကြံနိုင်ကြမှာမို့လဲ"

"အို. . ကလေးလည်း ကလေးအလျှောက် အိမ်ထဲထိရောက်နေတာ. . ပြီးကျတော့ ဆိုးလိုက်တာက တာတေလန်သေး . . စိတ်ချစရာလား . . ဒီတစ်ယောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကျပြန်တော့လည်း ရှင့်ရဲ့ အနီးကပ်စက္ကထရီတဲ့. . ဘယ်လိုလဲ. . နေရာကောင်းတွေကိုချည်း အချက်ကျကျ အုပ်စီးထားကြသလို ဖြစ်မနေဘူးလား . . ”

“နေရာကောင်းတွေ. . ဟုတ်လား”

ခင်နှင်းဆီက ဘာမှပြန်မဖြေဘဲ ဒိုးဒိုးကိုသာ မျက်စောင်းပိတ်ထိုးပစ်လိုက်မိတော့သည်။ ဒီကောင်မလေး ဒီနေရာကို ဝင်ရောက်လာရခြင်းဟာ ခင်နှင်းဆီ လျှောက်ပြောပစ်ခဲ့တဲ့ စကားတွေကြောင့်ပါဆိုတာကိုတော့ ခင်နှင်းဆီက ဒိုးဒိုးကို ဘယ့်နှယ့်လုပ်ပြီး ပြန်ပြောလို့ ဖြစ်မလဲ. .။ အမြဲတမ်း ကိုယ့်အထာလေးတစ်ခုနှင့်ကိုယ် တည်တည်တံ့တံ့ပဲ နေခဲ့တဲ့ ခင်နှင်းဆီအတွက် ကိုယ့်သိက္ခာကိုယ် ပြန်ချသလိုပဲ ရှိတော့မှာပေါ့. .။ သို့သော် ခင်နှင်းဆီက တစ်ခုကိုတော့ ဇွတ်ပင်ပြောချလိုက်ပါသည်။

“တို့ကဖြင့်. . အဲဒီလူနဲ့ ဒိုးဒိုးနဲ့ကို ဒီအတိုင်း ဆက်လွှတ်ထားဖို့ ဘယ်လိုမှ စိတ်မချနိုင်တော့လို့ တို့ဘော့စ်ကိုခွင့်တောင်း အလုပ်ထွက်ပြီး ဒီနေရာမှာတောင် ပြန်လာဝင်တော့မလားလို့. . ”

“ဟာ. . အဲဒီလိုလား . . အဲဒါတကယ်လား . . ”

ဒိုးဒိုးမှာ အနေခက်သွားပုံတော့ရသည်။ သို့သော် ဘာစကားကတိကဝတ်မှတော့ ထပ်ထွက်မလာဘဲ အဖူးဘက်သို့သာ တစ်ချက်လှမ်းအကဲခတ်လိုက်သည်။

“ကောင်မလေးက တော်သလား . . အလုပ်လုပ်နိုင်ရဲ့လား . . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အင်း . . ကြိုးစားပါတယ်. . "

"ဘာတွေ အောင်ထားလဲ. . ဘာလက်မှတ်တွေများ ပြနိုင်လို့လဲ. . "

"ဘာမှမရှိဘူး . . ခုမှ စတက်ဖို့လုပ်တုန်း . . "

"ဟင်. . ဒါဆို ရှင်က ဘာလုပ်တာလဲ. . ရှင့်ကိုယ် ရှင် နေ့ကလေးထိန်းကျောင်း ဖွင့်စားနေတယ်ထင်လို့ ကလေးတွေ. . ကလေးသာသာအရွယ်တွေကို တစ်ယောက်ပြီးတစ်ယောက် လက်သင့်ခံနေတော့တာလား"

ဒိုးဒိုးက 'တဟက်ဟက်' ရယ်လိုက်သည်။ နှစ်ယောက်သား တိုးတိုး တိုးတိုးနှင့် ဖြစ်နေကြသည့်အတွက် အဖူးလေးတစ်ယောက်တော့ အတော်ကြီး နေမထိ ထိုင်မသာ ဖြစ်နေရှာပြီ. . ။

"အဖူး . . ဒီကိုခဏ လာပါဦး . . "

"အိုး . . တို့ ပြောလို့မပြီးသေးဘူးနော် ဒိုးဒိုး . . "

"ခဏပါ. . ကျွန်တော့် ကလေးမလေးကို ခင်နှင်းဆီကို ပြချင်တယ်. . ဖြစ်နိုင်ရင် ခင်နှင်းဆီကိုယ်တိုင် အရောင်တင် ပဲ့ပြင်ပေးစေချင်တယ်. . "

"ဟင်. . ရှင်က ရှင်ကိုယ်တိုင် ထိန်းရကျောင်းရတာ အားမရလို့ တို့ကိုပါ ရှင့်ရဲ့ နေ့ကလေးထိန်းဌာနမှာ ဆရာမအဖြစ် ဆွဲခန့်ပစ်ဦးမလို့လား"

"ကျွန်တော်က ခင်နှင်းဆီကို အထင်ကြီးတာပါ. . "

"မကြီးနဲ့. . မကြီးနဲ့. . ရှင် ဟိုတစ်ယောက်ကိုလည်း အထင်ကြီးလို့သာ သူ့စကားကို အမြဲလက်သင့်ခံနေတာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



မဟုတ်လား . . အဲဒီလူနဲ့ တစ်တန်းတစ်စားထဲ အထင်ကြီးခံရမှာမျိုးတော့ တို့က လုံးဝလက်သင့်မခံနိုင်ဘူး . . ဘယ့်နှယ် . . အထင်ကြီးတယ်လည်းဆိုသေး တို့စကားကျတော့လည်း လုံးဝနားဝင်တာလည်း မဟုတ်ဘဲနဲ့ . . ရှင်အထင်ကြီးတဲ့လူချင်း တူတူမှာတောင် တစ်ဘက်စကားပဲ အမြဲနားဝင်နေတော့တာကို တို့က ဘယ်လိုလုပ် ကျေနပ်နေရမလဲ”

ဒိုးဒိုးက အနားရောက်လာသည့် အဖူးကို လှမ်းပြုံးပြလိုက်ရင်း သက်ပြင်းတစ်ခုကို ကျိတ်ချလိုက်ပါသည်။ ခင်နှင်းဆီက အဖူးနှင့် ဒိုးဒိုးကို မမှိတ်မသုန် စိုက်ကြည့်နေ၏။

“အဖူး . . အဲဒါ မခင်နှင်းဆီတဲ့ . . အရင်က အဖူးနေရာမှာ အဖူးလိုပဲ မစ္စတာ ကာဆီဂိအိုမိရဲ့ စက္ကထရီလုပ်သွားတာပေါ့ . . ကိုယ်က အဖူးကို သူ့လိုဖြစ်စေချင်တယ် . . ကိုယ်ပြောတဲ့ အဖူးလည်း တစ်နေ့ကျရင် တိုးတက်လာရမှာပေါ့ဆိုတာ . . ခင်နှင်းဆီလို ထက်ထက်မြက်မြက်နဲ့ အစစအရာရာ ချက်ချက်ချာချာနဲ့ အရာရာကို သိနေတတ်နေရမှာမျိုးကို ဆိုလိုတာ . . ”

အဖူးထံမှ “ဟုတ်ကဲ့”သံလေးက သေးညှက်ညှက် . . အိညှောက်ညှောက် . . ။ ခင်နှင်းဆီကတော့ ဒိုးဒိုးကိုလည်း အမြင်ကခပ်ကပ်ကပ် ရှိနေပြီမို့ “ကြည့်လည်း မြှောက်ပါ ကိုယ့်လူရေ . . ခင်နှင်းဆီက ရှင့်လိုတော့ နားဝင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နားယောင်မလွယ်ပါဘူး”ဟု တမင်ပဲ ပြောချလိုက်ပါသည်။

“ကျွန်တော်က တကယ်ဖြစ်စေချင်လို့ တကယ်ပြောတာပါ. . ”

“ဒါပေမယ့် အဲဒီထက်မြက်တာတွေ စွမ်းဆောင်နိုင်တာတွေက တစ်ချို့လူတွေအတွက်တော့ ဘာမှအရေးမပါအရာမဝင်ဘူး ဖြစ်နေတယ်လေ. . အလကားပဲ”

ခင်နှင်းဆီမှာ အဖူးကို ဒီလောက်ကြည့်လိုက်ရတာနဲ့ “ဘယ်လိုမှ ပြိုင်ဘက်မဟုတ်ဘူး”ဆိုတာကို ဆုံးဖြတ်လိုက်မိပြီ။ ဒီကိုရောက်မလာသေးခင်ကတော့ ကြားရတဲ့သတင်းစကားတွေအရ. . တော်တဲ့ထက်တဲ့. . အလုပ်ဘက်မှာပဲ ပြိုင်ရတော့မလား . . ။ အလှအပ ကြည့်ကောင်းတင့်တယ်ခြင်းမှာပဲ နေရာလုရမှာလား . . တစ်ယောက်နှင့်တစ်ယောက် (ဟိုလူနဲ့ပြောဆိုနေကြရသလို) အဓိပ္ပာယ်ပါသောပညာသားပါသော စကားတို့နဲ့ ပုတ်ခပ်တိုက်ခိုက် အနိုင်ကျဲရတော့မှာလားနှင့်. . တအားကြီးကို မောင်းတင်ပြင်ဆင်လာခဲ့မိတာပါ။

ခင်မောင်ကြည်ဆိုတဲ့လူရဲ့ အကြံက ဘာများပါလိမ့်. . ခင်နှင်းဆီနဲ့ ပြိုင်ရတော့မယ့် နေရာမှာ ပြိုင်ဘက်ဘယ်နည်းနဲ့မှ မဟုတ်တဲ့သူတစ်ဦးကို လာထည့်ထားခြင်းဟာသူ့ရဲ့နည်းလမ်းပေါင်းများစွာထဲက ဘယ်လိုနည်းမျိုးပါလိမ့်မ်။ ကောင်မလေးမျက်နှာ ကြည့်လိုက်ရုံနဲ့တင် ဖြစ်ရပ်က ရိုးရိုးစင်းစင်းမဟုတ်နိုင်လောက်ဘူးဆိုတာကို ခင်နှင်းဆီပင်လျှင်ရိပ်စားမိပါရက် ကိုရွှေဒိုးဒိုးတို့ကတော့ ခုထက်ထိ အ,မြဲ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အ,ဆဲ. . အ,လတ္တံ့ပဲ ဆက်ဖြစ်နေတော့မှာလား . .။ အဲဒါကြောင့်ပဲ ခင်နှင်းဆီက “ရှင့်ကိုတောင်မှ မသက်ာချင်တော့ဘူး”လို့ ပြောလိုက်တော့တာပါ. .။

အမယ်. . ကြည့်စမ်း . . ပြုံးပြုံးကြီးကို စိုက်ကြည့်နေလိုက်တာ. . ကစားစရာ အသစ်တစ်ရုပ် ရထားတဲ့ကလေးတစ်ယောက်က သူ့အရုပ်ကလေးအပေါ် ကျေနပ်ပီတိဖြစ်၊ ဂုဏ်ယူဝမ်းမြောက်နေတော့တဲ့ ပုံသဏ္ဍာန်မျိုးနဲ့ . .။ နေပါဦး . . ကလေးတစ်ယောက်ရဲ့ ‘အကြိုက်’မျိုးမှ က,ပါရဲ့လား . . သိပ်ကိုသဘောကျနေတော့တာပါလား . .။

ခင်နှင်းဆီသည် ဒိုးဒိုးရဲ့ပုံစံကို ဇဝေဇဝါ ဖြစ်သွားရလျှင် ချက်ချင်းပင် အဖူးဟူသော ကောင်မလေးကို အလန့်တကြားပင် ပြန်ကြည့်လိုက်မိရပြန်သည်။ အားငယ်ရိပ်၊ ကြောက်ရိပ်၊ ဝမ်းနည်းရိပ်၊ ဘာတွေမှန်းမသိ. . ခင်နှင်းဆီလို လူမျိုးအတွက်တော့ ဘာတစ်ခုမှ သဘောကျစရာအကြောင်းမရှိသည့် အရိပ်အယောင်တွေ မျိုးစုံသန်းနေတော့သော မျက်နှာကလေးမှာ သာမန်ကလေးမငယ်လေးတစ်ဦး နည်းနည်း ပြင်ပြင်ဆင်ဆင်လေး လုပ်ထားသလောက်ပင်။

ဟင်. . လှလည်းသိပ်မလှ. . စိတ်ဝင်စားစရာကလည်းမဖြစ်. . အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက်တို့ကလည်း ဘာတစ်ခုမှ ဆွဲဆောင်စရာမမြင်. .။ ခင်နှင်းဆီကတော့ အရှုံးပေးရပါတော့မည်။ ခင်မောင်ကြည့် အကြံအစည်ကို မမှန်းတတ်နိုင်သလို. . အမြဲလိုလို ပြုံးနေတတ်လေ့ရှိသော ဒိုးဒိုးတစ်ယောက်ရဲ့ အပြုံးတွေ ပိုမိုတောက်ပ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရွှန်းလက်သလို ဖြစ်နေတော့တာကိုလည်း နားမလည်နိုင်တော့ပါဘူး . . ။

"အဖူးက ဘယ်မှာနေတာလဲ. . "

ခင်နှင်းဆီက စတင် မေးခွန်းထုတ်ကြည့်လိုက်သည်။

"အဆောင်မှာပါ မမ. . "

"အဆောင်မှာ. . "

"ဟုတ်ကဲ့. . ဇာတိက ပုသိမ်ကပါ. . ခုတော့ မိဘတွေလည်း မရှိကြတော့တာမို့ အဆောင်မှာပဲ. . "

"ဩော်. . ဩော်. . ဦးခင်မောင်ကြည်နဲ့ကော ဘယ်လိုသိကျွမ်းကြတာလဲ. . အမျိုးလား . . ဒီကို သူခေါ်လာပေးတာဆို. . "

"ဟုတ်ကဲ့. . ဟို. . အ. . အဲလေ. . ဦးလေးနဲ့က အဖူးရဲ့အစ်မနဲ့ ခင်ကြတာပါ. . ဘာမှမတော်ပါဘူး"

"ဩော်. . အစ်မရှိသလား . . သူကကော အဆောင်မှာ အတူတူပဲလား . . "

"ဟို. . အစ်မ, အစ်မကတော့ ဆုံးသွားပါပြီ. . "

ပြောရင်း ဖြေရင်းက စကားတွေ မှားကုန်မည်စိုးသဖြင့် တဖြည်းဖြည်း ကြောက်ရွံ့လာပုံရလာသော အဖူးကိုကြည့်ကာ ဒိုးဒိုးက တမင်ပင် "ဟေ့ အဖူး . . မကြောက်နဲ့ သူက စုံထောက်လည်း မဟုတ်ဘူး . . အမှုစစ်လည်း မဟုတ်ပါဘူးကွ"ဟု ဝင်နောက်ပေးလိုက်ရပါသည်။ တစ်ဆက်တည်းမှာပင်. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဆောင်တို့ ပုသိမ်တို့ လိုက်ဦးမလား ခင်နှင်းဆီ"

"ဒိုးဒိုး . . ရှင်ဟာလေ ရှင့်အတွက် ဝင်ပူ,ပူပေးနေရတဲ့သူကိုပဲ သူကပြောင်လား . . နောက်လားနဲ့ သိပ်စိတ်ကုန်ချင်စရာ ကောင်းတာပဲ. . "

"မဟုတ်ပါဘူး . . မယုံသင်္ကာတွေဖြစ်နေရင် ခင်နှင်းဆီပဲ ခေါင်းကိုက်မှာစိုးလို့ပါ. . "

"အမယ်လေး . . ဒီလောက် စေတနာရှိတယ်ဆိုရင် တော်ပါပြီ. . မယုံစရာလည်းမရှိပါဘူး . . သူပြောနေတာလေးတွေက အကုန်အမှန်တွေချည်းပဲဟာ. . "

"ဟော. . တော်သွားပြန်ပြီ. . "

"ဒီမှာ ဒိုးဒိုး . . တို့က ကိုယ့်ကိုကိုယ် လူကဲခတ်တော်လှချည့်လို့ မဝင့်ကြွားချင်ပါဘူး . . ဒါပေမယ့် တို့မှန်းရင်တော့ မှန်တတ်တာများတယ်. . အဲဒါကြောင့် ရှင့်ကိုပြောတာ. . ရှင် ဒီလောက်မတုံး မအ,ဘူးဆိုတာလည်း တို့သိနေပြီ. . ရှင့်မှာလည်း အကြောင်းတစ်ခုရှိတယ်. . အဲဒါ ဘာလဲဆိုတာကိုသာ မသိတာ. . "

"အား . . ကိုယ့်ဟာနဲ့ကိုယ်တောင် နောက်ကြောင်းမလှံချင်တော့ဘူး . . နောက်ဆို ခင်နှင်းဆီရဲ့ ရှေ့ကိုရောက်ရင် ကျွန်တော်ပါ မျက်မှန်အမည်းကြီးတပ်ပြီး စောင်ခြုံထားရတော့မလို ဖြစ်နေပြီပေါ့. . "

"မလိုပါဘူး . . ရှင့်ဘက်က မှန်ကန်ရင် ပြီးတာပဲ. . "

အဖူးမှာ ဒိုးဒိုးနှင့်ခင်နှင်းဆီတို့ နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ် ဖြစ်နေကြတုန်းကလည်း တစ်မျိုးပူရသ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လို. . ခုလို ကိုယ့်ကိုရှေ့တင်ကြီးထားပြီး တိုက်ခိုက်နေကြ ပြန်သည့်အတွက်ကိုလည်း ဟိုကြည့်ဒီကြည့်နှင့် မျက်နှာက လေး ပျက်နေရပြန်ပါသေးသည်။ အခန်းထဲကနေ ခင်နှင်းဆီ ပြန်ထွက်သွားပြီဆိုတာနဲ့ အဖူးမှာတန်းပြီး မျက်ရည်တွေ ဝဲတက်လာရတော့သည်။

"ဟာ. . အဖူး . . ဘာဖြစ်တာလဲ. . ဘာမှမဖြစ်နဲ့ နော်. . သူက အဲဒီလိုပဲ. . "

"အဖေ့လိုလူတောင် သူ့ကိုဖြုံတယ်မဟုတ်လား ဒိုးဒိုး ရယ်. . အဖူးတော့ သိပ်ကြောက်တာပဲ. . ခုတောင် ဒိုးဒိုး ရှိနေပေလို့ နှစ်ယောက်ချင်းဆိုရင်တော့ ဒုက္ခပဲ"

"ဘာမှမပူနဲ့. . အဖူးရဲ့ အဆောင်အထိ သူရောက် လာမှာပဲ. . "

"ဟင်. . ဆင်းမတွေ့ဘူး . . "

"ဘယ်ရမလဲ. . အဖူး ဘယ်နှစ်ခါရှောင်နိုင်မလဲ. . အဖူး ဒီနေ့ ပြန်ဖြေနေတာတွေ ကောင်းသားပဲ. . အားလုံးအမှန်ချည်းပဲဟာ. . ကိုကြည် သင်ပေးထား တာလား . . ဟုတ်လား . . "

"ဟုတ်. . "

"ဒီတိုင်းပဲ ဆက်ဖြေနေပေါ့. . ပုသိမ်ကနေ ရန်ကုန် ရောက်လာပြီး ကြားထဲမှာ အဖူးအစ်မနဲ့ ငယ်ငယ်က အကြောင်းတွေ ဘာတွေပါ ထည့်ပြောလည်း ရတာပဲ၊ ကိုကြည့် အမေအိမ်က အကြောင်းလေးပဲ ကွက်ဖျောက် ထားရင်ရပြီ. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟင်. . ငယ်ငယ်က အကြောင်းတွေ ပြန်ပြောရင် ဒိုးဒိုးပါ ပါကုန်မှာပေါ့"

"မပါနဲ့ပေါ့. . ဒါပေမယ့် ပါကုန်ရင်လည်း ကိစ္စတော့ မရှိပါဘူး . . "

"ပါမိမှာ. . အဖူးက အဲဒါတွေ တစ်ယောက်ယောက်ကို အရမ်းပြန်ပြောချင်တာပဲ. . ခုထိ ဘယ်သူ့ကိုမှလည်း ပြောခွင့်မရဘူး . . အဆောင်မှာလည်း အဖေက ပေါက်ကရစကား လျှောက်မပြော လျှာမရှည်ရဘူးတဲ့"

"ကိုယ့်ကိုပြောပေါ့. . "

"ဟင်. . ဒိုးဒိုးက ကာကယံရှင်ကြီး . . "

"ဘာဖြစ်လဲ. . "

"မဟုတ်ဘူး . . တခြားသူစိမ်းတစ်ယောက်ကို ပြောပြချင်တာ. . "

"မေမေ့ကိုပြောပေါ့. . စနေ တနင်္ဂနွေတွေ အဖူးအိမ်ပါလာရင် မေမေနဲ့ တွေ့ကြမှာပဲ. . "

"အန်တီက အဖူးကိုမှတ်မိရင်တော့ ဒုက္ခပါပဲ. . "

"မှတ်မိမှာပဲဟာ. . "

"ဟင်. . ဘယ်ဖြစ်မလဲ. . "

"ကဲ. . ကြောက်နေရပြန်ပြီ. . သူ့မှာ ဘာမဆို ကြောက်ဖို့ချည်းပဲ. . ဒီမှာ ကိုယ်ပြောမယ်. . ခုချိန်ကစပြီး အဲဒီကြောက်စရာတွေ အားလုံးကို ရင်ဆိုင်ရမယ့်ရက်တွေ နီးနီးလာပြီလို့သာမှတ်ထားပေတော့. . အရင်ဆုံးကတော့ အဆောင်ကိုရောက်လာမယ့် ခင်နှင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆီနဲ့ ရင်ဆိုင်လိုက်. . အဖူး ဘာပဲလုပ်လုပ်. . ဘာပဲ ပြောပြော မမှားဘူး . . ပြောချင်သလိုပြော. . လုပ်ချင်သလိုလုပ်. . တစ်ခုခုဆို ကိုယ်ရှိတယ်. . သိလား"

အဖူးက ချစ်ရသူကို အားကိုးတကြီးလေး မော့ကြည့်နေမိပြီးမှ. .

"သူဒီလောက်လှတာ. . ပြီးတော့ အရင်လည်း တွေ့ကြတာ. . သူ့ကိုဘာလို့ မချစ်တာလဲဟင်. . "

"ဘယ်သူနဲ့ အရင်တွေ့တာလဲ. . ပြန်ပြောစမ်းပါဦး"

"ဟင်. . ဟိုဟာက ဘာဆိုင်လဲ. . ကလေးပိစိလေးပဲ. . "

"အဲဒီကလေးပိစိလေးက အဖူးဖြစ်လာလို့ အဖူးကို ချစ်တာပေါ့. . အရှင်းကြီးပဲ. . ခင်နှင်းဆီလှတာတွေကြီးမှ အရင်တွေ့တာတွေနဲ့ ဘာမှမဆိုင်ဘူး . . "

အဖူးမှာ "တော်ပါသေးရဲ့"ဟု သက်ပြင်းတွေ ကျိတ်ချလိုက်မိပြီးလျှင် အဲဒီကလေးပိစိလေးကပဲ အဖူးဖြစ်နေရသည့်အတွက် တစ်လောကလုံးနှင့် ကံဇာတ်ဆရာကြီးတို့ကိုပါ ကျေးဇူးတင်လိုက်မိပါသည်။

"အဖူးလေ. . ဒီတစ်ခါ သူရောက်လာရင် အဖူးတို့က ဟိုးကလေးပိစိကလေးတည်းက ခင်ကြတာလို့ ကြွားပစ်လိုက်ချင်လိုက်တာ"

"ကြွားပစ်လိုက်ပေါ့. . ဘာဖြစ်သေးလဲ"

"ဟင်. . မဖြစ်သေးပါဘူး"

ခင်နှင်းဆီရဲ့ အရမ်းပိုင်နိုင်တိကျနေပြီး ဒိုးဒိုးကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပင် ခြိမ်းခြောက်သွားသေးသည့် ဟန်ပန်ကိုပါ ပြန်စဉ်းစားလိုက်မိလျှင်တော့ အဖူးခမျာ ယောင်ယမ်းပြီး ပခုံလေးပါ ကျုံ့ထားလိုက်မိပါတော့သည်။

❀ ❀ ❀

အဆောင်ရှေ့မှာ ကားထိုးရပ်လိုက်သော ခင်နှင်းဆီက ကားလမ်းမကနေ တန်းတန်းပင် မြင်သာသည့် အဆောင်ခြံအတွင်း တစ်နေရာသို့ မျက်စိရောက်သွားမိသောအခါ ရင်ထဲ ဒိန်းခနဲပင် ဖြစ်သွားရပါသည်။ ကြည့်စမ်း . . အဆောင်ပိုင်ရှင်ကိုရော. . အဖူးကိုပါ မရမက အစ်အောက်အဖြေထုတ်ရမည်ဟု ကြံရွယ်ထားသမျှတို့ဟာ ဘာမှတောင် လုပ်ငန်းပင် မစရသေး . . အထင်းသားပင် ပေါ်လွင်နေသလောက် ဖြစ်နေပါပေါ့လား . .။

ခြံထဲက ခုံတန်းလျားလေးတစ်ခုမှာ မော့မော့ကလေးထိုင်နေသော အဖူးရဲ့ နံဘေးမှ ခါးထောက်ရပ်နေသူမှာ. . ဟိုလူ. . ဦးခင်မောင်ကြည်လေ. .။ ပုံစံကို မှန်းကြည့်လိုက်တာနဲ့ သူတို့နှစ်ဦးရဲ့ ကျွမ်းဝင်မှုဟာ တော်ရုံမဟုတ်ဘူးဆိုတာကို လှမ်းရိပ်မိလိုက်ပြီးလျှင် ခင်နှင်းဆီ ရင်ထဲသံသယတွေ အလုံးအရင်းနှင့် ဝင်ရောက်လာကြတော့သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မိန်းမသနာကိစ္စနှင့် ပတ်သက်လာလျှင် ဘယ်တော့မှ စိတ်မချရဘူးဟု ကြားဖူးထားပြီးသား ခင်မောင်ကြည်နှင့်အဖူးတို့မှာ ဘာတွေနည်း။ ဆုံးပါးသွားပြီဆိုသော မိန်းကလေးမိတ်ဆွေ၏ ညီမဆိုသူကို ခင်မောင်ကြည့်ဘက်က ဒီလောက်အကျွမ်းတဝင် ရှိပုံရနေလျှင် ဒါ ဇာတ်လမ်းက မကောင်းနိုင်တော့ပြီ။ ခင်မောင်ကြည်လေ. . ဘယ်တုန်းက များ စိတ်ရင်းစေတနာ ဖြူဖြူစင်စင်နှင့် ရှိဖူးလို့လဲ. . သူစိမ်းမိန်းကလေးငယ် တစ်ယောက်အပေါ်မှာ သူ့အတွက် အခွင့်အရေးမရနိုင်ရင် ဘယ်တုန်းကများ စိတ်ရှည်လက်ရှည်နှင့် ဆက်ပတ်သက်ကူညီနေဖူးလို့လဲ. . ။

အင်း . . ကောင်မလေးကြည့်ရတာတော့ အခုလည်းပဲ. . "မခုတ်တတ်တဲ့ကြောင်. . ညောင်"ဆိုတဲ့ ပုံစံမျိုးလေးနဲ့ပဲ. . ။ ခင်မောင်ကြည်လို လူမျိုးနဲ့ ယှဉ်တွဲသမုတ်ပစ်ရမှာတောင် အားနာစရာ. . ။ သို့သော် ဒိုးဒိုးကိုပင် အယုံအကြည်မရှိချင်လှတော့သည့် ခင်နှင်းဆီက ဘယ်လောက်ပဲ မျက်နှာငယ်ကလေးနှင့် သေတော့မတတ် ရုပ်မျိုးပဲရှိနေပါစေ. . ကိုယ်တွေ့ဆက်ဆံပေါင်းသင်းပြီးမှသာ ကြည့်ယုံရတော့မည်ဟု ဆုံးဖြတ်ပြီး ဖြစ်သည်။

ခင်နှင်းဆီက ကားပေါ်မှဆင်းကာ အဆောင်ခြံထဲသို့ ဝင်လာခဲ့ပါတော့သည်။

ခင်နှင်းဆီကို လှမ်းမြင်လိုက်ရသည်ဆိုလျှင် ခင်မောင်ကြည့်မျက်နှာပေါ်မှာ. . တစ်မျိုးကြီးဖြစ်သွားဟန်. . ပြီးတော့ ဒေါသပါ ထွက်လာဟန်. . အမူအရာ နှစ်မျိုးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖျတ်ခနဲ၊ ဖျတ်ခနဲပင် ပေါ်ပေါက်လာကြပြီးမှ . . ချက်ချင်းပင် အပြုံးမျက်နှာနှင့် ဟန်လုပ်ဖုံးအုပ်ပစ်လိုက်တော့ကာ . .

"ဟလို . . မခင်နှင်းဆီ . . "

"ဦးခင်မောင်ကြည်ရေ . . ပက်ပင်းကြီးလို့ပဲ ပြောရတော့မလား . . "

"ဗျာ . . ဘာကိုလဲ . . ကိုယ်နဲ့ မခင်နှင်းဆီနဲ့ ဒီမှာ လာဆုံကြတာကိုလား . . ဟုတ်ပါရဲ့ . . မခင်နှင်းဆီဘက်က ဘယ်လိုအကြံဉာဏ်မျိုးနဲ့ ရောက်လာတယ်ဆိုတာ မပြောနိုင်တော့ ပက်ပင်းကြီးလို့ပဲ သုံးချင်လည်း သုံးပေါ့ . . ရတာပါပဲ"

"ကျွန်မက ရှင့်ကိုပြောနေတာ . . ကျွန်မက ဒိုးဒိုးအကူအညီတောင်းထားလို့ အဖူးကို ကူညီတွဲခေါ်ပေးလိုက်ပါဦးဆိုလို့ လာခဲ့တာပဲ"

"ကိုယ်လည်း ထိုနည်းလည်းကောင်းပေါ့ဗျာ . . "

"ဟင်း . . ရှင့်လိုလူကိုများ မိန်းကလေးတစ်ယောက်ကို တရင်းတနှီး ကူညီဖို့ အကူအညီတောင်းတယ်ဆိုရင် ဒါ ဒိုးဒိုးတော့ ရူးနေတာ ဖြစ်ချင်ဖြစ် . . ဒါမှမဟုတ်ရင်တော့ . . ဦးနှောက်တစ်ခုလုံး မှိုင်းလုံးကြီးကြီးမိပြီး ဘာမှ မစဉ်းစားနိုင်တော့တာပဲ ဖြစ်ရမယ်"

"နေပါဦး မခင်နှင်းဆီရယ် . . ကိုယ် တကယ်ပဲ မသိလို့မေးပါရစေဦး . . မခင်နှင်းဆီနဲ့ကိုယ်နဲ့ ရန်သူတွေလည်းမဟုတ် . . ဘယ်ဘဝက ရေစက်မှလည်း မပါ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကြဘူးဆိုရင် မခင်နှင်းဆီဘက်က ကိုယ့်ကို နေရင်းထိုင်ရင်း အကြောင်းမဲ့ လိုက်ရန်လို တိုက်ခိုက်နေရတာ ဘာကြောင့်ပါလိမ့်. . ဒါ ကိုယ်တကယ် ရိုးရိုးသားသားနော်. . တကယ်သိချင်လို့ကို မေးကြည့်တာ. . ”

ခင်နှင်းဆီမှာ ခင်မောင်ကြည့် စကားကြောင့် ရုတ်တရက် ကြောင်တောင်ကြောင်သွားရသည်။ ပြီးမှ ကိုယ့်ဘာသာ စိတ်ပြန်ထိန်းလိုက်ရကာ. .

“ဒိုးဒိုးက ကျွန်မသူငယ်ချင်း . . ”

“သြော်. . အဲဒီတော့. . ”

“သူ့အတွက် အကျိုးယုတ်စေနိုင်မယ့်. . ဒုက္ခရောက်စေနိုင်မယ့် ကိစ္စဝိစ္စမှန်သမျှကို ကျွန်မရဲ့ကိစ္စလိုပဲ သဘောထားပြီး ကျွန်မပူပင်တယ်. . ဒါပါပဲ. . ”

“သြော်. . ဒါဖြင့် မခင်နှင်းဆီအပေါ် တစ်ကြိမ်တစ်ခါက ကိုယ်မှားခဲ့မိဖူးလို့ အဲဒါကို အငြိုးကြီးကြီး ထားနေတာတော့ မဟုတ်ဘူးနော်. . ”

“ရှင် ဘာစကားပြောတာလဲ. . ”

“ဒီလိုပါ. . ဒီလိုပါ. . ဒေါသထွက်မလာပါနဲ့”

ခင်မောင်ကြည်ရဲ့ အသွင်သဏ္ဌာန်က အေးဆေးနေပေမယ့် မျက်လုံးများရဲ့ ကောက်ကျစ်စွာ တိုက်ခိုက်လိုမှုကို လှမ်းမြင်နိုင်နေသည့် ခင်နှင်းဆီမှာ အဆောင်ဧည့်ခန်းကြီးမို့ အတန်အသင့် များပြားနေသည့် ဧည့်ပရိသတ်တို့ကိုပဲ ဝဲဝေ့ကြည့်မိကာ ဒေါသထွက်ရလွန်းလို့ ရင်တောင်ပွင့်ထွက်တော့မလား ထင်လာရပါသည်။ သူ့စကားကိုများ လူသူစိမ်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တွေ ကြားလိုက်ရရင် ဘယ့်နှယ့်နေမလဲ. .။ တလွဲတွေ အဓိပ္ပာယ်လျှောက်ကောက်ကုန်ကြတာနဲ့. . ခင်နှင်းဆီမှာ လူစိမ်းတို့ရဲ့ သို့သော. . သို့လော အတွေးများကြားမှာ အရှက်တွေ ဖြန်းဖြန်းကွဲကာ မျောရချေရဲ့. .။

"ဒီလိုပါ. . ကိုယ်တစ်ကြိမ်တစ်ခါက မခင်နှင်းဆီကို ပရိုပို့စ်လုပ်ခဲ့ဖူးတယ်"

"ရှင့်ပါးစပ်ကို ပိတ်စမ်း . . "

"မဟုတ်ပါဘူး . . အဲဒါကို မခင်နှင်းဆီက လုံးဝ နှစ်သက်ပုံမပြတဲ့အတွက် ကိုယ်လည်း ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် နောက်ဆုတ်လိုက်တယ်. . ကိုယ် စဉ်းစားမိပါတယ်. . တစ်ကြိမ်ပဲပြော. . တစ်ကြိမ်ပဲ မနှစ်သက်ပုံပြရုံနဲ့ နောက်ဆုတ်လိုက်မိတာဆိုတော့. . ယောကျ်ားတစ်ယောက်အနေနဲ့ ပါးစပ်ဆော့ရုံဆော့လိုက်တာလို့ မခင်နှင်းဆီကမြင်ပြီး စိတ်ခုသွားနိုင်တယ်လေ. . "

"ရှင်. . ရှင်. . ကျွန်မ လက်ပါမိတော့မယ်. . "

ခင်နှင်းဆီက ဘေးပတ်ဝန်းကျင်ကို ထပ်ပြီး ကြည့်လိုက်ပြန်သည်။ ခင်မောင်ကြည်ရဲ့ လေသံမှာ အကျယ်စားကြီးထဲက မဟုတ်ပေမယ့် တိုးတိုးကလေးလည်းပဲ မဟုတ်ပါ. .။ ဂရုစိုက်နားထောင်မည့်သူရှိရင် ကြားနိုင်လောက်သည်။ ဘယ်သူမှမကြားတောင် အနားမှာ ငုတ်တုတ်ရှိနေသည့် အဖူးကတော့ ကြားပြီ. .။ တခြားလူတွေမှာလည်း ကြား,မကြားတော့ မသေချာပေမယ့် ဒီနှစ်ယောက် တစ်စုံတစ်ခုတော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြဿနာတက်နေကြပြီ ဆိုတာကို ရိပ်မိကြပုံနှင့် ကြည့်ကွက်ကြည့်ကွက်တွေ ဖြစ်နေကြလေပြီ။

ခုန သူ့ကို ရိုက်ထည့်လိုက်ရင် အုတ်အော် သောင်းနင်းဖြစ်ပြီး ကိုယ်ပဲ အရှုက်ရမည်။ လှည့်ပြန်ပြေးသွားရင်လည်း နောင်ဒီကိစ္စထဲ ဘယ်တော့မှ ဝင်မပါရဲတော့လောက်အောင် နောက်ကောက်ကျ အရှုံးပေးလိုက်ရတော့ကာ. . ခုချိန်ထိ ဝင်ပါထားမိတာတွေ အားလုံးလည်း အလဟဿ ဖြစ်ကုန်ပြီး ကိုယ့်မှာ ရှုံးရုံရှုံးလိုက်ရတာသာ အဖတ်တင်လျက် ဒီလူကတော့ဖြင့် ဘာမှထိခိုက် ပြောင်းလဲလိုက်မှာတောင် မဟုတ်. .။

ခင်နှင်းဆီက ပေပြီးဆက်ရပ်နေကာ ခင်မောင်ကြည့်ကို သဲသဲမဲမဲ သတ်ဖြတ်ပစ်လိုက်ချင်သည့် မျက်နှာကြီးနှင့် စိုက်ကြည့်နေလေသည်။

"တကယ်လို့ အဲဒီအတွက် အငြိုးထားနေတာဆိုရင်တော့ ကိုယ် တောင်းပန်ပါတယ်. . ပြီးတော့ ဝန်ခံစရာလည်းရှိတယ်. . တကယ်တမ်းက နောက်သာ ဆုတ်လိုက်တာပါ. . ကိုယ့်ရဲ့စိတ်တွေကတော့ မပြောင်းလဲခဲ့ပါဘူး . . မခင်နှင်းဆီကသာ ရုတ်ချည်းနောက်ဆုတ်လိုက်မိတဲ့ကိစ္စအတွက် ပြေရာပြေကြောင်းသဘောမျိုး ထားနိုင်ပြီဆိုရင်. . ကိုယ်ကလည်း အသစ်တစ်ဖန် ပြန်စဖို့ ရည်ရွယ်ချက်ရှိပါတယ်. . အဲဒါလေးကိုတော့ သိစေချင်တယ်. . "

ခေါင်းမာမာနှင့် ပေရပ်နေသေးသည့် ခင်နှင်းဆီ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာ ဦးနှောက်ထဲမှ အကြားအာရုံအခန်းနှင့် ဒေါသဖြစ်တတ်သည့် အခန်းတို့ကိုများ ပယ်ထုတ်ထားလိုက်နိုင်ပြီလား . . ဟု ခင်မောင်ကြည်က တွေးလိုက်မိသေးသည်။ ကိုယ်က ဘာစကားထပ်ဆက်ရတော့မည်မသိ. . ။ အပ်ကြောင်းကထပ်တော့မည်။ ပေါက်ကွဲထွက်ပြေးကာ နောင်ဘယ်တော့မှ သူတစ်ပါးကိစ္စထဲဝင်ရှုပ်ရဲတော့မှာ မဟုတ်ဟု ထင်ရသည့် မခင်နှင်းဆီကတော့ ကျောက်ရုပ်ကြီးလို ပေပေကပ်ကပ် စူးစူးစိုက်စိုက်ကြီး ရပ်ကြည့်နေဆဲ. . ။

ရုတ်တရက် သတိတွေဘာတွေများ မတ်တပ်ကြီး လစ်သွားတာလား . . ။ ခင်မောင်ကြည်က အင်္ကျီအိတ်ထဲက လက်ကိုင်ပဝါကိုထုတ်ကာ ကိုယ့်မျက်နှာက ချွေးတွေကို ကိုယ်ပြန်သုတ်နေရည်။

"ပြီးပြီလား . . "

ခင်မောင်ကြည်ပင် တကယ် ဖျားသွားရတော့သည်။ ဘယ်လိုမိန်းမလဲ။

"သြော် . . ပြောလို့ပြီးပြီလားလို့ . . ပြီးပြီဆိုရင် မေးစရာရှိတယ်"

"သြော် . . ဟုတ်ကဲ့ . . ဟုတ်ကဲ့ ပြီးပါပြီ . . ဘာများမေးချင်ပါလိမ့် . . ကိုယ့်ဘက်ကိုတော့ ကိုယ်ကကိုယ့်ဘာသာပဲ အာမခံရမှာပဲ မခင်နှင်းဆီ . . "

"ဒါဆိုရင် . . မြေးချစ်နဲ့အဖူးနဲ့ ဘာတော်သလဲ"

"ခင်ဗျာ . . "

"သူတို့နှစ်ယောက်ရဲ့ ရုပ်ရည်တွေဟာ ချွတ်စွပ်နီးပါး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ထပ်တူဖြစ်နေတယ်. . အဲဒါ သူတို့နှစ်ယောက် ဘာ တော်ကြသလဲ. . ဘယ်လိုပတ်သက်ကလဲ ကျွန်မ သိ ချင်တယ်. . ”

တကယ်တော့ သူ့ဘွားအေနှင့်သာ တူသော မြေးချစ်နှင့်. . အပွင့်နှင့်တောင် တစ်စက်မှမတူသည့် အဖူး တို့ဟာ ဘာမှကို မသက်ဆိုင်သော ရုပ်ရည်အသီးသီးနှင့်ပါ။ သို့သော် ခင်နှင်းဆီက ဒီလိုဆိုလိုက်တော့ ခင်မောင်ကြည်ပင် လျှင် အဖူးကို ယောင်ယမ်းပြီး ငုံ့ကြည့်လိုက်မိစဉ်မှာ အဖူး မှာတော့ ခေါင်းပင်ပြန်မဖော်ဝံ့တော့လောက်အောင် သဲကြီး မဲကြီး ငုံ့လျှိုးကာ မြေကြီးနှင့် သူ့မျက်နှာတို့ ဂဟေဆက်ကြ တော့မည့်အလားပင် ဖြစ်နေတော့သည်။

“ဟာ. . အဲဒါကတော့ ဘလိုင်းကြီးပဲ. . ဘာမှမှကို မဆိုင်တဲ့ဟာ. . ”

ခင်မောင်ကြည်က ခပ်မြန်မြန် ပြန်ပြီး စိတ်ထိန်း လိုက်နိုင်ပါသည်။

“ဩော်. . မဆိုင်ဘူးလား . . ဒါဆိုရင် အဖူးက ဘာ လို့ခေါင်းမဖော်ဝံ့ရတော့တာလဲ. . ကျွန်မ အထင် မမှားဘူးဆိုရင် မြေကြီးပေါ်မှာ ဒီလောက်သည်းမဲပြီး စိတ်ဝင်စားစရာ ဘာမှမရှိဘူးပဲ ထင်ပါရဲ့. . ”

ခင်နှင်းဆီမှာ မချိန်ရွယ်ဘဲ စွတ်ရမ်းပြီး ပစ်ထည့် ပစ်လိုက်သည့် မြားတစ်စင်းက သားကောင်ရဲ့ အရေးပါ အရာရောက်သည့် တစ်နေရာရာမှာတော့ စိုက်မိလိုက်ပြီဆို တာကို ချက်ချင်းရိပ်မိလိုက်ပါပြီ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ကဲ. . ထားပါလေ. . အဲဒီဘာမှမတော်ကြတဲ့ နှစ်ယောက်ဟာ ရှင်နဲ့လည်း ဘာမှမတော်ကြဘူးဆိုရင် ပြီးတာပါပဲ ဦးခင်မောင်ကြည်. . အဖူး . . မမပြန်မယ်. . ဒါပေမယ့် ထပ်လာခဲ့ဦးမှာပါ. . "

ခုနကတည်းက ပြန်လှည့်ပြေးချင်ဇောနှင့် တုန်ယင်နေခဲ့ပြီဖြစ်သော ကိုယ့်ခြေထောက်များကို ခုမှ ဇွတ်ဆွဲမ, နုတ်ယူရင်း ခင်နှင်းဆီက အနိုင်နှင့်ပိုင်းကာ လှည့်ထွက်လာခဲ့ပါတော့သည်။ အဲဒီနှစ်ယောက်ဟာ ဘာပါလို့မ်. . တကယ်ပဲတစ်ခုခုများ တော်စပ်နေကြရော့သလား . .။ နှစ်ယောက်စလုံးများ ခင်မောင်ကြည်ရဲ့ သားတွေ သမီးတွေ ဖြစ်နေကြဦးမှာလား . .။ ကလေးကတော့ ထားတော့. . မဖြစ်နိုင်စရာသိပ်မရှိ. .။ ကောင်မလေးက ခုရှိရင် နှစ်ဆယ်လောက်နေမှာပေါ့. . ခင်မောင်ကြည်က လေးဆယ်လောက်. .။

အို. . ဖြစ်နိုင်တာပေါ့. . သူ့လို လူရုပ်တစ်ယောက်ဟာ အိမ်ထောင်စောစီးစွာ ကျခဲ့လျှင် ဒီအရွယ်သမီးမျိုးလည်း မွေးထားနိုင်တာပဲ. .။ ပြီးတော့ ဒိုးဒိုး တစ်ခါပြောခဲ့ဖူးတယ်လေ. .။ ခင်မောင်ကြည်ဟာ စီဗီ (CV) ကိုယ်ရေးရာဇဝင်မှာသာ လူပျို. . အပြင်မှာတော့ ကလေးနှစ်ယောက်နဲ့တဲ့။ ကဲ. . ဘယ်လောက်တိုက်ဆိုင်ထားသလဲ။ ခင်နှင်းဆီ ကိုယ့်ကားဆီ တန်းတန်းမတ်မတ် လျှောက်လာခဲ့ရာက ရုတ်တရက် လည်ပြန်ပြန်ကြည့်လိုက်မိသည်။

ထိုအချိန်မှာပင် ခင်နှင်းဆီ မရှိတော့ဘူးဆိုတာနှင့်. . ဘေးဘီဝန်းကျင်ကို အမှုမထားတတ်သည့် ခင်မောင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ကြည်၏ လက်တစ်ဖက်က ငုံ့ကျနေသော ကောင်မလေးရဲ့ ခေါင်းကို "ဖုံး"ခနဲ ရိုက်ချပစ်လိုက်တာကို ခင်နှင်းဆီမှာ မျက်ဝါးထင်ထင်ကြီးပင် မြင်လိုက်ရပါတော့သည်။ အား . . ရက်စက်လိုက်တာ . . ။ ခင်နှင်းဆီက ကိုယ့်ကားဆီ ကိုယ် ပြေးလို့ပင်သွားလိုက်မိကာ . . အရှိန်ပြင်းပြင်းနှင့် ချက်ချင်း ပင် မောင်းထွက်ခဲ့တော့၏။

ကျန်ရစ်ခဲ့သော ခင်မောင်ကြည်ကတော့ ဘေး ဝန်းကျင်ကလူတွေ ဝိုင်းကြည့်နေကြပြီဆိုတာကိုလည်း အမှု မထား . . ဒေါသတွေပဲ ထွက်ပြီးရင်းထွက်ရင်း အတောမ သတ်နိုင်အောင် ထွက်နေရတော့ကာ . .

"အလကားဟာမ . . ဟိုက တစ်ချက်ဖမ်းတောက် ထည့်လိုက်တာနဲ့ ဟုတ်ပ့ါဘုရား . . မှန်ပါ့ဘုရားလို့ အော်ပြီး ဝန်မခံရုံတမယ်ပဲ ရှိတော့တယ် . . နင့် ဒီခေါင်းကြီးက ဘာလို့ငုံ့ကျသွားရတာလဲ . . ရုပ်က ရော ဘာလို့ နက်ဖြန်သန်ဘက် သေတော့မယ့်ရုပ်မျိုး ဖြစ်နေရတာလဲ . . နင်လုပ်လို့ ငါဘယ်လောက်(-) ရှက်ကွဲသလဲ . . ကြည့်စမ်း . . ဟိုဟာမက ငါ့ကို ကောင်းကောင်းအနိုင်ယူသွားလိုက်တာ . . နင်မသေဘဲ ငါပဲ လဲသေလိုက်ဖို့ပဲ ကောင်းတော့တယ် . . "

ကြာတော့ ဘေးပတ်ဝန်းကျင်က လူတွေကလဲ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် အဖူးကို အားနာလာကြကာ . . ခြံပြင်ထွက်သူထွက် . . အိမ်ပေါ်ပြန်တက်သူတက်နှင့် . . အဖူးတို့နားမှာ လူရှင်းသွားတော့သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"နင့်ကိုလေ အဲဒီဟာမရဲ့ ချေးကိုပဲ ဆီပြန်ချက်ပြီး ကျွေးဖို့ကောင်းတော့တယ်. . ကဲ. . ပြောစမ်းပါဦး . . နင်နဲ့ ဟိုသတ္တဝါရဲ့ အခြေအနေကရော ဘယ်လိုဖြစ်နေကြပြီလဲ"

"ဘယ်. . ဘယ်လိုမှ မဖြစ်ဘူး . . "

"ဘာ. . နင်တို့ ဒီလောက်တချောင်းချောင်း တွဲနေကြတာ. . ငါ့မျက်စိထဲ ကန့်လန့်ဖြတ်မျဉ်းကြောင်းတွေပဲ မြင်ရတော့တယ်. . ဒါတောင် ဟိုခွေးမျိုးက ဘာမှမရည်ရွယ်ဘူးလား . . "

"မ. . မရည်ရွယ်ဘူး . . "

"ဟုတ်လို့လား . . နင် သူ့ဘက်ကလိုက်ပြီး ဖုံးမထားနဲ့. . "

"မ,မဖုံးပါဘူး အဖေ. . "

"ဘာတစ်ခုလေးမှ နှမ်းစေ့လေးလောက်တောင် မထူးခြားဘူးလား . . "

"ဟင့်အင်း . . "

"တောက်. . အလကား ငအမ. . နင့်ပုံစံနဲ့တော့ ဟိုကကားပေါ်တင်ပြီး ခိုးပြေးချိန်ရောက်မှသာ. . အမယ်လေး ထူးခြားပါပြီလို့ အော်တော့မယ့် ဟာမမျိုးပဲ. . ဒီအရွယ်ရောက်နေပြီ ဒီလောက်ကလေးတောင် အကဲမခတ်တတ်ဘူး . . "

ခင်မောင်ကြည်မှာ "မဖြစ်တော့ဘူး"ဟု ဆုံးဖြတ်ချက်ချလိုက်မိပါပြီ. . ။ မူလရည်ရွယ်စဉ်က တစ်မျိုး . . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဖူး ရုံးရောက်လာတော့ ကိုယ်ပဲလိုက်ပြီး ဝန်တိုပူပင်နေမိတာကတစ်မျိုး . .။ ဒီပုံအတိုင်း ကြာကြာသွားနေရင် တစ်မှုကိုဖုံးချင်လို့ နောက်တစ်မှု ထပ်လုပ်မိကာမှ ဘာမှမအောင်မြင်ဘဲ ကိုယ်သာ ခရုဆံကျွတ် ခြေလွတ်လက်လွတ် ဖြစ်ရတော့မည်။ အမှုမှန်ပေါ်တော့လည်း ဘာဖြစ်မှာလဲ. . ဒီကိစ္စမျိုးဟာ ထောင်ကျတန်းကျ ဖြစ်နိုင်မယ့် ကိစ္စလည်းမဟုတ်။ ဒိုးဒိုးလိုကောင်မျိုးကရော ကိုယ့်ကို ဘာများလုပ်နိုင်မှာမို့လဲ။

ဒါပေမယ့် ကိုယ့်ရည်မှန်းချက်တွေ ပျက်မည်။ ကလေးနှစ်ယောက်ရဲ့ ရှေ့ရေးတွေ မတည်ငြိမ်တော့ဘဲ ကမောက်ကမ ဖြစ်ကုန်ကြမည်။ မြေးချစ်ဆိုရင် ဟိုမှာအခြေပဲကျနေကာ ကိုယ့်ကိုယ်ကို သူဌေးသားလား ဘာလားပင်ထင်နေတဲ့ ဘဝမျိုးရောက်နေပြီ. .။ အဖူးဆိုလည်း အနည်းဆုံးတော့ လူရာဝင် တင့်တယ်ကာ. . ရှေ့ရေးက ခပ်ပြပြလှမ်းမြင်ရတာနဲ့တင် အမြင်ကလှနေပြီ. .။ ဒီအချိန်ရောက်မှ ပျက်စရာလား . .။ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ကြောင့် လုံးလုံးကြီးပဲ ပြိုကွဲပျက်စီးသွားစရာလား . .။ တစ်သက်လုံး သူတစ်ပါး မျက်ခုံးမွေးပေါ်ပဲ စကြီလျှောက်ချင်ခဲ့တဲ့ ခင်မောင်ကြည်တို့လည်း မြောင်းထဲတစ်ခါတည်း ရောက်ကာဘဝပျက်စရာလား . .။

အဲဒီလိုမဖြစ်စေချင်ရင် ကိုယ့်ဘာသာ တစ်ယောက်တည်း ခုလို လက်သီးလက်မောင်းတန်းကာ ကျုံးဝါးနေလို့ မရဘူးဆိုတာ ခင်မောင်ကြည်က သိသည်။ အလိမ်ပေါ်တာတောင် ထောင်မကျနိုင်ရုံလေး လက်တစ်လုံးခြားလုပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လှည့်ရှောင်တတ်သော ခင်မောင်ကြည်က ခင်နှင်းဆီကိုလည်း စိတ်ဓာတ်ရေးရာအရ. . နှုတ်နဲ့ အမူအရာအရနဲ့သာ အဆုံးစွန်အထိ အနှောင့်အယှက် ပေးရဲပေမယ့် ကိုယ်ထိလက်ရောက်တော့ဖြင့် ဘာတစ်ခုမှ မကျူးလွန်ရဲဘူးလေ. .။ ကိုယ်တိုင် မလုပ်ဝံ့လို့ လူငှားလုပ်ခိုင်းပြန်ရင်လည်း ပေါ်ခဲ့ရင် ကိုယ်ပါ အမှုပတ်မှာပဲ။

ဒီတော့ တစ်နည်းပဲရှိတော့သည်။ ဒီအချိန်မှာ နှမြောတွန့်တို ပူပင်စိတ်မချတာတွေအားလုံး ဘေးချိတ်ပစ်။

"ဒီမှာ အဖူး . . နင်. . ဒီကောင်နဲ့ မဖြစ်ဖြစ်တဲ့ နည်းနဲ့ လက်ထပ်ဖြစ်အောင် လုပ်မှဖြစ်တော့မယ်. . "

"ရှင်. . အဖေ. . "

"ရှင်တွေ ဘာတွေ လုပ်မနေနဲ့. . နင် ဒီကောင့်မိန်းမ ဖြစ်ပြီးပြီ. . လက်မှတ်ထိုးစာချုပ်ထားနိုင်ပြီဆိုရင် ဟိုဟာမ ဘယ်လိုပဲ နှောင့်ယှက် နှောင့်ယှက်. . "

"မ,မဖြစ်နိုင်ပါဘူး အဖေရယ်. . "

"ဖြစ်နိုင်တယ်. . ငါ သေချာအစီအစဉ် ဆွဲပေးမယ်"

"အာ. . အဖေ. . အဖေ လျှောက်လုပ်ရင် အားလုံး အရှက်တကွဲ အကျိုးနည်းနဲ့. . ရှက်စရာကြီးတွေပဲ ဖြစ်ကုန်လိမ့်မယ်. . "

"ဒါဖြင့် နင့်ဘာသာကြံ"

"မ,မကြံတတ်. . "

"ငါ သတ်ရရင် သေဦးတော့မယ်. . နင့်ကို ငါ နှစ်ပတ် အချိန်ပေးမယ်. . နှစ်ပတ်ကကျော်ရင် ငါ့အလှည့်ပဲ၊

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေးနဲ့ ပြောသလို မနာခံရင်တော့ ခင်မောင်ကြည်ဟာ ဘယ်လိုလူဆိုတာ ခုသိထားတာထက် နင်ပိုပြီး သိသွားစေရမယ် အဖူး . . ဒီကိစ္စမှာ နင်ဒုက္ခရောက်အောင် ငါကလုပ်တာလည်း မဟုတ်ဘူး . . နင်လည်း ကောင်းစားသွားမယ့်ကိစ္စ . . နင့်တူကလေးလည်း ခုလက်ရှိဘဝမှာ မတောင့်မတ မကြောင့်မကျနဲ့ ဆက်နေသွားနိုင်မယ် . . မဟုတ်ဘူးလား . . အဖူးက လိမ္မာပါတယ် . . ငါ့စကားဆို နင် တစ်သက်လုံး နားထောင်ခဲ့တာပဲဟာ . . ကဲ . . နင် ရှက်နေရမယ်ဆိုရင် ငါ ဒီတစ်ပတ်အတွင်း ခရီးထွက်ရအောင် ဒီကောင့်ကို ပြောပြီးထွက်နေလိုက်မယ် . . တစ်ပတ်အတွင်း ကြည့်စီစဉ်ရင်လည်း စီစဉ်လိုက်ပေါ့ ခရီးက တစ်ပတ်ထက် ပိုထွက်လို့တော့ မရဘူး”

ကောင်းတယ် . . ဒီအစီအမံ . . ။ ဒိုးဒိုးဘက်ကို ကြည့်ပြီး မသက်သာတာနဲ့တောင် နေမရ ထိုင်မရ ပူပန်နေခဲ့သေးမိသော ခင်မောင်ကြည့်အဖို့ မဖြစ်တော့လို့သာ ပြောမယ့်သာပြောရ၊ ခိုင်းမယ့်သာခိုင်းရ၊ တစ်ပတ်နှစ်ပတ်အတွင်း အဖူးကလေးဘက်က မိန်းကလေးတို့ ဣန္ဒြေပျက်အောင် လုပ်ရှားရမယ့် ကိစ္စကြီးမျိုးကို ဘယ်လိုမျက်နှာပြောင်ပြောင်နဲ့ ရင်ဆိုင်ဝန့်ရမှာလဲ . . ။ ကိုယ်ကမရှိတော့ . . ခရီးထွက်နေလိုက်တော့ . . ကိုယ့်မျက်စိရှေ့မှာ မဟုတ်ရင် ပြီးရောပေါ့။

မလုပ်တတ်ဘူး၊ မကိုင်တတ်ဘူးတော့ မဖြစ်နိုင်ပါဘူး . . မိန်းကလေးပဲ ‘မိန်းမမာယာ သဲကိုးဖြာ’ ဆိုတဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စကား ဘယ်သွားထားထားမှာလဲ. .။ ရိုးလှအေးလှပါပြီဆို တဲ့ သူ့အစ်မ အပွင့်တောင်မှ မြေးချစ်ကို ကိုယ်ဝန်ဆောင် လွယ်ရဲတဲ့အထိ သတ္တိရှိခဲ့ဖူးသေးတာပဲ. .။ အဖူးလည်း ကိုယ်ကျော့ခိုင်းထားခဲ့တဲ့ တစ်ပတ်အတွင်း . . လည်ချင် ယောင်ဆောင်ထားတဲ့ ငအေအောင် မလည်ရှုပ်တစ်ကောင်ကို ငေါက်ခနဲ ပစ်ကျလာရုံလေး လုပ်ရမှာ. .။ နည်းနည်းလေး ကြိုးစားကြည့်လိုက်ပေါ့. .။

❀ ❀ ❀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

## အခန်း(၅)

အခြေအနေတွေ နည်းနည်း ပိုရှုပ်ထွေးလာပြီ ဆိုတာကို အဖူးမှတစ်ဆင့် ကြိုသိထားနှင့်သော ဒိုးဒိုးမှာ ခင်နှင်းဆီ ရောက်လာတော့မည်ကို ကြိုပြီးမျှော်နေမိသလိုတောင် ဖြစ်နေပါသည်။ ဒီတစ်ခါတော့ ရုံးခန်းကို ဘယ်လိုမှ မလာတော့ဘူးဆိုတာကိုလည်း ကြိုပြင်သိသမို့ စနေ၊ တနင်္ဂနွေ အိမ်ရောက်လာမလား စောင့်ကြည့်သည်။ စနေနေ့က ပေါ်မလာပါ. .။ တနင်္ဂနွေကျတော့ ဒိုးဒိုးကိုယ်တိုင်ပင် ခင်နှင်းဆီရဲ့အိမ်သို့ လိုက်သွားလိုက်ပါတော့သည်။

"ဟော. . ပေါ်မလာတာတောင် ကြာနေပြီနော်. ."

ခင်နှင်းဆီ၏ မိခင်ကြီးက နှုတ်ဆက်သည်။ ကြာဆို မစ္စတာ ကာဆိဂိအိုမိ ဂျပန်နိုင်ငံသို့ ပြန်သွားပြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သည့်နောက်ပိုင်း ရန်ကုန်မှာ ဒိုးဒိုးပဲ အထွေထွေ မန်နေဂျာ တက်ဖြစ်ကတည်းကကို ခင်နှင်းဆီတို့အိမ်သို့ လုံးလုံးမရောက်ဖြစ်တော့တာပါ။ အရင်ကလည်း အလုပ်ဝင်ပြီးချိန်မှစကာ ကိုယ့်ဘက်မှ အသွားအလာတို့က ပြောက်ကျား ပြောက်ကျား ပါပဲ. . ။ ကျောင်းတုန်းကသာ ဒီလိုအလာများခဲ့တာလေ. . ။ အလုပ်ဝင်လိုက်ရစဉ်ကတည်းက ခင်နှင်းဆီရဲ့ သဘောထားကိုရော မိဘများရဲ့ သဘောထားကိုပါ ဒိုးဒိုးက ရိပ်မိလိုက်ပြီးသား မဟုတ်လား . . ။

ခင်နှင်းဆီအပေါ် ချစ်မြတ်နိုးမိနေသည် မဟုတ်ပေမယ့် ကိုယ့်အပေါ် တစ်ဆင့်နိမ့်သတ်မှတ်ကာ စိတ်ချလက်ချတွေ ဖြစ်နေကြသည့် အခြေအနေမျိုးကို ကိုယ်လည်း ယောကျ်ားတစ်ယောက်ပီပီ ဘယ်ကျေနပ်ပါ့မလဲလေ. . ။

"အလုပ်ရှုပ်နေလို့ပါ အန်တီ. . "

"အေး . . နှင်းဆီ,ဆီက ပြန်ကြားပါတယ်ကွယ်. . ဝမ်းသာပါတယ်. . "

ခုလိုအချိန်မှာဆို ခင်နှင်းဆီရဲ့ မိဘများ၏ စိတ်ဓာတ်က ဘယ်လိုရှိဦးမလဲဆိုတာ ဒိုးဒိုးက ဘာရယ်မဟုတ်တော့ သိချင်စိတ် ဝင်ပါသည်။ ဒါပေမယ့် စိတ်ဓာတ်အထက်တန်းကျရတာကိုပဲ တန်ဖိုးထားကြသော. . ငွေရေးကြေးရေးအရလည်း သူများဟာကိုလှမ်းပြီး မက်မောမျှော်မြင်နေစရာမလိုသော သူ့မိဘများကတော့ တော်ရုံနဲ့ ရုတ်တရက်ဖျတ်ခနဲကြီး စိတ်ပြောင်း အနေအထိုင်တွေ ပြောင်းကုန်ကြမည်လည်း မထင်ပါ. . ။ ထိုအခါ ဒိုးဒိုးရဲ့ နားထဲမှာ "အဖေ့

အတွက် အဖူးတော့ သိပ်ရှက်တာပါပဲ “ဒိုးဒိုးရယ်”ဟူသော ချစ်ရသူကလေးရဲ့အသံက တဝဲလည်လည်လေး ပြန်ကြား ယောင်လာမိလေသည်။ သနားစရာလေး . . ။

“အဖေက ဒိုးဒိုးနဲ့အမြန်ဆုံး လက်ထပ်ဖြစ် အောင် လုပ်ရမယ်တဲ့ . . ”တဲ့။ ခေါင်ကလေးကို တွင်တွင် ငုံ့ကာ အရှက်သည်းနေသည့် ရုပ်ကလေးမှာ ချက်ချင်းပင် ကိုကြည့် ဆန္ဒတွေအတိုင်း ပြေးပြီးလက်မှတ်ထိုး လက်ထပ် ထားလိုက်ချင်စရာ . . ။ ဒါပေမယ့် ဒိုးဒိုးက ဘတွေမှန်းမသိ ရှုပ်ရှုပ်ထွေးထွေးကြီးဖြစ်နေဆဲ အခြေအနေကြီးကြားတည်း မှာ အဖူးလေးကို ဘုမသိ ဘမသိနှင့် ကြားညပ်ပြီး ဓားစားခံ အဖြစ်တော့ ဖြစ်မသွားစေလိုပါ . . ။

ခုဟာက ပထမစစချင်း ကိုကြည်နှင့် ဒိုးဒိုးတို့ ပဲ ပြိုင်နေကြရုံသက်သက် . . ကိုကြည့်,ကြည့်ရတာ ဒိုးဒိုးကို အတော်အထင်သေး အမြင်သေး ရှိပုံရကာ သူ့ရဲ့ခြေလှမ်းတွေ ဟာ ပညာရှိမဆန်စွာ ဘလိုင်းကြီးတွေ ဖြစ်နေခဲ့တော့တာ။ ဒိုးဒိုးဘက်က ကိုကြည့်ကို ကြိုသိမထားရင်တောင်မှ “ဘယ်လို ပါလိမ့်”ဟု သံသယစိတ် ဝင်မိတော့မည်ကို . . ကိုကြည်က သိပုံမရပါ . . ။ သူများတကာကို အထင်သေးစိတ် . . ကိုယ့် ကိုယ်ကိုယ် အထင်ကြီးစိတ်တို့က ကိုကြည့်ရဲ့ တွေးခေါ် မြော်မြင် နိုင်စွမ်းတို့ကို ပိတ်ဆို့ထားကြပုံရကာ . . လောဘနှင့် သူဖြစ် စေချင်တာတို့ကိုပဲ သူ့မျက်စိထဲ မြင်နေပုံရတော့တာ . . ။

အဲဒါကြောင့်ပဲ ဒီလောက် ထင်သာမြင်သာကြီး ဖြစ်နေခဲ့သည့် အခြေအနေတို့ကို ဘေးလူဖြစ်သည့် ခင်နှင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဆီကဝင်ပြီး ရိပ်မိသွားတော့ကာ. . တရားလို တရားခံ အချင်းချင်း ကျေနပ်ပြေလည်နေကြသည့် အခြေအနေကြီးထဲ သူက သူ့အလိုလိုပင် ဝင်ပါလာတော့တာ. . ။ သူဝင်ပါလာတော့ ပိုရှုပ်. . ။ အစောတုန်းက သူအလွန် အင်မတန် နှမြောတွန့်တိုသော အဖူးကလေးကို ဒိုးဒိုးလက်ထဲ ကွန်ခြွေမရှိ. . ဂုဏ်သရေမရှိ ထိုးထည့်လိုက်ဖို့အထိ စိတ်ကူးထားပုံမရသော ကိုကြည်လည်း တစ်ဆင့်ထက်တစ်ဆင့် ပိုဆိုးလာတော့တာပေါ့. . ။

ခုတော့ ကိုကြည်က ခင်နှင်းဆီကို အဆုံးစွန်လု နီးပါး အရှက်ခွဲချလိုက်ပြီဖြစ်သလို. . ခင်နှင်းဆီဘက်က လည်း(ဘယ်လိုက ဘယ်လို သိလာသည်မသိ) သူသိထားပြီးဖြစ်သည့် မြေးချစ်နှင့် အဖူးတို့ရဲ့ အဆက်အစပ်ကိုပင် ဖွင့်ချပြလိုက်လေပြီ. . ။ အဲဒီလောက်အထိ လိုက်သိထားပြီး ပြီဆိုရင်တော့ ကိုကြည့် ဂုဏ်ဖဲအားလုံး 'ပြုန်း'ခနဲ ပေါ်ဖို့က တည်းတည်းကလေးသာ ကျန်တော့သည်မဟုတ်လား . . ။ ထိုအခါ. . ။

"ပြဿနာ"ဟု သူ့ဘာသာ ယူဆနေသော အခြေအနေတစ်ခုကို စစ်စစ်ပေါက်ပေါက် လိုက်ရှာဖော်ထုတ်နေတော့သော ခင်နှင်းဆီလည်း ဘာမှဖြစ်မှာမဟုတ်ပါ။ အလိမ်ပေါ်သော ကိုကြည်ဟာလည်း ကလေးနှစ်ယောက်ကို လက်ဆွဲပြီး . . "ဘာဖြစ်လဲ. . ငါကတော့ မမှုပေါင်" ဟူသည့် စတိုင်လ်မျိုး ခပ်တင်းတင်းနှင့် ဒိုးဒိုးကို ကျောခိုင်းသွားတော့မှာ. . ။ ဒုက္ခရောက်ရမှာက ဒိုးဒိုးနှင့် အဖူးသာ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြေးချစ်ကလေးလည်း သူ့နည်းသူ့ဟန်နဲ့ ဒုက္ခရောက်မယ်လို့ ပြောလို့ရတာပေါ့လေ. .။ ကလေးက ခုဘဝမှာ ပျော်ရွှင်အခြေကျနေပြီပဲ. .။ သူတကာက အင်မတန်ဆိုးတဲ့ကဲတဲ့ ကလေးဟု သတ်မှတ်ခြင်းကို ခံထားရသည့် မြေးချစ်က ဒိုးဒိုးတို့ မေမေတို့နဲ့ဆိုရင် ပြောမယုံအောင် လိမ္မာလှတာကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကိုယ့်အပေါ် ချစ်ခင်အားကိုးပုံရသည့် ဒီကလေးကို ဒိုးဒိုးတို့ ကိုယ်တိုင်ကလည်း ချစ်မိနေပြီ. .။ သူ့ခမျာ အစ်အောက်နှိုက်ထုတ်ကြည့်လို့ ရသလောက်သူ့အပေါ် ပိစိလေးအပေါ်လည်း အင်မတန်မှကို ချစ်ရှာတာလေ. .။

ခြံတစ်ဖက်က (GYM) အားကစားရုံရဲ့ရှေ့မှာ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် ထိုင်စောင့်လိုက်ရပြီးမှ GYM တံခါးက ပွင့်လာကာ အထဲမှ ခင်နှင်းဆီ ထွက်လာလေသည်။ ချွေးတွေစိုရွှဲကာ. . ဘာမှလိမ်းခြယ်ထားခြင်းမရှိသေးသည့် မျက်နှာပြောင်ကလေး နီရဲရဲနှင့်. . ဒီလိုအချိန်မျိုးဟာ တော်ရုံမိန်းကလေးဆို ရုပ်ပျက်သွားနိုင်လောက်သော်လည်း ခင်နှင်းဆီကတော့ ချွေးတွေသံတွေနှင့်ပင် အတော်ကြီး ကြည့်ကောင်းလှပလိုပ နေခဲ့လေသည်။

"ဆောရီး . . တို့က တနင်္ဂနွေမနက်တွေဆို အချိန်ပေးပြီး ကစားကို ကစားတယ်လေ. . နို့မို့ဆို တစ်ပတ်လုံး အလုပ်,အလုပ်နဲ့ လူက အလုပ်တွေပိပြီး မလန်းဆန်းတော့ဘူး . . စနေ တနင်္ဂနွေတော့ မနက်ပိုင်း ဘယ်ဧည့်သည်လာလာ. . ကိုယ့်အချိန်ပြည့်အောင်တော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဇွတ်ကစားပစ်လိုက်တာပဲ. . စောင့်ရတာ ကြာသွားပြီလား . . ”

“ရပါတယ်. . သိပ်မကြာသေးပါဘူး . . ”

“ဟင်း ဟင်း . . အဲလိုပဲ ဖြေရတော့မှာပေါ့နော်. . ကဲ ဘာကိစ္စ. . ဟိုတစ်နေ့က အဆောင်ကို တို့လိုက်သွားတဲ့အကြောင်း သိလာလို့လား . . ”

“ဟုတ်တယ်. . ခင်နှင်းဆီ ပေါ်လာဦးမလားလို့တောင် မနေ့က ကျွန်တော် စောင့်နေသေးတာ. . အဖူးက ပြန်ပြောပြတယ်လေ. . ကိုကြည် ပြောတာ ဆိုတာတွေ တော်တော်လွန်တယ်တဲ့. . ”

“အမယ်. . ကောင်မလေးက ဒါမျိုး ပြန်ပြောသလား”

“အဖူးက ကျွန်တော့်လူပါ ခင်နှင်းဆီရယ်. . ”

ခင်နှင်းဆီက ဒိုးဒိုးကို မျက်ခုံးလေးပင့်တင်ကာ စူးစမ်းသလို စိုက်ကြည့်နေတော့ပြီးလျှင်. .

“တို့လည်း ဘာရယ်တော့ မဟုတ်ပါဘူး နည်းနည်း စိတ်ပျက်လာလို့ ဒိုးဒိုးရဲ့ . . ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ကြည့်တယ်လေ. . တို့လျှောက်လုပ်နေတာတွေ ဘာအဓိပ္ပာယ်ရှိသလဲပေါ့. . ခုချိန်ထိတော့ ဘာအဓိပ္ပာယ်မှသိပ်မရှိသလို ဖြစ်နေတယ်. . အများရဲ့အမြင်မှာတော့ တို့က ဘာမဆိုင် ညာမဆိုင် ပါလေရာကြီး ဖြစ်နေမှာပေါ့. . အဲဒီလို တွေးလိုက်မိတာနဲ့ပဲ တို့လည်း ဒိုးဒိုးဆီ မရောက်ဖြစ်တော့တာပါ. . ဒီကိစ္စကို ဒိုးဒိုး နားဆီထိ ပြန်ပေါက်သွားလိမ့်မယ်လို့ ထင်ကိုမထားဘူး . .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီပုံအတိုင်းဆို ကောင်မလေးက တကယ်ပဲ မဆိုးဘူး လို့ တွက်ရတော့မှာပေါ့ . . ဟင်းဟင်း”

ဒိုးဒိုးက ဘာမှပြန်မဖြေဖြစ်လိုက်. . ခင်နှင်းဆီက “ခဏနေဦး . . ချွေးတွေနဲ့ မနေတတ်ဘူး . . အင်္ကျီသွားလဲလိုက်ဦးမယ်”ဟု ပြောပြောဆိုဆိုပင် ထထွက်သွားပြီး ပြန်ရောက်လာသောအခါမှာတော့ ခုနကနှင့် မတူတော့ဘဲ စိတ်ကူးတစ်မျိုး ပြောင်းလာပုံရသည်။

“နေဦး . . ဒီကိစ္စကို ဝင်မပါချင်တော့ပါဘူးဆိုမှ စိတ်ကူးကတစ်မျိုး ဖြစ်သွားရပြန်ပြီ. . ဝင့်ပဲထင်ပါရဲ့. . တို့ပြောမယ် ကောင်မလေးက တို့မပြောခင် ဒိုးဒိုးဆီ ဒီကိစ္စပြန်ပြောထားတာ ဒါ ဟိုလူ့အကြံအစည်ပဲ ဖြစ်ရမယ်. . ”

“ဟာ. . မဖြစ်နိုင်ဘူး ထင်တယ်. . ”

“ဖြစ်နိုင်တယ်. . ရှင်ဒီကိစ္စကြီးကို ရိုးရိုးလေး တွေး မနေနဲ့တော့နော်. . ဒီကိစ္စဟာ ရှင်လိုက်မမီနိုင်အောင်ထိ ရှုပ်ချင်လည်း ရှုပ်နေနိုင်တယ်. . ဒီမှာ. . တို့ပြောမယ်. . ကောင်မလေးက သူနဲ့မြေးချစ်နဲ့ တစ်ခုခု တော်ကြလိမ့်မယ်လို့ တို့က ပြောလိုက်ကြောင်းကိုတော့ ပြန်မပြောဘူး မဟုတ်လား”

“ပြောတယ်”

“ပြောတယ်. . အိုးမိုင်ဂေါ့. . ဘယ်လိုရည်ရွယ်ချက် နည်းလမ်းတွေနဲ့ ပါလိမ့်နော်. . ထူးဆန်းအံ့ဩဖွယ် ရာ. . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဲဒါလည်း ခင်နှင်းဆီကို ကျွန်တော် မေးချင်လို့ . . ခင်နှင်းဆီ ဘယ်ကသိလာတာလဲ. . "

"ဘယ်ကမှ မသိပါဘူး . . ဒီလိုပဲ မနိုင်နိုင်ရာမှန်းသမ်း ပြောပြီး ခြိမ်းခြောက်ပစ်လိုက်တာပါ. . အဲဒီမှာတင် အံ့သြစရာတွေ ဖြစ်ကုန်တာသိလား . . ဟိုလူကလည်း မျက်နှာကြီးမည်းပြီး ပျက်လို့. . ကောင်မလေးကလည်း ခေါင်းတောင်မဖော်နိုင်တော့ဘူး . . တို့ ထင်တယ် အဲဒါပေါ့သေးသေး မဟုတ်ဘူး ဒိုးဒိုး . . ဘာအဆက် အစပ်မှ မရှိပါဘူး . . ရုပ်ချင်းက လုံးဝမတူပါဘူး . . မဖြစ်နိုင်ပါဘူးလို့ ထင်မနေနဲ့. . ဖြစ်ကိုဖြစ်နိုင်တယ် မောင်နှမ မဟုတ်ရင်တောင် တစ်ခုခုတော့ တစ်ခုခုပဲ"

ရမ်းသမ်းပြောပစ်လိုက်တာဆိုတော့ တကယ် တမ်း အကြောင်းရင်းမှန် အတိအကျတွေကို ခင်နှင်းဆီ ဘယ်လိုမှ မသိနိုင်သေး . .။ ဘယ်ကမှလည်း သတင်းမရ နိုင်သေး။ ဒိုးဒိုးက အမှန်အတိုင်း အားလုံးကို အခုပင် ဖွင့် ပြောပြလိုက်ရရင် ကောင်းမလားဟု စဉ်းစားသည်။ ဒါပေမယ့် ဖြစ်လာမယ့် အကျိုးအပြစ်တွေကို ကိုယ်က မချိန်ရသေး . .။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ဒါတွေဟာ အားလုံး ရှင်းရှင်း လင်းလင်းတွေပဲ ဖြစ်ကုန်ကြရမှာပါ. .။ တစ်သက်တာလုံး ကိုကြည် မသေမချင်း ဖုံးထားလို့ ရနိုင်လောက်တဲ့အရာတွေ လည်း မဟုတ်ပါဘူး . .။

ဒိုးဒိုးတို့ဟာက စကတည်းကကို ကဘောက်တိ ကဘောက်ချာနဲ့ အလုပ်မဟုတ်ဘဲ စဖြစ်ခဲ့ကြတာကိုး။ ဒါပေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



မယ့် ကိုယ်ကစတင်ရည်ရွယ်လိမ်လည်ခဲ့တာတော့ မဟုတ်ပါ။ ကိုယ့်ကံဇာတာတွေ ရုတ်တရက်ကြီး မပြောင်းလဲခင်ကပင် ဒိုးဒိုးဟာ ကိုကြည့်ထံမှ ဘယ်လိုနည်းနဲ့မျှး မျက်နှာသာရပါ့မလဲလို့ လိုက်ပြီးမျက်နှာချိုသွေး အကွက်ကောင်း စောင့်နေခဲ့ရတာ မဟုတ်လား . . ။ ရုတ်တရက် အားလုံးက ပြောင်းလဲကုန်ကြပြီး သူ့ဘာသာသူ စိတ်ပြောင်းလာတာ. . ။ ဒိုးဒိုး ခံစားရမည့် ပိုင်ဆိုင်မှု အဝဝကို သူဘယ်လိုမှ မရနိုင်. . ။ မသက်ဆိုင်ဘူးဆိုတာကို သိသိကြီးနှင့် စိတ်ကူးယဉ်. . ဇာတ်လမ်းတွေ ထွင်ချင်လာတာတော့ ကိုယ်ကဘာမှမတတ်နိုင်. . ကိုယ်ကတော့ နဂိုတည်းက သူ့ဆီက မျက်နှာသာကို ချောင်းနေခဲ့တဲ့ကောင်ပဲ. . ။ သူက အကွက်ဆင်လမ်းခင်းပေးလာသောအခါမှာ သက်သက်သာသာပင် ဝင်လျှောက်ခဲ့တော့တာပေ့ါ. . ။

ဒိုးဒိုး ဒီလိုလုပ်ခဲ့မိတာ. . တမင်သက်သက်ကွက်ကျော်ရိုက်သလို ဖြစ်ခဲ့ရတာ ကိုကြည့်အပေါ် စော်ကားလွန်းရာကျမှန်းတော့ ကိုယ့်ကိုယ်ကိုယ် သိပါသည်။ ဒါပေမယ့်လည်း တခြားလူအပေါ်မှာဆိုရင်တော့ ဒီလို လွယ်လင့်တကူ ကျူးလွန်မိဖို့ကို အတန်တန် စဉ်းစားဝန်လေးနေနိုင်ပေမယ့် ကိုကြည်ကကျတော့ ကိုကြည်ဖြစ်နေလို့ကို. . နဂိုကရှိပြီး အထင်မကြီး(အထင်သေး)စိတ်မှာ. . သူလည်း ကိုယ့်အပေါ် လာလိမ်နေတာပဲဟူသည့် အတွေးကိုပါ ထပ်ဆင့်ကာ ဘာမှ သေချာနှစ်ခါပြန်ပင် မစဉ်းစားတော့ဘဲ လုပ်ခဲ့မိတော့တာ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒိုးဒိုး . . ဝိုင်လှချည်လား . . "
"ဩော် . . ဒီလိုပဲ လျှောက်စဉ်းစားနေတာပါ . . "
"ကောင်မလေးဟာ ဟိုလူနဲ့ သားအဖလားဆိုတဲ့အထိပါ တို့ ထင်နေတယ် . . သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေး ဟာ သာမန်မိတ်ဆွေမကဘူးနော် . . ကောင်မလေးကို ဟိုလူက လူရှေ့မရှောင် သူရှေ့မရှောင် ပိတ်တီးပစ် လိုက်တာကိုပါ တို့ တွေ့လိုက်ရတာ . . သားအဖ ဖြစ် ချင်ဖြစ် . . မဟုတ်ရင်တော့ ဟိုလူ့ရဲ့ အကျင့်စာရိတ္တ အရ . . အပျိုလေး . . ကလေးလေးပါဆိုပြီး အဆောင် မှာ ထားထားပေမယ့် . . ဒါ သေချာပေါက် သူ့ ပီကင် (Keeping) ပဲ . . "
"ဟာ . . မဖြစ်နိုင်တာ . . "

သတိလက်လွတ် . . မနှစ်မြို့ခြင်းကြီးစွာ ထ, အော်လိုက်မိသော ဒိုးဒိုးရဲ့အသံက အတော်ကြီး ကျယ်လောင် မာကျောသွားသဖြင့် ခင်နှင်းဆီက ဒိုးဒိုးကို မျက်လုံးပြူးကာ စိုက်ကြည့်လာသည်။

"ရှင်က ဘာဖြစ်ရတာလဲ . . မခံမရပ်နိုင်ကြီးပါလား . . တို့ကတော့ မျက်မြင်ကိုယ်တွေ့သမားဆိုတော့ ဒီလိုပဲ မှန်းကြည့် . . "
"သေချာမသိဘဲ စွတ်မှန်းနေတာ မိန်းကလေးတစ် ယောက်ရဲ့ သိက္ခာတရားကို ထိခိုက်စေပါတယ် ခင်နှင်း ဆီရယ် . . "
"ဒါပေမယ့် သူက လက်တောက်လောက်လေးနဲ့ . ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သနားကမားရုပ်ကလေးနဲ့ ဟိုလူနဲ့ တစ်ဂိုဏ်းထဲဖြစ်နေခဲ့တာနော်. . ရှင် လျှော့မတွက်နဲ့ . . ”

“တစ်ဂိုဏ်းတည်းလည်း မဟုတ်ပါဘူး ခင်နှင်းဆီ. . ”

“ဘယ်လိုလဲ. . ရှင်က ကာကွယ်လှချေလား . . ”

ခင်နှင်းဆီ ဒိုးဒိုးကို လာစိုက်ကြည့်နေတော့သည်။ ဒိုးဒိုးမှာ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို လာစိုက်ကြည့်နေတာကြီးကို ယောကျ်ားလေးတန်မဲ့. . ပြီးတော့ အပြစ်ရှိသူကြီးလိုလို. . မျက်နှာလွှဲခေါင်းငုံ့ထားရမယ့် အဖြစ်မျိုးကိုလည်း မလိုချင်. .။ နှစ်ဦးသားကြီး ထိုင်နေဖြစ်ကြတာကလည်း နီးနီးကပ်ကပ်ကြီးနှင့် မျက်လုံးချင်းတွေဆုံကာ စိုက်နေကြရတော့မည့် အဖြစ်မျိုးကိုလည်း မရောက်ချင်. . အတော်ကလေး ဒုက္ခရောက်ဟန်ပျက်. . စိတ်ညစ်လိုက်ရပြီးမှ. . ခင်နှင်းဆီထံမှ “သြော်. . ” ဟု ညည်းတွားသံလိုလို သံရှည်တစ်ချက် ထွက်ပေါ်လာတော့ကာ. .

“ရှင် သူ့ကို ချစ်နေပြီ ဒိုးဒိုး . . ”

မထူးတော့ပါ. . ဒိုးဒိုးက “ဟုတ်တယ် ခင်နှင်းဆီ. . ”ဟု ဝန်ခံလိုက်သည်။

“ရှင်တော့ ဒုက္ခရောက်တော့မယ်. . အဲဒါ တို့တကယ့်မိတ်ရင်းဆွေရင်း တစ်ယောက်ရဲ့ စိတ်ရင်းမှန်နဲ့ပြောတာပါ. . ရှင်လက်ခံစမ်းပါ. . ရှင်တော့ ဒုက္ခရောက်တော့မယ်. . တို့ စိတ်မကောင်းလိုက်တာ. . ”

“ကျွန်တော် မထင်ပါဘူး ခင်နှင်းဆီ. . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ရှင် မွှန်မနေနဲ့. . ဒုက္ခပဲ. . တို့ မပါချင်တော့ပါဘူးဆိုမှ ဒီ့ထက်ပိုပြီး ပါရတော့မယ်နဲ့ တူပါရဲ့ . . ဒီပုံအတိုင်းဆို ရှင့်အတွက် တို့က မိတ်ကောင်းဆွေကောင်းတစ်ယောက်အနေနဲ့ ပိုကူညီပေးရတော့မယ်. . "

ခင်နှင်းဆီမှာ မျက်စိမျက်နှာ အပျက်ပျက်နှင့်ပင်ခေါင်းကို ခါယမ်းနေရင်း . .

"ဘယ်လောက်မှ မရှိသေးဘူး . . တို့စိတ်ထင် နှစ်လမှ ကောင်းကောင်းပြည့်သေးရဲ့လား . . သူ မိန်းကလေးတစ်ယောက် ရှင့်နား ပို့ထားပြီဆိုတော့ ဘယ်လို အညာအခရာတွေမျိုးနဲ့ပါလိမ့်လို့ တို့ပူခဲ့တာ ကောင်မလေးကိုတွေ့တော့ အံ့တောင်ဩသွားတယ်. . ဒီလူရဲ့ အကြံဟာ ဘယ်လိုပါလိမ့်ပေါ့. . ခုတော့ တို့သိပြီ. . ဒီလူဟာ လူလည်ပဲ. . ယောကျ်ားတွေရဲ့ စိတ်အမျိုးမျိုးအဖုံဖုံကို သူ ကောင်းကောင်းတွက်တတ်တယ်. . တချို့ယောကျ်ားတွေဟာ. . သနားတတ်တယ်. . ကယ်တင်ရှင်ကြီး လုပ်ချင်ကြတယ်. . နှစ်လမပြည့်ခင်ပဲ ရှင် ကျဆုံးသွားတာ. . ဘေးလူတို့က မြင်နေရတယ်၊ ရှင်ကတော့ နည်းနည်းမှကို မစဉ်းစားမိဘူးနော်. . "

"မဟုတ်ဘူး . . ခင်နှင်းဆီ. . အဖူးနဲ့ ကျွန်တော်တို့က အဖူး ခုနစ်နှစ်သမီးလောက်. . ကျွန်တော် ဆယ်နှစ်သားလောက်ကတည်းက ခင်မင်ခဲ့ကြတဲ့ ငယ်သံယောဇဉ်တွေနဲ့ပါ. . "

ခင်နှင်းဆီက မျက်လုံးလေး ပြူးဝိုင်းသွားကာ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"အဲဒီလိုမျိုး မိန်းကလေးကိုတောင် ဒီလူက ရအောင် ရှာခေါ်လာနိုင်တယ်. . "

"မဟုတ်ဘူး . . မဟုတ်ဘူး . . ကိုကြည်က အဖူးကို သူ့ဘာသာ အလုပ်သွင်းပေးတာက သွင်းပေးတာ သတ်သတ်. . အဲဒီမှာ ခင်နှင်းဆီပြောတဲ့ ရည်ရွယ်ချက်တို့ ဘာတို့အကြောင်း ကျွန်တော် ဘာမှမပြောချင်ပါဘူး . . ဒါပေမယ့် အဲဒီ သူသွင်းပေးလာတဲ့ တစ်ယောက်ဟာ အဖူး ဖြစ်နေတာကတော့ တိုက်ဆိုင်မှုပဲ. . ကျွန်တော်နဲ့အဖူးဟာ ဟိုးငယ်ကတည်းက ငယ်ပေါင်း . . ပြီးတော့ ကွဲသွားကြတယ်. . ဒီအတောအတွင်းမှာ တစ်ယောက်နဲ့တစ်ယောက် မမေ့နိုင်ခဲ့ကြဘူး . . ပြန်ရှာနေမိကြတယ်. . ကိုကြည်နဲ့ ဘာမှမဆိုင်ဘဲ ကျွန်တော်တို့ချင်း ဟိုးစောစောတည်းက ပြန်တွေ့ခဲ့ကြတယ်. . တစ်ယောက်ရဲ့ သံယောဇဉ်အကြောင်း တစ်ယောက်က နားလည်နိုင်ခဲ့ကြတယ်. . ဒါပါပဲ. . ဒါတွေကို ကိုကြည် ဘာမှမသိပါဘူး . . ကျွန်တော် အဖူးကို ချစ်တာ. . ယုံကြည်တာ နှစ်လဆိုတဲ့ အချိန်တိုလေးအတွင်းမှာ မှန်ထူနေခဲ့တာမျိုး မဟုတ်ဘူး ခင်နှင်းဆီ. . ။ ဆယ့်သုံးနှစ် ရှိခဲ့ပြီ. . "

ခင်နှင်းဆီ ပါးစပ်အဟောင်းသားလေးနှင့်ပင် ဖြစ်သွားပါတော့သည်။ ခဏကြာမှ. . သူ့မျက်နှာပေါ်သို့ အပြုံးတစ်ခုကို ခပ်မြန်မြန်လေး တင်လိုက်ကာ. .

"ဝမ်းသာပါတယ် ဒိုးဒိုး . . ရှင် ကံကောင်းပါစေ. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ကျေးဇူးတင်ပါတယ် ခင်နှင်းဆီ"

"ရှင် ဒီလိုလာတာ အဲဒါ လာပြောပြရုံ သက်သက်ပဲလား . ."

"ဟင်း ဟင်း . . ဟုတ်တယ်ပဲ ဆိုပါတော့. . အခြေအနေတွေက ဒီ့ထက်ဒီ ပို,ပိုရှုပ်ကုန်မှာ စိုးလို့လေ. ."

"တို့လုပ်တာနဲ့တော့ ရှင်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို မကွဲစေရပါဘူး ဒိုးဒိုးရယ်. . ကောင်မလေးအပေါ်မှာ တို့ ပြောခဲ့တာတွေ နည်းနည်းလွန်လွန်ကဲကဲလေးတွေ ပါသွားခဲ့တယ်ဆိုရင်လည်း . . ဆောရီးပါ။ တို့က ရှင့်အတွက် စိတ်ပူခဲ့တာပါ. . ရှင့်ဘာသာရှင် ရှင့်ယုံကြည်ချက်နဲ့ရှင် ပိုင်နိုင်သေချာနေပြီးသား . . ဒုက္ခရောက်စရာ မရှိဘူးလို့ သေချာနေပြီးသားဆိုရင်လည်း ပြီးတာပါပဲ. ."

ပြောသာပြောလိုက်ရ. . ခုံတန်းတစ်ခုရဲ့ ဘေးမှာ. . တစ်ယောက်က ခါးထောက်ရပ်. . တစ်ယောက်က မော့မော့ကလေး အားကိုးတကြီး ဖြစ်နေတဲ့ပုံတွေ. . 'ဖုန်း' ခနဲ ဇက်ပိုးအုပ်ပစ်လိုက်တဲ့အတွက် ကောင်မလေးမှာ ငိုက်စိုက် ငိုက်စိုက်ပင် ဖြစ်သွားရရှာတဲ့ ပုံတွေကို ပြန်ပြီးမြင်ယောင်လာမိသောအခါမှာတော့ ခင်နှင်းဆီရဲ့ စိတ်တို့ဟာ ကြည်ကြည်လင်လင်ကို မရှိနိုင်တော့တာပါ. . ။

ဆယ်နှစ်ဆယ်မိုးကျော်ကျော်တောင် စောင့်ချစ်လာနိုင်ခဲ့သတဲ့. . အံ့ဩလောက်ဖွယ်ရာ. . ဒါဖြင့်ရင်. . ခင်နှင်းဆီ တစ်ချိန်လုံး သိနေခဲ့ရသော ဒိုးဒိုးဟာ၊ သူ့ဆီက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ချစ်စကားတစ်ခွန်း ထွက်လာမှာစိုးလွန်းလို့ အမြဲကာကွယ် ထားခဲ့ရတဲ့ ကောင်လေးဟာ. . သူ့ရင်ထဲမှာ ကိုယ်မဟုတ်တဲ့ တခြားမိန်းကလေးတစ်ယောက် တစ်သက်လုံး ရှိနေခဲ့တာပေါ့နော်. . ။

ဒိုးဒိုး ပြန်သွားသောအခါ ခင်နှင်းဆီမှာ ရင်ထဲဟာတာတာနှင့် ဘာလုပ်လို့ ဘာကိုင်ရမည်မသိ ကြောင်ကြောင်ကြီး ဖြစ်ကျန်ရစ်သည်။

⊛ ⊛ ⊛

"သားသား"

ခေါ်သံတိုးတိုးလေးကြောင့် မြေးချစ်က ဖျတ်ခနဲလှည့်ကြည့်လိုက်မိလျှင် မျက်ရည်အပြည့်နှင့် ပြုံးပြုံးကြီး လက်ကမ်းပေးနေသော အဖွားကို တွေ့လိုက်ရပါသည်။ ချက်ချင်းဆိုသလိုပင် အဖေ့ရဲ့ လက်ဖဝါးကြမ်းကြမ်းကြီးတွေကို ပြေးမြင်လိုက်မိသော မြေးချစ်က ဖူးဖူးရဲ့ ရင်ခွင်ထဲ ပြေးဝင်မသွားသေးဘဲ ပတ်ဝန်းကျင်ကို အရင်လှည့်ပတ်ကြည့် မျက်စိကစားလိုက်သည်။

"လာပါ သားသားရယ်. . ဘယ်သူမှ မရှိပါဘူး . . "

မြေးချစ်က အဖွားကို ခုန်အုပ်ထည့်လိုက်သဖြင့် အဖွားကော မြေးချစ်ပါ ယိုင်ကျပြိုလဲကာ ရယ်သံလေးများက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တခိုးခိုး၊ တခစ်ခစ်ပင် ထွက်ပေါ်လာကြလေတော့သည်။

"အမယ်လေး သားသားရယ်. . မတွေ့ရတာကြာလှပြီ. . ထွားတောင် ထွားလာသလိုပဲ. . "

"ဘွားဘွားကလည်း အဲလိုပဲပြောတယ်. . သား ဘွားဆီလာတဲ့နေ့က ဖူးဖူးက ဘာလို့ အိမ်မှာမရှိတာလဲ"

"ဖူးဖူးက အဖေ ပို့ထားတဲ့ အဆောင်တစ်ခုမှာ နေနေရတယ် သားရဲ့. . "

"အဲဒီအဖေကလည်း ဘာတွေလျှောက်လုပ်နေလဲ မသိပါဘူး . . "

"ရှူး . . အဲဒီလို မပြောရဘူးလေ. . သူက သားအဖေပဲ. . ငရဲကြီးမယ်. . "

အဖူးက မြေးချစ်ရဲ့ မျက်နှာကလေးနဲ့ တစ်ကိုယ်လုံးကို နေရာအနှံ့ လျှောက်ပွတ်သပ်ကြည့်နေရင်းက. .

"ဒီမှာ အဆင်ပြေလား . . ပျော်ရဲ့လား . . "

"ပျော်တယ်. . အဆင်ပြေပါတယ်. . ဒါပေမယ့် ဖူးဖူးနဲ့ ဘွားဘွားကို မတွေ့ရတာတော့ မကြိုက်ဘူး . . အမြဲတွေ့နေရပြီး ဒီမှာပဲလည်း နေရမယ်ဆိုရင် ကောင်းမယ်. . "

"အဲဒီလိုဖြစ်ဖို့ မဝေးတော့ဘူးနဲ့ တူပါတယ် သားသားရယ်. . "

"ဘယ်သူကပြောလဲ. . "

"သားသားရဲ့ ဦးဦးလေ. . ဦးဒိုးဒိုး သိတယ်မဟုတ်လား . . သူက အဲဒီလိုမျိုးဖြစ်အောင် လုပ်ပေးနိုင်တယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြေးချစ်ရဲ့ မျက်နှာကလေးက နားမလည်မှုပေါင်း များစွာနှင့် ရှုံ့တွသွားတော့ကာ. .

"ဟာ. . သူကသားနဲ့ အဖေ့အကြောင်း . . သားနဲ့ ဖူးဖူးအကြောင်း . . ဖူးဖူးနဲ့ အဖေ့အကြောင်း ဘာတစ်ခုမှ မသိဘူးတဲ့. . အဲဒီလို မသိအောင်ပဲ နေရမှာတဲ့"

အဖူးက ကြမ်းပြင်ပေါ်မှာပဲ တင်ပလ္လင်ခွေထိုင် ချပစ်လိုက်ကာ မြေးချစ်ကို ပေါင်ပေါ်သို့ တင်ချီထားလိုက်သည်။ မြေးချစ်နှင့် အဖူးတို့ တူဝရီးဟာ ဆယ်နှစ်ကျော်လောက် ကွာကြပေမယ့် သွေးကွေးသော အဖူးနှင့် ထွားချင်ချင်ဖြစ်နေပြီဖြစ်သော မြေးချစ်တို့ရဲ့ ပုံစံက လေး,ငါးနှစ်မျှပင် ကွာသည်မထင်ရတော့ပါ။ ဒီတူဝရီးနှစ်ယောက်ဟာ. . တကယ့်ကို ဘဝတူ. . ငယ်ငယ်လေးတည်းက ဒီအဘွားတစ်ယောက်ရဲ့အိမ်မှာ အမှိုက်ပစ်သလိုကို လာပစ်ထားလိုက်ခြင်းကို အတူတကွ ခံစားခဲ့ရသခြင်းမို့. . မြေးချစ် သိတတ်စအရွယ်မှစကာ. . မြေးချစ်နှင့် အဖူးတို့ဟာ တစ်ယောက်နဲ့တစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ကို ချစ်ခဲ့ကြတာပါ. .။

မြေးချစ်ကို ချီထိန်းခဲ့ရသော အဖူးအတွက် မြေးချစ်ဟာ သားလည်းဖြစ် တူလည်းဖြစ်. . မောင်ကလေးလည်းဖြစ်. . သိတတ်လာတော့ သူငယ်ချင်းလိုလည်းဖြစ်. .။ မြေးချစ်ကလည်း . . "ဖူးဖူး . . ဖူးဖူး"နှင့် အမေလို အဒေါ်လို အစ်မလို. . သူငယ်ချင်းလို. . နိုင်ဘက်တစ်ယောက်လို မျိုးစုံခွဲနွဲ့ ဆိုးတေရင်း အားကိုးချစ်ခင်ခဲ့ခြင်း ဖြစ်လေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြေးချစ်ရဲ့ဘဝမှာ ဖူးဖူးသည်သာ နံပါတ်တစ်. . နှစ်ကတော့ ဘွားဘွားဖြစ်လျက်. . သုံး၊ လေး၊ ငါး . . မရှိတော့ကာ. . 'ခြောက်'နေရာလောက်မှာမှ အဘိုးဖြစ်သူကို ထားနိုင်လေသည်။ ပြီးရင်တော့ပြီးပြီ. . ဘာမှမရှိတော့။ နံပါတ်စဉ်များအောင် ထည့်ရမည်ဆိုရင်တော့ ဟိုးခပ်ဝေးဝေး နေရာတွေမှာ သူငယ်ချင်းတွေတို့. . ဆရာမတို့ကို ထည့်မည်။ သို့သော် ဖူးဖူးက သက်ရှိထင်ရှား မရှိတော့သည့် အမေ့ကို စာရင်းမသွင်းချင်နေ. . ကိုယ့်အဖေအရင်းခေါက်ခက်ကြီးကိုတော့ စာရင်းထဲ ထည့်ဖြစ်အောင် ထည့်ရမည်ဆိုသဖြင့်. . "အင်းပါ. . အင်းပါ"ဟု နားထောင် ခေါင်းညိတ်ထားရသော်ငြား . . တကယ်တမ်း ထည့်ရတော့မည်ဆိုရင်တော့ "နံပါတ်(၁၀၀)"လောက်မှာတောင် မြေးချစ်က မထည့်ချင်ထည့်ချင်. . အင်တင်တင်ရယ်ပါ. . ။

"အဘွားအိမ်သွားမယ်"ဟု မရမက ပူဆာခဲ့ရခြင်းဟာလည်း ဖူးဖူးကိုတွေ့ရဖို့သာ. . ။ ဟိုရောက်တော့ ဖူးဖူးကမရှိ. . ။ 'အဖေ တခြားကို ပို့ပစ်လိုက်ပြီ' ဆို၍ မြေးချစ်က အဲဒီကတည်းက အဖေလုပ်သူကို စိတ်လုပ်နေမိခြင်းဟာ ခုထိပါပဲ. . ။ ခုတော့ ဖူးဖူးနှင့် တွေ့ခွင့်ရပါပြီ. . ။ နောင် အမြဲတွေ့နေရအောင်လည်း ဦးဦးက လုပ်ပေးနိုင်သတဲ့။ အဖေပြောသလိုဆိုရင် ဖူးဖူးနဲ့ မြေးချစ်တို့ အမျိုးတော်ကြကြောင်း၊ ဘွားဘွားအိမ်မှာရှိနေသေးကြောင်း၊ ဘာမှမသိထားတဲ့ ဦးဦးက ဘယ်လိုလုပ် မြေးချစ်၊ ဖူးဖူးနှင့် ဘွားဘွားတို့ အမြဲတွေ့နေရအောင် ဘယ်လိုများ လုပ်ပေးနိုင်မှာလဲ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"သားသား . . ဒီမှာ ဖူးဖူး ပြောပြမယ် . . ဦးဦးတို့ ဒီအိမ်က ဘွားဘွားတို့ကိုတော့ ဘာမှသွားထပ်မေးမနေနဲ့တော့ ဒါပေမယ့် . . အဖေ ဖွက်ထားတဲ့ကိစ္စမှန်သမျှကို ဦးဦးက သိပြီးနေပြီ . . "

"ဟာ . . ဒါဆို ဘယ်လိုလုပ်မလဲ . . "

ကလေးမှာ အရွယ်လေးနဲ့မျှမလိုက် အလိမ်အညာတွေမှာ ပါဝင်နေရပြီး သူ့အရွယ် သူ့အသိကလေးနှင့် မပိရိမှာ အလိမ်ပေါ်မှာတို့ကို စိုးရိမ်တကြီး ဖြစ်နေရရှာခြင်းအတွက် အဖူးက သက်ပြင်းတစ်ချက်နှင့်သာ စိတ်မကောင်းဖြစ်သွားရပါသည်။

ဘယ်လိုမှ လုပ်ဖို့မလိုဘူး . . ဦးဦးက အစောကြီးတည်းကသိနေတာ . . ၊ ဒါပေမယ့် သဘောကောင်းတော့ သားသားကို ပြန်လည်းမလွှတ်ဘူး . . ဖူးဖူးတို့ကိုလည်း ဘာမှမလုပ်ဘူး . . ဒါပေမယ့် ဦးဦးသိပြီးနေပြီဆိုတာ အဖေမသိသေးဘူး . . အဖေသာသိသွားရင် သားကို ပြန်ခေါ်သွားပြီး . . ဖူးဖူးနဲ့သားလည်း တွေ့ချင်မှ တွေ့ရတော့မှာ . . အဘွားအိမ်ကိုလည်း ပြန်ရောက်ချင်မှ ရောက်ရတော့မှာ . . အဖေက ငါဖွက်ထားတာကို သိနေရပါ့မလားလို့ ဒေါသထွက်နေမှာ . . "

မြေးချစ်မှာ မျက်လုံးလေး ကလယ်,ကလယ်နှင့် ရှိနေပါသည်။

"အဲဒီအကြောင်းတွေ ဦးဦးသိနေပြီ . . ဖူးဖူးကလည်း သားကို ဒီလိုပြန်ပြောပြတယ်ဆိုတာတွေ သားအဖေ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကို ပြန်မပြောပြနဲ့နော်. . ”

“မပြောဘူး . . မပြောဘူး . . ”

“ဒီကြားထဲမှာ သားနဲ့ ဖူးဖူးနဲ့ဖြစ်ဖြစ်၊ အဘွားနဲ့ဖြစ်ဖြစ် တွေ့ချင်ရင် ဦးဦးက အဖေမသိအောင် အားဂုင်အားသလို လိုက်ပို့ပေးလိမ့်မယ်. . ”

“ဟေး . . ကောင်းတယ်. . ”

“နောက်တော့မှ သားဦးဦးက အဖေ့ကို အားလုံးရှင်းပြချင် ပြလိမ့်မယ်. . လူကြီးတွေ သူတို့ဘာသာ ကြည့်လုပ်ကြပစေ. . သားကြောင့်တော့ ပြဿနာတွေ ဖြစ်မကုန်စေနဲ့နော်. . ဦးဦးကိုရော. . အဖေ့ကိုရော ဒီအကြောင်းတွေ ဘာမှထပ်မပြောရတော့ဘူး . . ကြားလား . . ”

“ဟုတ်. . ဒါပေမယ့် ဖူးဖူးနဲ့ တွေ့ချင်တာတို့ . . ဖူးဖူးအကြောင်းတို့ ဘွားဘွားအကြောင်းတို့တော့ ဦးဦးကို သွားပြောမိရင်ကော ရသလား . . ”

အဖူးက မြေးချစ်ကို မွှေးမွှေး တစ်ချက်ပေးလိုက်ရင်းက. . “ရတာပေါ့”ဟု အဖြေပေးလိုက်ပါသည်။ ကလေးခမျာ. . တွေ့ခွင့်မရသည့် ကြားကာလတွေမှာ ရသေ့စိတ်ဖြေ. . အဖူးအကြောင်း၊ အဘွားအကြောင်းတွေ လျှောက်ပြောနေချင်တာကိုတောင်မှ ချုပ်ထိန်းထားရတဲ့ဘဝ၊ ပြောပြဖို့ လူမရှိတဲ့ဘဝ. . ။ သနားစရာ သိပ်ကောင်းပါသည်။ အဖူးမှာ. . ကိုယ်တိုင်ခံစားဖူးသော ဒီဖြစ်ရပ်အတွက် ကလေးခမျာ ဘယ်လောက်အသည်းယား ဒုက္ခရောက်ပြီး ငိုချင်ရှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လိမ့်မလဲဆိုတာကို ကိုယ်ချင်းစာနာမိနေရပါသည်။ ဒီနောက်မှာတော့ မြေးချစ်က သူတို့အိမ်မှာ အမြဲတမ်း ကစားကြသလိုမျိုး . . အဖူးကို ကလိလိုက်ထိုးတော့ကာ. . အဖူးကလည်း မြေးချစ်ရဲ့ လက်ကလေးတွေကို ဖမ်းချုပ်လိုက်. . သူကိုယ်တိုင်က ပြန်ထိုးလိုက်နှင့်. . အဖူးနှင့် မြေးချစ်တို့ရဲ့ ရယ်သံတွေက. . မြေးချစ်ရဲ့ ကလေးကစားခန်းလေးအတွင်း ကျဲပြန့်ကျယ်လောင်လို့ နေပါတော့သည်။

ထိုအသံဆန်းများကြောင့် အိမ်ပေါ်ထပ်လှေခါးမှ ဆင်းလာမိကာ ကလေးကစားခန်းထဲသို့ လှမ်းမျှော်ကြည့်ရင်း အထူးတဆန်းနှင့် မျက်မှောင်ကုပ်နေမိသူမှာ ဒိုးဒိုးရဲ့ မိခင် ဒေါ်လှလှတည်း . .။ အမှန်ကတော့ အဖူးကို မြေးချစ်ဆီသို့သွားခိုင်းလိုက်ပြီး သူကတော့ အမေဖြစ်သူကို သွားရှင်းပြဖို့ဖြစ်သော ဒိုးဒိုးမှာ အရေးတကြီး ဖုန်းတစ်ခု ဝင်လာ၍ ဖုန်းပြောနေရသောကြောင့် ခုချိန်ထိ ဒေါ်လှလှကို မရှင်းပြရသေး . .။

ဒေါ်လှလှက အိမ်က အလုပ်သမား မိန်းမကြီးကို မြန်မြန်လှမ်းခေါ်လိုက်သည်။

"ဟဲ့ . . ဟိုကလေးမက ဘယ်သူလဲ. ."

"ကိုဒိုးရိုးက ကိုဒိုးရဲ့ အတွင်းရေးမှူးတဲ့. . အိမ်ပါလာမယ်လို့ပြောထားတာကြာပြီ. . ဒီနေ့မှ ပါလာတာလေ မမ. ."

"သြော်. . အင်း . . ဟုတ်သားပဲ. . ငါ့လည်းပြောထားပါတယ်. . သူက ခုမှ အိမ်ပါလာပြီး မြေးချစ်နဲ့ ရင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှီးလှချေလား . . ”

“ဟုတ်တယ် မမ. . ကျွန်မလည်း အဲဒါပဲ ကြည့်နေတာ. . ခုန ကြားမိတာလေ. . ခေါ်ကြတာကိုက သားသားတဲ့၊ ဖူးဖူးတဲ့. . ကောင်မလေးကတော့ ထားပါတော့. . သူ့အရာရှိအိမ်က ကလေးဆိုတော့ ကလေးလည်းချစ်တတ်တဲ့ အခံရှိရင် ဒီလိုပဲ လုံးနေမှာပေါ့. . ထူးဆန်းတာက မောင်မြေးချစ်ဘက်ကလည်း သိပ်ရင်းနှီးပိုင်နိုင်ပုံ ပေါက်နေတာပဲ. . ရေစက်များ ပါကြလို့လား မသိဘူးနော်. . မမ”

ဒေါ်လှလှက ခေါင်းကိုခါယမ်းလိုက်သည်။ ဒီကလေးကို စမွေးစားကတည်းက ဒိုးဒိုးမှာ အကြောင်းတစ်ခုခုရှိရမည်ဟု ဒေါ်လှလှက တွက်မိပြီးသားပါ. . ။ သို့သော် တစ်သက်တာလုံး အမေနှင့်သား နှစ်ဦးတည်း နားလည်မှုအပြည့်ကိုယ်စီထားပြီး နေလာခဲ့ကြသူတွေပီပီ မဟုတ်တာ မလုပ်တတ်သော သားကို. . သူ့ဘာသာ လာမရှင်းပြမချင်း ဒေါ်လှလှဘက်ကလည်း ဘာမှကိုမမေးခဲ့. . ။ ဒိုးဒိုးကလည်း အမေက မမေးတာကိုပဲ အခွင့်ကောင်းယူကာ ဘာမှကို မရှင်းပြတော့ပေ. . ။

ရိုးသားပွင့်လင်း အရှုပ်အရှင်းကင်းသော သူ့မေမေဟာ ဖြစ်ရပ်မှန်တွေကို သိလိုက်ရရင် ကိုကြည့်အပေါ် ဘယ်လိုမှ အမြင်ကြည်လင်မှာမဟုတ်. . ။ နောင်အချိန်တွေမှာ ကိုကြည်နှင့် မျက်နှာချင်းဆိုင် တွေ့နေရရင် ဘယ်လိုမှ ဟန်ဆောင်ပြုံးထားနိုင်မှာ မဟုတ်ပါ။ ပြီးကျတော့. . ခုမှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘဝမှာ ငြိမ်းချမ်းတည်ငြိမ်မှုရကာ ကုသိုလ်ရေးတွေ ဖိလုပ်ပြီး ငါးပါးသီလ နေ့တိုင်းမြဲနေနိုင်ပြီဖြစ်သည့် မိခင်ဖြစ်သူကို. . ကိုယ်နှင့်အတူ ဝင်ပါပြီး . . မဟုတ်ကဟုတ်က ဇာတ်လမ်းမှာ ဟန်ဆောင်ဝင်က,ပေးနေရမည့် အဖြစ်ကို ဒိုးဒိုးက မလိုလား . .။ ဒီတော့ ဘာမှ မသိထားတာက အကောင်းဆုံးပင် မဟုတ်လား . .။

ခုတော့ သားကိုယုံကြည်တာတစ်ကြောင်း . . မြေးချစ်ကလည်း ကိုယ့်အပေါ် ဘာအနှောင့်အယှက်မှ မပေးတဲ့ပြင် ရိုသေလိမ္မာပြနေပြီး . . ကလေးတစ်ယောက်ရှိနေတဲ့အိမ်ကြီးဟာ သာယာစိုပြည်နေတာကတစ်ကြောင်း တို့ကြောင့် ဒီတိုင်းပဲ ရေငုံနှုတ်ပိတ်ကာ လက်ခံထားခဲ့သည့် ဒေါ်လှလှက ဆက်ပြီးတော့ နှုတ်ပိတ်ပိတ် မနေနိုင်တော့ပါပြီ. .။ သိကိုသိချင်လာပြီဖြစ်သည့် ဒီကလေးတစ်ယောက်အကြောင်းကို သားတော်မောင်ထံ စုံစမ်းယူမှုကို ဖြစ်ပေတော့မည်။

ဒေါ်လှလှခမျာ ကလေးကစားခန်းထဲမှာ သူ့အရိန်နှင့်သူ မြူးတူးနေကြသူနှစ်ဦး ကိုယ့်ကို တွေ့မသွားနိုင်အောင် မနည်းကြီး လှည့်ပတ်ရှောင်ရှားရကာ သားရဲ့ရုံးခန်းထဲသို့ အရောက်သွားရပါသည်။

"ဒိုးဒိုး"

"ဩော်. . မေမေ. . ကျွန်တော်တောင် လာတော့မလို့. . ဒီမှာ အလုပ်ကိစ္စက ဝင်လာလို့. . လာမယ့် ရှေ့နှစ်ပတ်လောက်မှာ (--)ခန်းမမှာ ကုန်စည်ပြပွဲ ရှိတယ်လေ. . အဲဒါ ကျွန်တော်တို့ ကုမ္ပဏီကလည်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ခန်းယူပြီး ပစ္စည်းတွေလည်း ကြော်ညာမယ်. . ဈေးလျှော့ပြီးလည်း ရောင်းမယ်ပေါ့. . အဲဒီအတွက် အလုပ်ကိုရှုပ်နေတာပဲ. . ဒါမျိုး ပထမဆုံးအကြိမ်ပဲ ဆိုတော့ ခေါင်းစားလိုက်တာ. . ”

“ဒါဖြင့် ခေါင်းစားနေတဲ့ သားကို မေမေကထပ်ပြီး ဦးနှောက်ခြောက်စေသလိုတော့ ဖြစ်ရတော့မယ်နဲ့ တူပါရဲ့. . ”

“ဘာလဲ မေမေ. . ”

“သားရဲ့စက္ကူထရီလေးနဲ့ မောင်မြေးချစ်တို့ဟာ လိုတာထက်ပိုပြီး ရင်းနှီးချစ်ခင်နေကြတယ်. . အဲဒါကိုတွေ့ပြီး မေမေက မေမေတစ်ခါမှ မမေးခဲ့ဖူးတဲ့ မောင်မြေးချစ် အကြောင်းကို သိချင်လာပြီ. . ”

“ကောင်မလေးအကြောင်းကိုရော မေမေ. . ”

“သူကတော့ ကလေးနဲ့အရင်ကတည်းက ရင်းနှီးခဲ့ကြဖူးတာ ဖြစ်မယ်ဆိုတာထက် ဘာများထူးခြားတဲ့ လျှို့ဝှက်ချက် ရှိဦးမှာမို့လဲ. . ”

“သူတို့နှစ်ယောက်က တူဝရီးအရင်းပဲ မေမေ. . ”

“ဟယ်. . ဒါနဲ့ ဆွေမရှိ မျိုးမရှိ. . တစ်ကောင်ကြွက် တစ်မျက်နှာဆို. . ”

ဒိုးဒိုးက သူ့အမေ ဒေါ်လှလှကို ပခုံးမှသိုင်းဖက်လိုက်ကာ ရုံးခန်းထဲက ကြိမ်ဆက်တီအဝိုင်းကြီးတွေထံ ခေါ်ဆောင်လာပြီး နှစ်ယောက်ထိုင်တစ်လုံးမှာ ဝင်ထိုင်စေလိုက်ရင်း . . သူပါ ဘေးနားမှာ ပူးပူးကပ်ကပ် ဝင်ထိုင်လိုက်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"သား . . သားပြောမယ့် အကြောင်းအရာဟာ သာမန်မှ က,တော့ရဲ့လား . . "

ဒိုးဒိုးက "တဟဲဟဲ"ရယ်လိုက်သောအခါ. . ဒေါ်လှလှက ဒိုးဒိုးရဲ့ပေါင်တစ်ဖက်ကို 'ဖြန်း'ခနဲ ရိုက်ထည့်လိုက်ရင်း . .

"ကြည့်စမ်း . . ဒါကောင်မလေးရဲ့တူမို့ မင်းမျက်နှာလိုအားရ ခေါ်မွေးထားတာပေါ့လေ. . အဲဒါကို မေမေ့ကို မပြောဘဲ မြုံထားတာ ဘာကြောင့်လဲ. . မေမေက မင်းရဲ့အိမ်ထောင်ရေးကို ဘာများဝင်ပြီး တားဆီးမှာမို့လဲ ဒိုးဒိုးရယ်. . ခုတော့ အားလုံးက သိနေပြီး မေမေ တစ်ယောက်တည်းက ကွက်မသိဖြစ်နေတာပေါ့. . ဟုတ်လား . . ဒါကြောင့် ခင်မောင်ကြည်ဆိုတဲ့ တစ်ယောက်ရဲ့မျက်နှာဟာ တစ်မျိုးပါလားလို့ ထင်သား . . ဒီလို သူငယ်မျိုးရဲ့ရှေ့မှာမှ ကိုယ့်အမေကိုယ် 'အနှပ်ခံ မိန်းမကြီး'ဖြစ်အောင် လုပ်ထားရသလား သားရယ်. .

"မဟုတ်ဘူး မေမေရဲ့ အကြောင်းအရာတွေက အဲဒီထက် ရှုပ်သေးတယ်. . "

"ဟဲ့. . ဘာတွေတုန်း . . မထိတ်သာ မလန့်သာ. . "

"အင်း . . ဘယ်ကစရမလဲတောင် မသိတော့ဘူး . . ဒီလိုမေမေရ. . မြေးချစ်ဟာ. . အဲဒီကိုကြည်ရဲ့သား အရင်းပဲ. . "

"ဒါဆို ကောင်မလေးနဲ့ ခင်မောင်ကြည်နဲ့က မောင်နှမပေါ့. . ဖြစ်ရလေဟယ်"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မေမေ့မျက်နှာမှာ မနှစ်မြို့ခြင်းတွေ အထင်းသားပင် ပေါ်လာကြတော့၏။

"ဒီလိုလည်း မဟုတ်သေးဘူး . . ကောင်မလေးက ဘယ်သူမှတ်လို့လဲ မေမေ. . သားတို့(--)မှာနေကြတုန်းက သားရဲ့ သူငယ်ချင်းကောင်မလေးတစ်ယောက် မေမေ မှတ်မိလားဟင်. . အဖူးဆိုတာလေ. . အဲဒါ သူပဲမေမေ. . အဲဒီတုန်းက သားတို့ချင်း သိပ်ခင်သိပ် သံယောဇဉ်ကြီးခဲ့ကြလို့ မေမေနဲ့ သူ့အစ်မကြီးတို့ တောင်မှ အိမ်ချင်းလည်းမနီး . . အဆက်အစပ်လည်း မရှိဘဲနဲ့ လိုက်သိ. . လိုက်ခင်ကြရသေးတာလေ. . အဖူးနဲ့ အပွင့်နဲ့ ညီအစ်မနှစ်ယောက်ဟာလေ. . မှတ်မိလား . . "

"ဩော်. . အေး . . အေး . . သိတယ်. . သိတယ်လေ. . အင်း . . ဟုတ်သားပဲ. . ကလေးမလေးက ငယ်ရုပ်ကလေးမှ သိပ်မပျောက်သေးတာပဲ. . ဟုတ်ပြီ. . ဟုတ်ပြီ. . ဒါပေမယ့် အဲဒီတုန်းက ဒီ ခင်မောင်ကြည်ဆိုတဲ့ တစ်ယောက်ကိုတော့ မေမေ မသိခဲ့ပါဘူး"

"ဟုတ်ကဲ့. . ကိုကြည်က မမအပွင့်ရဲ့ ယောကျ်ားပါ. . ကျွန်တော်နဲ့အဖူးတို့တွေ ကွဲသွားကြပြီးတဲ့နောက်ပိုင်းမှာ ဖူးစာမှန်လို့ ပြန်ဆုံကြရတာပါ မေမေ. . ကျွန်တော် မေမေ့ကိုသာ ပြန်မပြောဖြစ်ခဲ့တာ၊ ဆယ်နှစ်လုံးလုံး အဖူးကို ဘယ်တော့မှ မမေ့ခဲ့ဘူး"

ဒေါ်လှလှက သက်ပြင်းချသည်။ ဒိုးဒိုးက အဖူး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နဲ့ပြန်ဆုံကြတာကအစ. . ကိုကြည်က ပိတ်ပင်သဝန်တိုခဲ့ပုံတွေ. . နောက် ကိုကြည်နဲ့ ရုံးမှာပြန်ဆုံပြီးမှ ဒိုးဒိုးက ဒီအခြေအနေကိုရောက်တော့ ကိုကြည်တစ်ယောက် ပြောင်းလဲလာပုံတွေအလယ်. . ကိုကြည်ရဲ့ အကြံဉာဏ်နဲ့ မြေးချစ်နဲ့အဖူးတို့ တစ်ယောက်ပြီးတစ်ယောက် ကောင်းစားအောင် လှည့်ပတ်ထည့်သွင်းခဲ့တာတွေကို သိသိကြီးနဲ့ မြုံနေရတာက အဆုံး . . အဖူးနှင့်လည်း နားလည်မှုရပြီး အဖူးကပါ ကိုကြည့်ကို ဝိုင်းမြုံပေးထားပုံတွေ ဘာတွေပါ အားလုံး . . မေမေ့ကို ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်ပါသည်။

"မေမေက နေ့တိုင်း ငါးပါးသီလကြီးနဲ့မို့ ကျွန်တော်က မေမေပါ ဝိုင်းညာပြီး မြုံပေးထားသလို ဖြစ်နေရမှာစိုးလို့ပါ. . "

"ဟင်း . . ခုလည်း မထူးပါဘူးဟယ်. . မေမေ့မှာ ဒီခင်မောင်ကြည်ဆိုတဲ့တစ်ယောက် အိမ်ရောက်လာရင်ပဲ မျက်နှာချင်း မဆိုင်မိအောင်. . ကိုယ့်အိမ်ထဲ ကိုယ်လှည့်ပုန်းပြေးနေရတော့မယ့်ပုံပဲ. . တကယ်အပြစ်ရှိတာကသူ. . ဒီ့အတွက် ဒုက္ခရောက်ရတော့ မေမေပဲဖြစ်ရမယ့် ပုံပါလား . . အင်း . . ဒုက္ခ. . "

ဒိုးဒိုးက မေမေ့ပခုံးကို ခပ်ကျပ်ကျပ်ဖက်ကာ "တဟားဟား"ရယ်လိုက်သည်။

"ရှုပ်နေတာပဲ ဒိုးဒိုးရယ်. . မေမေက အဲဒီလူကိုတော့ ဘယ်လိုမှ သဘောမကျနိုင်တာ အမှန်ပဲ. . သူနဲ့ ပတ်သက်ပြီး အရှုပ်တွေ အလိမ်တွေ ဖြစ်နေရတာကိုက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မကောင်းတာ. . ကလေးမွေးစားတာကတော့ ထား တော့. . အချိန်တန်လို့ သူ့သား သူပြန်ခေါ်သွားမယ် ဆိုလည်း . . ကလေးကို သံယောဇဉ်နဲ့ သနားရမှာက လွဲလို့ ဘာမှမဖြစ်နိုင်ဘူး . . တစ်သက်တာ အရေးကြီး တဲ့ အိမ်ထောင်ရေးကိစ္စမျိုးမှာတော့ ဒီလိုလူနဲ့ လိမ်ရှုပ် ပြီးမှ အိမ်ထောင်ပြုလိုက်ရမှာကတော့ တစ်မျိုးကြီးပဲ. . ကိုယ့်မှာက အဲဒီလို မတင့်မတယ် ရုတ်ရုတ်သဲသဲကြီး ဖြစ်သွားရစရာ ဘာအကြောင်းမှ မရှိဘူးလေ. . သား"

"ကောင်မလေးကတော့ သူနဲ့ ဆိုင်ချင်ဆိုင်မယ်. . သူ မပိုင်နိုင်ဘူး မေမေ. . သူ့အမေက ကြည့်ရှုခဲ့လို့ ကောင်း ကောင်းကြီးပြင်းလာရတာတော့ ရှိတာပေါ့. . သူနဲ့က တော့ ဘာဆိုင်လို့လဲ. . မေမေ သဘောမကျဘူးလား ဟင်"

"မဟုတ်ပါဘူး . . လူကိုသဘောမကျတာထက်. . အဖြစ်ကြီးကို မကြိုက်တာပါ. . လူကတော့ ဟိုးငယ် ငယ်လေးတည်းက သူငယ်မလေးကို မေမေကိုယ်တိုင် လည်း ချစ်ခဲ့ရပြီးသားပဲဟာ. . ကဲ. . ကဲ. . ခေါ်ပါ ဦး . . ခေါ်ပါဦး . . ကြည့်ရှုစကားပြောဆိုရအောင်. . ငယ်ငယ်က အဖြစ်ကလေးတွေလည်း အမှတ်တရနဲ့ လွမ်းပါတယ်ကွယ်"

ဒိုးဒိုးက အဖူးနှင့် မြေးချစ်တို့ကို လှမ်းခေါ်လိုက် သည်။ မျက်နှာငယ်လေးတွေ ကိုယ်စီနှင့် ကုပ်ကုပ်. . ကုပ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကုပ်နှင့် ရောက်လာကြသည့် ကလေးနှစ်ယောက်ကိုကြည့်ကာ ဒေါ်လှလှက သက်ပြင်းချ စိတ်လျှော့ပြီး လက်ကမ်းပေးကာ ကြိုဆိုလိုက်လေသည်။ ဒိုးဒိုးက အလိုက်တသိနှင့် ထိုင်ရာက ထပေးလိုက်သောအခါ အဖူးနှင့်မြေးချစ်တို့ နှစ်ယောက်သား က ဒေါ်လှလှရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာ ဝင်ထိုင်လိုက်ကြသည်။

❀ ❀ ❀

ခင်မောင်ကြည်က အဝေးပြေးကားဂိတ်မှာပင် ကားငှားလိုက်ကာ 'ကမာရွတ်'ဟု လိပ်စာတစ်ခုကို ရွတ်ပြလိုက်ပါသည်။ ခရီးသွားရာမှ ပြန်ရောက်ရောက်ချင်း . . ရန်ကုန်မြေကို ခြေချသည်ဆိုဆိုချင်းပင် ခင်မောင်ကြည် သိချင်မိသော အရာမှာ ဒိုးဒိုးနှင့် အဖူးတို့ရဲ့ အခြေအနေကိုပင်တည်း။ ခရီးမှာ မြို့ကြီးများ အများအပြားကို ဆက်တိုက်သွားလိုက်ရသဖြင့် သူမှန်းထားသော တစ်ပတ်ဟူသည့် အချိန်ထက်လည်း ပိုကြာသွားခဲ့သည်။

အမှန်စင်စစ်က ခရီးက ပြန်ရောက်သည် ဆိုတာနဲ့ ကိုယ့်အိမ်ကိုယ် တန်းပြန် . . ပြီးတာနဲ့ ရေမိုးချိုး အဝတ်လဲပြီးရင် ရုံးသို့သာ တန်းတက်ရရုံရှိပါသည်။ ဒီကနေ့က ရုံးဖွင့်ရက်ကြီးဖြစ်သည်။ သို့သော် ခင်မောင်ကြည်က အဲဒီလိုမလုပ်နိုင် . .။ ခုမှမနက်ရှစ်နာရီထိုးခါနီးသာ ရှိသေးတာမို့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဖူး ရုံးမသွားခင်အချိန်ကို မီလိုမီငြား အဖူးရဲ့အဆောင်ကို သာ တန်းလာလိုက်ပါသည်။

ဒီတစ်ပတ်ကျော်လုံးလုံး ခင်မောင်ကြည်ရဲ့ စိတ်အစဉ်မှာ နေမထိ ထိုင်မသာ ရှိလွန်းလှသည်။ စားသောက်သွားလာ၊ နေထိုင်၊ အလုပ်လုပ်. . ရှိသမျှ အချိန်တိုင်းမှာ စိတ်ကမဖြောင့်၊ အိပ်မရသည့် ညများကလည်း တစ်ပတ်ကျော်အတွင်း ငါးရက်လောက်တော့ အသာကလေးရှိမည်။ ဘယ်. . ခင်မောင်ကြည်ဆိုတာ အရင်က ဘယ်ဒီလိုဟုတ်မလဲ. . ဒီလိုများ ခရီးတွေထွက်ရပြီဆိုရင်. . "ချေးစက်ကျရာမှာ ပျော်တဲ့လောက်ကောင်"ဟု တင်စားခံရလောက်အောင် အလုပ်ထက် အရှုပ်အပျော်ကို ဦးစားပေးရင်း ကိုယ်ပျော်သလိုပဲနေ့,နေခဲ့တတ်တာ. . ။

ခုတစ်ခါမှာတော့ ခါတိုင်းနဲ့မတူပြီလေ. . ။ ကိုယ်ခိုင်းခဲ့တဲ့ကိစ္စကြီး အောင်မှအောင်မြင်ပါ့မလား . . ။ ကောင်မလေးလုပ်မှ လုပ်ထားရဲ့လားလို့ စဉ်းစားမိတာက တစ်မျိုး၊ မလုပ်တတ် လုပ်တတ်နှင့်မို့ အားလုံးပေါ်ကုန်ပြီလား . . မအောင်မမြင်ပဲ ရှိနေမလားလို့ ပူရတာကတစ်ဖုံ။ ဒါမှမဟုတ်ရင်. . အ,တီး အ,တနဲ့ မလည်ရှုပ်လုပ်မိလို့ . . သူပဲချောင်ပိတ်မိပြီး ဒုက္ခရောက်သွားရကာ. . အားကိုးတိုင်ပင်ရမည့် ခင်မောင်ကြည်ကလည်း မရှိချိန်မို့ မျက်ရည်နဲ့ မျက်ခွက်ပဲ ရှိနေရပြီလားဟု ရင်ထဲမကောင်းရတာက တစ်သွယ်။ နေမထိ ထိုင်မသာ ဖြစ်လိုက်ရတာဆိုတာ။

ရောက်ရာအရပ်က ဖုန်းဆက်ဖို့ ကျပြန်တော့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဆောင်မှာ ဖုန်းမရှိ. . ရုံးကျတော့လည်း မဆက်ရဲပြန်။ ခင်မောင်ကြည့် စိတ်ထဲ အမြဲပဲ လေးပင်လျက်ရှိကာ. . အောင်အောင်မြင်မြင် လုပ်ထားနိုင်သည် ဆိုတာထက်. . ဘာမှမလုပ်ရှားဘဲ ကြောက်ပြီး ငုတ်တုပ်ထိုင်နေတာနှင့်. . မျက်ရည်စီးကြောင်းများနှင့်အတူ အိပ်ရာထဲပါ လဲနေရတော့တာ. . ဒီနှစ်မျိုးကိုပဲ တစ်လှည့်စီ တစ်ကန့်စီ မြင်ယောင်နေမိတော့တာပါပဲ. . ။

ဘယ်တုန်းကမှ မတွေးစဖူး . . "သူမှားများမှားပြီလား"ဟု တွေးမိနေရတာကလည်း အကြိမ်ကြိမ်ပင်. . ။ မှားခဲ့သည်ဆိုရင်တောင်. . တဇွတ်ထိုးဆန်ဆန် ပညာမဲ့သည့် အမှားမျိုး ဖြစ်နေပေမယ့် စေတနာတော့ဖြင့် မမဲ့လှသည့် အမှားမျိုးပဲ ဖြစ်ပါလိမ့်မည်. . ဟု ကိုယ့်ကိုယ်ကိုယ် မနည်းပြန်ပြီး ဖြေသိမ့်ထားရလေသည်။

"ကားဆရာ. . ဟိုးရှေ့ကခြံပဲ. . အဲ. . အဲ. . နေဦး ဒီမှာပဲ ရပ်တော့. . ဒီမှာပဲရပ် ရပ်. . ရပြီ. . အား ဟုတ်ပြီ. . "

အဖူးတို့ အဆောင်ခြံရှေ့ထိ မရောက်ခင်ပင် ခင်မောင်ကြည်က ကားကိုရပ်ခိုင်းလိုက်ကာ ကားပေါ်မှဆင်းလာခဲ့လိုက်တော့သည်။ ဆက်သွားလို့ကလည်း မဖြစ်တော့ဘူးလေ. . ခြံဝမရောက်ခင်တင်ပင် ဟိုသတ္တဝါကောင် စီးနေကျ ရုံးကကားကြီးကို ခြံဝအပြင်ဘက်မှာပဲ လှမ်းမြင်နေရတာ. . ။ ဘာသဘောပါလိမ့်. . မနက်ခင်း စောစောစီးစီးကြီး။ ဘာတွေမှန်းကိုမသိ ပူလာခဲ့ရသော ခင်မောင်ကြည်မှာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခုလည်းပဲ ဘာတွေကိုမှန်းမသိ. . ပူရပင်ရပြန်ပါလေတော့သည်။

ခရီးဆောင်အိတ်ကြီးလွယ် ကိုယ့်ကိုယ်ကိုယ် အိတ်နဲ့ရော ကားနဲ့ပါကွယ်ပြီး ခြံရှေ့က တစ်ခေါက်ဖြတ်အကြည့် မှာတင်ပင် အိမ်ပေါ်မှ အဖူးနှင့် ဒိုးဒိုးတို့ ဆင်းလာကြသည်ကို မြင်လိုက်ရတော့သည်။ ကောင်မလေးကို အရင်အကဲခတ်. .။ အင်း . . ဘာမှ ဘရုတ်ဘရက်တော့ ဖြစ်ပုံမရဘူး။ ကောင်မလေးမျက်နှာက အေးအေးဆေးဆေးပဲ. . အောင်မယ်. . နည်းနည်းလေးတောင် ပြုံးနေလိုက်သေး . . တော်ပါသေးရဲ့. .။ ဒါပေမယ့် မဟုတ်တရုတ် မဖြစ်ရင် ဟုတ်တုတ်တုတ် ဖြစ်နေတဲ့ပုံကော ရသလား . . အင်း . . အဲဒီလိုလည်း မဟုတ်ပြန်ဘူး . . ဘာပါလိမ့်. .။

ဟိုသတ္တဝါကောင်လေးရော. .။ ခင်မောင်ကြည်က လမ်းတစ်ဖက်သို့ အမြန်ကူးကာ ဟိုဘက်ပလက်ဖောင်းဘက်က ပိတောက်ပင်တစ်ပင်၏နောက်တွင် အမြန်ဆုံး ပြေးဝင်ကပ်ပစ်လိုက်ပါသည်။ ပြီးမှာ အသာလေး ခေါင်းပြန်ထွက်ကာ ခြံထဲကိုပြန်ချောင်း . .။ အမယ်. . နှစ်ယောက်သားတွဲပြီး ကားဘေးအထိလာရပ်ကာ စကားပြောနေကြပြန်ပြီး . .။ နေဦး . . လက်ကလေး ဘာလေးများ ကိုင်ချိတ်ထားကြသေးသလား . .။ အဲ. . ဒီလိုတော့လည်း မဟုတ်သေးဘူး . .။ မျက်နှာတွေ ကိုယ်စီကတော့ အေးအေးဆေးဆေးသာမန်တွေပါပဲလား။ ဒါပေမယ့် ဘာမှအကြောင်းမထူး . . ဟုတေ့ ဒီလိုကြီး တစ်ထစ်ချကြီး ပြောလို့မရဘူးလေ. .။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ့်မျက်စိကလည်း အနည်းငယ် မှုန်နေပြီဆိုတော့ သူတို့ချင်း မျက်လုံးချင်း စကားပြောနေကြတာကို ကိုယ်မမြင်မိတာလည်း ဖြစ်နိုင်တာပဲ. . ။ ဒီကောင် ဒီအချိန်မှာ ဒီနေရာ ရောက်နေရ တာကိုက နည်းတဲ့ထူးခြားမှုလား . . ။ ဘာများ လာစရာ အကြောင်းရှိလို့လဲ. . ။

စနေ တနင်္ဂနွေဆိုလည်း ထားပါတော့။ ဖယ်ရီ မလာနိုင်လို့ ရုံးသွားဖို့အတွက် လာကြိုတာဆိုရင်တောင်မှပဲ ထားပါဦးတော့ . . ။ ခုတော့ လာကြိုတာလည်း မဟုတ်ပေါင်။ ရုံးဖွင့်ရက်မို့ မကြာခင်မှာပဲ ရုံးမှာ နှစ်ယောက်သား တွေ့ကြ ရတော့မည့်ဥစ္စာ. . ။ "အလုပ်ကိစ္စအရေးကြီးလို့ လာပြောတာ" ဆိုရင်တောင် ခင်မောင်ကြည်တို့က လက်မခံနိုင်ပါဘူး . . ။ ခဏစောင့်လိုက်တော့ ဘာဖြစ်သွားမှာမို့လဲ. . ။

မကြာခင်မှာပင် အဖူးက ဒိုးဒိုးကို နှုတ်ဆက် ကာ ခြံထဲပြန်ဝင်သွားပြီး ဒိုးဒိုးက ပြန်ရန် ကားဆီအလှမ်း ဒီဘက်သို့ မျက်နှာလှည့်လိုက်တာမို့ ခင်မောင်ကြည်က ခေါင်းထွက်ပြီး ချောင်းနေရာမှ ပိတောက်ပင်မှာ ကျောပြား ပြားကပ်ကာ တစ်ကိုယ်လုံးကို တစ်လက်မမှ မထွက်ပေါ်စေ တော့ဘဲ ပိပိပြားပြားနှင့် ခပ်ကြာကြာ ငြိမ်ပေးနေလိုက်ပါသည်။ ဒီကောင် ခင်မောင်ကြည့်ကို မြင်သွားလို့ မဖြစ်ဘူးလေ. . ။ သူ့ကို ခင်မောင်ကြည်က လောချောင်းနေသည်ဆိုသည့်အဖြစ် ကို ဒီကောင်သိသွား၍ မဖြစ်သလို. . ခင်မောင်ကြည် ကိုယ် တိုင်လည်း "ဘာကိစ္စဒီအချိန်မှာ ဒီအရှေ့သို့ ရောက်နေရသ လဲ"ဆိုတဲ့ မေးခွန်းက ရှိနေသည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒီကောင့်လိုပဲလေ. .၊ စနေ တနင်္ဂနွေတွေမို့ လာကြည့်စောင့်ရှောက်ပေးတာပါဆိုရင် ဟုတ်တုတ်တုတ်ရှိပေမယ့်၊ ခရီးက ပြန်ရောက်ရောက်ချင်း၊ ရန်ကုန်မြေပေါ် ခြေနင်းနင်းချင်း . . မကြာခင် ရုံးမှာလည်း တွေ့ကြရမယ့်ဟာ ဘာကိစ္စရောက်လာရသလဲ. . ဆိုတာက ဖြေရအတော်ခက်မယ့် မေးခွန်းမျိုးကြီးပဲဟာ. .။ နေပါဦး . . ခုချိန်ထိ. . ဒီလောက် ဆူညံမြည်ဟီးလှတဲ့ ဒီဇယ်ကားကြီးရဲ့ စက်နှိုးသံ. . ကားတံခါး ဖွင့်သံပိတ်သံ. . မောင်းထွက်သံတို့ကိုလည်း မကြားရသေးပါလား . . ဘာသဘောပါလိမ့်. .။

အမှန်စင်စစ်မှာတော့ အိမ်ပေါ်မှ ယှဉ်တွဲပြီး ဆင်းကြစဉ်ကတည်းက ခရီးဆောင်အိတ်ကိုလွယ်ပြီး ခပ်ကွယ်ကွယ်လုပ်ထားကာ ခြံရှေ့မှ ရိပ်ခနဲ ဖြတ်လျှောက်သွားခဲ့သည့် ကိုကြည့်ကို ဒိုးဒိုးက မြင်လိုက်ပြီး ဖြစ်ပါသည်။ အဖူးကိုလည်း "ဣန္ဒြေမပျက်စေနဲ့"ဟု သတိပေးပြီး ခဏစောင့်ကြည့်တော့ ဒီလူက ပိတောက်ပင်နှင့် ကွယ်ရပ်ကာ ခြံဘက်သို့ ပြန်ချောင်းကြည့်နေသည်နှင့် ကြုံလိုက်ရတာ။

"စိတ်မပူနဲ့. . ဘာမှမဖြစ်စေရဘူး အဖူး"ဟု အဖူးကို နှစ်သိမ့်ကာ အဆောင်ထဲ ပြန်ဝင်ခိုင်းလိုက်ပြီးသော် ဒိုးဒိုးက ကားနားမှာ ခဏရပ်ကာ စဉ်းစားမိသည်။ ဒီတိုင်း မသိလိုက် မသိဘာသာပဲ ဆက်ထွက်သွားရမလား . .။ သွားတွေ့ရင်ဆိုင်ပစ်လိုက်ရမလား . .။ နောက်ဆုံးတော့. . ကိုယ်က မသိလိုက်မသိဘာသာနှင့် ထွက်သွားလျှင် အဖြေရကျပ်ကာ ဒုက္ခရောက်ကျန်ရစ်ရတော့မှာက အဖူးမို့ ဒိုးဒိုးက

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုကြည်နှင့် ခုပင်ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

အချိန်အတန်ကြာသောအခါ ခင်မောင်ကြည်မှာ မနေသာတော့ဘဲ ပိတောက်ပင်အကွယ်ထဲမှ ခေါင်းကလေးကို အနည်းငယ် ပြန်ပြူလိုက်မိပြန်ရာ ရုတ်တရက်ကြီး 'ဘွား' ခနဲ မြင်တွေ့လိုက်ရသောအရာမှာ. . ဒိုးဒိုး ဝတ်ဆင်ထားသော ရှပ်အင်္ကျီအပြာနုရောင်ကလေးပင်တည်း . .

"ဟာ. . ငါ့လခွေး . ."

ခင်မောင်ကြည်က လန့်ဖြတ်ယောင်ယမ်းပြီး အော်လိုက်မိသောအခါ ဒိုးဒိုးထံမှ ရယ်သံများ ထွက်ပေါ်လာ၏။

"ဘာလုပ်နေတာလဲ ကိုကြည်ရဲ့"

"ဟင်. . တောက်. . အဲဒါ ငါက မင်းကို မေးရမှာ ပါကွ. ."

"ကျွန်တော် အဖူးဆီလာတာလေ. . အဖူး ဒီနေ့ နေမကောင်းဘူး . . ရုံးမတက်နိုင်ဘူးလို့ သူ့သူငယ်ချင်းတစ်ယောက်က ဖုန်းလှမ်းဆက်ပေးတာနဲ့ အိမ်က နေ ရုံးကိုထွက်အလာ. . လမ်းကြုံတစ်ချက် ဝင်ကြည့်လိုက်တာ. ."

ဩော်. . ဖြစ်နိုင်တယ်. . ဒါကြောင့် ကောင်မလေးက လက်ရှည်အင်္ကျီလိုလို. . အနွေးထည်လိုလိုနဲ့ ဖြစ်နေတာ. .။ ကဲ. . အဲဒါမှ ဂွပဲ. . ဒီကောင်ကတော့ လုံးလုံးလွတ်မြောက်သွားပြီး ကိုယ်သာ ချောင်ပိတ်ကျန်ရစ်ပြီ. .။ ခင်မောင်ကြည်က "အဟမ်း . . အဟမ်း"ဟု ချောင်းတစ်ချက်နှစ်ချက်လောက် ဟန့်လိုက်တာ ပိတောက်ပင် နောက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကွယ်မှ ပလက်ဖောင်းပေါ်သို့ လုံးလုံးကြီး ထွက်ရပ်လိုက်လေသည်။ ပြီးမှ ခန္ဓာကိုယ်ကို မတ်လိုက်. . အိတ်ကိုပြင်လွယ်လိုက်. . အင်္ကျီစကို ဟိုဒီဆွဲချလိုက်နှင့် အချိန်ကုန်. . အလုပ်ရှုပ်ခံလိုက်ပြီးသော်. .

"အေး . . ကိုယ်ကတော့ကွာ. . ဒီမနက်မှ ပြန်ရောက်လာတာ. . ခုနကပဲ ကားဂိတ်က ဆင်းလာတာ. . ဂိတ်မှာ သူငယ်ချင်းတစ်ယောက်နဲ့တွေ့လို့ စကားလည်းပြောရအောင် ခရီးလည်း ခရီးကြုံဆိုပြီး သူ့ကားနဲ့ပါလာတာ. . သူကလည်း ကိစ္စရှိတော့ ကိုယ့်ကို အိမ်အထိ မပို့ပေးနိုင်ဘူး . . ဒီနားကတော့ ဖြတ်မယ်ဆိုတာနဲ့ ကိုယ်က စဉ်းစားတယ်လေ. . ဒီအချိန် ကောင်မလေးကို လာကြိုမယ့် ဖယ်ရီနဲ့ ကိုယ်မီနိုင်တယ်. . အိမ်မပြန်တော့ဘူး . . ရုံးပဲ တန်းတက်လိုက်တော့မယ်ဆိုပြီး . . ဖယ်ရီကို မီလိုမီငြား ဒီကိုဝင်လာလိုက်တာပဲ. . ဟဲ ဟဲ ဟဲ. . "

ခင်မောင်ကြည်က ပြောလိုက်ပြီးမှ ကိုယ့်ဆင်ခြေဆင်လက်ကို ကိုယ့်ဘာသာပင် အတော်ကြီး ပြန်ပြီးကျေနပ်သွားရပါသည်။

"ဒါများ . . ကိုကြည်ရယ်. . ဖယ်ရီမတွေ့ဘဲ ကျွန်တော့်ကားနဲ့ပဲ ကြုံရတော့ကော ဘာဖြစ်တုန်း . . ကားနားရပ်စောင့်နေလည်းရတယ်. . ကားပေါ်တက်ထိုင်နေချင်လည်း ရတာပဲ. . ဒီလိုမှ မဟုတ်ရင်လည်း အဆောင်ထဲပဲ ဝင်လာလိုက်ပေါ့. . ဘယ့်နှယ့်. . ဒီ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပိတောက်ပင်နောက် ရောက်နေရတာလဲ. . ကိုကြည့်
ဟာက ဒီအောက်မှာ ရပ်စောင့်နေတာနဲ့ မတူတော့ဘူး၊
ပုန်းနေသလိုတောင် ဖြစ်နေပြီ. . ”

အောင်မာ. . ဒါမျိုးတွေ ခင်မောင်ကြည်တို့က ဖြစ်တာနော်. . မောင်ရင်. . မင်းလောက်တော့ ခင်မောင်ကြည်တို့က အိပ်နေသလောက်ပဲ. . သနားတောင် သနားသေးတယ် ကွယ်. . နော်. . ။ ပြောပုံကိုက သူကျတော့ အပြစ်လုံးလုံး မရှိ. . ။ သိပ်ကိုရိုးသားပါတယ်ဆိုတဲ့ သဘော. . ခင်မောင်ကြည့်ကျတော့. . “ခင်ဗျားချောင်းနေတာ ကျွန်တော်သိပါတယ်. . ဟား ဟား”ဟု လှောင်ချင်နေသည့်သဘော. . ။ ဒါမျိုးတော့ ဘယ်ရမလဲ. . ခင်မောင်ကြည်ဆိုတာ ပေါ်လာတဲ့ အကွက်ကိုမှ ဖြစ်အောင်မနင်းတတ်ရင် လောကကြီးမှာ လူတောင်လုပ်မနေတော့ဘူး မောင်ရင်ရေ. . ။

“ဟား ဟား ဟား . . ပုန်းနေသလို ဖြစ်နေတာမဟုတ်ဘူး ကိုယ့်ဆရာရေ. . ပုန်းကိုပုန်းနေလိုက်တာဗျား . . ကံကဆိုးချင်တော့ ပုန်းတာတောင်မလုံဘဲ လူကမိရသေးတယ်. . ဟား ဟား ဟား . . ”

“ဗျာ. . ဘာလို့ပုန်းရတာတုန်း . . ကလေးမဟုတ် သူငယ်မဟုတ်. . ”

“ဘာလို့ ပုန်းရတာဆိုတော့ မနက်စောစောစီးစီး ဒီနေရာကြီးမှာ ကိုယ့်ဆရာလာရောက်နေစရာအကြောင်း ကိုမရှိလို့. . သိပြီလား . . တစ်အချက်. . ကိုယ့်ကို မြင်လိုက်ရင် ဒိုးဒိုး ရှက်သွားမှာ. . လန့်သွားရမှာကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကိုယ်စိုးတယ်. . နှစ်အချက် အကြောင်းမရှိဘဲ ရောက်နေရတဲ့ အထွေထွေမန်နေဂျာကြီးနဲ့ စက္ကထရီမလေးတို့ရဲ့ အဖြစ်မှန်တွေကို ကိုယ်လည်း လူသားပီပီ စပ်စုချင်တယ်လေ. . ဟဲဟဲဟဲ. . ဝိုင်းဝန်းတန်သင့် ဝိုင်းဝန်းစောင့်ရှောက်တန်သင့် စောင့်ရှောက်. . ဖုံးစရာရှိ ဝိုင်းဖုံးပေး . . နားချစရာရှိ နားချပေါ့. . ဟဲဟဲဟဲဟဲ. . ”

“သူ နေမကောင်းဘူးဆိုလို့ ကျွန်တော်က လမ်းကြုံဝင်ကြည့်တာလေ. . ”

“ဟုတ်ပါပြီ. . ရှင်းပါပြီ. . ကဲပါ. . လာပါ. . သွားကြစို့. . မိန်းကလေးဆောင်ရှေ့ ကိုယ်တို့ယောကျ်ားကြီးနှစ်ယောက် မတ်တပ်ကြီးတွေနဲ့ကြာပြီ. . မကောင်းတော့ဘူး . . လာ. . လာ. . ”

ခင်မောင်ကြည်ကပင် ဦးဆောင်ကာ နှစ်ယောက်သား ကားပေါ်တက် မောင်းထွက်သွားခဲ့ကြပါတော့သည်။ နှစ်ယောက်လုံး ကိုယ်စီခေတ္တ နှုတ်ဆိတ်နေကြသည်။ တစ်ယောက်ကိုတစ်ယောက် အကွက်ချ ပြောကြားလိုသော စကားများကို စကားလုံးစီနေကြ၍ နှစ်ယောက်လုံး ခေါင်းမအား၊ စိတ်မအား . .။ ဒိုးဒိုးအနေနဲ့ကလည်း ကိုကြည့်ကို နည်းနည်းလောက်ဖြစ်ဖြစ် အရိပ်မပြွက်မျှတော့ သိထားစေချင်ပြီ. .။ အနည်းဆုံးတော့ ကိုယ်နဲ့အဖူးတို့ သံယောဇဉ် ဖြစ်နေကြပြီဆိုတာလောက်ပဲဖြစ်ဖြစ်ပေါ့. .။ အဲဒီလောက်လေး ပေးသိထားနိုင်ရင်တောင် မဆိုး။ ဒါပေမယ့် ဘယ်က စရမှန်းမသိ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည့် အနေနဲ့ကတော့ ဒီတစ်ပတ်အတွင်း အချိုးအချိတ်တို့ ပြောင်း,မပြောင်းရယ်. . အကယ်၍မပြောင်းရသေးသည်. . နဂိုနေအတိုင်းပဲရှိသေးသည်. . ဆိုသော် ဒီကိစ္စမှာ ကိုယ်ဝင်ပါရတော့မည့်ကိစ္စ ဖြစ်သွားပြီဖြစ်သဖြင့်. . စကားကို တတ်နိုင်သမျှ စောစောစ,ထားနိုင်ဖို့ရယ်. . ပြီးတော့ ဒီကောင်လေးရဲ့ ရင်ထဲကအကြောင်းရင်းတွေကို သိနိုင်ဖို့ရယ်. .။ အဖူးအပေါ် စိတ်ဝင်စားသည်ဆိုရုံလောက်ကလေး နှုတ်ဆော့ခြေဆော့လောက် လုပ်ချင်ကာ. . တကယ်တမ်းကတော့ ခင်နှင်းဆီနှင့်သာ မေတ္တာရှိကြပါမည်ဆိုရင်တော့ ဘယ်ဖြစ်မလဲ. .။ ဒါမျိုးကျ ကိုယ်ကဖိအားပေးသင့် ပေးရမည်။

နောက်ဆုံးကျတော့ ဒိုးဒိုးက ဘာမှမစနိုင်သေးခင်. . ဒါမျိုးတွေနှင့် အကျွမ်းတဝင်ရှိပြီးဖြစ်သည့် ခင်မောင်ကြည်ကပဲ စတင်ကာ. .

"ဒိုးဒိုး . . အသက်ဘယ်လောက် ရှိပြီလဲဟင်. . အဲ. . ရိုင်းတယ်လို့တော့ မထင်နဲ့နော်"

"ရပါတယ်. . ကျွန်တော် နှစ်ဆယ့်လေး ပြည့်တော့မယ် ကိုကြည်"

"အရွယ်ကောင်းပဲ. . ကိုယ်တို့ထက် အများကြီး ငယ်တာပဲ. . ဒါပေမယ့်. . အင်း . . အဖော်ရှာဖို့. . အိမ်ထောင်လေး ဘာလေးပြုဖို့ဆိုရင်တော့ မနည်းတော့ဘူးနော်. . စဉ်းစားသင့်တဲ့အရွယ် ရောက်နေပြီ. . ဝေးဝေးမကြည့်နဲ့ ကိုယ့်ကိုပဲကြည့်. . ပျော်ပျော်နေချင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တာနဲ့. . လွတ်လပ်ချင်သေးတာနဲ့. . မိဘကို ငဲ့နေတာနဲ့ပဲ ဟော. . ခုဆိုရင် ဟိုင်းပြီ. . လူပျိုကြီးဆိုတဲ့ စာရင်းထဲ အသွင်းခံလိုက်ရပြီ. . ”

“ဟင်း ဟင်း ဟင်း . . ဒါပေမယ့် ကိုကြည်တို့ခေတ်ကတော့ ကုန်ဦးမှာ မဟုတ်ပါဘူး . . ကျွန်တော်တို့တောင် ဆရာတင်ထားရမယ့် အနေအထားပဲ ရှိပါသေးတယ်. . ”

“ဆရာတင်ချင်ရင်တော့ အချိန်မရွေးပြောနော်. . ကိုယ်က ဒီ့ပြင်နေရာတွေထက် အဲဒီတစ်နေရာတော့ ကောင်းကောင်း အသုံးဝင်တယ်. . အထူးသဖြင့် ကိုယ်လည်း ဒိုးဒိုးလိုပဲ အမေတွယ်တာတတ်တဲ့ သားဆိုတော့. . ကိုယ့်အမေကို ဘယ်လိုဦးစားပေးပြီး ဘယ်လိုရွေးချယ်ရမလဲဆိုတာ သိတယ်ကွ. . ဒိုးဒိုးတို့လို အမေတစ်ခု သားတစ်ခု နေလာခဲ့တဲ့ သူဆိုတော့ ပိုဆိုးတာပေါ့. . ဘယ်နည်းနဲ့မဆို. . အလိမ္မာအိမ်ပါ. . အမေနဲ့လည်းတည့် ဆိုတာမျိုး ဖြစ်သင့်တယ်နော်. . ဒါ သိပ်အရေးကြီးတယ်. . ”

“ဆိုပါဦး ကိုကြည်. . ”

“အဘက်ဘက်က ပြည့်စုံထက်မြက်နေပေမယ့်. . ကိုယ့်ခေါင်းပေါ်ကရော. . ရှင်းရှင်းပြောရရင် ကိုယ့်အမေရဲ့ ခေါင်းပေါ်ကပါ မဆင်းမယ့် မာနကြီးကြီး သြဇာများများ၊ မောက်မောက်မာမာ မျိုးထဲကတော့ ဘာလုပ်မှာလဲ. . မဟုတ်ဘူးလား . . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဟုတ်တာပေါ့ ကိုကြည်ရဲ့. . ကျွန်တော်ဆို ခုချိန်မှာ သားတစ်ယောက်အဖေလိုကလည်း ဖြစ်နေပြန်သေးတော့. . အဲဒီသားနဲ့ တည့်ကြဖို့ကလည်း လိုပြန်ရော"

ခင်မောင်ကြည်က ကားဒက်(ရှ်)ဘုတ်ကို လက်ဖဝါးနှင့် ဖြောင်းခနဲအသံမြည်အောင် ရိုက်ထည့်လိုက်ကာ. . နှစ်ထောင်းအားရသံကြီးနှင့်. .

"အဲဒါပြောတာ. . အဲဒါကိုပဲ ပြောချင်တာပေါ့. . ဘယ်နည်းနဲ့မဆို သားနဲ့လည်းတည့်ရမယ်. . အမေနဲ့လည်း တည့်ရမယ်. . ကြင်နာတတ်ပြီး အေးအေး ဆေးဆေး ရိုးရိုးသားသားထဲကလည်း ဖြစ်ရမယ်. . ပိုက်ဆံရှိဖို့လည်း မလိုဘူး . . အသိုင်းအဝိုင်းဆိုတာကလည်း တောင့်လေရှုပ်လေနော် မောင်ရင်. . တကယ်ဆိုးတာ၊ ဒါပေမယ့် ကိုယ့်ဘက်ကလည်း . . 'မင်း ငါ့အမေနဲ့ သားနဲ့ကိုတော့ တည့်အောင်ပေါင်းမှဖြစ်မယ်' ဘာညာပေါ့. . အဲဒီလို ပိုင်ပိုင်နိုင်နိုင်ကြီး ပြောထားနိုင်ဖို့ရာကျတော့. . ကိုယ့်လက်အောက်ခံလိုဖြစ်နေတဲ့ မိန်းကလေးမျိုးဆို ပိုကောင်းတာပေါ့. . နို့မို့ဆို. . သူစိမ်းကြီးကို ဘလိုင်းကြီး သွားပြောနေလို့ကတော့. . 'အောင်မာ. . ရတောင်မှ မရသေးဘူး . . ရှင်က ကြိုနှိမ်ထားချင်တယ်ပေါ့လေ. . 'ဘာညာနဲ့ ပြေလည်မှာမဟုတ်ဘူး . . ဒါတွေကြောင့် ကိုယ်လည်း လူပျိုကြီးဖြစ်နေတော့တာပဲ ဟား ဟား"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်က ကားမောင်းနေသည့် ဒိုးဒိုးကို မသိမသာ စွေကြည့်ကာ အကဲခတ်လိုက်သည်။ ခင်နှင်းဆီကို မသိမသာကလေး လှည့်ပတ်အပုပ်ချ. . မကောင်းစာရင်းသွင်းလိုက်ပြီးသောအခါ. . "ကိုယ့်လက်အောက်က မိန်းကလေးမျိုး" ဟုလည်း မသိမသာ တစ်လုံးတော့ ရိုက်သွင်းထည့်လိုက်ပြီ။ ဒီကောင် ဘယ်လိုအပြောင်းမလဲများ ရှိမလဲ. . ။ အဖူးနှင့် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပတ်သက်ပြီးကြပြီ ရင် ဒီကောင် မူတော့နည်းနည်းပျက်ရမည်။ အနည်းဆုံးတော့ "ငါ့အကြောင်းတွေကို ကိုကြည် သိကုန်ပြီလား . . "ဆိုတာ လောက်ပေါ့။

အင်း . . ခုတော့ မူကတော့မပျက်. . ကိုယ့်စကားတွေမှာ စိတ်ဝင်တစား ရှိပုံတော့ရသည်။ မာနကြီးကြီး၊ ဩဇာများများ မိန်းမမျိုးကိုလည်း မစဉ်းစားဘူးဟူသည့် သဘောကို ပြောနေပြီ. . ။ "မြေးချစ်နဲ့ပါ တည့်ရမည်"ဟုကို အတိအလင်းကိုပြောတာ။ ခင်နှင်းဆီက ဘယ်မှာတည့်လို့ လဲ. . ဒီလောက် တကျက်ကျက် ဖြစ်နေတာ သူလည်းမြင် သိနေမှာပဲဟာ. . ။ အင်း . . အောင်မြင်နိုင်လောက်တယ်. . ကောင်မလေးက ဘာမှမကြိုးပမ်းထားဘူး ဆိုတာတောင်. . ကိုယ့်ရဲ့ လိမ္မာပါးနပ်မှုနဲ့တင် ဒီကိစ္စဟာ ဣန္ဒြေမပျက် လျှောလျှောလျူလျူကလေး ပြီးသွားနိုင်လောက်တယ်. . ။

ဒီကောင့်ပုံစံ ကြည့်ရတာလည်း . . ကောင်မလေး နဲ့ ဒီနှစ်လလောက်အတွင်း ဘာမှပတ်သက်မထားရသေးဘူး ဆိုရင်တောင်. . စိတ်ဝင်စားမှုကတော့ ရှိကိုရှိနေပြီ ထင်တာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပဲ. . ။ ခုကိုယ်ပြောနေတဲ့ စကားတွေနဲ့တင် ကောင်မလေးရဲ့ ရုပ်ကိုပဲ ပြေးမြင်နေပြီလားတောင် မသိနိုင်။ ဒီကောင့်လို ငအကောင်မျိုးဟာ တက္ကသိုလ်ကြီး လေးနှစ်လုံးလုံးတက်လာတာတောင်. . ရုပ်ကလေးလည်း မဆိုးပါဘဲနဲ့ မစွံနိုင်ခဲ့တဲ့ ကောင်မျိုးပဲ. . ။ ကြည့်ရတာ ကိုယ့်အနား ရောက်နေတဲ့ မိန်းမမျိုးလောက်ကိုသာ ဖမ်းစိတ်ဝင်စားရဲပြီး . . အဖြစ်ကျတော့ မရှိဆိုတဲ့ ကောင်စားမျိုးထဲက နေမှာပေါ့. . ။

သူကိုယ်တိုင် ပြောခဲ့တာပဲဟာ. . အသက်တော်တော်ကြီးကြီးအထိ သူ့အမေထဘီနောက်က မထွက်ရဲတဲ့ အစားထဲကပါ ဆိုနေမှ. . ဒါကြောင့်မို့ တက္ကသိုလ်ကြီး တစ်ခုလုံးမှာတောင် တစ်ယောက်မှ မချိတ်နိုင်ခဲ့တာ. . ။ ရုံးက တခြားအပျိုကလေးတွေ ဘာတွေကို မချိန်ရဲတာလည်း ဘာမှမဆန်း။ ခင်နှင်းဆီ တစ်ယောက်သာ သူ့ကိုမျက်နှာသာ ပေးပြီး ကပ်လွန်းလို့. . ။ ဒါပေမယ့် ခု ဒီကောင် ခင်နှင်းဆီကိုလည်း လန့်နေပြီ. . ။ ဒီတော့ ဘယ်သူရှိမလဲ. . ။ "အဖူး" တစ်ယောက်ပဲ ပြိုင်ဘက်ကင်း ကျန်ရစ်တာပေါ့။

ယောက်ျားပဲ. . ကိုယ့်လာသြဇာပေးနေတဲ့ သူနဲ့ ကိုယ့်သြဇာလာခံနေတဲ့သူနဲ့ ဘယ်လိုမိန်းမမျိုးကို ရွေးချင်ကြမလဲ. . တွက်ကြည့်ကြလေ. . ။ ဒီကြားတည်း ကောင်မလေးကိုယ်၌ကိုက "မျက်နှာမြင် ချစ်ခင်ပါစေ"ဆိုတဲ့ ရုပ်ရည်လေးနဲ့ပြည့်ဝပြီး ခင်မောင်ကြည်လို ကောင်စားမျိုးကိုတောင်မှ. . အင်မတန် တန်ဖိုးထားလှတဲ့ "လူပျိုဂုဏ်"ကို စွန့်လွှတ်ပြီး . . သားတစ်ယောက်အဖေအဖြစ် သူ့အစ်မကို

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စောင့်ရှောက်မိသွားအောင် ဆယ်နှစ်သမီးကလေးနဲ့တင် စွမ်းဆောင်နိုင်ခဲ့တာပဲ။

"ဒိုးဒိုးကတော့ ပိုင်တဲ့ဆိုင်တဲ့ ကုမ္ပဏီကြီး၊ လုပ်ငန်းကြီးကလည်း ရှိနေတယ်ဆိုတော့ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလို ကိုယ့်လိုလူပျိုကြီးတော့ လုပ်နေလို့မဖြစ်သေးဘူးနဲ့ တူပါရဲ့. . "

ခင်မောင်ကြည်က နောက်ထပ် ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ရုံးကိုရောက်ကြသည်အထိ နှုတ်ဆိတ်သွားတော့သောအခါ ဒိုးဒိုးခမျာ လိုရင်းမရောက်လိုက်သည့်အတွက် မရိုးမရွတွေ ဖြစ်နေရပေမယ့်. . "ဒါ ကိုကြည်ရဲ့ အကွက်တွေပဲ"ဟု အတပ်သိစွာပင် ကိုယ်လည်းငြိမ်နေလိုက်ရပါတော့သည်။

ရုံးရောက်ကြတော့မှ ကိုကြည်က ကားပေါ်က ဆင်းကာနီး ဖျတ်ခနဲ. .

"မောင်ရင့်မှာ တကယ်ပဲ စဉ်းစားရမယ့်သူ မရှိသေးဘူးဆိုရင်. . ဟိုကောင်မလေး . . ဘယ့်နှယ့်လဲ. . မဆိုးဘူးနော်. . ဟဲ ဟဲ ဟဲ. . "

"ဘယ်ကောင်မလေးလဲ ကိုကြည်. . "

"လုပ်မနေပါနဲ့ ဒိုးဒိုးရယ်. . ကိုယ် ဘယ်သူ့ကိုဆိုလိုသလဲ မောင်ရင်သိပါတယ်. . စဉ်းစားနော်. . စဉ်းစား . . လိုအပ်ရင်လည်း ပြောပေါ့. . ကူညီပို့မယ်. . ဟဲဟဲဟဲဟဲ. . "

ကိုကြည်က ရုံးပေါ်သို့ ခပ်သုတ်သုတ် အရင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တက်ချသွားသည်။ ဒိုးဒိုးမှာတော့ ကားရပ်ရင်း . . ဒရိုင်ဘာကို လှမ်းခေါ်ကာ ကားသော့ပေးပြီး နေ့လယ်အလုပ်ကိစ္စတွေ အတွက် ပြောရင်းနှင့်ပင် လူကတော့ မထိန်းနိုင် မသိမ်းနိုင် ပြုံးပြုံးကြီး ဖြစ်နေမိလေသည်။ ရုံးအပေါ်ထပ်ကနေ ကားရုံ နေရာကို လှမ်းမြင်နိုင်သည့် ပြတင်းပေါက်တစ်ခုခုမှာ မသိ မသာလိုလို ဘာလိုလိုနှင့် ကိုကြည်တစ်ယောက် ရှိနေကာ. . လှမ်းအကဲခတ်နေနိုင်လေသည်။

ရှိပစေ. . ကြည့်ပစေ. . ပြုံးနေမိတာကို မြင် လေ. . ကောင်းလေ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

[ အခန်း(၆) ]

ကျောင်းစဆင်းပြီဆိုတာနဲ့ ခင်မောင်ကြည်က ကျောင်းဂိတ်ပေါက်ရှေ့မှာ တိုးဝှေ့နေကြသော မိဘအပေါင်းကို ကျော်ဖြတ်တိုးဝှေ့ပစ်လိုက်တာက ဂိတ်ပေါက်ရဲ့ ထိပ်ဆုံးနေရာနားလောက်မှာ သွားစောင့်နေလိုက်သည်။ မြေးချစ်ကို အမိဖမ်းနိုင်မှကို ဖြစ်မည်လေ. .။ နို့မို့ဆို မြေးချစ်က သူ့ကျောင်းကားဆီ တန်းတန်းမတ်မတ် ရောက်သွားပြီး ကျောင်းကားထွက်သွားရင် ကိုယ်က အုပ်မိလိုက်မှာ မဟုတ်. . ကျောင်းကားတွေကလည်း ဆင်တူတွေချည်းဆိုတော့ မြေးချစ်ရဲ့ ကားက ဘယ်ဟာမှန်းမှ မသိနိုင်တာ. . အနားမှာ သွားစောင့်နေလို့လည်း မရနိုင်ပေ. .။

ဒီနေ့မှ မမိလိုက်ရင် နောက်နေ့ နောက်နေ့တွေ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာ ထပ်လာရှာနေရဦးမည်။ ကလေးကျောင်းဆင်းချိန် ညနေ သုံးနာရီခွဲဟာ ရုံးချိန်ကြီးအတွင်းမှာပဲ ရှိသေးတာမို့ ခဏ,ခဏ လစ်ထွက်နေရရင် ဘယ်ကောင်းပါ့မလဲ. . ။

မြေးချစ်နှင့် တွေ့လိုလျှင် အိမ်သွားလည်ရန် တော့ ခင်မောင်ကြည်က စိတ်ကို မကူးတော့. . ။ ခရီးထွက် ရာက ပြန်ရောက်သည့် ညနေဘက်မှာတင်. . စိတ်ခတ်တွေ အတော်ကြီး ယိမ်းယိုင်သဘောကျနေပြီဖြစ်သည့် ဒိုးဒိုးကို အနီးကပ်တရစပ် နှူးနိုင်ရန်အတွက် ခင်မောင်ကြည်က အချိန် ဆိုင်းမနေတော့ဘဲ. . ညနေဘက်ပါ သူ့ကားနဲ့လိုက်ခဲ့ရင်း အိမ်အထိလိုက်ပါခဲ့ပါသည်။ အဲဒီမှာတင် ထူးဆန်းတာတစ်ခု ကို သတိပြုလိုက်မိတော့တာ. . ။

ခင်မောင်ကြည် ရောက်သွားချိန်မှာ ဧည့်ခန်းထဲ၌ မြေးချစ်နှင့် ဒေါ်လှလှတို့ ထိုင်နေကြသည်။ ခင်မောင်ကြည် နှင့် ဒိုးဒိုးတို့ ဧည့်ခန်းထဲဝင်,ဝင်လိုက်ချင်းမှာပင် ဒေါ်လှလှရဲ့ ပုံစံက 'ဆတ်'ခနဲပင် ဖြစ်သွားတော့ကာ. . သူ့ဘေးက မြေးချစ်ကို အသာတွန်းဖယ်လိုက်ရင်း ထိုင်နေရာမှ ထထွက် သွားတော့ပုံမှာ ခင်မောင်ကြည့်စိတ်ထဲ၌ 'ထင့်'ခနဲပင် ဖြစ် သွားစေပါသည်။

ဒီပုံစံဟာ. . "ခုမှ လုပ်စရာတစ်ခုခုကို ခေါင်း ထဲပေါ်လာလို့ အချိန်မဆွဲဘဲ ထထွက်သွားတာထင်ပါရဲ့"ဟု ဘယ်လိုမှ ဖြေတွေးလို့ မရနိုင်လောက်အောင်ပင်. . ခင် မောင်ကြည်နှင့် မဆုံချင်လို့ ထထွက်သွားပုံမျိုး ဖြစ်နေရပါ သည်။ မျက်နှာထားဟာလည်း သတိထားထိန်းသိမ်းနေပုံရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တဲ့ကြားကပင်. . အပျက်ပျက်နှင့်. . ။ သူ့သားကြည့်ပြန်တော့လည်း သူ့အမေရဲ့ ပုံစံကြောင့် တစ်မျိုးဖြစ်သွားရပုံရနေပြန်သည်။ ဘယ်လိုဖြစ်တာလဲ. . ဒေါ်လှလှ အနေနှင့် ခင်မောင်ကြည်နှင့် မျက်နှာချင်းမဆိုင်ချင်စရာ ဘာကိစ္စတွေများရှိနေလို့လဲ. . ။ သူ့ဘက်ကတော့ ဘာမှရှိမှာမဟုတ်. . ကိုယ့်ဘက်မှာသာ ရှိနေတာက သေချာနေသောအခါ. . နဂိုကမှ မလုံရသည့် ခင်မောင်ကြည်ဟာ အဲဒီနေ့ကလည်း စိတ်မဖြောင့် လက်မဖြောင့်. . ။ နောက်ပိုင်းမှာလည်း အဲဒီအိမ်ကို ဖြစ်နိုင်ရင် ထပ်ကိုမသွားချင်တော့ပေ. . ။

ဒီတော့ မြေးချစ်နှင့် တွေ့လိုလျှင် သူ့ကျောင်းမှာသာ လိုက်ဖမ်းရတော့သည်ပေါ့။ အမှန်ပြောရရင် ဖြစ်ပျက်နေသည့် အခြေအနေကြီးကို ခင်မောင်ကြည်က စိတ်ကုန်လွန်းနေရပါပြီ. . ။ ကိုယ့်တစ်သက်လုံး စီးပွားရေးရော လူမှုရေးကိစ္စများမှာပါ ရှုပ်ချင်တိုင်းရှုပ်. . ပြီးတာနဲ့ အေးအေးဆေးဆေး လှည့်ပတ်ရှောင်ပြေးနိုင်ခဲ့သော ခင်မောင်ကြည်ဟာ ဒီတစ်ခါကျကာမှ နောက်ဆံတတင်းတင်းနှင့် ထိတ်သလိုလန့်သလို. . ရွံ့သလို ကြောက်သလိုတွေ ဖြစ်နေရခြင်းမှာ ဒီကိစ္စကြီးထဲ၌ ငဲ့စရာ. . ထောက်ထားစရာ ကလေးနှစ်ယောက်တို့ပါ ပါဝင်နေကြ၍ပင်တည်း . . ။

ခါတိုင်းများ ဒေါ်လှလှနဲ့ ဒိုးဒိုးလောက်တော့ ပြောမနေပါနဲ့. . တကယ့်လူမိုက်ထိပ်သီးဆိုတဲ့ 'ခေါင်'ကြီးတွေကိုပင်လျှင်. . ရင်ဆိုင်သင့်တာ ရင်ဆိုင်. . ပတ်ပြေးသင့်တာပြေး လုပ်ခဲ့ပေမယ့်. . ကိုယ့်အရှုပ်တော်ပုံအတွက် ကိုယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပြန်နောင်တရ စိတ်ကုန်ရတာမျိုးတော့ တစ်ခါမှ မဖြစ်ခဲ့စဖူးပါ။ ခုတော့ ကိုယ်တကယ်ပဲ စိတ်ကုန်မောပန်းနေပြီ. .။ “ငါမှားများမှားနေပြီလား”ဟုလည်း တစ်ခါမကကို တွေးမိနေပြီးပြီ. .။ ဖြစ်နိုင်ရင်. . ဒီကိစ္စကြီးဟာ လုံးဝမဖြစ်ပွားရသေးဘဲ “တစ်”ကနေ ပြန်စခွင့်ရရင်ရ. . ဒါမှမဟုတ်. . အားလုံးအဆင်ပြေချောမွေ့စွာ အမြန်ဆုံး ပြေလည်အောင်မြင်သွားလိုလှပါပြီ။

ဒီတော့ ‘တစ်’ကလည်း ပြန်စလို့မှ မရတော့တဲ့တူတူ. . အမြန်ဆုံး ပြေလည်အောင်မြင်အောင်သာ တွန်းလှုပ်ရှားရပေတော့မည်။ အမှန်ကတော့. . ထီပေါက်သလောက်တောင်မှ ဖြစ်နိုင်ချေ မများဘဲနှင့် ရုတ်တရက် မကြုံစဖူးမကြားသဖူး ကံဇာတာတွေ မြင့်မားတိုးတက်သွားခဲ့တဲ့ ဟိုကောင့်ကို မနာလိုတာက စမိတာ။ မစ္စတာ ကာဆိဂိအိုမိရဲ့ အမျိုးဟာ ဒီကောင်မဟုတ်ဘဲ ကိုယ်များဖြစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲလို့ တွေးမိပြီး သူပိုင်ဆိုင်သွားခဲ့တဲ့ ပိုင်ဆိုင်မှုအဝဝကို အားကျပြစ်မှားလိုက်မိတာက စမိတာ. .။

အဲဒီအချိန်မှာ အမေကလည်း ရုတ်ချည်းနေမကောင်းထဖြစ်ကာ နောက်ထပ် ခြောက်လ ခုနစ်လလောက်ပဲအချိန်ကျန်တော့သည်ဟု ဆရာဝန်များက ဆုံးဖြတ်ပေးလိုက်ကြသောအခါ. . တစ်သက်တာလုံး . . သေချာပြန်လှည့်မကြည့်ဘဲ စွန့်ပစ်ထားသလို ဖြစ်ခဲ့ရသည့် ကလေးနှစ်ယောက်ရဲ့ ရှေ့ရေးအတွက်. . (သံယောဇဉ် မထားတတ်ပါဘူးဟု ကိုယ့်ဘာသာကိုယ် ထင်နေသည့် ကြားကပင်) အတော်ကြီး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ပူပန်ကြောင့်ကျသွားရသည့် ကိစ္စကလည်း တိုက်တိုက်ဆိုင် ဆိုင် ဆိုသလိုပင် ဖြစ်ပွားလာတော့သောအခါ. . အမြဲတမ်း လိုလို နောက်ကြောင်းကို ပြန်လှည့်မကြည့်တတ်ဘဲ အေးဆေး နေတတ်ပြီး နောက်ဆံတစ်စက်မှ မတင်းတတ်ခဲ့သည့် ခင် မောင်ကြည့်အတွက်. . နောက်ဆံတင်မက ခေါင်းတစ်ခုလုံး ပင် တင်းခဲနေရတော့သည့် ဒီကိစ္စကြီးက (သေချာမစဉ်းစား မတွက်ချက်မိတော့ဘဲ) ဘွားခနဲ ဖြစ်ပေးလာရတော့တာပေါ့။

ခုတော့ ခင်မောင်ကြည်က ဆုံးဖြတ်ပြီးပြီ. . ရှေ့ဆက်တိုးကို တိုးရတော့မည်ဆိုလျှင် ဒီကိစ္စဟာ အမြန် ဆုံးပဲ အကောင်အထည် ဖော်ရတော့မည်။ ဒေါ်လှလှလို ဘုရားနဲ့တရားနဲ့ ငါးပါးသီလ အမြဲမြဲကာ စိတ်ကောင်းလေး တစ်ခုကို လက်ကိုင်ထားတတ်ပါသည်ဆိုသော မိန်းမကြီးနှင့် ဒိုးဒိုးလို မအူမလည်. . ရိုးဂုဏ်တစ်ခုကိုပဲ အတော်ကြီး နှစ် သက်ပုံပြထားသော အကောင်စားလေးမျိုးတို့ဟာ မိန်းက လေးတစ်ယောက်နှင့် ဒိုးဒိုးတို့ လက်မှတ်ထိုး လက်ထပ်ပြီး ကြပြီဆိုလျှင်တော့. . ဘယ်လိုလိမ်လည်မှု လှည့်ဖြားမှုတွေ ပဲပေါ်လာပေါ်လာ. . ထိုမိန်းကလေးကို ပြန်စွန့်ပစ်လိုက်ကြ သည်အထိတော့ လုပ်ဝံ့. . လုပ်နိုင်မည့် အစားတွေထဲက ဟုတ်ပုံမရကြပါ. . ။

အဖူးဟာ ဒိုးဒိုးရဲ့ဇနီးအဖြစ် ထိုအိမ်နှင့် ဆိုင် ကိုဆိုင်နေပြီးပြီဆိုလျှင် အဖူးကလည်း မြေးချစ်ကို ပစ်ထားမှာ မဟုတ်. . ။ ကျန်နှစ်ယောက်မှာလည်း 'မချစ်သော်လည်း အောင့်ကာနမ်း'ဆိုသလို ခွင့်ပြုထားကြရတော့မှာပဲလေ. . ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အကယ်၍များ ကံမကောင်း အကြောင်းမလှရှာ၍ အဖူးက လေး တစ်ခုလပ် ဖြစ်ရရှာမည်ဆိုလျှင်တောင်မှ "လင့်ပစ္စည်း မယားတစ်ဝက်ဆိုင်"သည့် မူအရ ကိုယ့်ဘက်က လုံးဝနစ် နာမှုမရှိရလေအောင် လိုက်လုပ်ဖို့အထိ ခင်မောင်ကြည်က ယတိ ပြတ် ဆုံးဖြတ်ပြီးပါလေပြီတည်း . . ။

"ဟာ. . ဟော့. . ဟော့. . ဟော့ကောင်. . သြော်. . တော်ပါသေးရဲ့ လွတ်သွားတော့မလို့. ."

အတွေးတွေနှင့် ခင်မောင်ကြည်မှာ ကိုယ့်ရှေ့က ဖြတ်ပြေးသည့် ကလေးတစ်ယောက်ကို ကြည့်လိုက်မိရာမှ မြေးချစ်ဖြစ်နေသည့်အတွက် ခပ်မြန်မြန်ပင် လက်ဖမ်းဆွဲထား လိုက်ရပါသည်။ မြေးချစ်က သူ့ကို ဖမ်းဆွဲထားသည့်လူကို လှည့်ကြည့်လိုက်ပြီးမှ ကိုယ်ရှိန်သပ်လိုက်သည်။

"အဖေ. . ဘာလဲ. ."

"အောင်မာ. . ကိုယ့်အဖေကိုယ် မြင်တာများ ဝမ်းသာ အားရတော့ မဖြစ်ဘူး . . စိတ်မရှည်တဲ့ လေသံနဲ့. . ဟင်း . ."

"ကျောင်းကား လွတ်သွားလိမ့်မယ်. ."

"မင်းကားက လူမစုံမချင်း ထွက်မှာမဟုတ်သေးပါ ဘူး . . ထွက်သွားလည်း ပထမအခေါက်၊ ဒုတိယ အခေါက်ရှိတာ ငါသိတယ်ဟော့ကောင်. . ဒုတိယ အခေါက်ကျမှ လိုက်ပေါ့. ."

မြေးချစ်က မျက်နှာကိုအစွမ်းကုန် ရှုံ့မဲ့ပစ်လိုက် သည်။ ခင်မောင်ကြည်က တော်ကြာပြောလို့ရတာမဟုတ်. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အလစ်မှာ ပြေးထွက်ချင် ထွက်သွားဦးမည့် မြေးချစ်ရဲ့လက်ကို ခပ်ကျပ်ကျပ် တင်းတင်းပင် ဆုပ်ကိုင်ရင်း လူရှင်းသောတစ်နေရာသို့ ဆွဲခေါ်လာခဲ့လေသည်။

"အဖေ. . နာတယ်ဗျာ. . "

"အေး . . မင်းကိုငါ မေးစရာရှိလို့ ကောင်းကောင်းဖြေ. . မဖြေရင် ဒီ့ထက်ပိုနာမယ်ဆိုတာ မင်းမှတ်ထား"

"အဖေမေးမှာ စနေ တနင်္ဂနွေက ဖူးဖူး အိမ်လာလား . . ဒါပဲမဟုတ်လား . . "

"အေး . . ဟုတ်တယ်. . အဲဒီအကြောင်းတွေ ပြောစမ်း . . "

"လာတယ်. . သားနဲ့တွေ့တယ်. . ကစားကြတယ်. . အနားမှာ ဘယ်သူမှလာမနေတော့ သားတို့နှစ်ယောက်ကလိထိုးတမ်း ကစားကြတာ သိပ်ပျော်စရာကောင်း . . "

"ဟာ. . မင်းကို ငါက အဲဒါတွေ မေးနေတာမဟုတ်ဘူး . . ဖူးဖူးနဲ့ ဟိုကောင် ဒိုးဒိုးနဲ့ရော ဘယ်လိုဆက်ဆံကြသလဲ. . "

"စကားပြောတယ်. . "

"ဟုတ်ပြီ. . ဘာတွေပြောသလဲ. . မင်းကို နားထောင်ထားလို့ ငါမှာထားတယ်နော်"

"အစုံပဲ. . ဖူးဖူးရဲ့သင်တန်းတွေအကြောင်း . . ရုံးအလုပ်တွေအကြောင်း . . ရုံးက အဒေါ်ကြီးတွေအကြောင်း . . အဆောင်က ဖူးဖူးသူငယ်ချင်းအကြောင်း . . "

"ဟာ. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်မှာ စိတ်ပျက်လက်ပျက်ပင် ညည်းတွားလိုက်မိပါတော့သည်။

"ဒါတွေပဲလား . . မင်း သေချာပြန်စဉ်းစားစမ်း . ."

"ဒါပဲ. ."

"သူတို့နှစ်ယောက် နေပုံထိုင်ပုံကရော ဘယ်လိုလဲ. ."

"ထိုင်တာကတော့ သားနဲ့ဖူးဖူးက ကုလားထိုင်အကြီး ကြီးမှာ အတူထိုင်ကြတယ်လေ. . ဦးဦးကတော့ နောက်ထပ်တစ်လုံးမှာ ထိုင်တာပေါ့. ."

ကျွတ်. . ငါ့နှယ်. . လည်မလိုနဲ့ အ,တဲ့ကောင် နောက်တစ်ယောက်နဲ့ တွေ့နေပြန်ပါပြီ. .။ ခင်မောင်ကြည်မှာ ဆယ်နှစ်သားလောက် တစ်ယောက်နှင့် သမီးရည်းစား စုံတွဲ၏ ဟန်ပန်များအကြောင်းကို တစ်ခါမှ မဆွေးနွေးဖူးသဖြင့် ဘယ်လိုပြောရမည်မှန်းမသိ. . အကျပ်ရိုက်လျက်ရှိပါသည်။ သြော. . သိပြီ. . ဒီကောင် သူ့အဘွားအိမ်တွင် နေစဉ်က ခင်မောင်ကြည်ရဲ့ တူမ အပျိုများထံ သူတို့ကောင်လေးတွေ အဝင်အထွက် ရှိကြတာကိုမြင်ဖူးနေတာပဲ. .။ ကလေးပီပီ. . တခြားကလေးများနှင့်ပေါင်းကာ သွားချောင်းကြ နှောင့်ယှက်ကြ. . လုပ်တတ်ကြသဖြင့် အမြဲတစေ အော်ငေါက်ရိုက်ပုတ် ပြုစုခြင်းကိုလည်း ခံနေရဖူးတာပဲ. .။

"ငါပြောမယ်. . မင်းအဘွားနဲ့နေတုန်းက နှင်းနှင်းတို့ ဥမ္မာတို့ဆီလာတဲ့ အကောင်တွေနဲ့ သူတို့နဲ့ နေပုံထိုင်ပုံ ပြောပုံ ဆိုပုံတွေ သိတယ်မဟုတ်လား . . မင်းတို့ပဲ သွား,သွားချောင်းနေခဲ့တာလေ. ."

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"သိတယ်. . ဟား ဟား"

"အေး . . အခု ဖူးဖူးနဲ့ ဒိုးဒိုးနဲ့ကော အဲဒီလိုပုံမျိုးပဲလား . . သေချာဖြေ. . "

"မဟုတ်ဘူး . . "

"ချက်ချင်းမဖြေနဲ့. . သေချာစဉ်းစားပြီးမှဖြေ. . "

မြေးချစ်က မဖြေတော့ဘဲ အကြာကြီး နှုတ်ပိတ်နေတော့သဖြင့် စိတ်မရှည်နိုင်တော့သည့် ခင်မောင်ကြည်က "ဟော့ကောင်"ဟု သတိပေးလိုက်မှသာ. . မြေးချစ်ဆီမှ. . "မဟုတ်ဘူး"ဟူသော စကားသံက ထွက်လာလေတော့သည်။ ခင်မောင်ကြည်က "ကျွတ်"ခနဲ အော်မြည်လိုက်မိတော့သည်။

"တခြားရော. . ဘာထူးခြားလဲ. . "

"ဘာမှမထူးခြားဘူး . . "

"ဟိုတစ်နေ့က ဒေါ်လှလှကြီး ငါလာမှ ရုတ်တရက်အိမ်ထဲဝင်သွားတာ မင်းမြင်တယ်မဟုတ်လား . . "

"သား မမြင်ပါဘူး . . "

"ဟော့ကောင်. . မင်း သူ့ဘေးမှာပဲ ထိုင်နေတာပဲဟာ"

"မသိဘူးလေ. . ဘွားဘွားကြီးက ကိစ္စရှိလို့နေမှာပေါ့"

"တော်ပြီ. . တော်ပြီ. . မင်းနဲ့ငါ စကားဆက်ပြောနေရင် မင်းပဲငါလုပ်လို့ သေမလား . . ငါပဲ မင်းကို စိတ်မရှည်ရတာနဲ့သေမလား မသိတော့ဘူး . . ရပြီ. . ပြန်တော့. . သွား . . "

"အဖေ့ကျောင်းကားကဖြင့် ထွက်သွားပြီ. . နောက်တစ်ခေါက်ကို စောင့်ရဦးမှာ. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒါဖြင့်လည်း ကိုယ့်ဘာသာကိုယ် သွားစောင့်ပေတော့. . ငါတော့ ပြန်ပြီ. . "

ခင်မောင်ကြည်က တစ်လှမ်း နှစ်လှမ်း လှည့်ထွက်လိုက်ပြီးမှ ရုတ်တရက် သတိရသလို ချက်ချင်းပြန်လှည့်လာကာ. . "ဟိတ်ကောင်. . လာဦး"ဟု အော်ခေါ်လိုက်ရင်း အင်္ကျီအိတ်ထဲမှာ ရာတန်တစ်ရွက်ကို ထုတ်ယူကာ မြေးချစ်ထံ ကမ်းပေးလိုက်ပါသည်။ မြေးချစ်က ပိုက်ဆံတစ်ရာကို လှမ်းမယူဲ ခင်မောင်ကြည့်ကိုသာ စိုက်ကြည့်နေ၏။ ခင်မောင်ကြည်ရဲ့ မူလပထမရည်ရွယ်ချက်ကတော့ ကလေးကို ကိုယ့်ဘက်ပါလာအောင် ပိုက်ဆံနှင့်ဆွယ်ကာ လာဘ်ထိုးထားပြီးသကာလ. . "ကောင်းကောင်းစုံစမ်းပေးရင် ဒါမျိုးပိုက်ဆံများများရမယ်"ဟူသည့် အသိမျိုး ဝင်ထားစေချင်၍ပါ။

သို့သော် မြေးချစ်က ချက်ချင်းလှမ်းမယူလိုက်ဘဲ စူးစိုက်၍သာ ကြည့်နေစဉ်အတွင်းမှာပင် ရာတန်ကိုကိုင်ပြီး လက်ဆန့်တန်းထားသော ခင်မောင်ကြည်ရဲ့ ရင်ထဲ အမျိုးအမည်မသိနိုင်သည့် ခံစားချက်အသစ်များနှင့် အတွေးသစ်များက ဝင်ရောက်လာကြလေတော့သည်။ သူဟာမှတ်မှတ်ရရ. . ကိုယ့်သားအရင်းကို ဖခင်အရင်းတစ်ယောက်အနေနဲ့ တစ်ခါဆို တစ်ခါမှ မုန့်ဖိုး . . ကျောင်းစရိတ်. . အဝတ်အစား . . စသဖြင့် သတ်သတ်မှတ်မှတ် လုံးဝကို မပေးဖူးခဲ့တာပါလား။ ကျောင်းစရိတ်၊ စားစရိတ်၊ အဝတ်အစားဖိုး . . စတာတွေကတော့ ထားပါတော့. . မုန့်ဖိုးကိုပင် တစ်ခါမှ မပေးဖူးခဲ့တာ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်က အိတ်ထဲသို့ မြန်မြန်ထပ်နှိုက်လိုက်ကာ အိတ်ထဲမှာရှိသမျှ ပိုက်ဆံအရွက်ပေါင်းစုံမှန်သမျှကို လုံးထွေးစုကိုင် ထုတ်ယူလိုက်ရင်း . . "ရော့ . . ယူလေကွာ . . ရော့ . . ယူပါကွ . . ဒါ မင်းအတွက် မုန့်ဖိုးပဲ"ဟု လက်ဆန့်တန်းကာ လှမ်းပေးလိုက်ပြန်သည်။ အဖေရင်း၊ သားရင်း၊ မုန့်ဖိုးပေးသည်ဟူသော ဒီသာမန်အဖြစ်အပျက်ကလေးမှာပင် မကြုံစဖူးမို့ ခင်မောင်ကြည်က ရှက်အမ်းအမ်းကြီးလိုလိုလည်း ဖြစ်နေမိသေး၏။

မြေးချစ်ကတော့ အဖေ့လိုလည်း တစ်မျိုးကြီးဖြစ်နေပုံမရ . . ခပ်တည်တည်နှင့်ပင် . . ခေါင်းကိုခါယမ်းလိုက်ကာ . .

"အခု ဘွားဘွားကြီးက ဘယ်သူ ဘာပေးပေး . . ဘာကျွေးကျွေး မယူရ မစားရဘူးလို့ မှာထားတယ် . . သူများတကာပေးတာ ကျွေးတာကိုယူရင် စားရင် . . ဘွားဘွားကြီးရဲ့ မြေးမဟုတ်တော့ဘူးတဲ့ . ."

"ဘာဆိုင်လဲ . . ငါက သူများတကာမှ မဟုတ်တာ . . မင်းအဖေပဲ . ."

မြေးချစ်က ခေါင်းကိုသာ တွင်တွင်ဆက်ယမ်းနေလေသည်။ ကလေးရဲ့ မျက်နှာမှာ ခါတိုင်းပြုံးမူနေကျ ဂျစ်ကန်ကန် ပေကပ်ကပ် အမူအရာမျိုးလည်း မတွေ့ရပါ . .။ အဖေလုပ်သူအပေါ် တမင်ဂျစ်ကျပြီး အရွဲ့တိုက်ပြောနေပုံမျိုးကိုမဟုတ် . . တကယ်ပဲ သူယုံကြည်ထားရာ၊ လက်ခံထားရာကို သူ့ဘာသာ အေးအေးဆေးဆေးပဲ ပြန်ပြောပြနေဟန်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်က ရှက်အမ်းအမ်းကြီးနှင့် ဆန့်တန်းကမ်းထားဆဲဖြစ်သော ကိုယ့်လက်ကို ကိုယ့်ဘာသာပဲ မသိမသာ ပြန်ပြီးအောက်ချ၊ ခန္ဓာကိုယ်ရဲ့ဘေးသို့ ကပ်ဖွက်ပစ်လိုက်တော့ကာ. . လက်ဖဝါးထဲမှ ပိုက်ဆံစက္ကူတွေကိုပဲ အထပ်ထပ်အခါခါ ဆုပ်ညှစ်လုံးချေနေမိတော့သည်။

"အေးလေ. . ဒါဆိုလည်း ပြီးတာပဲပေါ့ကွာ. . ကဲ. . ကဲ. . ငါသွားမယ်. . "

မြေးချစ်က လွတ်လပ်ပေါ့ပါးသွားသလို ခင်မောင်ကြည်ရဲ့ရှေ့က အရင်ဦးစွာ ပြေးထွက်သွားလေတော့သည်။ "သွားမယ်"ဟူသော ခင်မောင်ကြည်ကတော့ နေရာတင်ခေတ္တမျှ ခြေစုံဆက်ရပ်နေမိသေးလေသည်။ အတော်ကြီးမျှပင် မကအောင် စိတ်မကောင်း လက်မကောင်းဖြစ်ကာ စိတ်ထိခိုက်နေရခြင်းက ခင်မောင်ကြည်ကို ကျောက်ရုပ်တစ်ရုပ်အဖြစ်အသွင်ပြောင်းပေးလိုက်သည်ထင်သည်. . ။ "သူများတကာပေးတာ ကျွေးတာကိုမယူရ. . မစားရဘူး"တဲ့. . ။ "ငါကသူများတကာမှ မဟုတ်တာ. . မင်းအဖေပဲ. . "ဆိုတာကိုတောင်မှ. . ဒေါ်လှလှရဲ့ စကားတစ်ခွန်းကိုပဲ နာခံစွာ. . ဒေါ်လှလှရဲ့ မြေးမဖြစ်ရတော့မှာကိုပဲ စိုးရိမ်စွာ. . ကိုယ့်ရဲ့ပထမဦးဆုံးသော မုန့်ဖိုးများကို လက်သင့်ကို မခံနိုင်ဘူး . . တဲ့. . ။

မြေးချစ်ရဲ့မျက်နှာဟာ စိတ်လုပ်ခြင်း၊ နာကြည်းခြင်း၊ "မှတ်ပလား"ဟု ပညာပေးလိုခြင်း၊ လက်စားချေလိုခြင်း . . ဘာဘာညာညာတွေ ဘာတစ်ခုမှ ရှိမနေပါ။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ကလေးတစ်ယောက် ဖြစ်သည့်အတွက် ဒါမျိုးတွေလည်း တွေးတတ်ဦးမည့်ပုံကို မရပါ. . ။ သို့သော် သူခံယူသတ်မှတ် စွဲမြဲထားပြီးသား အချက်များကိုတော့ တော်ရုံလောက်နဲ့ ပြန်မပြောင်းနိုင်တော့တဲ့ သဘောတွ သူ့ဆီမှာ ပေါ်လွင်ပြီးသားပင် ဖြစ်နေပါသည်။

အဖေရင်းကို. . "သူများတကာ"စာရင်းထဲ ပင်သွင်းထားပြီးပြီတဲ့. . ။ ခင်မောင်ကြည်ရဲ့သားတစ်ယောက် မဖြစ်ရရင်လည်း သိပ်မရေးမကြီးလှတော့တဲ့ ပုံနဲ့လေ. . ။

❦ ❦ ❦

လက်ထဲမှာ ဝယ်ရခြမ်းရဦးမည့် စာရင်းစာရွက်လေးတကိုင်ကိုင်နှင့် အတော်ကြီး ခေါင်းရှုပ်စိတ်နောက်ကျိနေမိသော ခင်နှင်းဆီမှာ. . ကိုယ့်ဘော့စ်ဖြစ်သူ နိုင်ငံခြားသားကြီးကိုပင် စိတ်တိုရမလား . . ။ ကိုယ့်ဘော့စ်ဖြစ်သူ မကုန်တန်တာ မကုန်ရအောင်. . သက်သာတန်တာ သက်သာအောင်. . ဝယ်ရခြမ်းရမည့် ပစ္စည်းပစ္စယများကို ဗိုလ်ချုပ်ဈေးလို လှလှပပ ကျော့ကျော့မော့မော့နှင့် ဈေးဝယ်ခွင့်ရသည့်နေရာမျိုးမှာ မဝယ်မိဘဲ. . ဒီလိုမင်္ဂလာဈေးလို ဈေးသက်သာဈေးမှန်ပေမယ့် ကျပ်သော လူရှုပ်သော နေရာမျိုးကိုမှ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရွေးချယ်မိခဲ့သည့် ကိုယ့်ကိုယ်ကိုပဲ ဒေါသထွက်ရတော့မလား မဝေခွဲနိုင်အောင်ပင် ရှိနေရပါတော့သည်။

အရေးထဲမှာ အတူအဖော်ခေါ်လာသူ အကူကောင်ကလေးနှင့် ဒရိုင်ဘာကောင်လေးတို့မှာ မျက်ခြေမပြတ် လိုက်ကြည့်နေသည့်ကြားကပင်. . နှစ်ယောက်တွဲကြီး အတူတကွ လှစ်ခနဲပင် ပျောက်သွားကြတော့ကာ. . ခင်နှင်းဆီကို ပစ္စည်းတစ်ပုံတစ်ပင်နှင့် တမင်ပင် ဒုက္ခမရောက်ရောက်အောင် ချန်ခဲ့ကြလေရော့သလား မသိ. . ။

ကိုယ့်အိမ်အတွက်ကိုတောင်မှ တစ်လစာ၊ တစ်ပတ်စာ စသဖြင့် တစ်ခါမှ အလုပ်ရှုပ်ခံပြီး ဈေးမဝယ်ခဲ့ဖူးသော ခင်နှင်းဆီမှာ ခုတော့ဖြင့် အတော်စိတ်ညစ်စဖွယ်ဖြစ်သည့် ကိစ္စကြီးနှင့် ရင်ဆိုင်နေရလေပြီ. . ။ ဈေးကကျပ်ကျပ် လူကများများ . . ပစ္စည်းသယ်သူများကလည်း တိုးတိုက်သွား၊ ချွေးတွေကထွက်၊ အိုက်စပ်ပူလောင်. . ။ အမယ်လေး . . ဘယ်ဘက်ကမှ မသက်သာပါဘား . . ။

"အစ်မ. . အလုပ်သမားငှားမှ ဖြစ်မှာပေါ့. . သယ်မယ့်သူ မပါဘူး မဟုတ်လား . . "

ဆိုင်ရှင်ကောင်လေးက လှမ်းမေးသည်။

"အင်း . . ပါတော့ပါတယ်. . ဘယ်ရောက်သွားကြသလဲသာ မသိတာ"

"အစ်မ စောင့်နေဦးမှာလား . . "

"မစောင့်ဘူး . . မစောင့်ဘူး . . အလုပ်သမား ငှားလို့ရရင်သာ ငှာပေးပါတော့"

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဘယ်စောင့်လို့ဖြစ်မှာလဲ. . သကောင့်သားတွေက "လူကွဲသွားပြီ"ဟု အေးအေးလူလူပင် သတ်မှတ်ကာ ကားဆီမှာ သွားပြန်စောင့်နေတာမျိုး . . လက်ဖက်ရည်ဆိုင်ဝင်ထိုင်နေကြတာမျိုးတွေသာ လုပ်နေကြရင် ခင်နှင်းဆီမှာ ဒီ့ထက်ဒီ အိုက်စပ်ချွေးထွက်နေရဦးမည် ဆိုရင်တော့. . လူလုံးမလှတာကတစ်မျိုး . . မူးလဲကျသွားနိုင်တာကတစ်မျိုး။

"ကျွန်မက တခြားဆိုင်တွေမှာလဲ ပစ္စည်းတွေပုံ့ပုံ့ထား ခဲ့သေးတာ. ."

"အလုပ်သမားကိုပဲ ပြောလိုက်လေ. . သူပဲ အခေါက်ခေါက် အခါခါ သယ်ရင်လည်း သယ်လိမ့်မယ်. . ဒါမှမဟုတ် နောက်တစ်ယောက် ထပ်ရှာပေးရင်လည်း ပေးလိမ့်မယ်. ."

ခဏကြာတော့ အလုပ်သမား ရောက်လာပြီး . . ခင်နှင်းဆီက. . "အောက်ဆုံးထပ်၊ မြေညီဝင်းအတွင်းမှာပဲ ကားကရပ်ထားပါတယ်. ."ဟု ပြောလို့မှ စကားတောင်မဆုံးချင်သေး . . များပြားလှသောပစ္စည်းပေါင်းစုံကို စွေ့ခနဲစွေ့ခနဲ လွယ်လင့်တကူ ကောက်,ကောက်မကာ ရှေ့မှပြေးလေတော့သဖြင့် ကိုယ့်မှာ သူ့ခြေလှမ်းတွေကို မနည်းကြီးမီအောင်ပြေးလိုက်ရတော့သည်။ ကားဆီရောက်ပြန်တော့လည်း "နောက်ထပ်. . ဘယ်အထပ်က ဘယ်သူ့ဆိုင်"ပဲ ရှိသေး . . ဝင်ပြေးပြန်လေသဖြင့် ခင်နှင်းဆီမှာ ဖတ်သီ. . ဖတ်သီနှင့် လိုက်ရပြန်ရော. .။

အဲဒီလိုနဲ့ ဈေးရဲ့ သုံးလေးငါးထပ်တွေကို သုံး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



လေးငါးခေါက်လောက်လည်း ပြေးလွှားပြီးကြသောအခါ အလေးကြီးတွေ သယ်ရသည့် အလုပ်သမားတော့ မသိ. . ။ ခင်နှင်းဆီခမျာတော့ ခြေကုန်လက်ပမ်းကျကာ သေချင်စော်ပင်နံလာရပြီး စိတ်ကလည်း တိုလာရပါတော့သည်။

"အမယ်လေး . . အသက်ထွက်တော့မှာပဲ. . ရှင်က ဘာကိစ္စ စွတ်ပြေးနေတာလဲ"

သူ့ဘာသာ ဘယ်လောက်စိတ်ချရ စိတ်ချရ. . ကိုယ့်ပစ္စည်း ကိုယ်ကမှ စိတ်မချလေသမျှ သူပြေးတိုင်း ကိုယ်က လိုက်ပြေးနေရတော့တာပေ့ါ. . ။

ခင်နှင်းဆီ ပြောမှပင် ထိုသူက အနည်းငယ်မောသွားပုံရကာ သူ့ခေါင်းပေါ်မှာ တစောင်းကြီးပေါင်းထားသော ပုဆိုးခပ်မည်းမည်းကြီး တစ်ထည်ကို ဖြုတ်ယူကာ သူ့မျက်နှာနှင့် တစ်ကိုယ်လုံးက ချွေးတွေကို သုတ်လေတော့သည်။ ခေါင်းပေါင်းပုဆိုးကြီးကို ဖြုတ်ယူလိုက်စဉ်မှာ ခေါင်းပေါင်းကြားထဲ ညှပ်ထားသော ပိုက်ဆံခေါက်တစ်ခုက ပြုတ်ကျသွားပြီး သူ့ကြည့်ရတာ သိလိုက်ပုံလည်း မရသဖြင့် ခင်နှင်းဆီကပဲ ကုန်းကောက်ပေးလိုက်ရပြန်ကာ. .

"ရော့. . ရော့. . ကိုယ့်ပိုက်ဆံလေးကိုယ်လည်း နည်းနည်းပါးပါး ထိန်းထိန်းသိမ်းသိမ်း ရှိဦးမှာပေ့ါ. . ပျောက်ပျက်ကုန်ရင် အလကားပင်ပန်းထားရပြီး အကျိုးမရှိ ဖြစ်ကုန်ဦးမယ်. . ကဲ ပြော. . ကျွန်မတို့ သယ်ကြတာ လေးခေါက်စာလား . . ငါးခေါက်စာလား . . ဘယ်လောက်ပေးရမှာလဲ. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြင်သမျှလူကို သြဇာပေး ဆုံးမတတ်သည်မှာ ဝသီပါနေသော ခင်နှင်းဆီရဲ့ အဆူအမံကို ထိုအလုပ်သမားက လှစ်ခနဲပြုံးကာ ခံယူလိုက်ပြီးလျှင် သူ့ခေါင်းကို ပုဆိုးကြီးနှင့် ပြန်ပေါင်းပစ်လိုက်ရင်း ခင်နှင်းဆီလက်ထဲက သူပြုတ်ကျခဲ့သည့် ပိုက်ဆံခေါက်ကိုပါ ပြန်လှမ်းယူလိုက်သည်။ ဟင်. . နေပါဦး . . ဒီလူကို အရင်က ခင်နှင်းဆီ မြင်ဖူးခဲ့ဘူးသလား။ ရုပ်ကိုလည်း သိပ်သိနေသလို. . ပြုံးလိုက်ပုံကိုလည်း သိလိုက်တာ။

"ကြည့်ပဲ ပေးလိုက်ပါ. . "

"သြော်. . အဲဒီလိုပြောတာတွေ စိတ်အညစ်ဆုံးပဲ. . ကျွန်မက ကြည့်ပေးရအောင် ကျွန်မသယ်တာမှ မဟုတ်တာ၊ ရှင်သယ်တာပဲဟာ. . ရှင့်လုပ်အားနဲ့ ခေါက်ရေနဲ့ ရှင့်ဘာသာ တွက်ချက်ပြီးတောင်းပေါ့"

ထိုအလုပ်သမားမှာ ပြောကာမှ ပိုက်ဆံပင်မတောင်းတော့ဘဲ ဇဝေဇဝါဟန်နှင့် ဖြစ်နေသော ခင်နှင်းဆီကိုသာ စူးစူးစိုက်စိုက်ကြီး ကြည့်လိုက်ကာ. .

"ဒီမှာ. . ကျုပ်ကို မမှတ်မိဘူးလား . . "

"ဟင်. . ရှင်. . ရှင်က ဘယ်သူမို့လဲ. . အား . . သိပြီ"

ခင်နှင်းဆီမှာ ထိုသူ့ကို ခုမှပင် မှတ်မိသွားရပါတော့သည်။ မှတ်မိသွားပြီ ဆိုဆိုချင်းပင် ခါးသီးစွာ ခံစားလာရသော အတွေ့အကြုံကို ပြန်တွေးမိကာ နောက်ဘက်သို့ ခြေလှမ်းတွေ ယောင်ယမ်းဆုတ်လိုက်မိသည်အထိ ကြောက်ရွံ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



စိတ်လည်း ဖြစ်ပေါ်သွားမိသည်။ သို့သော် ဒီတစ်ခါမှာတော့ ထိုလူကြီးက ခင်နှင်းဆီကို ဘာမှဒုက္ခပေး အရှက်ခွဲလိုပုံမရ။ လန့်ထိတ်သွားသော ခင်နှင်းဆီကိုသာ အားနာသလို ဆက်ကြည့်နေရင်း . .

"ကျုပ်က ကိုဖိုးနီလေ. ."

"သိ,သိပါတယ်. . ကဲ. . ကဲ. . ရှင် တောင်းစရာရှိတာသာတောင်းလေ. . ကျွန်မက ရှင်နဲ့ ထပ်ပတ်သက်ဆက်ဆံစရာ ဘာအကြောင်းမှ မရှိဘူးရှင့်"

"မဟုတ်ပါဘူး . . ကျုပ်ကတော့ ပြောချင်တာလေးတွေ ရှိလို့. ."

"ရှင်. . ရှင်က ဘာပြောဦးမလို့လဲ. ."

ခင်နှင်းဆီမှာ ဒီတစ်ခါ အနားကပ်လာကာ ထပ်မံအရှက်ခွဲ အောက်တန်းကျဦးမည်ဆိုတော့ ဘာပဲဖြစ်ဖြစ်. . အနီးဝန်းကျင်ကို အော်ဟစ် အကူအညီယူပစ်ကာ ဈေးခေါင်းတို့ ဈေးကော်မတီနှင့် တက်တိုင်ပစ်မှာပဲဟုသာ တေးထားလိုက်ပါသည်။ သို့သော် ထိုလူကြီး ပုံစံက ဟိုတစ်ခါကလို မထီမဲ့မြင် လှောင်ပြုံးများနှင့် အောက်တန်းကျမနေတော့ဘဲ ဖော်ရွေရင်းနှီးလိုသော အသွင်ကိုသာဆောင်လျက်. .

"ကျုပ်က ဟိုကောင် ခင်မောင်ကြည်ရဲ့ သူငယ်ချင်းလေ. ."

"ဒါတွေ ကျွန်မ သိသားပဲ. ."

"အေး . . သူငယ်ချင်းဆိုပေမယ့်. . ဒီကောင်က သူငယ်ချင်းလို မကျင့်ကြံတော့ ကျုပ်ကလည်း သူငယ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ချင်းလိုဆက်ပြီး ခင်မင်သစ္စာရှိမနေနိုင်ဘူး . . ဒီကောင် က အလကားကောင်ပဲ . . (-)စည်းကမ်းမရှိတဲ့ကောင်”

ခင်နှင်းဆီမှာ ဆဲထည့်ပစ်လိုက်တာကို မျက်နှာလေးရှုံ့တွကာ နားထောင်လိုက်ရပေမယ့် ထိုလူ့စကားတွေကို စိတ်ဝင်စားလာသဖြင့် ကိုယ့်ကိစ္စကိုယ်မေ့ကာ သူ့စကားတွေကို ဆက်နားထောင်နေမိပါသည်။

“ကျုပ်ဆိုလိုတာက သူငယ်ချင်းဆိုတာ မဟုတ်တာလုပ်လည်းတူတူ . . ကောင်းတာလုပ်လည်း တူတူပေါ့၊ မဟုတ်ဘူးလား . . ဒါပေမယ့် မဟုတ်တာလုပ်တဲ့နေရာမှာတောင် စည်းကလေးကတော့ ရှိသင့်တယ် . . ဒါကိုပြောတာ . . သူနဲ့ကျုပ်ဆို မကောင်းတာမှန်သမျှ အတူလက်တွဲလုပ်ဖူးကြတဲ့ ပုလင်းတူ ဘူးဆို့သမားတွေပဲ . . ဒါပေမယ့် ကျုပ်က ကျုပ်စည်းနဲ့ကျုပ် . . တစ်ရပ်တည်းနေနေတဲ့ သူ့နှမ . . သူ့တူမတွေကို ကိုယ်လည်း စိတ်နဲ့မပြစ်မှားဘူး . . သူများတကာတွေ ဘာမဟုတ်တာ လာလုပ်မလဲလည်း အမြဲကာကွယ်ပေးတယ် . . စောင့်ရှောက်ထားတယ် . . သူကတော့ ဒီလို မဟုတ်ဘူးပဲ . . ထွီ . . အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစားကောင် . . ”

ထိုလူ့မျက်နှာ ခပ်မည်မည်းက ခပ်ရဲရဲဖြစ်သွားသည်။

“ခုဆိုရင် . . ကျုပ်နှမအငယ်ဆုံးလေးဗျာ . . မျက်ရည်နဲ့မျက်ခွက်ပဲ . . တော်သေးတာက ဗိုက်တစ်လုံးနဲ့

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မကျန်ရစ်လို့ပေါ့. . အဲဒီလိုသာဆိုရင်တော့ ကျုပ်က လိုက်ရှာသတ်ပြီး စက်တိုင်ပဲတက်ရ,တက်ရ. . မဟုတ်ဘူးလား"

ခင်နှင်းဆီခမျာ ဘာကိုမှ အမှုမထားသော နှုတ်ရဲ အာရဲကြီးရှေ့မှာ. . ရှုံ့ရှုံ့မဲ့မဲ့နှင့် နားမခံသာအောင် ဖြစ်နေရသည့် ကြားကပင်. . "ဟုတ်ကဲ့"ဟု ခပ်တိုးတိုး စကားထောက်ပေးလိုက်ရပါသည်။

"ဒါတွေက ခင်ဗျားနဲ့တော့ မဆိုင်ပါဘူး . . ဒါပေမယ့် ကျုပ်က လျှောက်ပြောပြနေတာ ဘာကြောင့်လဲဆိုတော့ ကျုပ်က သူ့လိုမဟုတ်ဘူး . . တော်ရုံနဲ့ စည်းမဖောက်တတ်ဘူး . . အေး . . ဖောက်ပြီဆိုလည်း အကြောင်းရှိလို့ဖောက်တာ. . ဒါကို ပြောပြတာ. . ခု ခင်ဗျားနဲ့ဆိုင်တာပဲ ကျုပ်ပြောတော့မယ်. . ဘာလဲဆိုတော့ ခင်ဗျားလာစုံစမ်းတဲ့ ကိစ္စလေ. . မြေးချစ်ဟာ. . ဒီကောင့်သားပဲ. . ခင်ဗျားရောက်လာခဲ့တဲ့ အိမ်တို့ ဘာတို့က အလကား လုပ်ဇာတ်. . "

ခင်နှင်းဆီမှာ နှုတ်ခမ်းလေး ဟဝိုင်းသွားမိကာ ရင်တောင် ခုန်ချင်လာသလို ဖြစ်လာပါသည်။ ထင်တော့ ထင်သားပဲ. . ဒါပေမယ့် ခုဟာကတော့ တစ်စုံတစ်ယောက်ရဲ့နှုတ်ဖျားကကို အတိအကျကြီး ကြားလိုက်ရခြင်းဖြစ်သည့်အတွက် "ဆက်ကိုမပတ်သက်တော့ပါဘူး"ဟု အတိအလင်း ဆုံးဖြတ်ထားပြီးတဲ့ ကြားကပင် စိတ်ဝင်စားမှုတွေက မထိန်းနိုင်မသိမ်းနိုင် ဖြစ်လာရပြန်သည်။

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"ဒါ. . ဒါဖြင့် အဖူးဆိုတဲ့ ကောင်မလေးကရော. . "

"သူ့ခယ်မ. . ဒါပေမယ့် အရပ်ထဲမှာတော့ သမီးလို ပဲအသိခံထားတာပေါ့. . သူက သူများနှမတွေသာ လိုက်ဖျက်ဆီးနေတာ. . သူ့သမီး ခယ်မလေးကျတော့ ဘယ်ကောင်မှ မျက်စိနဲ့တောင် တစ်ချက်စွေမကြည့်ရ ဘူး . . "

"ဒါဖြင့် သူ့မှာ တစ်နေရာရာမှာ တစ်အိုးတစ်အိမ် ရှိသေးတာပေါ့. . "

"မဟုတ်ဘူး . . မိန်းမက မရှိတော့ဘူး သေပြီ. . အဲဒီ ခယ်မနဲ့သားကို သူက သူ့အမေနဲ့ထား,ထားတာ. . ကျုပ်တို့နဲ့ တစ်ရပ်တည်းပဲ. . (--)ရပ်ကွက် (--) လမ်းလေ. . ခင်ဗျားလာကြည့်ရင်. . ကိုဖိုးနီအိမ် မေးမေး . . ဒေါ်လေးတင်အိမ်မေးမေး ဘယ်သူမဆို သိ တယ်. . ဒေါ်လေးတင်ဆိုတာ ဒီကောင့်အမေလေ. . "

"သူက ဘာရည်ရွယ်ချက်နဲ့ သူ့သားကို အဲဒီအိမ်ကို ပို့ထားရတာလဲ. . "

"ဟာ. . အရှင်းကြီးပဲ. . သူ့သားကောင်းစားအောင် ချမ်းသာအောင်ပေါ့. . အခု ကောင်မလေးကိုလည်း ပို့လိုက်ပြန်ပြီကြားတယ်. . "

"သူနဲ့ သူ့ခယ်မနဲ့က ရှင်းရော ရှင်းပါ့မလား"

"ဟာ. . ဒါတော့ ရှင်းတယ်. . ကျုပ်က ဒီကောင့် အပေါ် မကျေနပ်လို့တော့ လိမ်ပြီးမပြောနိုင်ဘူး . . လုံးဝရှင်းတယ်. . သူ့သမီးခယ်မကို ရွှေလိုဥပြီး တန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဖိုးထားထားတာ. . တော်ရုံကောင်နဲ့လည်း တန်တယ် ထင်တာမဟုတ်ဘူး . . မီလျံနာတို့ ဘာတို့လောက်နဲ့မှ တန်တယ်ထင်မယ်ထင်တယ်. . ”

“ဒါဖြင့် ခု သူသွားပို့ထားတဲ့ သူ့သူဌေးနဲ့ ဆိုရင်ကော”

“အများကြီး ဖြစ်နိုင်တာပေါ့. . ကောင်မလေးကို သူဌေးနဲ့ပေးစားလိုက်ပြီးရင် သူ့ဘဝကပြီးပြီ. . ဇိမ်ပဲ. . ထိုင်စားရုံ ရှိတာပေါ့. . ”

ခင်နှင်းဆီရဲ့ မျက်ဝန်းလေးတွေက တလက်လက် တောက်ပလာကြတော့သည်။ အိတ်ထဲမှ ပိုက်ဆံတစ်ထောင်ကို ထုတ်ယူလိုက်ကာ. . “ဒါက ခုနပစ္စည်းတွေ သယ်ပေးတဲ့ အတွက်”ဟု ပြောလိုက်ပြီးလျှင်. .

“ရှင့်စကားတွေ ရှင်တာဝန်ယူနော်. . ”

“အို. . အချိန်မရွေးပဲ. . ”

“တကယ်လို့ သက်သေသာဓကအနေနဲ့ လိုက်ပြောပေးဖို့ လိုလာရင်ကော လိုက်ပြောပေးနိုင်ပါ့မလား . . ရှင့်အတွက်လည်း ကျွန်မက သိတတ်ဖို့ ဝန်မလေးပါဘူး”

“ဟာ. . ဒီကောင့်ကို ပြန်ပြီးထုချနိုင်ဖို့ကတော့. . ဘာမှပေးနေစရာမလိုဘူး . . လိုအပ်ရင် အချိန်မရွေး လာခေါ်လိုက်. . အိပ်နေရင်တောင် အိပ်ရာထဲက ထပြီးလိုက်ခဲ့မှာပါ. . လောလောဆယ်တော့ ကျုပ်က ဒီဈေးက တတိယထပ်မှာပဲ အလုပ်ဝင်နေဦးမှာ. . ဒီမှာမရှိရင်(--)ရပ်ကွက်ထဲလာလိုက်. . အဲဒီမှာ မရှိရင်တော့ ခင်ဗျား ဟိုတစ်ခါလာဖူးတဲ့ နေရာထိသာ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



လိုက်ခဲ့ပေတော့. . ကျုပ်မရှိလည်း မငယ်ကိုပြောခဲ့လို့ ရတယ်. . အဲဒီကောင်မကိုတော့ ပိုက်ဆံနည်းနည်း လောက်ပေးလိုက်. . သူလိုက်ရှာဆက်သွယ်ပေးလိမ့် မယ်. . ”

“ကျေးဇူးတင်ပါတယ် ကိုဖိုးနီ”

ကိုဖိုးနီကြီး ပြန်ထွက်သွားပြီးသောအခါ ခင်နှင်းဆီမှာ အလည်လွန် အပျော်ကျူးပြီး တော်ရုံနှင့် ပြန်ပေါ်မလာကြတော့သည့် ရုံးအကူနှင့် ဒရိုင်ဘာကောင်ကလေး နှစ်ယောက်တို့ကို အကြာကြီးပင် ဆက်စောင့်နေရပါသေးသည်။ အတော်ကြီးကြာမှ မျက်စိပျက် မျက်နှာပျက်နှင့် ပေါ်လာတော်မူကြတော့သော ထိုကောင်လေးနှစ်ယောက်မှာ. . ခင်နှင်းဆီကို ရှိခိုးဦးတင်မတတ် အတော်ကြီးပင် တောင်းပန်ယူရတော့မည်ဟု အတွေးများနှင့် ပြင်ဆင်လာခဲ့ကြသမျှ. . ခင်နှင်းဆီက တော်ရုံတစ်ခွန်းနှစ်ခွန်းလောက်နှင့် လက်သင့်ခံ ကျေနပ်လိုက်သည့်အတွက် အံ့ဩတကြီးတွေပင် ဖြစ်နေကြလေသည်။

ခင်နှင်းဆီက ရုံးပြန်ရောက်သောအခါ ပင်ပန်းတာကို အကြောင်းပြပြီး ကိုယ့်ရဲ့ဘောဇ်ထံမှ နေ့တစ်ဝက် ခွင့်ကို တောင်းယူလိုက်သည်။

❀ ❀ ❀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

"ဝုန်း"ခနဲ ပွင့်လာသော တံခါးနှစ်ချပ်ကို အလန့်တကြားကြည့်ကာ အဖူးက ထိုင်နေရာမှ ထရပ်လိုက်မိစဉ်မှာ ခင်နှင်းဆီက ရုံးခန်းထဲသို့ ဝင်ရောက်လာခဲ့လေသည်။ ဒိုးဒိုး ပြောဖူးသော "တံခါးမခေါက်၊ ခွင့်မတောင်းဘဲ ဘယ်သူမှ ဝင်လာလို့မရပါဘူး"ဟူသော တံခါးနှစ်ချပ်ကို တအားအသံမြည်အောင် ပိုင်ပိုင်နိုင်နိုင်ကြီးပင် တွန်းဖွင့်လာခဲ့သော ခင်နှင်းဆီက အခန်းထဲရောက်ရောက်ချင်းပင် ရုံးခန်းတစ်ခုလုံးကို ဝေ့ဝဲကြည့်လိုက်ရင်းက. .

"ဒိုးဒိုး ဘယ်သွားလဲ. . "

"ဟို. . ကုန်စည်ပြပွဲကိစ္စအတွက်. . (--)ခန်းမကို သွားတယ် မမ. . "

"အဲဒါဆို မင်းက ဘာဖြစ်လို့ တစ်ယောက်တည်း ကျန်ရစ်ရတာလဲ. . "

"အဖူး . . အဖူးက နေမကောင်းဖြစ်ထားလို့. . ရုံးပြန်တက်ပေမယ့် လူများတဲ့နေရာကို မလိုက်ခဲ့နဲ့ဦးတဲ့"

မျက်နှာထား ခပ်တင်းတင်းနှင့် ဖြစ်နေသော ခင်နှင်းဆီက လှောင်မဲ့မဲ့လေး မဲ့လိုက်သည်။ ခင်နှင်းဆီရဲ့ မျက်နှာထားဟန်ပန်တွေ. . ပြောဆိုဆက်ဆံပုံတွေက အရင်အခေါက်တွေကနှင့် လုံးလုံးမတူဘဲ ခြားနားနေကြကာ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဒေါ်သတွေ ထွက်နေဟန်. . ပြီးတာ့ ကိုယ့်ကိုလည်း နေရင်းထိုင်ရင်း အထင်သေးရှုတ်ချလိုဟန်တွေ အထင်းသားပင် ပေါ်နေတာမို့ အဖူးမှာ အလိုလိုနေရင်း ဝမ်းနည်းအားငယ်လာရလေသည်။ ဘာတွေဖြစ်လာပါလိမ့်. . ။ ဒိုးဒိုးကလည်း ရှိမနေ. . ကိုယ့်တစ်ယောက်တည်း မဖြေတတ်. . မရှင်းတတ်တဲ့ ကိစ္စတွေဆိုရင်တော့ ဒုက္ခပါပဲ. . ။

အဖေ. . အဖေကတော့ ဒီကနေ့ လိုက်ပါမသွားရဘူးဆိုတော့ သူ့အခန်းကျယ်ထဲမှာပဲ သူရှိနေနိုင်သည်။ ဒါပေမယ့်. . အဖေနဲ့ ဒီမခင်နှင်းဆီတို့ဟာ တစ်စက်မှတည့်ကြတာမဟုတ်. . ။ ကိုယ်မဖြေရှင်းတတ်တော့လို့ အဖေ့ကိုလှမ်းအကူအညီတောင်းကာမှ အဖေနဲ့ ဒီအစ်မတို့ ရုံးကြီးထဲမှာ ထချကုန်ကြရင်လည်း ခက်ဦးမည်။ ဘာလုပ်ရပါ့မလဲ နော်. . ။

"ဒီမှာ. . မင်းရဲ့ ခဲအိုအဖေရော ရှိသလား . . "

ဗုဒ္ဓေါ. . မခင်နှင်းဆီက အားလုံးပင် သိလာခဲ့ပြီကိုး . . ။ ဒုက္ခပဲ. . ဒုက္ခပဲ. . အစစအရာရာကို ဒိုးဒိုးသိသည်ဆိုပေမယ့် ဒိုးဒိုးသိနေတာ အဖေမသိသေးတဲ့ လျှို့ဝှက်ချက်တွေ. . ဒိုးဒိုးနှင့် အဖူးတို့ ချစ်နေခဲ့ကြပြီဆိုတာ အဖေမသိသေးတာတွေ ရှိနေသေးသည်လေ. . ။ ဒီနေ့တော့. . ဒီနေရာမှာတင် မခင်နှင်းဆီရဲ့လက်ချက်နဲ့ အားလုံး "ဘွား" ခနဲပေါ်ကာ ဒုက္ခရောက်ကြရပါတော့မည်။

"မင်းက တို့ပြောတာကို နားမလည်ဘူးလား . . မင်းရဲ့ ခဲအိုအဖေဆိုတာ ဦးခင်မောင်ကြည်ကို ပြောနေတာ၊

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်



ရှိရင်သွားခေါ်လိုက်. . မင်းတို့တစ်တွေ ပူးပေါင်းပြီး ဒိုးဒိုးကို လှည့်ထားကြတဲ့ကိစ္စတွေ ဒီနေရာမှာတင် တို့ရှင်းမယ်. . ဒိုးဒိုး ရှိတာ မရှိတာက အကြောင်း မဟုတ်ပါဘူး . . သူ မရှိလည်း ညနေကျမှ သူ့အိမ်ကို ထပ်သွားပြီး ရှင်းပြလိုက်ရုံပဲ. . အရေးကြီးတာက မင်းတို့ရဲ့ လိမ်လည်လှည့်ဖြားနေတာတွေကိုသာ အမြန်ဆုံး ရပ်တန်းကရပ်သွားအောင် တားဆီးနိုင်ဖို့ပဲ”

အဖူးအဖို့ ဘာမှမတတ်နိုင်တော့ပါ. . ဒိုးဒိုးရဲ့ ရုံးခန်းအပြင်ဘက်သို့သာ ကုပ်ကုပ်ကလေး ထွက်လိုက်ရပါတော့သည်။ ဒါပေမယ့် အဖူးသွားမခေါ်လိုက်ရပါ. .။ ခင်မောင်ကြည်က ဝုန်းဝုန်းဒိုင်းဒိုင်း အခြေအနေကြောင့် ရုံးခန်းအပြင်ဘက်သို့ပင် ရောက်ရှိနေခဲ့ပါပြီ. .။ (--)ခန်းမသို့ ရုံးမှဝန်ထမ်းများအားလုံး အကုန်လုံးနီးပါးပင် ပါသွားကြသဖြင့် ရုံးမှာ အဖူးရယ်. . ခင်မောင်ကြည်ရယ်. . လက်နှိပ်စက် ကွန်ပျူတာစာရေးမလေးတစ်ဦးရယ်သာ ကျန်ရစ်ပါသည်။ ထိုစာရေးမကလေးခမျာလည်း ဒိုးဒိုးရဲ့ ရုံးခန်းကိုသာ ပြူးနေအောင်ကြည့်ကာ အံ့သြထိတ်လန့်နေရှာသည်။

“ဘယ်သူလဲ အဖူး . . ဘာဖြစ်တာလဲ”

“ဟို. . ဟိုဟာ. . မခင်နှင်းဆီ ရောက်လာတာ. . ”

အဖူးက ခင်မောင်ကြည့်အနားသို့ ပြေးကပ်သွားလိုက်ကာ ခပ်တိုးတိုးနှင့်. . “သူအားလုံးသိခဲ့ပြီးပြီ”ဟု ပြောလိုက်ပါသည်။ အဖူးစကားအဆုံး ခင်မောင်ကြည်က “ဟာ” ခနဲ ဒေါသသံကြီးနှင့် သံရှည်ဆွဲ ဟစ်အော်ပစ်လိုက်ကာ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"တောက်"တစ်ချက်ကိုပါ ခေါက်ရင်း ရုံးခန်းထဲ ခပ်တင်းတင်းပင် လျှောက်ဝင်သွားတော့၏။ အဖူးမှာ ခင်မောင်ကြည့် နောက်က ကုပ်ချောင်းချောင်းနှင့် ပါရပြန်လေသည်။

"ဘာလဲ. . သူများတကာရဲ့ ရုံးမှာ ဘာတွေလာတက် သောင်းကျန်နေတာလဲ. . ဒါ ဒီရုံးကအကြီးဆုံး GM ရဲ့ ရုံးခန်းနော်. . သက်ဆိုင်ရာကို လှမ်းအကြောင်း ကြားလိုက်ရင် မင်းကို ပိုင်နက်ကျူးလွန်မှုနဲ့ ဒီရုံးထဲက ဆွဲထုတ်ပစ်လိုက်လို့ရတယ်. . "

"အမယ်လေး . . ကြာလိုက်လေ. . ရှင့်လိုလိမ်လည်မှု နဲ့လူကမျာ း . . သက်ဆိုင်ရာတွေ. . ရဲတွေနဲ့ ရင် ဆိုင်ရဲရင် ခုချက်ချင်းပဲ ခေါ်လိုက်ပါ. . ကိစ္စမရှိဘူး"

"ဟား ဟား ဟား . . ငါ့ကို လိမ်လည်မှုနဲ့လူလို့ ပြော ရအောင်. . ငါက ဘယ်ပုဒ်မနဲ့ ငြိနေတဲ့ လိမ်လည်မှု ကို ကျူးလွန်ခဲ့လို့လဲ. . ဟားဟားဟား . . "

ခင်နှင်းဆီ တစ်မျိုးတော့ ဖြစ်သွားသည်။ ခင်မောင်ကြည်ရဲ့ လုပ်ရပ်မှန်သမျှဟာ ဥပဒေနဲ့တော့ တိုက်ရိုက် ငြိကာ အရေးယူနိုင်ပုံမရ. . ။ အို. . ဒါပေမယ့် ဘာဖြစ်လဲ အရေးကြီးတာက ဒိုးဒိုးသိဖို့. . ။ မြွေပွေးခါးပိုက်,ပိုက်မိနေ သလိုဖြစ်နေတဲ့ အဖြစ်ကနေ ရုန်းထွက်နိုင်ဖို့. . ဒိုးဒိုးရဲ့ အပါးမှာ ဝိုင်းလိမ်စားနေကြသော ဒီလူရယ်. . ဒီကောင်မ လေးရယ်. . ဟိုကလေးရယ်. . လုံးဝမရှိတော့ဘဲ လွင့်စင် သွားစေဖို့. . အဓိက,က အဲဒါပဲဟာ. . ။

"ပုဒ်မတွေ ဘာတွေ ကျွန်မ နားမလည်ဘူး . . ရှင်ဟာ. .

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မြေးချစ်ရဲ့အဖေ. . အဖူးရဲ့ခဲအို. . ဒိုးဒိုးရဲ့ ပိုင်ဆိုင်မှု စည်းစိမ်တွေကို သွားရေကျပြီး . . ရှင့်သားကို မိဘမဲ့ အဖြစ် ဒိုးဒိုးရဲ့အိမ်ပေါ် ပို့ထားခဲ့တယ်. . ခယ်မကို တော့ ရုံးခန်းထဲ လာထည့်ထားတယ်. . ”

“ဟင်း ဟင်း ဟင်း . . နားထောင်လို့တော့ ကောင်း သားပဲ. . ”

“ရှင် ကျွန်မကို ထပ်လှည့်ဖို့ ကြိုးစားမနေနဲ့တော့. . ကျွန်မက ဒိုးဒိုးလို လူတကာ အလွယ်တကူ လှည့် လို့ရတဲ့အထဲက မဟုတ်ဘူး . . ရှင် ဝန်မခံရင်လည်း (--)လမ်း (--)ရပ်ကွက်ထဲက ရှင့်မိဘအိမ်အထိ ဒိုးဒိုးကို ခေါ်သွားပြလိုက်ရုံပဲ. . ရှင့်မိဘတွေကပါ ပေါင်းလိမ်ပေးကြဦးမယ် ဆိုရင်လည်း . . ရှင့်ရဲ့ မိတ် ဆွေစစ်ကြီး ကိုဖိုးနီက ကျွန်မကို သက်သေလိုက်လို့ ဝန်မလေးဘူးတဲ့. . ခု ဒါတွေအားလုံးလည်း သူပဲ ပြောပြလိုက်တာ. . ”

အဖူးက ရုတ်တရက် “အို. . အဘွားတို့ကိုတော့ ဒီလိုမပြောပါနဲ့”ဟု ဝင်အော်လိုက်သည်။ ခင်မောင်ကြည်က အဖူးကို “နင့်ပါးစပ် ပိတ်ထားစမ်း”ဟု လှည့်အော်လိုက်ပြီး လျှင်. . “တောက်”တစ်ချက်ကို ထပ်ခေါက်လိုက်ကာ. .

“အဲဒီတော့ ဘာဖြစ်သလဲ. . ”

“ဘာဖြစ်ရမလဲ. . လက်တောက်လောက်ကလေးနဲ့ အဖေ့သွေးပါပြီး ဝိုင်းလိမ်တတ်နေတဲ့ ရှင့်သားလည်း အိမ်ပေါ်ကဆင်း . . အပျိုလေးအရွယ်လေးတန်မဲ့ ချစ်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ဟန်ကြိုက်ဟန်ဆောင်ပြီး . . ချူစားဖို့ ဝန်မလေးတဲ့ ရှင့်ခယ်မကိုလည်း ရှင်ပြန်သိမ်းသွားပေတော့ပေါ့. . ”

အဖူးက ကိုယ့်မျက်နှာကိုယ် လက်ဝါးနှင့်အုပ်ကာ ကုလားထိုင်တစ်လုံးမှာ ပစ်ဝင်ထိုင်လိုက်ရင်းက ကြုံကြုံပါအောင်ပင် ငိုလေတော့သောအခါ. . ခင်မောင်ကြည်မှာ ခင်နှင်းဆီကို ခုပင် ပြေးသတ်မိတော့မတတ် တရှူးရှူး တရှဲရှဲ ဖြစ်လာရတော့ကာ. .

“မင်း . . မင်း . . မဆီမဆိုင်တဲ့ ကလေးတွေကိုပါ လျှောက်ထည့်မပြောနဲ့နော်. . မင်း နောက်တစ်ခွန်း ထပ်ထွက်ရင် မင်းကို ငါ့လက်နဲ့ ငါကိုယ်တိုင် သတ်မိမယ်”

“မဆီမဆိုင်တဲ့ ကလေးတွေ. . ဟုတ်လား . . ဟင်း ဟင်းဟင်း . . ကိုယ့်မိကိုယ့်ဘရှိရက်နဲ့ မိဘမဲ့ဆိုပြီး . . သူများအိမ်ပေါ် တက်နေတဲ့ ကလေးဟာ မဆီမဆိုင်လား . . ”

ဒီတစ်ခါမှာတော့ဖြင့် ခင်မောင်ကြည့် ရင်ထဲဒေါသထက်. . အေးစက်အောင့်ကျိန်းသွားသော ခံစားချက်ဆိုးကြီးတစ်ခုကသာ အစာထိုးဝင်ရောက်လာသည်။ ခင်နှင်းဆီအနေနဲ့ကလည်း ဒီကိစ္စကြီးမှာ မဆီမဆိုင် ဝင်,ဝင်ပါခဲ့မှုနဲ့ အရှက်ရော သိက္ခာပါ စော်ကားခံရပေါင်းများလှပြီ ဖြစ်သလို. . ကာယကံရှင် ဒိုးဒိုးကိုယ်တိုင်က ကျေးဇူးတင်လက်သင့်ခံလိုက်ဖို့ထက်. . ပယ်ချဖို့. . ရယ်ပစ်ဖို့လောက်ကိုသာ အမြဲလုပ်ခဲ့တာကို ခံထားခဲ့ရတာကတစ်ကြောင်း . . နောက်ဆုံး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



တစ်ချက်ကတော့ဖြင့် ကိုယ်နဲ့ ဘယ်နေရာမှာမှ ယှဉ်လို့မရသည့် ဒီလိုမိန်းကလေးမျိုးကိုမှ ဒိုးဒိုးက ငယ်ချစ်မို့ နှစ်နှစ်ကာကာ ချစ်နေမိပါပြီဟု အတိအလင်း လာဝန်ခံသွားခဲ့သောအခါ ကိုယ်ကြုံတွေ့လိုက်ရသည့် ခံစားချက်ဆိုးတစ်ခုအကြောင်းကို ကိုယ့်ဘာသာပဲသိလိုက် နာကျင်ခံစားလိုက်ရတာက တစ်ကြောင်းတို့ကြောင့်. . ခုလို အလုံးစုံကို အမှန်အတိုင်း သိလာရသောအခါမှာ ဘယ်နည်းနဲ့မှ လျော့လျော့ပေါ့ပေါ့ သက်တောင့်သက်သာဖြစ်အောင် မဆက်ဆံနိုင်တော့ပါချေ။

ပြောချစ်ပစ်လိုက်ရမှ. . အနိုင်ယူပစ်လိုက်ရမှ. . ဒီသားအဖ ခဲအိုခယ်မ တစ်သိုက်လုံးကို ဟိုးမြောင်းထဲသို့ ပစ်စလက်ခတ် ဒလိမ့်ခေါက်ကွေး ကျရောက်သွားသည်အထိ ပါးစပ်တစ်ခုနဲ့ဖြစ်ဖြစ် လုပ်နိုင်လိုက်ရမှ. .။ ခင်နှင်းဆီအဖို့ ကလည်း ကိုယ့်ခံစားချက်နှင့် ကိုယ်ပင်တည်း . .။

"ပြီးကျတော့ကော. . ကိုယ့်ဘဝ အခြေအနေ. . ကိုယ့်ခဲအိုရဲ့ အစီအစဉ် အလိမ်အညာတွေကို သိရက်နဲ့. . ငယ်ကျွမ်းဆွေလေးပါဆိုပြီး . . ဒီသူဌေးကလေး တစ်ယောက်ကို တက်ချိုင်ချစ်ကြိုက်ပစ်လိုက်တဲ့ မိန်းကလေးမျိုးကကော မဆီမဆိုင်ထဲပဲ ပါနေဦးမှာလား"

ခင်မောင်ကြည့် မျက်လုံးကြီးတွေ ပြူးထွက်လာရကာ. . "မင်း မိန်းကလေးချင်း မဟုတ်တမ်းတရား မပြောနဲ့. . ဒါ ငါ့ဘာသာစီစဉ်တာ. . အဖူးဘက်က ဘာမှ. . "ဟုသာ ပြောရုံရှိသေး . . ခင်နှင်းဆီက "ကိုယ့်ခယ်မကိုယ်လည်း ပြန်မေးကြည့်ဦး"ဟု ဖြတ်အော်ပစ်လိုက်တာကို ခံလိုက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ရလေသည်။ ခင်မောင်ကြည်က သူ့ကျောဘက်မှ အဖူးကို လှည့်ကြည့် ရင်ဆိုင်လိုက်သည်။

"အဖူး . . အဖူး . . နင်. . နင်. . "

အဖူးမှာတော့ ငိုပြီးရင်းသာ ငိုရင်းပင် . . အပြောအဆို ခံနေရတာကို ရှက်တာရော. . ခင်နှင်းဆီကို ရော. . ခင်မောင်ကြည်ကိုရောပါမက တခြား ဘာတွေကို မှန်းမသိပါ ကြောက်ရွံ့တုန်လှုပ်နေမိတာရောနှင့် သည်းအူ ပြတ်မတတ် ခေါင်းမဖော်တမ်း ငိုနေမိပါတော့သည်။

"နင်. . နင်. . ငါ့ကိုပြောစမ်း . . အဲဒါ တကယ်ပဲ လား . . မဟုတ်တာပြောရင် အဲဒီမိန်းမကို ငါ ကိုယ် တိုင်သတ်မယ်. . နင်. . နင်နဲ့ အဲဒီကောင်နဲ့ အခု တကယ်ပဲ. . "

အဖူးမှာ ကြာကြာမြုံမထားရဲပါ. . ။ ခေါင်းကို သာ တတွင်တွင် ညိတ်ပြလိုက်ရရှာပါတော့သည်။ ခင်မောင် ကြည့်ထံမှ တောက်ခေါက်သံ အကျယ်ကြီးက အခန်းတွင်း မှာ ဟိန်းနေအောင်ပင် ထွက်ပေါ်လာပါတော့သည်။

"ကြည့်စမ်း . . တစ်ဂိုဏ်းတည်းချင်းမှာတောင်မှ အချင်း ချင်း လျှို့ဝှက်မှုတွေ သစ္စာဖောက်မှုတွေနဲ့ မကင်းကြ ဘူးပေါ့. . အဖူး . . အဖူး . . မင်းကိုတော့ တို့အရမ်း အံ့သြသွားပြီ. . မင်းရုပ် မင်းရည်ကလေးနဲ့ ဒိုးဒိုးလို လူကိုတောင်မက ဒီလိုလူကြီးပါ လှည့်ထားနိုင် တယ်. . အလိမ်အညာထဲမှာတောင်မှ အလှည့်အပတ် ကပါနေသေးတယ်. . ဘာတဲ့. . လွန်ခဲ့တဲ့ ဆယ့်သုံး

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှစ်တည်းက ကျွမ်းခဲ့ကြတဲ့ ငယ်ကျွမ်းဆွေပါ ဟုတ်လား . . ဟင်းဟင်းဟင်း . . ဒိုးဒိုး . . ဒိုးဒိုး . . ကိုယ့်ကိုကိုယ် ဟုတ်လှပြီထင်နေပြီး ကောင်းကောင်းအလိမ်ခံထိနေတာပဲ. . ဒီလို လူရှုပ်တစ်ယောက်က လိမ်ခဲ့တာထက်. . သူတကယ်ပဲ တန်ဖိုးထားပြီး မြတ်နိုးနေတဲ့ မိန်းကလေးကပါ လိမ်နေတာကိုသာ သူသိလိုက်ရရင်"

အဖူး ခေါင်းကလေး ဆတ်ခနဲ မတ်ထောင်လာသည်။

"အ. . အဖူး . . ဒိုးဒိုးကို ဘာမှမလိမ်ဘူး . . "

"ဟင်. . မင်းက ခုချိန်ထိ ပြောင်ညာချင်သေးတယ်"

"မ. . မဟုတ်ပါဘူး . . အဖူးတို့ရဲ့ သံယောဇဉ်ကို ဒိုးဒိုးကောင်းကောင်းသိတယ်. . "

"ဟင်း ဟင်း . . ဒါတွေအားလုံးကိုပါ သိသွားတဲ့အခါကျတော့ အဲဒီသံယောဇဉ်ဆိုတာကိုပါ ဆက်ပြီးသိနေနိုင်ဦးမလား . . တို့တွေ စောင့်ကြည့်ကြသေးတာပေါ့ ဟုတ်လား"

အဖူးက ဆုံးဖြတ်ချက် ချလိုက်ဟန်နှင့် နှုတ်ခမ်းကို ကိုက်ကာ ခေါင်းကိုမော့သည်။ ကျောက်ရုပ်ကြီးတစ်ရုပ်လို ဖြစ်နေသည့် အဖေ့ကိုကြည့်သည်။ ခင်မောင်ကြည်ရဲ့ အကြည့်များဟာ ခင်နှင်းဆီထံမှာ မရှိတော့ဘဲ. . အဖူး တစ်ယောက်တည်းထံမှာသာလျှင် တစိုက်မတ်မတ်. . မမှိတ်မသုန်တည်း . .။ အဖေ့ရဲ့ မျက်နှာပေါ်မှာလည်း ဘယ်တုန်းကမှ မမြင်ဘူးသည့် နာကျင်ခြင်းတွေကို မြင်လိုက်ရသည့်အတွက်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အဖူး အနည်းငယ်တော့ တုန်လှုပ်သွားမိပါသေးသည်။ ဒါပေမယ့် ဒီတစ်ခါမှာမှ အပြီးမရှင်းရင်လည်း မဖြစ်တော့ပြီ. .။

"သတ္တိရှိရမယ်နော် အဖူး". .။ ဒိုးဒိုးက အနားနားမှာလာပြီး အားပေးလိုက်သလို ခံစားလိုက်ရ၏။ ခွင့်လွှတ်ပါအဖေရယ်. . 'အချစ်'အတွက်နဲ့မို့ အဖူး . . အဖူး . . အဖေ့အပေါ်မှာ သစ္စာဖောက်သလို ဖြစ်ခဲ့မိရတယ်. .။

"ဒိုးဒိုး . . ဒိုးဒိုးက ဒါတွေအားလုံးကို သိပါတယ်"

ခင်နှင်းဆီ မျက်လုံးတွေ ပြူးထွက်သွားချိန်မှာ ကျောက်ရုပ်ဖြစ်နေခဲ့သည့် ခင်မောင်ကြည်လည်း ဆတ်ခနဲပင် ဖြစ်သွားလေသည်။

"မြေးချစ်ဟာ အဖေ့သားဆိုတာရော. . အဖူးဟာ အဖေ့ခယ်မ ဆိုတာကိုပါ ဒိုးဒိုး အားလုံးသိနေပါတယ်. . ဒိုးဒိုးတောင် မဟုတ်ဘူး အန်တီ ဒေါ်လှလှပါ သိနေခဲ့ပြီးသားပဲ. . သိသိကြီးနဲ့. . သားသားအပေါ်မှာရော. . အဖူးအပေါ်မှာပါ သံယောဇဉ်ရှိတဲ့အတွက် ဒိုးဒိုးက အဖေ့အပေါ်မှာလည်း ဗွေမယူဘဲ. . အဖေ ဖြစ်စေချင်သလို မသိချင်ယောင်ပဲ ဆက်ဆောင်နေပေးခဲ့တယ်. . ဒါပေမယ့် ဒိုးဒိုးက အဲဒီလို ဖြစ်နေရတဲ့ အခြေအနေကြီးကနေ. . ပြီးပြတ်သွားချင်တာ ကြာလှပြီ. . အဖေရယ်. . သူရယ်. . အဖူးနဲ့ သားသားရယ် အားလုံး ရှင်းရှင်းလင်းလင်း ပြေပြေလည်လည်နဲ့ ပုံမှန်ဆက်ဆံရေးမျိုးပဲ သူလိုလားနေခဲ့တာ ကြာပါပြီ. .

ဒီတစ်ခါ မခင်နှင်းဆီ သူ့ကို သွားပြောရင် သူ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



သိပ်ကျေးဇူးတင်သွားလိမ့်မယ်. . သူဖြစ်စေချင်သလို အားလုံး ဖြစ်သွားခဲ့ပြီလေ. . ”

ခင်နှင်းဆီက ပါးစပ်အဟောင်းသား . . မျက်လုံး အပြူးသားနှင့်ပင် ငြိမ်သက်လို့နေသည်။ အဖူးကတော့ မျက်ရည်တွေကိုသုတ်ပစ်ကာ စိတ်ကုန်စိတ်ပျက်လှသော. . အမူအရာနှင့်. . ။ ကြောက်ရွံ့တာတွေ၊ ရင်မဆိုင်ရဲတာတွေ၊ မျက်နှာပူအားငယ်ရတာတွေ၊ အမြဲတမ်းလိုလို တထိတ်ထိတ်နဲ့ တစ်စုံတစ်ရာကို မှန်းမျှော်စိုးရိမ်နေရတာတွေအားလုံး ပြီးပြတ်ပျောက်ကွယ်သွားကြချိန်မှာ. . အဖူးထံ၌ လောကကြီးတစ်ခုလုံးကို စိတ်ပျက်ပြီး . . တခြား ဘာခံစားချက်မှ ထပ်မရှိနိုင်တော့သော “ဗွာလဟာ” အမူအရာကြီးမျိုးနှင့်သာ ကျန်ရစ်လေသည်။

ခင်မောင်ကြည်က အဖူးကို အကြာကြီး စိုက်ကြည့်နေသည်။ အကြာကြီးမှ တကယ့်ကို အကြာကြီးပင်ဖြစ်သည်။ အဖူးကတော့ ခင်မောင်ကြည့်ကို ပြန်ကြည့်မနေပါ. . ။ အဝေးကြီးကိုပဲ ငေးနေခဲ့သည်။ အတွေးကိုယ်စီ ခံစားချက်ကိုယ်စီနှင့် တိတ်ဆိတ်ကုန်ကြရသော အခန်းထဲ. . နာရီစက်၏ မြည်သံတစ်ချောက်ချောက်ကိုပင် စိတ်မရှည်နိုင်လောက်စရာ အတော်ကြာကြာကြီး ကြားနေခဲ့ရပြီး သကာလ ခင်မောင်ကြည်က ရုတ်တရက် “ဖျတ်”ခနဲ လှုပ်ရှားလိုက်ကာ. . သူ့ဘေးမှ သစ်သားမတ်တတ်ကုလားထိုင်တစ်လုံးကို “ဝုန်း”ခနဲ ဆောင့်ကန်ထည့်ပစ်လိုက်သည်။

အရှိန်ဖြင့် လွင့်စင်ထွက်သွားသော ကုလားထိုင်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



နှင့် နံရံတို့ ထိခိုက်ဆောင့်မိကြသံ 'ပြောင်း'ခနဲ အမြည်မှာ ပင် အဝေးသို့ ဝေးနေခဲ့သော အဖူးထံမှလည်း "အဖေ"ဟု ဝမ်းပန်းတနည်း အော်ခေါ်လိုက်သံကြီး ထွက်ပေါ်လာလေသည်။ ခင်မောင်ကြည်ကတော့ အခန်းထဲက ဘယ်သူ့ကိုမှ ထပ်မကြည့်တော့ဘဲ အပြင်သို့ ကျောခိုင်းကာ ထွက်ခွာသွားတော့သည်။

❀ ❀ ❀

www.linhtet.com
လင်းထက် မြန်မာ မှ စီစဥ်တင်ဆက်သည်

## အခန်း(၇)

"ဘယ်မှာမှ ရှာလို့မတွေ့ခဲ့ဘူး အဖူးရယ်. . ဒါပေမယ့် ကိုယ်ထပ်ရှာပေးပါဦးမယ် ဟုတ်လား . . မငိုနဲ့ ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့. . ကိုကြည်က ဒီလိုပဲဟာ. . ပုံမှန်ရှုံးလာနေချိန်တွေကလွဲရင် သူ့ကို ဘယ်မှာလိုက်ဖမ်းလို့ ဖမ်းရမှန်းမှ မသိတာ. . မငိုနဲ့. . အဖူးက ငိုတော့ မြေးချစ်လေး သနားပါတယ်. . အခုဟာက အဖူးကြောင့်လည်း မဟုတ်ဘူး . . ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး . . ကိုယ်ဘေးအိမ်ကို မေးခဲ့တယ်. . သူက တစ်လကိုးသီတင်း အဲဒီလိုပဲ အိမ်ပြန်ချင်မှ ပြန်လာတာတဲ့. . "

"အဘွားတို့ဆီမှာရော. . "

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



"မရှိဘူး . . ရှာမယ့်သာ သွားရှာလာခဲ့တာ. . အဲဒီကို သွားနေဖို့ဆိုတာ Chance (ချန့်စ်)က ဘယ်လောက် နည်းသလဲ. . ကိုယ့်ဘာသာပဲ စဉ်းစားကြည့်ပါဦး . . "

အဖူးက မြေးချစ်ကိုဆွဲပြီး ပေါင်ပေါ်တက်ထိုင်ခိုင်းလိုက်ကာ. . ငြိမ်သက်တိတ်ဆိတ်သွားပါတော့သည်။ ဒိုးဒိုးကလည်း ဘာမှထပ်မပြောတော့ဘဲ ငြိမ်ငြိမ်ကလေးသာ နေပေးလိုက်၏။ တကယ်တမ်းမှာတော့ ကလေးများ စိတ်မကောင်းဖြစ်မှာ စိုးသဖြင့်သာ ဒိုးဒိုးက တမင်လွှဲပြောလိုက်ခြင်းဖြစ်ပါသည်။ ကိုကြည် အခုလက်ရှိနေ,နေသော တိုက်ခန်းသို့ ဒိုးဒိုး ရောက်ရှိသွားချိန်မှာ သူ့ပစ္စည်းပစ္စယမှန်သမျှကို ပြင်ဆင်ထုတ်ပိုးပြီးနေသည့် ကိုကြည်နှင့် ဒိုးဒိုးတို့ အချိန်မီပင် တွေ့လိုက်ရပါသည်။

"ကိုကြည်. . "

ဒိုးဒိုးက အဖူး တစ်မျက်နှာနှင့်ပင် ကိုယ့်ကို ကိုကြည် ထိုးထိုး . . ရိုက်ရိုက်. . ဘာပဲလုပ်လုပ်. . ဟု သဘောထားပြီးဖြစ်ရာ ကိုကြည့်ကို အရင်ဦးအောင် စခေါ်နှုတ်ဆက်လိုက်ရင်းက. .

"ကိုကြည်. . ခင်ဗျားရော. . ကျွန်တော်ရော နှစ်ဖက်လုံး အသီးသီးလွန်တာ. . ကျော်တာတွေ ရှိကြပေမယ့် ခင်ဗျားက ကျွန်တော့်ထက်ပိုပြီး အသက်ကြီးသူဖြစ်တာရော. . တခြား ထောက်ထားရမယ့် အကြောင်းအချက် အစုံစုံနဲ့ရောဆိုရင် ကျွန်တော်က ခင်ဗျားကို အရင်စ, တောင်းပန်ရမယ်. . ကျွန်တော် အများကြီးပဲ တောင်း

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ပန်တယ် ကိုကြည်. . ကျွန်တော်တို့ ကြားတည်းက တစ်ခုခုတွေကို ချေပစ်လိုက်ကြစို့လား . . ”

ခင်မောင်ကြည်က ဒိုးဒိုးကို ဘာမှပြန်မပြော ပါ. . သူ့ရှေ့မှာ ဒိုးဒိုးက လာပိတ်ရပ်သလို ဖြစ်နေလျှင် ကွေ့ရှောင်လိုက်၍ သူလုပ်စရာရှိတာကိုသာ ဆက်လုပ်သည်။ ကွေ့ရှောင်လို့ မရရင်တော့ ပခုံးကိုကိုင်ပြီး အသာတွန်းဖယ်ကာ ဆက်လက်လှုပ်ရှားလေသည်။

“ခင်ဗျားက ပစ္စည်းတွေသိမ်းနေတော့ ဘယ်များသွားဖို့ အစီအစဉ်ရှိလို့လဲ”

ပြန်မဖြေပြန်. . ဒိုးဒိုးက ခင်မောင်ကြည်နှင့် လက်လှမ်းမမီသော ပစ္စည်းတစ်ခု နှစ်ခုကိုပင် လက်ကမ်း . . ကောက်သိမ်းပေးလိုက်ရင်းက. .

“ခင်ဗျား သားနဲ့သမီးကတော့ ခင်ဗျားကို မျှော်နေကြ တယ် ကိုကြည်. . သူတို့ရဲ့ သဘောက အဖေ့ကို သူတို့က အရင်လာမတွေ့ရဲကြသေးလို့သာ. . ခင်ဗျား ကသာ လိုက်လာခဲ့ကြလို့ ပြောရင်လည်း ဝမ်းသာ အားရနဲ့ လာကြမှာပဲ. . ဒါမှမဟုတ် အခု ကျွန်တော် အပြန်ကျရင် ခင်ဗျားပါ ပါလာရင်တော့ သူတို့အရမ်း ပဲပျော်သွားကြမှာ. . ”

အဖြေမရ. . ။

“ကလေးတွေ အပေါ်မှာတော့ ဗွေမယူသင့်ပါဘူး ကိုကြည်ရယ်. . သူတို့က ကလေးတွေပဲ. . ဘာသိမှာ လဲ. . ”

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



ခင်မောင်ကြည်က ဒိုးဒိုးကို ဖျတ်ခနဲ မော့ကြည့်လာသည်။ သူ့မျက်နှာပေါ်က နာကျင်ထိခိုက်ခြင်းတို့နှင့် 'ဘွား'ခနဲဆုံလိုက်ရသောအခါ ဒိုးဒိုးပင် ဟန်ချက်ပျက်သွားရတော့မလိုလို. . အထိတ်တလန့်နှင့် ထူးဆန်းအံ့ဩသွားရသည်။

"ဒီမှာ ကိုကြည်. . အားလုံး အေးဆေးပဲ ပုံမှန်လည်ပတ်နေလို့ရတယ်. . ခင်ဗျားရင်ထဲမှာ အားလုံးကို ဖျောက်ထုတ်လိုက်နိုင်ပါပြီဆိုရင် ကျွန်တော့်ဘက်ကလည်း အဲဒီလိုပဲ. . ခင်ဗျားနဲ့ ကျွန်တော်နဲ့ အလုပ်အတူ ဆက်လုပ်ကြမယ်. . ကလေးတွေနဲ့ တွေ့ချင်လည်း ခင်ဗျားအိမ်ကို လာခဲ့လို့ရတယ်. . ကျွန်တော့်အမေကလည်း ကလေးတွေကိုလည်း ချစ်နေပြီးပြီ. . နဂိုကလည်း ပင်ကိုယ်သဘောထားကိုက အေးဆေးသဘောကောင်းပါတယ်. . အားလုံး ပုံမှန်အတိုင်းပဲ ဆက်နေလိုက်ကြရင် အဆင်ပြေမှာပါ. . "

ပစ္စည်းပစ္စယတွေ သိမ်းဆည်းနေတာ အားလုံးပြီးစီးနေရာကျသွားသည်။ အိမ်ထောင်ပရိဘောဂရယ်လို့ ဘာမှမရှိသော Hall (ဟောလ်)ပုံစံတိုက်ခန်းမှာ ခရီးဆောင်လွယ်သော အိတ်တစ်လုံး . . သေတ္တာပျော့ကြီးတစ်လုံးတို့နှင့်သာ ထည့်သိုပြီးချိန်မှာ ဘာမှပင် မကျန်ရစ်တော့အောင် ရှင်းပြောင်လို့နေတော့သည်။

ခင်မောင်ကြည်က အိတ်ထဲမှ သော့နှစ်ချောင်းကို ထုတ်ယူကာ စားပွဲငယ်တစ်ခုပေါ်သို့ လှမ်းတင်လိုက်ချိန်

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မှာ ဒိုးဒိုးက တစ်ချိန်လုံးငြိမ်ပြီး လိုက်ကြည့်နေရာမှ ခင်မောင်ကြည့်ကို လက်လှမ်းဆွဲထားလိုက်ကာ တိုက်ခန်းတံခါးအပေါက်ဝမှာ ပိတ်ကွယ်ပြီး ရပ်ထားလိုက်တော့သည်။

"ကိုကြည်. . ကိုကြည်. . ခင်ဗျား အဲဒီလိုတော့ မလုပ်နဲ့ဦး . . ခုက ဘယ်လဲ. . "

ခင်မောင်ကြည်က ခေါင်းခါပြသည်။ ပြီးတော့ ဖယ်ပေးဖို့ အချက်ပြသည်။

"ခင်ဗျားကို ခုလောလောဆယ် တားမရတော့ဘူးဆိုရင်. . ခင်ဗျားသွားမယ့် နေရာအတိအကျကိုတော့ ပြောထားပစ်ခဲ့. . ခင်ဗျားကလေးတွေကိုတော့ ဒီလို မလုပ်နဲ့. . "

ကိုကြည့်မျက်နှာက မှိုင်းမှုန်သွားကာ. . သက်ပြင်းကြီးတစ်လုံးကို မှုတ်ထုတ်လိုက်သည်။

"ကဲ. . ဒါဖြင့်ဗျာ. . တစ်ခုခုတော့ ပြောခဲ့. . ဘာပဲဖြစ်ဖြစ်. . တစ်ခုခုပေါ့. . နောက်ဆုံး ခင်ဗျားဆဲထည့်ခဲ့တယ်ဆိုရင်တောင် ကလေးတွေကတော့ ဘာမှပြောမသွားတာနဲ့စာရင် ပိုပြီးသဘောကျနေကြလိမ့်မယ်. . "

ခင်မောင်ကြည်က ဒိုးဒိုးကို လက်ဆွဲနှုတ်ဆက်သည့် သဏ္ဍာန်နှင့် ဒိုးဒိုးရဲ့ ညာလက်ဖဝါးကို သူ့လက်နှစ်ဖက်စလုံးနှင့် အုပ်ကိုင်ပစ်လိုက်သည်။

"မောင်ရင့်ကို ကိုယ်တောင်းပန်ပါတယ်. . ကျေးဇူးလည်း အများကြီးတင်တယ်. . စိတ်လည်းချတယ်. . 

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



အင်း . . ကလေးတွေကိုတော့ ပြောပြလိုက်ပါ. . ပြန်တွေ့ရင်လည်း တွေ့ရမယ်. . မတွေ့ရင်လည်း မတွေ့ရတော့ဘူးလို့. . ”

“ဟာ. . ခင်ဗျား . . ခင်ဗျားက အဲဒီလိုတော့. . ဟော့ ဟော့လူ. . ”

ခင်မောင်ကြည်က လှစ်ခနဲ အခန်းပြင်ထွက်. . ဘာဂျာတံခါးကို ဆွဲစေ့ပစ်လိုက်ကာ သော့ကိုပါ ချောက်ခနဲ ခပ်ချလိုက်သောအခါ ဒိုးဒိုးမှာ အိမ်ထဲ တစ်ယောက်တည်း ပိတ်မိကျန်ရစ်နေရစဥ်မှာပင် ကိုကြည်က လှေခါးမှတစ်ဆင့် အောက်သို့ တဖျပ်ဖျပ် ဆင်းချသွားခဲ့လေပြီ. . ။ ဒိုးဒိုးက ခုန ကိုကြည် တင်ထားခဲ့သော သော့နှစ်ချောင်းကို ပြေးယူ. . သော့ခလောက်ကို ဖွင့်ကြည့်ရသောအခါ. . တံခါးဖွင့် အပြင်ထွက် အမြန်ပြန်ပိတ်. . သော့ပါ ပြန်ခတ်နေရသဖြင့် ဒိုးဒိုးလည်း အောက်ထပ်လမ်းမပေါ်သို့ ရောက်ချိန်းလည်းကျရော. . ကိုကြည့်ကို အစအနမျှပင် မမြင်ရတော့ချေ. . ။

ခုတော့ ကလေးတွေက မေးနေကြပြီ. . ။ မြေးချစ်လိုကောင်ကတောင် အဖူးရဲ့သံယောင်ကိုနင်းကာ. . “အဖေက သားတို့ကိုလည်း စိတ်နာ. . ရှက်လည်းရှက်ပြီး တစ်သက်လုံး ထွက်ပြေးသွားတော့မှာလား”တဲ့. . ။ အဖူးလေး ခမျာမှာတော့. . သုံးလောင်းပြိုင် လူသတ်မှုကြီး မဖြစ်ပွား လိုက်ရသော်လည်း တစ်ယောက်တည်း . . . တစ်လောင်းတည်း တစ်နေရာရာမှာ ဖြစ်ပျက်အစမြုပ်သွားတော့မည်ချည်းပဲ တစ်ထစ်ချ ထင်နေရှာလေသည်။ “ပြန်တွေ့ရင်လည်း တွေ့ရ

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်



မယ်”တဲ့ . ။ အဲဒီစကားကိုပဲ အတည်ယူထားကာ ကလေးများ စိတ်ချမ်းသာ နေနိုင်ကြရင် ကောင်းမည်။

ဒိုးဒိုးက အဖူးနှင့်မြေးချစ်တို့ကို လက်နှစ်ဖက်နှင့် သိမ်းကျုံးဖက်ပစ်လိုက်ကာ သူတို့ရဲ့ ခေါင်းကလေးနှစ်လုံးကို ကိုယ့်ရင်ခွင်ထဲ ဆွဲသွင်းကပ်ထားပေးလိုက်သည်။

**ပုဏ္ဏမီ**

www.linhtet.com
လင်းထက် မြန်မာ မှ စီစဉ်တင်ဆက်သည်

